

# သူ့ဝိညာဉ်နှင့် ကိုယ့်နှလုံးသား

## မြတ်ငြိမ်း

# Devil's Gamble

FRANK G. SLAUGHTER

ဓာတ်သိမ်း

| | |
|---|---|
| စာမူခွင့်ပြုချက် | ၅၈၉ /၉၇ (၁၁) |
| မျက်နှာဖုံးခွင့်ပြုချက် | ၃၂၀ /၉၈ (၈) |
| မျက်နှာဖုံးပုံနှိပ်သူ | ဦးတိုးဝင်း (၀၂၄၃၁)၊<br>နေလရောင်အော့ဖ်ဆက်<br>(၉၆/ခ) ၁၁ လမ်း၊ ရန်ကုန်မြို့။ |
| အတွင်းပုံနှိပ်သူ | အောင်စေတနာ ပုံနှိပ်တိုက်<br>(၉၀) ဗဝပုလ္လ (၂)လမ်း၊ ဃ/ရပ်ကွက်၊<br>မြောက်ဥက္ကလာပမြို့နယ်၊<br>ရန်ကုန်မြို့။ |
| ထုတ်ဝေသူ | ဦးသန်းမြင့်၊ လင်းလင်းစာပေ<br>၄/၂၉၊ မြဝတီမင်းကြီးလမ်း၊<br>၁၀ မိုင်ကုန်း၊ အင်းစိန်၊ ရန်ကုန်မြို့။ |
| မျက်နှာဖုံးပန်းချီ | ပိုက်ပိုက် |
| ပုံနှိပ်မှတ်တမ်း | ပထမအကြိမ်။<br>၂၀၀၀-ပြည့်နှစ်၊ မတ်လ၊ |
| အုပ်ရေ | ၅၀၀ |
| စာအုပ်ချုပ် | ပပစိုးနှင့်အဖွဲ့ |
| တန်ဖိုး | (၁၅၀) ကျပ်။ |


# သူ့ဝိဉာဉ်
## နှင့်
# ကိုယ့်နှလုံးသား

မြတ်ငြိမ်း

**Davil's Gamble**

FRANK G.
SLAUGHTER

## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး – ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး – ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး – ဒို့အရေး

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသောတာဝန် ဖြစ်သည်။



# ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး .... ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး .... ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး .... ဒို့အရေး

စည်းကမ်းလိုက်နာ ဘေးကင်းကာ
စည်းကမ်းရှိမှ တိုးတက်မည်
စည်းမျဉ်းကိုက်ညီ ဘေးကင်းသည်

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏
ပဓာနကျသော တာဝန်ဖြစ်သည်။

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြတ်ငြိမ်း

# သူ့ဝိညာဉ်နှင့် ကိုယ့်နှလုံးသား

(တတိယဇာတ်သိမ်းပိုင်း)

( ဒုတိယပိုင်း )

တစ်နေ့တာ အလုပ်များ ပြီးသွားပြီ။ မိုက်က ထိုနေ့အတွင်း လာရောက်သည့် လူနာမှတ်တမ်းများပေါ်တွင် အပြီးသတ် ရေးမှတ်မှုများ ပြုလုပ်နေ၏။ ထိုအခိုက်တယ်လီဖုန်းခေါ်သံ မြည်လာသည်။ ဆက်သူမှာ စုံထောက်စတာက်ဖို့။

'ခင်ဗျားကြားချင်သေးသပါ့ဆိုရင် ခင်ဗျား စုံစမ်းခိုင်း ထားတဲ့ လူတွေနဲ့ ပတ်သက်ပြီး အချက်အလက် နည်းနည်း ပါးပါး ရလာပြီဗျ'

အက်ဖ်ဘီအိုင်စုံထောက်က ပြော၏။

'ကြားချင်တာပေါ့ဗျာ၊ ကျွန်တော်ကလဲ ခင်ဗျားကိုပြော ချင်တာလေးတွေ ရှိနေတယ်ဗျ၊ ဒါပေမယ့် ဒီ ဝါရှင်တန် မြို့တော်ကြီးမှာ ဖြစ်ပျက်နေပုံတွေနဲ့ဆိုရင် တယ်လီဖုန်းနဲ့ မပြောတာ ပိုကောင်းမယ်ထင်တယ်ဗျ'

'နောက်နှစ်ခါဝက်ဆိုရင် ကျွန်တော် ရုံးကနေထွက်လာတော့မှာ၊ ခင်ဗျား ကျွန်တော်နဲ့ ဟင်နက်ဆီမှာ တွေ့နိုင်မလား'

'လာခဲ့မယ်'

သက်တမ်းကြာပြီဖြစ်သော နာမည်ကြီး ဟင်နက်ဆီ စားသောက်ဆိုင်သည် အနောက်ပိုင်း အငွေ့အသက်များ ပေါ်လွင်အောင် ပြင်ဆင်ဖွဲ့စည်းထားသည့်ဆိုင် ဖြစ်၏။ ဟစ်ချေတာ ကုန်ဆုံးချိန်တွင် ယမကာမှိုင်းဝိုင်း အကောင်းဆုံးဆိုင်ဟု နာမည်ကြီးသည်။ သည်နေ့အဖို့တော့ အချိန်က နည်းနည်းစောသေးသည်။ သည်တော့ ဆိုင်တစ်ဝက်လောက်ပဲလူပြည့်သေးသည်။ စတက်ဖိုဝင်လာချိန်တွင် မိုက်ကယ်ယောင်ကျကျ စားပွဲတစ်လုံးတွင် ထိုင်နေသည်။

စတက်ဖိုက အရက်ကောင်တာတွင် ရပ်ပြီး စကော့ဘီစကီကို ဆိုဒါနှင့်စပ်ပြီး ယူခဲ့သည်။ ပြီးတော့ မိုက်ကယ် ထိုင်နေသည့် စားပွဲရှိ လွတ်နေသည့်ခုံတွင် ဝင်ထိုင်သည်။

'ကျွန်တော် အချိန်သိပ်မရှိဘူး၊ အိမ်ကမိန်းမကို ဗီညာ မင်္ဂလာဆောင်တစ်ခုကို လိုက်ပို့မယ်လို့ ကတိပေးထားတာ မေ့နေလို့ဗျာ'

သူ့ အိတ်ထဲမှသက်နှိပ်ခက်ချိတ်ထားသည့်စာရွက်တစ်ရွက် ထုတ်ယူသည်။



'ခင်ဗျားမိတ်ဆွေ ဒေါက်တာမက်ကာသီက ဘာမှ ပြောစရာမရှိဘူး ရှင်းတယ်၊ သူ့မှာ နားလည်ခွင့်လွှတ်နိုင်လောက်တဲ့ ပွေမှုရှုပ်မှုကလေးတွေရှိတယ်၊ ပြီးတော့ အကြားအမြင်ပေါက်တဲ့ စိတ်တန်းခိုးတွေလဲ ရှိတယ်လို့ လူသိများတယ်၊ ဟုတ်မဟုတ်တော့ မပြောတတ်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ အဲဒါတွေကို ကျွန်တော်က မယုံလို့'

'ဒူမှာ၊ စတင်းဖို့ သုတေသနဌာနမှာ၊ နောက်ပြီး ဒီတက္ကသိုလ်မှာ သူက သရုပ်ပြပွဲတွေလုပ်ခဲ့တယ်လေ၊ ဂျက်နက်တောင် လေးဒီးစ်ဟုမ်းဂျာနယ် အတွက် သူနဲ့တွဲပြီး ဆောင်းပါးတစ်ပုဒ်ရေးနေတယ်၊ သူတို့အခေါ် အရေအာရုံခံ အမြင်နဲ့ ပတ်သက်တာလို့ ပြောတယ်'

'ဟာ...အဲဒါဟာ လွန်ခဲ့တဲ့သုံးလေးညလောက်က အင်တီစီသုပ်ပိုင်းသတင်းမှာ ဂျက်ပါကင်တင်ပြသွားတဲ့အကြောင်းအရာပေါ့၊ အတော့်ကို ဆန်းပြားတာကလား'

'ဒီစိတ်နယ်လွန်ကိစ္စဘာစ် လုံးကတော့ ဆန်းဆန်းပြားပြား ချည်းပဲဗျ၊ ဒါပေမယ့် ဒီပညာဟာ သိပ္ပံပညာပါဆိုတာကို တော့ ယုံမှားသံသယဖြစ်မနေကြတော့ဘူး'

'အင်း...ဘာပဲဖြစ်ဖြစ်လေ၊ မက်ကာသီက ရှင်းပါတယ်'

'ကိုဗင်တို့ကကော'

'သူတို့ကတော့ စိတ်ဝင်စားစရာကောင်းတဲ့ စုံတွဲပဲ၊ မိန်းမက ခပ်ပျက်ပျက်မိန်းမပဲ၊ ဒါပေမယ့် အထက်တန်းကျကျ ပျက်တာ၊ ကိုဗင်နဲ့ အိမ်ထောင်ပြုပြီးတဲ့ နောက်ပိုင်းမှာ

ကိုယောကျ်ားပေါင်း မရေမတွက်နိုင်အောင်နဲ့ ရှုပ်ခဲ့တယ်၊ သိသာထင်ရှားတာက ကိုဗင်ရဲ့အားပေးမှုနဲ့ ရှုပ်နေတာဗျ၊ ယုတ်စွအဆုံး အဲဒီယောကျ်ားတွေထဲက တစ်ယောက်ဟာ ဒီဝါရှင်တန်မှာ အတော်အဆင့်မြင့်တဲ့ နိုင်ငံရေးသမားကြီး တစ်ယောက်ဖြစ်နေတယ်၊ ဒီတော့သူတို့လင်မယားအကြောင်း စုံစမ်းထောက်လှမ်းတဲ့အခါ ကျွန်တော်တို့ လက်တွေကို ကြိုးတုပ်ခံထားရသလို ဖြစ်နေတယ်ဗျ’

‘လွတ်တော်အမတ် မက်နက်လား’

စတက်ဖို့ ခေါင်းညိတ်ပြသည်။

‘ရော်ဂျာကိုဗင်က စိတ်မကွက်တာတော့ ထင်ရှားတယ်၊ တတယ်တော့ သူ့ပညာနဲ့ဆိုင်တဲ့ နယ်ပယ်မှာ သာမန် လူတစ်ယောက် ရာထူးတိုးသင့်တာထက် နှစ်ဆလောက် မြန်အောင် ရာထူးတက်သွားတာဟာ ဘာကြောင့်လဲဆိုတော့ သူ့မိန်းမက အနုမြူထိန်းသိမ်းရေး ကော်မီတီဥက္ကဋ္ဌနဲ့အတူ အိပ်နေတာကြောင့်ပေါ့’

‘ကျွန်တော် ကြားရတဲ့ ကောလာဟလသတင်းတွေပြောပုံကတော့ သူတို့ဟာက ဘုံအိမ်ထောင်ရေး သဘောမျိုးဆိုပဲ’

မိုက်က စပ်ဖြဲဖြဲဖြင့် ပြော၏။

‘ကျွန်တော်တို့ ကြားသိရသမျှ အဲဒီအနေအထားနဲ့ကိုက်ညီနေတယ်၊ ဒါပေမယ့် ကျွန်တော်နဲ့၊ ဒါမှမဟုတ် အဖွဲ့နဲ့ သက်ဆိုင်သလောက် ပြောရရင် ဒါက သူတို့ရဲ့ဆုံးဖြတ်ပိုင်



ခွင့်ပဲလေ၊ ရော်ဂျာနဲ့ ရီတာဟာ ဒူမှာတုန်းက မက်ကာသီရဲ့ သင်တန်းသားတွေလဲ ဖြစ်ခဲ့ဖူးတယ်ဆိုတာ ခင်ဗျားသိမှာပေါ့နော်’

မိုက် ခေါင်းညိတ်သည်။

‘အဲဒီမှာ သူတို့သုံးယောက် ပေါင်းမိသွားတာ ဖြစ်မယ်ဗျ....’

‘ခင်ဗျားမသိနိုင်သေးတဲ့ ကိစ္စက လွန်ခဲ့တဲ့ နှစ်အနည်းငယ်က ဒူတက္ကသိုလ်ကြီး ပြိုကွဲမတတ် ဖြစ်ခဲ့တဲ့ကျောင်းသားဆူပူလှုပ်ရှားမှုမှာ သူတို့နှစ်ယောက်စလုံး ပါဝင်ခဲ့တယ်ဆိုတာပဲ၊ ဒါနဲ့ ရော်ဂျာကို ဒီပလိုမာ ပေးသင့် မပေးသင့် အငြင်းပွားပြီး ယာယီဆိုင်းငံ့ထားတာခံခဲ့ရတယ်၊ ဒါပေမယ့် ဒီငနဲက အနုမြူသုတေသနပိုင်းမှာအရမ်းတော်နေတာနဲ့ နောက်ဆုံးမှာ ဒီပလိုမာရခဲ့တယ်၊ သူက အဲဒီပညာရပ်နဲ့ပဲ ချီကာဂိုတက္ကသိုလ်မှာ ပီအိပ်ဒီဘွဲ့ ယူခဲ့တယ်’

‘သူ ချီကာဂိုတက္ကသိုလ်မှာတုန်းက လင်းတောလ်မင်းနဲ့ သိခဲ့တယ်ဆိုတာ ခင်ဗျားသိလား’

စတက်ဖို့ အလန့်တကြားဖြစ်သွားပုံရ၏။

‘သိတယ်...ဒါပေမယ့် အဲဒါကို ခင်ဗျားဘယ်လိုလုပ်ပြီး သိနေလဲ’

‘တစ်နေ့မှာ မရော်ဂျာက သူ့အိမ်မှာ ပြောတာ၊ လင်းတောလ်မင်းဟာ သူ့ရဲ့ သင်တန်းသူတစ်ယောက်ပဲတဲ့’

‘ဒါပေမယ့် သင်တန်းဆင်းပြီးတဲ့နောက်ပိုင်း အချိန်တွေ အထိနေချင်တဲ့ကျောင်းသူပါ၊ အဲဒီကိစ္စနဲ့ပတ်သက်ပြီး ဒီလူနဲ့ ရီတာတောင် ကွဲကြမှကြတော့မလို၊ နောက်မကြာခင်မှာပဲ ရော်ဂျာကအုတ်ရစ်ချ်မှာအလုပ်သွားလုပ်လိုသာပေါ့၊ ရီဘာ က ကောလိပ်ကထွက်ပြီး လက်ရေးတိုလက်နှိပ်စက် စာရေး ဝင်လုပ်တယ်၊ အရမ်းတော်တဲ့ စာရေးမပေါ့၊ သူက အနုမြူစွမ်းအင် ကော်မီရှင်ရဲ့ လက်အောက်ခံ အုတ်ရစ်ချ်ဓာတ်ခွဲ ခန်းတွေမှာ အလုပ်တစ်ခုရဖို့ ခက်ခက်ခဲခဲမရှိလှဘူး၊ နောက် ပြီး စစ်ဆေးရေး ခရီးစဉ်တွေနဲ့ ရောက်ရောက်လာတတ်တဲ့ မက်နက်နဲ့လဲ အတော်ကြီးတွဲနေတာ တွေ့ကြရတယ်လေ’

‘ကျွန်တော် လောင်းရဲပါတယ်၊ တွေ့ကြရတဲ့အကြိမ်က ခပ်စိတ်စိတ်ပဲ မဟုတ်လား’

‘သိတင်းပတ်ကုန် ရက်တွေမှာတွေ့ကြလေ့ရှိတယ်၊ ဒါပေ မယ့် အဲဒီလိုစစ်ဆေးရေးကိစ္စနဲ့ရောက်လာတဲ့ အချိန်အတွင်း မှာ မက်နက်ဟာ ဓာတ်ခွဲခန်းတွေကို ကြည့်တဲ့အချိန်ထက် ရီတာနဲ့ တွေ့တဲ့အချိန်က ပိုများနေတာ သိသာတယ်ဗျ’

‘တယ်လဲအဆင်ပြေ ချောမွေ့လိုက်ပါကလားနော်၊ ဝါ ရှင်တန် လူ့အဖွဲ့အစည်းကတောင် သွားရည်ကျလောက် တယ်’

‘ကိုယ်ပင်တို့အတွက်က သာပြီးအဆင်ပြေ ချောမွေ့သေး တယ်၊ သူတို့ အုတ်ရစ်ချ်မှာရှိနေတုန်း အနုမြူစွမ်းအင်ပြန့်



ဖေတဲ့ ပစ္စည်းကလေးတွေ မကြာမကြာပျောက်နေတာတွေ့ ရတယ်၊ ဒီတော့ မက်နက်ရဲ့အကြံပေးချက်အရ ဒီပစ္စည်းတွေ ဘယ်လိုပျောက်သလဲ၊ ဘယ်သူ ခိုးနေတာလဲဆိုတာ ဖော် ထုတ်ဖို့ ရော်ဂျာကို တာဝန်ပေးလိုက်တယ်’

‘အက်ဖ်ဘီအိုင်ကို တာဝန်မပေးဘဲ ဘာဖြစ်လို့ သူ့ကိုမှ တာဝန်ပေးရတာလဲ’

ကောက်ဖို့ မဲ့ပြုံးပြုံး၏။

‘အက်ဖ်ဘီအိုင်က ဟူးဗား လက်ထက်တုန်းကလောက် အရှိန်အဝါ မရှိတော့ဘူးဗျ၊ ဒါ့အပြင် ရော်ဂျာကိုယ်ပင် အဓိကထား လေ့လာနေတဲ့ ပညာရပ်က ရေဒီယိုသတ္တိကြွ ပစ္စည်းလေးတွေကို ထောက်လှမ်းဖော်ထုတ်တဲ့ ပညာရပ်ပဲ၊ များသောအားဖြင့် တခြားနိုင်ငံတွေကိုစောင့်ကြည့်ဖို့ လေ ထုထဲမှာ ထောက်လှမ်းတာပေါ့၊ ဒါပေမယ့် လျှပ်စစ်လိုင်း တွေ ထုတ်လွှတ်နေတဲ့ အနုမြူဓာတ်ပေါင်းအိုးတွေ တစ်ပိုက် မှာလဲ ထောက်လှမ်းကြတယ်၊ ဒီအလုပ်အတွက် သူ့ကို တာ ဝန်ပေးလိုက်တာ ကြောင်းကျိုးဆီလျော်ပါတယ်၊ နောက် တော့ သူက ခိုးမှုနဲ့ပတ်သက်ပြီး အိုင်ဆိုတုပ် ဓာတ်ခွဲခန်းက အတတ်ပညာရှင်တစ်ယောက်အပေါ် ပုံချလိုက်တယ်၊ စွပ်စွဲ မှုဟာ မမှန်ကန်ဘူးလို့ ကာယကံရှင်က ပြောတယ်၊ အဲဒီ ပစ္စည်းတွေကို သူ့ဗီရိုထဲမှာ သော့ခတ် သိမ်းထားတာပါ၊ အဲဒီပျောက်ဆုံးမှုအကြောင်း သူ ဘာမှမသိပါဘူးလို့ ကျမ်း ကျိန်ပြီး အစစ်ခံတယ်’

'အဲဒီလူ ဘာဖြစ်သွားလဲ'

'အလုပ်ထုတ် ခံလိုက်ရတယ်လေ'

'ဒါပဲလား'

'သူ့ကိုရုံးတင်တရားစွဲနေရင် ဟိုးလေးတကြော် ဖြစ်ကုန်မယ်၊ လူတွေကလဲ အနုမြူနဲ့ပတ်သက်တဲ့ မတော်တဆဖြစ်မှုတွေကို စိုးရိမ်ထိတ်လန့် နေကြတယ်လေ၊ ဒီတော့ ဖြစ်ရပ်တစ်ခုလုံးကို ဖုံးဖိပစ်လိုက်ကြတာပေါ့'

'ရော်ဂျာကိုဗင်ကတော့ ရှူးရှူးရှားရှားဖြစ်မှာပဲနော်'

'ခင်ဗျားသတိထားကြည့်ရင် သူ အဲဒီလောကကြီး မဖြစ်ဘူးဗျ၊ သူဟာ အနုမြူစွမ်းအင် ပြန့်ပွားစေတဲ့ပစ္စည်းတွေကို ထောက်လှမ်းတဲ့ကိစ္စမှာ အရည်အချင်းပြည့် ကျွမ်းကျင်သူကြီးအဖြစ် နေ့ချင်းညချင်း ပေါ်ထွက် လာတယ်၊ ဒါနဲ့ ကော်မီရှင်က ဓာတ်ခွဲခန်းတစ်ခုကို လေ့လာဖို့ ချီကာဂိုကို ပို့လိုက်တယ်၊ အဲဒီမှာ ခြောက်လလောက်နေပြီးမှ သူလျှိုတစ်ယောက်ကို အပိုင်ဖမ်းနိုင်တယ်၊ အဲဒီသူလျှိုက ပလူတိုနီယံတွေကို တောင်အမေရိကက အာဏာရှင်တစ်ယောက်ကို နည်းနည်းချင်း ရောင်းနေတာကိုး'

'အဲဒီသတင်းကိုတော့ ကျွန်တော် မဖတ်မိလိုက်ဘူးဗျ'

'ဘယ်သူမှ မဖတ်လိုက်ရဘူး၊ ဘာဖြစ်လို့လဲ ဆိုတော့ ကျွန်တော်တို့ရဲ့ တောင်ဘက်မှာရှိတဲ့ ယန်းကီးမုန်းတီးရေး နိုင်ငံတစ်နိုင်ငံက အနုမြူဗုံး ထုတ်နိုင်စွမ်း ရှိနေပြီဆိုတာ



သတင်းပြန့်သွားရင် တစ်တိုင်းတစ်ပြည်လုံး ကြောက်ချေးပါသွားနိုင်တယ်လေ၊ ဒီတော့ နောက်ဆုံးအဖြေက ကိုဗင်ဟာ အဲဒီဌာနစိတ်ရဲ့ အကြီးအကဲအဖြစ်နဲ့ ဝါရှင်တန်ကိုရောက်လာတာပါပဲ'

'ဒီတော့ လွှတ်တော်အမတ် မက်နက်လဲ ရီတာရဲ့ ရင်ငွေ့လှုံခွင့်ရပြန်ရော ဆိုပါတော့'

'ရပြန်ရောမဟုတ်ဘူး...ရနေတုန်းပဲ၊ ဒီတော့ဗျာ...ရော်ဂျာကိုဗင်ကို အမှတ် လျော့နိုင်တာ ဆိုလို့ ထောင့်ကိုးရာခြောက်ဆယ်ပြည့် နှစ်တွေအတွင်း ဒူမှာဖြစ်ခဲ့တဲ့ ပြဿနာတစ်ခုပဲရှိတယ်၊ ဒါပေမယ့် အဲဒီခေတ်က အဲစနီးရောက်လူငယ်အများစုလိုပဲ သူလဲ အသက်အရွယ်ကလေး ရလာတော့ ကျိုးကျိုးနွံနွံဖြစ်လာတယ်၊ ဆင်ဆင်ခြင်ခြင်လဲ ဖြစ်လာတယ်ပေါ့ဗျာ'

စတက်ဖို့ မတ်တတ်ရပ်လိုက်၏။

'ကျွန်တော် ဒီ့ထက်ပိုပြီး မကူညီနိုင်တာ စိတ်မကောင်းပါဘူး'

'ဘာပဲဖြစ်ဖြစ် စိတ်စနောင့်စနင်း ဖြစ်နေတာလေးပြေပျောက်သွားတာပေါ့၊ ဒါထက် တောလ်မင်း ဒက်စကော့ဂိုဏ်းအကြောင်း ဘာသတင်းများ ရသေးလဲ'

'သူတို့တစ်တွေ အရှေ့ပိုင်းကို လာနိုင်ချေရှိတယ်၊ ဒါပေမယ့် ဝါရှင်တန်မြို့တော်လို ရှုပ်ယှက်ခတ်နေတဲ့ မြို့ကြီးထဲမှာ

လွယ်လွယ်ကလေး စိမ့်ဝင်သွားနိုင်တယ်၊ ကျွန်တော်ကတော့ လအနည်းငယ်အတွင်း သူတို့ရဲ့ခေါင်းဆောင် နှစ်ယောက် စလုံး သေသွားတဲ့အတွက် စိတ်ခေတ်ကျနေကြမယ်လို့ ထင် တယ်'

အင်း....၊ နောက်ထပ် ခေါင်းဆောင်တစ်ယောက် မတွေ့ သေးခင်ပေါ့ဟု မိုက် တွေးသည်။ ဆိုင်ထဲတွင်တဖြည်းဖြည်း ပြည့်ညပ်လာသည့် လူတွေကိုတိုးပြီး ထွက်သွားသည့် အက်ဖ် တီအိုင် စုံထောက်ကြီး၏ ထောင်ထောင်မောင်းမောင်းကိုယ် ခန္ဓာကြီးကို လိုက်ကြည့်နေမိ၏။

မိုက်က သောက်လက်စ ယမကာကို လက်စသတ်လိုက် သည်။ ပြီးတော့ စားပွဲတိုးကိုခေါ်ပြီး နောက်တစ်ခွက် ထပ် မှာသည်။ ဒုတိယခွက်ကို ဖြည်းဖြည်းချင်း သောက်သည်။ သူ့စိတ်ထဲမှာတော့ ဖြစ်စဉ်များကို ပြန်ပြီး ပုံဖော်ကြည့်နေ သည်။ ၇၂၇ လေယာဉ်ကြီးပေါ်မှ လူတစ်ယောက် ကျွမ်း ထိုးမှောက်ခုံ လွင့်စဉ်ကျလာသည်မှ စကာ။ ခုတော့ သည် အဖြစ်အပျက်တွေသည် နှစ်ပေါင်းများစွာ ကြာခဲ့ပြီသို့ထင် ရ၏။

သူသိထားသည့် အချက်အလက်များကိုပေါင်းစပ်ကြည့် လိုက်တိုင်း ပေါ်ထွက်လာသည့် အဖြေသည်တစ်မျိုးတည်း သာ ဖြစ်နေ၏။ ယင်းအဖြေမှာ သူချစ်နေသည့် မိန်းကလေး ၏ ခန္ဓာကိုယ်ထဲတွင် မကောင်းဆိုးဝါးတစ်ကောင်ဝင်ရောက်



ပူးကပ်နေသည်ဆိုသည့် အဖြေဖြစ်၏။ သည်မကောင်းဆိုး ဝါးကို နှင်ထုတ်ဖို့အတွက် နှစ်လမ်းနှစ်သွယ်ပဲ သူမြင်သည်။ နည်းလမ်းတစ်သွယ်မှာ ဝိညာဉ်နှင်နည်းကို အသုံးပြုခြင်း။

နောက်နည်းလမ်း တစ်သွယ်ကတော့ မိမိချစ်သည့် ခွေး ကလေးတစ်ကောင် နေမကောင်း ဖြစ်နေသည်ကို နောက် ထပ် စိတ်ဆင်းရဲစရာများ ခံစားမနေရအောင်ပစ်သတ်သည့် နည်းဖြစ်၏။

☆

၄၇။

နောက်တစ်နေ့ နေ့လယ်တွင် မိုက်ချဲရုံးခန်းသို့ ရန်းဒေါ မက်ကာသီ ရောက်လာသည်။ သူက မိုက်၏ နောက်ဆုံး အကြိမ် စစ်ဆေးကြည့်ရှုခြင်းကို လာရောက်ခံယူခြင်းဖြစ်၏။ ခွဲစိတ်ထားသည့် ဒဏ်ရာများမှာ ကောင်းကောင်း ပျောက် ကုန်ပြီ။ သွေးကြည်ဥမှုကြောင့် မဆိုစလောက် ထင်နေသည့် အညိုအမည်းများမှာ ဆေးလူးသဖြင့် ညိုမောင်းနေသော အသားရောင်အောက်တွင် မြုပ်ကွယ်နေ၏။

'ခင်ဗျားအတွက် အလုပ်တွေတော့ ကျွန်တော့် ဌာနက လာကြလိမ့်မယ်ထင်တယ်၊ ကျွန်တော်နဲ့သိကျွမ်းတဲ့ အရာဝန် ကတော် သုံးယောက်ဟာ စိတ်ဆုံးဖြတ်ဖို့ ကြိုးစားနေကြ တယ်ဗျ၊ ခင်ဗျားအလုပ်ကို အသားအစားထိုးကုသမှုနဲ့ ပေါင်း



စပ်လိုက်ရင် ခင်ဗျား ငွေတွေတစ်ထောကြီး ရဦးမှာ၊ ဂျက် နက်ဟာ ခင်ဗျားကိုပြောသေးလား၊ သူနဲ့ကျွန်တော် ပေါင်း ပြီး 'လေးဒီးစ်ဟုမ်းဂျာနယ်' အတွက် ဆောင်းပါးတစ်ပုဒ် ရေးနေတယ်ဆိုတာလေ'

'ပြောတယ်၊ အဲဒီ အာရုံသိအမြင်ဆိုတာ တကယ်ပဲလား ဗျ....'

'အဲဒါနဲ့ပတ်သက်လို့ ခင်ဗျားမှာ ပါရမီပါတယ်လို့ သူက ပြောပါတယ်'

'အကြားအမြင်ပေါက် စိတ်ဝါဒီတွေ အားလုံးမှာ အဲဒီ ပါရမီမျိုး ရှိမယ်ထင်ပါတယ်၊ အဲဒီပညာကို သိပ်မသိကြ သေးတာက ခုချိန်ထိ ကျွန်တော်တို့ဟာ အထူးအာရုံသိခြင်း တို့၊ စိတ်ချင်း ဆက်သွယ်ခြင်း တို့ကိုသာ အထူးအာရုံစိုက် လေ့လာနေကြတာကိုး'

'ဘာဖြစ်လို့ ပညာရပ်နှစ်ခုပေါင်းပြီး ဖြစ်ရပ်တွေမဖြစ်မီ ကြိုသိအောင် မလုပ်တာလဲ'

မိုက်က ပျော်စေပျက်စေ သဘောဖြင့် ပြောလိုက်၏။ သို့သော် မက်ကာသီက ပြုံးခြင်းရယ်ခြင်းမရှိ။

'သူတို့ အဲဒါမျိုးလဲ လုပ်နေကြတယ်၊ စတင်းဖို့မှာပေါ့၊ စိတ်နယ်လွန်ပညာရှင် တစ်ယောက်အနေနဲ့ အလေးအနက် ထားပြီးပြောရရင် တင်ကူးသိခြင်းဟာ အတော်တာဝန် ကြီးတာဗျ'

'အဲ့ဒီလိုသိမြင်လာရင် ဆိုးရွားတဲ့ဖြစ်ရပ်တွေ ဘယ်တော့ဖြစ်မလဲဆိုတာ ကြိုတင် ပြောနိုင်တာပေါ့၊ ဒါမှ အချိန်မီ တားဆီးကာကွယ်နိုင်အောင်လေ'

'ကျွန်တော်တော့ အဲဒီလို မထင်ဘူး မိုက်၊ သိတယ်မဟုတ်လား....အဲဒါက ဘုရားသခင်နေရာကိုဝင်ယူတာပဲ၊ ခင်ဗျား ဘုရားသခင်ရဲ့ ဂုဏ်တော်ကို ယုံသည်ဖြစ်စေ၊ မယုံသည်ဖြစ်စေ အဲ့ဒီလို ကြိုတင် နိမိတ်ဖတ်ဖို့ ကြိုးစားတဲ့ လူတိုင်းဟာ ဆင်းရဲဒုက္ခနဲ့ ကြုံရတာချည်းပဲ'

'အဖြစ်ဆိုးတွေ အကြောင်း စကားစပ်မိလို့ ပြောရဦးမယ်၊ ဂျက်နက်ဟာ အာမန်ဒက်စကော့ ကိစ္စနဲ့ ပတ်သက်ပြီး ခုထိ တအုံ့နွေးနွေး ဖြစ်နေတုန်းပဲ'

'ကျွန်တော်သိတယ်၊ နောက်ပြီး ခင်ဗျားနားချနေသလို သူ့ကို မကောင်းဆိုးဝါး တစ်ကောင်က ပူးကပ် နေတယ်ဆိုတဲ့ မိုက်မဲတဲ့ အယူအဆကလဲ တအုံ့နွေးနွေး မဖြစ်အောင် လုပ်နိုင်မှာ မဟုတ်ဘူး'

'ဆရာတော်ဂျူလီယံက သူ့လက်ဝါးကပ်တိုင်ပြတဲ့အချိန်မှာ ခင်ဗျားရှိနေရင် ဝိညာဉ်ပူးကပ်တယ်ဆိုတာကို ခင်ဗျား သံသယ ဝင်မှာမဟုတ်ဘူး၊ အဲဒီတုန်းကဆို ဂျက်နက်ရဲ့ လုပ်ရပ်ကြောင့် ကျွန်တော်တောင် အလန့်ကြီးလန့်သွားမိတယ်'

'ခက်တာက အဲဒီ လက်ဝါးကပ်တိုင်က သူ့ရဲ့ တခြား ... ကြောက်အော ... မ ... နိုင် ... တာ ... ဘဲ ... ၊ ဂျက်



နက်မှာ နှစ်ကိုယ်ခွဲ ဖြစ်နေတာ၊ သူသာ ကြိုးစား အားထုတ်မှု တကယ်လုပ်ရင် ကိုယ်ပွားတစ်ခုကို ဖျောက်ဖျက်ပစ်နိုင်တယ်ဆိုတာကို သူ ယုံကြည်လာအောင် ကျွန်တော့်မှာ လပေါင်းများစွာ နားချခဲ့ရတာဗျ၊ ကဲ....ခုတော့ ခင်ဗျားနဲ့ မဖြစ်ညစ်ကျယ် စိတ်ပညာရှင်တစ်ယောက်က ဘုရားစာတွေ ရွတ်ဖတ်ပေးရုံ၊ ဘုရားရေစင်ကိုသူ့ဦးခေါင်းပေါ်မှာ ချပေးရုံလောက်နဲ့ တခြားကိုယ်ပွားကို ဖျောက်ဖျက်ပစ်နိုင်တယ်လို့ စည်းရုံး သိမ်းသွင်းနေပြန်ပြီ'

'ဆရာတော် ဂျူလီယံဟာ တခြား မကောင်းဆိုးဝါးတွေကိုလဲ နှင်ထုတ်ခဲ့....'

'အဲ့ဒီပွဲတွေကို ကျွန်တော်သွားကြည့်ဖူးပါတယ်၊ ကျွန်တော့်ကို လိုအပ်တဲ့ မျက်လှည့်ဆရာရဲ့အသုံးအဆောင်ပစ္စည်းတွေပေးပြီး လေ့ကျင့်ဖို့ သုံးလေးရက်ပဲ အချိန်ပေးပါ၊ ဝိညာဉ်နှင်ဆဲရာ လုပ်ပြတာတိုင်းကို ကျွန်တော် ပုံတူလုပ်ပြပါ့မယ်'

'ဒါဆို ဆရာတော်ဂျူလီယံ လိုအပ်နေတဲ့ စိတ်ပညာပိုင်းဆိုင်ရာ သုံးသပ်ချက်ကို လုပ်မပေးဘူးပေါ့'

'ကျွန်တော် အဲဒီလို မပြောပါဘူး၊ တကယ်တမ်း ပြောရရင် သူ့ကို စိတ်တိုင်းကျမှ စမ်းသပ်ချက် နည်းနည်းပါးပါး ထပ်လုပ်ရုံပဲရှိတော့တယ်၊ ပြီးရင် အစီရင်ခံစာ အရှည်ကြီး ရေးရုံပဲ၊ခင်ဗျားကခေါင်းကြောမာတဲ့ငနဲတစ်ယောက်၊

ဒီတော့ ကောင်မလေးကို စည်းရုံးပြီး တခြား စိတ်ရောဂါကု ဆရာဝန် တစ်ယောက်ဆီ သွားပြဖို့ ပြောဦးမှာ၊ မဟုတ်ရင် ကျွန်တော် စောစောက ပြောသလောက်တောင် လုပ်မပေးဘူး....’

‘ကျွန်တော် သူ့ကို ဘယ်သူ့ဆီမှ အပ်ဖို့ စိတ်မချဘူး၊ အထူးသဖြင့် လင်းကိုယ်ပွားကိုပေါ့’

‘နောက်တစ်ခုရှိသေးတယ်၊ ဝိညာဉ်နှပ်ပွဲမှာ ကျွန်တော် ရှိနေချင်တယ်၊ အဲ့ဒါ ခင်ဗျားစီစဉ်ပေးနိုင်မလား’

‘မပြောတတ်ဘူး၊ ဒါပေမယ့် မေးကြည့်မယ်လေ’

မိုက်က စားပွဲပေါ်ရှိ တယ်လီဖုန်း လမ်းညွှန် စာအုပ်ကလေးကိုလှန်ကြည့်သည်။ ထိုစာအုပ်ထဲတွင် သူမကြာမကြာ ဆက်လေ့ရှိသည့် တယ်လီဖုန်း နံပါတ်များသာ ရေးမှတ်ထား၏။ ဆရာတော် ဂျူလီယံ၏ ဖုန်းနံပါတ်ကို တွေ့သည်။ ဆက်သည်။ စကားပြောသည်မှာ ခဏကလေးပဲကြာသည်။ ပြီးတော့ မိုက်က ပြုံးနေသည်။

‘ဆရာတော် ဂျူလီယံက ဝိညာဉ်နှင်ပွဲမှာ ဆရာဝန် တစ်ယောက်ယောက်ရှိနေဖို့အမြဲတောင်းဆိုခဲ့တာ၊ ခုလဲ ခင်ဗျား လာမယ်ဆိုရင် ဝမ်းမြောက် ဝမ်းသာ လက်ခံပါမယ်တဲ့၊ ထွတိကျကျပြောရရင် သူက ခင်ဗျာ့ အလုပ်တွေကို သူက သိပ် စိတ်ဝင်စားနေတာ၊ ဒီတော့ ခင်ဗျားနဲ့လဲ တွေ့ချင်ပါတယ်တဲ့’



‘ကျွန်တော် အဲဒီကိုသွားမှာ သူပြောတဲ့ကိစ္စမဟုတ်ဘူး၊ ကျွန်တော့် အလုပ်က ဂျက်နက်ကို အကာအကွယ် ပေးဖို့ပဲ’

‘လုပ်မနေစမ်းပါနဲ့ဗျာ၊ ဂျက်နက်ကို ရုပ်ပိုင်းအရ အန္တရာယ်ဖြစ်အောင် လုပ်တဲ့လူ တစ်ယောက်ယောက်ရှိတယ်ဆိုရင် အဲ့ဒီလူဟာ လင်းတောလ်မင်းရဲ့ ဝိညာဉ်ဆိုးပဲဖြစ်မယ်’

‘ရုပ်ပိုင်း ဆိုင်ရာအန္တရာယ်ဖြစ်မှုနဲ့ ကျွန်တော်နဲ့မဆိုင်ပါဘူး၊ ကျွန်တော်အကာအကွယ်ပေးနေတာက သူ့ရဲ့စိတ်ပိုင်းဆိုင်ရာပဲ၊ ‘ဝိညာဉ်နှင်ဆရာ’ဆိုတဲ့ စာအုပ် ထွက်လာပြီးနောက်ပိုင်း တစ်တိုင်းတစ်ပြည်လုံး ဝိညာဉ်ပူးကပ်မှုနဲ့ ပတ်သက်ပြီး အရူးထလိုက်ကြတာ မြော်မနေနဲ့၊ အဲဒီ ဝိညာဉ်နှင်ပြီးနောက်ပိုင်း ခံစားရတဲ့ အကျိုးဆက်တွေကို ခင်ဗျား မြင်တွေ့ရရင် ခင်ဗျား ဂျက်နက်ကို အဲဒီ ဘုန်းကြီးနဲ့တောင် တွေ့ခွင့်ပေးမှာမဟုတ်ဘူး’

‘ဒါပေမယ့် ခု ခင်ဗျားက အစီအစဉ်တောင် လုပ်ပြီးပြီဆိုတော့ ကျွန်တော့်မှာ တာဝန်ရှိလာပြီ၊ ကျွန်တော့် လူနာဟာ လောလောဆယ် မျိုးပေါင်းစုံ ကိုယ်ရည်သွေးရောဂါပဲ ခံစားနေရတယ်၊ အဲ့ဒီလို ရိုးရိုးဝေဒနာကလေးကနေ ကျွန်တော် ဘယ်တော့မှ ကုလို့မရနိုင်တော့တဲ့ စိတ်ကစဉ့်ကလျား ရောဂါမျိုးအထိ ဆိုးဆိုးရွားရွားဖြစ်မသွားအောင် ကျွန်တော်ကာကွယ်ပေးရလိမ့်မယ်’

‘ဝိညာဉ်နှင်ခြင်းက အဲ့ဒီလောက်ထိ အန္တရာယ်မကြီးပါဘူးဗျာ’

'ကြည့်သေးတာပေါ့လေ၊ ဂျက်နက်ဟာ ဘာမှ မဟုတ်ဘူး၊ သူဟာ သူ့မသိစိတ်ကနေပြီး အဆန်းတကြယ်စိတ်ကူး ပုံဖော်ကြည့်နေတာ၊ သူ ကလက်တက်ဘက် မိန်းကလေးအဖြစ် ပြောင်းလဲသွားတာဟာလဲ လင်းတောလ်မင်းရဲ့ ပုံစံကို လိုက်အတုခိုးတာဗျ'

'သူက ဘာဖြစ်လို့ အဲ့ဒီလိုလုပ်ရတာလဲ'

'ဝေဒနာရှင်တစ်ယောက်ရဲ့ စိတ်သန္တာန်မှာ ဒါမျိုးတွေ ဘာကြောင့် ဖြစ်လာရတယ်ဆိုတာ ဘယ်သူတိတိကျကျပြောနိုင်မှာလဲ၊ ဖြစ်နိုင်ခြေရှိတာက မတော်တဆမှုဖြစ်ပြီး ပြန်သတိရလာတော့ သူ့နံဘေးမှာ ခပ်ချောချောလူငယ် ဆရာဝန် တစ်ယောက် ရှိနေတာ တွေ့ရတယ်၊အဲ့ဒီဆရာဝန်ကလဲ သူ့ကိုစိတ်ဝင်စားနေတာ သိသာတယ်၊ ဒီတော့ သူ့ရဲ့ငုပ်နေတဲ့ သွေးသားဆန္ဒတွေကို ခင်ဗျားအပေါ်မှာဇက်လွှတ်ပေးလိုက်ဖို့ သူ့မသိစိတ်က ဆုံးဖြတ်လိုက်တယ်၊ တစ်ချိန်တည်းမှာပဲ သူ့ရဲ့ငယ်းငအေ ခင်ပွန်းဇလောင်း ဂျယ်ရယ်ဟတ်ချင်ဆန်ကို အဆက်ဖြတ်ပစ်လိုက်တယ်၊ ဒီတော့ သူ့ရဲ့မသိစိတ်က အားကျနေတဲ့ လင်းတောလ်မင်းကို တုပြီး သူ ကြိုက်တဲ့ယောကျ်ားကို အရယူဖို့ လွတ်လွတ်လပ်လပ် လှုပ်ရှားခွင့်ပေးလိုက်တော့တယ်၊ ဒီနည်းနဲ့ သူ့ရဲ့ ရှက်ကြွမ်းရေကျိုဘဝ၊ အလယ်အလတ်တန်းစားဘဝ၊ ကိုယ့်ကိုကိုယ် ချုပ်တီးခဲ့ရတဲ့ ဘဝတွေကို ထေမိအောင် ကြိုးစား....'

'ကျွန်တော် ကြားဖူးသမျှထဲမှာတော့ ပေါက်ကရအနိုင်ဆုံး ပုံပြင်တစ်ပုဒ်ပဲ'



'ဒီကိစ္စတွေကို ကျွန်တော်တို့ မရှင်းနိုင်ဘူးလို့ ခင်ဗျားကို ပြောထားပြီးပါပြီကော၊ ဒါပေမယ့် စိတ်ရောဂါကုဆရာဝန်တစ်ယောက် အနေနဲ့၊ နောက်ပြီး ကျွန်တော့်ခေတ် ကျွန်တော့် အခါကုန်းက မိန်းမပေါင်းများစွာရဲ့ ချစ်ဖော်ဖြစ်ခဲ့တဲ့ လူတစ်ယောက်အနေနဲ့ ကျွန်တော်ခင်ဗျားကိုအကြံတစ်ခု ပေးချင်တယ်၊ အခွင့်အလမ်းပေါ်လာရင် အရယူလိုက်ပါ၊ အဲ့ဒီအခါကျ လင်း ဆိုတဲ့ကိုယ်ပွား....ဒါမှမဟုတ် ဂျက်နက်ရဲ့ မသိစိတ်မှာ အသိတစ်ခု ဝင်လာလိမ့်မယ်၊ခင်ဗျား တကယ်တမ်း ချစ်တင်းနှောချင်တာ သူ မဟုတ်ပါကလားလို့'

'ကျွန်တော် ချစ်တင်းနှောချင်ပါတယ်၊ ဒါပေမယ့် လူမှန် စိတ်မှန် ဖြစ်မနေတဲ့ အချိန်မျိုးမှာတော့မဟုတ်ဘူး'

မက်ကာသီ ပြုံးဖြဲဖြဲ လုပ်နေသည်။ သူ့မျက်နှာသည် ခွဲစိတ်မပြုပြင်မီကထက်ပင်ပြောင်ချော်ချော်နိုင်နေသေးသည်ဟု မိုက် တွေး၏။

'ဒီမယ်....ခင်ဗျာ့ဆန္ဒကို လိုက်လျော ဖြည့်ဆည်းပေးဖို့ အဆင်သင့်ဖြစ်နေပြီဆိုရင် သူတို့ဟာ စိတ်မှန်နေတယ်လို့သာမှတ်၊ မြာစ္စ တဲ့အဘိုးကြီး ပြောတာကို ယုံ'

'ခင်ဗျား ပြောနေတာဟာ ကျွန်တော်ချစ်တဲ့ မိန်းမတစ်ယောက် အကြောင်းဗျ၊ ကျွန်တော်လက်ထပ်ဖို့ ရည်ရွယ်ထားတဲ့ တစ်ယောက်....ဒါပေမယ့်ဂျက်နက်အနေနဲ့လက်ထပ်မှာ၊ လင်းအနေနဲ့ မဟုတ်ဘူး'

'ကျွန်တော် ခင်ဗျားကို ပြောနေပါတယ်ဗျာ....တကယ်တမ်းကျတော့ သူတို့နှစ်ယောက်ဟာ တစ်ယောက်တည်းပါ

ပဲလို့၊ တစ်ယောက်က လက်ရှိအမျိုးသမီး....အဲ့ဒီလို ဖြစ်ခနတာလဲ ခင်ဗျားကြောင့် အများကြီးပါတယ်၊ နောက် တစ်ယောက်က သူ့စိတ်ကူးထဲမှာ သူဖြစ်ချင်တဲ့ အမျိုးသမီး၊ ဘယ်သူပဲဖြစ်ဖြစ် လက်သာ လက်ထပ်လိုက်၊ နောက်ပြီး သူဟာ အိပ်ရာထဲမှာ အကောင်းဆုံးအဖော်ပဲ ဆိုတာကို ယုံအောင် ပြော....သူဟာ လင်းပဲဖြစ်ဖြစ်၊ ဂျက်နက်ပဲဖြစ်ဖြစ်....ဖြစ်ချင်တဲ့သူ ဖြစ်နေပါစေ၊ အဲဒီအခါကျ သူဟာ တခြားတစ်ယောက်ကို ထာဝရ မြေမြှုပ်သင်္ဂြိုဟ်ပစ်လိုက်လိမ့်မယ်'

'ဒါပေမယ့် လင်းဆိုတဲ့ ကိုယ်ပွားရှိနေသရွေ့ ကာလပတ်လုံး ကျွန်တော့်ကို လက်မထပ်ဘူးလို့ သူကငြင်းနေတာဗျ'

'အဲဒါက ခင်ဗျားမှ သနားစရာလေ၊ ကျွန်တော်ကတော့ သူ့မှာ နှစ်ကိုယ်ပွားကို ရည်ကိုယ်သွေး ရှိနေတယ်၊ အဲဒီနှစ်ကိုယ်ပွားကို စင်းလုံးချော မိန်းမတစ်ယောက်ဖြစ်လာအောင် ပေါင်းစပ်ပစ်နိုင်တယ်ဆိုတာ သူ နားလည်အောင် အစွမ်းကုန်ရှင်းပြနေတယ်။ ကျွန်တော် ဒီနည်းနဲ့ပဲ ခင်ဗျားကို ကူညီနိုင်တယ်လေ'

'ခင်ဗျားအတွက် အကူအညီရမယ် ဆိုရင် ကျွန်တော် ဘာမဆိုလုပ်ပါ့မယ်၊ ဒါပေမယ့်သူ့ကိုဝိညာဉ်ပူးကပ်နေတာ တကယ်ဟုတ်ပြီး ဆရာတော်ဂျူလီယံက အဲဒီဝိညာဉ်ကို နှင်မထုတ်နိုင်ဘူး ဆိုမှ....'

ဗိုက်က ဆက်မပြော။ မက်ကာသီက သူ့အား တွေးတွေးဆဆ ကြည့်နေသည်။ သည်တော့ သည်လူ မိမိ၏စိတ်ကို



နှိုက်ကြည့်နေပြီဟု ဗိုက် တွေး၏။ သူထင်သည့်အတိုင်းလည်း ဟုတ်နေသည်။

'ခင်ဗျားဟာ ဒါးလက်စ်လေယာဉ်ကွင်းမှာ ဂျက်နက်ကို အသက်ပြန်ဆက်ပေးခဲ့တယ်၊ ဒီတော့ သူ့ခန္ဓာကိုယ်ကို လင်းတောလ်မင်းရဲ့ ဝိညာဉ်က ပူးကပ်ထားတယ်လို့ ခင်ဗျား ယုံကြည်ရင် ဂျက်နက်ကို ပြန်ပြီး ဖျက်ဆီး ချေမှုန်းပစ်ဖို့လဲ ခင်ဗျားမှာ တာဝန်ရှိတယ်၊ အဲ့ဒါကို ခင်ဗျားပြောမလို့ မဟုတ်လား'

'အဲဒီလိုမျိုးပါပဲ'

'ဒီတော့ ခင်ဗျားတို့ နှစ်ယောက်စလုံးကို ကျွန်တော် ကယ်တင်မယ်ဆိုရင် ကျွန်တော့်အလုပ်ကို ကျွန်တော်လုပ်နိုင်စွမ်း ရှိပါတယ်'

ခုတော့ စိတ်ရောဂါကုဆရာဝန်၏လေသံသည် လေးလေးနက်နက် ဖြစ်နေသည်။

'ဒါပေမယ့် ခင်ဗျား ကြားဝင် နှောက်နှောက်နေရင် ကျွန်တော် ဘာမှလုပ်လို့ ရမှာမဟုတ်ဘူး'

'ကျွန်တော် ဂျက်နက်နဲ့မတွေ့သင့်ဘူးလို့ ခင်ဗျားပြောနေတာလား'

'ဟုတ်တယ်၊ တတ်နိုင်သမျှ လျှော့တွေ့ပါ'

'ဒါပေမယ့် သူက ထင်သွားမှာပေါ့'

'နက်ဖြန်နေ့လယ်ကျ ဂျာနယ်အတွက် ဆောင်းပါးရေးဖို့ ကျွန်တော့်ရုံးခန်းကို သူလာလိမ့်မယ်၊ အဲ့ဒီတော့ သူ့ကို

ကျွန်တော် ဇာတ်စုံရှင်းပြလိုက်မယ်၊ ကျွန်တော်သိတာတစ်ခုတော့ ရှိတယ်....ခင်ဗျားက သူ့ကို ပုံမှန်ဘဝကို ပြန်ရစေချင်သလို သူကလဲ ပုံမှန်ဘဝကို ပြန်ရဖို့ စိတ်အား ထက်သန်ပါတယ်၊ ဒီတော့ဗျာ....ဒီနေ့ကစပြီး စက်တင်ဘာလလယ်အထိ သီတင်းလေးပတ် အတွင်း သူ့ရဲ့ နှစ်ကိုယ်ပွား ရောဂါကို ပျောက်အောင် မကုနိုင်ဘူးဆိုရင် ခင်ဗျားရဲ့ ဆရာတော် ဂျူလီယံကို ကုသခွင့်ပေးလိုက်မယ်ဗျာ’

☆

၄၄။

မိုက်က သူ့ကတိအတိုင်း ဂျက်နက်နှင့် အဆက်အသွယ်မလုပ်ဘဲ ရှောင်နေသည်။ သို့သော် နောက်နှစ်ပတ် အကြာတွင် ဂျက်နက်က သူ့ဆီ ဖုန်းဆက်သည်။ သူ့အား ညစာ လိုက်ကျွေးဖို့ ပြောသည်။ သည်လိုပြောလာတော့လည်း မိုက်မှာ ငြင်းဆန်နိုင်အား မရှိ။

‘အင်နာပိုးလစ်က မြို့တော် ဆိပ်ခံတံတားဟောင်းကြီး ပေါ်မှာရှိတဲ့ကမ်းခြေ စားသောက်ဆိုင်ဆိုရင်ကြိုက်မလား’

‘သိပ်ကောင်းတာပေါ့၊ ကျွန်မ အထက်တန်းကျောင်း မှာတုန်းက အဲဒီကို ဦးလေးဂျော့ တစ်ခါခေါ်သွားဖူးတာ မှတ်မိနေတယ်၊ နေဦး....ကျွန်မ ဦးလေးဂျော့တို့ တိုက်က

အခန်းနံပါတ် ၂၅၇ ကို ငှားထားတယ်နော်၊ ခြောက်နာရီခွဲဆို အဆင်ပြေမလား'

'ပြေတယ်လေ၊ ကျွန်တော် ခင်ဗျားကို အဝင်ဧည့်ခန်းမှာ လာခေါ်မယ်'

ထိုနေ့ညနေတွင် နွေရာသီ၏မိုးတစ်ပြိုက် ရွာချထားသည်။ မေရီလင်း ပြည်နယ်၏ သာယာသော ရှုခင်းကို ဖြတ်ကျော်ကားမောင်းရသည်မှာ စိတ်ပြေ ကိုယ်လျော့ ရှိလှသည်။ စိမ်းလန်းသော ဆေးရွက်ကြီးစိုက်ခင်းများကို ကြည့်ရသည်မှာ ကြည်နူးဖွယ်ကောင်းလှ၏။ ဆေးရွက်ကြီး စိုက်ခင်းများမှာ တစ်ဝက်မျှ ရိတ်သိမ်းပြီးနေပြီ။ အခြောက်လှမ်းထားသည့် ဆေးရွက်ကြီးရနံ့သည် လမ်းတစ်လျှောက်လုံးတွင် ပျံ့နေ၏။ စားသောက်ဆိုင်အိုကြီးသို့ရောက်တော့ ဂျာမန်ဝိုင်တစ်ပုလင်းထောင်ပြီး ညစာစားကြသည်။

'ကျွန်မတို့ ပျားရည်ဆမ်းခရီး ထွက်တဲ့အခါ ရိုင်းမြစ်တစ်လျှောက် သင်္ဘောစီးပြီး ဆန်တက်လိုက်ချင်တယ် သိလား၊ မသတီစရာကောင်းတဲ့ ဒီကိစ္စကြီးသာ နိဂုံးချုပ်သွားရင်ပေါ့လေ'

ဝိုင်ကို လက်စသတ်သောက်ရင်း ဂျက်နက်က ပြော၏။

'စက်တင်ဘာလနှောင်းပိုင်း အချိန်ဟာ ဂျာမနီနဲ့ဆွစ်ဇာလန်မှာ သိပ်သာယာတာ၊ ကွန်စတန်တင်ဘုရင်ကြီး သွားတဲ့ လမ်းကြောင်းအတိုင်း ထရိုင်ယာကိုဖြတ်ပြီး ဥရောပ မြောက်



ပိုင်းအထိ ကျွန်တော် စက်ဘီးနဲ့ ခရီးထွက်ဖူးတယ်၊ အဲဒီတုန်းက ကောလိပ်ကျောင်းသားဘဝပေါ့၊ လမ်းတစ်လျှောက်လုံး တည်းခိုခန်းတွေမှာ တည်းရတယ်၊ အဲဒီတုန်းကတော့ ရိုင်းမြစ်ရိုးတစ်လျှောက် သင်္ဘောခရီးစဉ်နဲ့ မသွားဘူးပေါ့ဗျာ၊ ဒါပေမယ့် ခုတော့ တတ်နိုင်နေပါပြီ၊ ကျွန်တော်တို့ပျားရည်ဆမ်းခရီး ထွက်တဲ့အခါ အဲဒီခရီးစဉ်အတိုင်း သွားကြတာပေါ့'

'ဘယ်အချိန်ကာလမှပဲ ဖြစ်ဖြစ်ပေါ့နော်'

သူ့လေသံက စိတ်ဓာတ်ကျနေသည့် လေသံ။ သူက စားပွဲကို ကျော်ပြီး မိုက်၏လက်ကို ဖမ်းကိုင်သည်။ သူ့လက်သည်းများက မိုက်၏ လက်ဖဝါးထဲသို့ စူးနှစ်ဝင်သွားသည်။ အာမန့်ဒက်စကော့အား သတ်ပစ်သည့်ညက ရိပ်သာကလေးတွင် မိုက်၏လက်ကို ဆုပ်ကိုင်ခဲ့စဉ်က ဖြစ်ပုံအတိုင်း။

'ကျွန်မကို ပြောပြစမ်းပါရှင်ရယ်၊ အဲဒါဖြစ်လာမှာပါ လို့၊ အဲဒါ ဖြစ်လာမယ် ဆိုတာ ကျွန်မယုံအောင် ပြောစမ်းပါ'

'ဘာဖြစ်တာလဲ၊ လင်းက ခင်ဗျားကို နှောင့်ယှက်နေပြန်ပြီလား'

'ကျွန်မ မမှတ်မိဘူး၊ အဲဒါက ကျွန်မကိုစိတ်ဒုက္ခအပေးဆုံး ဖြစ်နေတယ်၊ ကျွန်မ စနေနေ့က ဆောင်းပါး တစ်ပုဒ်အတွက် ဘာလ်တီမိုးကို သွားတယ်၊ နေ့လယ်ပြန်ရောက်တော့

ခရီးအကွာအဝေးပြဒိုင်ခွက်ကို ကြည့်ထားတယ်၊ တနင်္လာနေ့ မနက် ရုံးခန်းကို မသွားခင် ဒိုင်ခွက်ကို ကြည့်လိုက်တော့ စနေနေ့က ကျွန်မကြည့်ထားတဲ့ မိုင်အကွာအဝေးထက် မိုင်ငါးဆယ် ပိုပြီးများနေတာ တွေ့ရတယ်'

'ရိပ်သာကို အသွားအပြန် ခရီးပေါ့'

'အဲဒီလောက်ပဲ၊ ဒါပေမယ့် ရန်းဒေါက ပြောတယ်၊ တနင်္ဂနွေနေ့တုန်းက ကျွန်မကိုကော ကျွန်မကားကိုပါ အဲဒီမှာ သူ မတွေ့မိဘူးတဲ့'

'ကိုဗင်တို့ကော အဲဒီမှာ ရှိနေတုန်းလား'

'ရန်းဒေါက အဲဒီအိမ်ကို စက်ဘင်ဘာလကုန်အထိ ဆက်ငှားလိုက်တယ်တဲ့၊ အဲဒီရုံးပိတ်ရက်မှာ ရေဘ်ဂျာက တစ်နေရာရာကို သွားနေတယ်၊ ဒီတော့ ရန်းဒေါနဲ့ရိတာနှစ်ယောက်တည်း ရှိတာပေါ့'

'အတော် နွေးနွေးထွေးထွေး ရှိမှာပဲနော်'

'အဲ့ဒီလိုပဲ ဖြစ်မယ်လို့ ကျွန်မလဲ ဘက်မိပါတယ်၊ တနင်္လာနေ့ နေ့လယ်ကျတော့ ကျွန်မသူ့ဆီရောက်သွားတယ်၊ အာရုံသိအမြင်နဲ့ပတ်သက်တဲ့စာမူကြမ်းကို သွားပြတာ၊ သူ့ကြည့်ရတာ နုံးချည့်နေတုန်းပဲ'

'ခုနောက်ပိုင်း ခင်ဗျာ့တိုးတက်မှုအခြေအနေနဲ့ပတ်သက်ပြီး ~မပြောဖြစ်တာတောင် ကြာပြီ'



'လင်းဟာ တဖြည်းဖြည်း အစွမ်းထက်လာတယ် လို့ကို ကျွန်မတော့ ယုံကြည်နေတယ်၊ တစ်ခါတလေများ ကိုယ့်ကိုကိုယ် ဘယ်သူဖြစ်သလဲဆိုတာတောင် အတိအကျ မပြောနိုင်လောက်အောင် ဖြစ်နေပြီ'

'အဲဒါကို ရန်းဒေါက ဘာပြောသလဲ'

'ကျွန်မဟာ တစ်ကိုယ်တည်း တစ်စိတ်တည်းဘဝကို အရယူဖို့ စိတ်လှုပ်ရှားမှုအရ လွန်ဆွဲရတဲ့အဆင့်ကို ချည်းကပ်နေပြီလို့ သူက ထင်တယ်'

'အဲ့ဒီဘဝကို ရယူဖို့ကျွန်တော်တို့အားလုံးကြိုးပမ်းနေကြတာပဲ'

'ဒါပေမယ့် ကျွန်မရွေးချယ်လိုက်တာ လင်း ဖြစ်နေရင် ဘယ်နှယ်လုပ်မလဲ'

'ခင်ဗျာ့ အသည်းထဲမှာတော့ ခင်ဗျားဟာ ခင်ဗျားပဲ၊ တကယ်လို့ နှစ်ကိုယ်ပွားကိစ္စဟာဦးခေါင်း ထိခိုက်မှုရဲ့နောက်ဆက်တွဲရောဂါ လက္ခဏာအမှန် ဖြစ်နေတယ်ဆိုရင် မကြာမီအတွင်း ခင်ဗျာ့ဦးနှောက်တွေ ပုံမှန်ပြန်ပြီးအလုပ်လုပ်တော့မှာပါ၊ တကယ်လို့ ခင်ဗျားဖြစ်နေတာ ဝိညာဉ်ပူးကပ်မှုဆိုရင် ဝိညာဉ်နှင်နည်းက လင်းကို မောင်းထုတ်ပစ်လိမ့်မယ်'

'ကျွန်မလေ ရှင့်လိုပဲခိုင်ခိုင်မာမာယုံကြည်ချင်လိုက်တာ'

'ကျွန်တော် ခင်ဗျာ့အသက်ကို ကယ်ခဲ့တယ်၊ ပြီးတော့ ကမ္ဘာပေါ်မှာ အလှဆုံးမိန်းကလေးတစ်ယောက်ဖြစ်အောင်

လုပ်ပေးခဲ့တယ်၊ အဲ့ဒါတွေလုပ်ခဲ့တာဟာ ခင်မျှားကိုဖြစ်ချင်တာဖြစ် ဆိုပြီး ပစ်ထားဖို့ လုပ်ခဲ့တာ မဟုတ်ဘူး၊ ကျွန်တော်တို့ လက်ထပ်ပြီးရင်....'

'ကျွန်မတို့လက်ထပ်ဖြစ်ရင်သို့ ရှင် ဆိုလိုတာမဟုတ်လား၊ ကျွန်မ ဘယ်လို ခံစားနေရတယ်ဆိုတာ ရှင် မသိဘူးနော်၊ ကျွန်မမှာ စိတ်ကျပ်ကိုယ်ကျပ်ဘဝကြီးနဲ့ နေနေရတာ၊ ကိုယ့်ကိုကိုယ် ဘယ်သူဘယ်ဝါဖြစ်နေမှန်းလဲ မသိ၊ ကိုယ့်ကိုကိုယ် ဘာလုပ်လို့ ဘာကိုင်တော့မယ်ဆိုတာလဲ မသိတဲ့ ဘဝမျိုးလေ'

'ဂျာနယ်အတွက် ဆောင်းပါးကရော ဘယ်အခြေရောက်နေပြီလဲ'

ဂျက်နက်၏ အတွေးလမ်းကြောင်း ပြောင်းသွားစေရန် မေးလိုက်၏။

'ပြီးနေပြီ၊ ရန်းဒေါ်ဟာ ထူးခြားတဲ့ ပုဂ္ဂိုလ်တစ်ယောက်ရယ်လို့ ကျွန်မ တစ်ခါမှ မယူဆခဲ့ဘူး၊ သူလုပ်ခဲ့တဲ့လက်တွေ့စမ်းသပ်မှုတွေရဲ့အဖြေတွေကို ဖတ်ရမှ၊ ပြီးတော့တချို့အဖြေတွေအတိုင်း တကယ်ဖြစ်နေတာတွေ တွေ့ရမှ ကျွန်မ သူ့အကြောင်း သိလာရတာ'

'အဲဒါတွေဟာတွေလဲဆိုတာကျွန်တော်တော့နားမလည်ဘူး'



'အာရုံသိအမြင်က ဘယ်လိုစွမ်းဆောင်နိုင်တယ်ဆိုတာကို ဥပမာတစ်ခုပြောပြမယ်၊ လွန်ခဲ့တဲ့အပတ်က ရန်းဒေါ်က သူ့ရုံးခန်းမှာ နေတယ်၊ ကျွန်မက မြို့ထဲမှာ ဦးတည်ရာမဲ့ ကားလျှောက်မောင်းနေတယ်၊ ကျွန်မတို့ကြိုတင် ချိန်းထားတဲ့သုံးနာရီလဲထိုးရော ကျွန်မ ကားရပ်လိုက်တယ်၊ ကားရပ်လိုက်ချိန်မှာ ကျွန်မဟာ အော့ဆန် တောင်ကုန်းက စတိုးဆိုင်တစ်ဆိုင်ရှေ့မှာ ရောက်နေတယ်၊ သူ့စမ်းသပ်ခန်းနဲ့ အကြမ်းဖျဉ်း ဆယ်မိုင်လောက်ဝေးတဲ့ နေရာပေါ့။

'ကျွန်မက အဲဒီဆိုင်ပြတင်းပေါက်မှာ ချိတ်ထားတဲ့အင်္ကျီတစ်ထည်ကိုကြည့်တယ်၊ ပြီးတော့ ပိုလာရှပ်ကော်ကင်မရာနဲ့ ရောင်စုံဓာတ်ပုံတစ်ပုံ ရိုက်ယူခဲ့တယ်၊ ကျွန်မ သူ့ရဲ့စမ်းသပ်ခန်းကို ပြန်ရောက်တော့ သူက စတိုးဆိုင်ရဲ့ရှေ့ပိုင်းမြင်ကွင်းကို ပုံကြမ်းဆွဲထားတယ်၊ ဆိုင်နဖူးမှာ ချိတ်ထားတဲ့ ဆိုင်နာမည်လဲ ပါတယ်၊ ပြီးတော့ ကျွန်မကြည့်တဲ့ အင်္ကျီလဲပါနေတယ်'

'ရန်းဒေါ်က အိပ်မွေ့ချပညာမှာ ကျွမ်းကျင်တဲ့လူ၊ ခင်မျှား အဲဒီဆိုင်ရှေ့ကို အရောက်သွားအောင် အိပ်မွေ့ချပညာနဲ့ ခင်ဗျားစိတ်ကို ညွှန်းပေးလိုက်နိုင်တာပဲ'

'အဲဒါကိုကျွန်မလဲ စဉ်းစားမိတယ်၊ ဒါနဲ့ နောက်ထပ်စမ်းသပ်မှုတစ်ခုထပ်လုပ်ကြတယ်၊ ဒီတစ်ခါတော့ တက္ကသိုလ်နဲ့ အတော်ဝေးတဲ့နေရာများက အများသုံး တယ်လီဖုန်းရုံ

ထဲ ဝင်ပြီး တယ်လီဖုန်းစာအုပ်ထဲက လိပ်စာတစ်ခုကို ရေးမှတ်လိုက်တယ်’

‘မက်ကာသီက ရွေးပေးတာလား’

‘မဟုတ်ဘူး၊ ကျွန်မရွေးတာ၊ စိတ်မှန်းတည့်ရာစွပ်ရွေးလိုက်တာ၊ အဲ့ဒီလိပ်စာအတိုင်း တစ်လုံးမကျန် သူက ပြန်ရေးပြနိုင်တယ်လေ၊ တစ်ခါတော့ ရန်းဒေါ်ကို လုံးဝအသိမပေးဘဲ ကျွန်မအာကာသပြပွဲကိုသွားကြည့်တယ်လေ၊ သူက ကျွန်မကြည့်ခဲ့တဲ့ အပိုလို ဂြိုဟ်တုပုံကို ပုံကြမ်းရေးပြခဲ့တယ်၊ သူ့မှာ လက်တွေ့စမ်းသပ်မှုတွေက ရတဲ့အဖြေတွေကိုလဲ စာရင်း ပြုစုထားတာရှိတယ်၊ နောက်ပြီး ဒီပညာကို စပြီးရှာဖွေတဲ့ စတာင်းဖို့က သုတေသနဆရာတွေရဲ့ ဆောင်းပါးကိုလဲ ကျွန်မ ဖတ်ရတယ်’

သူ့အသံတွင် စိတ်ဓာတ်ကျမှုတွေ ပျောက်ကွယ်သွားပြီ၊ ခုတော့ စိတ်ဝင်စားမှုဖြင့် တက်ကြွနေသည်။ သည်တော့ မိုက်မှာ နောက်ထပ်မေးခွန်းကို မေးဖို့ပင် တွန့်ဆုတ်ဆုတ်ဖြစ်နေမိ၏။

‘ခင်ဗျား လင်းဖြစ်နေချိန်မှာ သူခင်ဗျားကို ကြည့်ဖူး၊ အာရုံခံပြီး ကြည့်ဖူးလား’

‘ကျွန်မ တိတိကျကျမမှတ်မိတော့တဲ့ သီတင်းပတ်ကုန်ရက်မှာ တစ်ခါကြည့်ဖူးတယ်၊ အဲဒီနေ့က ရန်းဒေါ် ကျွန်မဆီ ဖုန်းဆက်တယ်၊ ကျွန်မ အိမ်မှာ မရှိဘူးဆိုတာ သိတော့



ကျွန်မ ဘယ်ရောက်နေလဲ၊ ဘာလုပ်နေလဲဆိုတာသိရအောင် ကြိုးစားပြီး အာရုံခံကြည့်တယ်’

ဂျက်နက် ခဏမျှ စကားဆိုင်းသွား၏။

‘ကျွန်မ တစ်နေရာရာမှာ လူတစ်ယောက်နဲ့အတူရှိနေတာကို သူပြောနိုင်တယ်၊ ဒါပေမယ့် ဘယ်နေရာလဲ ဆိုတာ မပြောနိုင်ဘူး’

‘အဲ့ဒီလူကိုကော’

‘ရန်းဒေါ်က ဒီလူ့မျက်နှာကို မမြင်ရဘူးလို့ပြောတယ်၊ ဒါပေမယ့် အဲဒီလူဟာ ရော်ဂျာရဲ့ကိုယ်လုံးကိုယ်ဖန်မျိုးရှိပြီး ဆံပင်ဖြူပုံကလဲ ရော်ဂျာလိုပဲတဲ့’

‘ခင်ဗျားနဲ့ ရော်ဂျာကိုဗင်နဲ့၊ ဟုတ်လား’

မိုက်၏ အသံတွင် တအံ့တဩဖြစ်မှုများ ပဲ့တင်ထပ်သွားသည်။

‘ဟုတ်မယ် မထင်ပါဘူး၊ သူက ကျွန်မကို အမြဲတမ်း ကောင်းကောင်းမွန်မွန် ဆက်ဆံပါတယ်၊ ဒါပေမယ့်သိတယ်မဟုတ်လား၊ ရော်ဂျာကို ကျွန်မက ခင်တောင်ခင်တာမဟုတ်ဘူး၊ ဒါနဲ့ ရန်းဒေါ်က လိန်းဂေဟာကို လှမ်းဆက်ကြည့်တော့ ရော်ဂျာ လမ်းဆုံမှာ တီယာသွားဝယ်တယ်လို့ ပြောတယ်၊ နောက်နာရီဝက်လောက်အကြာမှာ ရော်ဂျာက ပြန်ဆက်တော့ သူလမ်းဆုံမှာသွားပြီး တီယာဝယ်နေတာ ဟုတ်တယ်လို့ ပြောတယ်တဲ့’

'အဲဒါကို ရန်ဒေါက ရှင်းပြနိုင်လား'

ဂျက်နက် ခေါင်းခါပြသည်။

'သူကပြောတယ်၊ ကျွန်မ လင်းနဲ့စကားပြောနေတဲ့ လူဟာ နောက်ဘက်က ကြည့်ရင် ရေဒ်ဂျာနဲ့ ဆင်ဆင်တူနေတာပဲ ဖြစ်မယ်တဲ့'

မိုက် မျက်မှောင်ကြုတ်နေ၏။

'ခင်ဗျား သူစိမ်းယောကျ်ားတွေနဲ့ တွေ့နေပြီ၊ အဲဒီအကြောင်းကို မမှတ်မိဘဲ ဖြစ်နေတာကို ကျွန်တော်တော့ မကြိုက်ဘူး'

'ဒါပေမယ့် အဲဒါက ကျွန်မ မဟုတ်ဘူးလေ၊ ဂျက်နက် မဟုတ်ဘူး၊ အဲဒါက လင်းပဲ'

'ဒါပေမယ့် အဲဒီလို တွေ့တာတွေကို ခင်ဗျားမမှတ်မိဘူး မဟုတ်လား'

'ကျွန်မစိတ်ထဲမှာ ထင့်နေတဲ့ကိစ္စတစ်ခုပဲရှိတယ်၊ အဲဒါက လင်းတာ နောက်ထပ် ညစ်ကျယ်ကျယ် အလုပ်တစ်ခုခု လုပ်ဖို့ အဆင်သင့်ဖြစ်နေပြီလို့ ကျွန်မ ယုံကြည်နေတာပဲ။ နောက်ပြီး ဒီတစ်ချီဟာ အရေးကြီးတဲ့ကိစ္စတစ်ခုခု ဖြစ်ခဲ့မယ်၊ အန္တရာယ်တောင် ကြီးချင်ကြီးမယ်'

'ခုလိုဖြစ်နေတာကို ကျွန်တော်မကြိုက်ဘူး၊ အချစ်ရေး ကျွန်တော်လုံးဝမကြိုက်ဘူး'

'ကျွန်မတို့ ဘာလုပ်နိုင်မှာလဲလို့'



'ဆရာတော် ဂျူလီယံနဲ့ တွေ့ဖို့ ခင်ဗျား ကျွန်တော်နဲ့ လိုက်မလား'

'ခုလား'

'ဟုတ်တယ်၊ ကျွန်တော်တို့အချိန်ဖြုန်းမနေနိုင်တော့ဘူးလို့ ကျွန်တော့ စိတ်ထဲမှာ ထင်နေတယ်'

'ဘာလုပ်ဖို့ ပြောတာလဲ'

'မသိဘူး'

မိုက်က ငွေရှင်းရန် စားပွဲထိုးကို လှမ်းခေါ်ရင်း ဝန်ခံကားဆို၏။

'ကျွန်တော်တို့ တစ်ခုခုလုပ်ရတော့မှ ဖြစ်မယ်ဆိုတာပဲ သိတယ်'

မိုက်က စားသောက်ဆိုင်မှ လှမ်းကြည့်တော့ ဆရာတော် ဂျူလီယံက အချိန်လွန်နေပြီဖြစ်သည့်တိုင် သူတို့နှစ်ယောက်ကို တွေ့ဆုံပါမည်ဟု ပြောသည်။

မိုက်နှင့်ဂျက်နက်တို့က ဘုန်းကြီးကျောင်းသို့ နာရီဝက်အကြာတွင် ရောက်သွားသည်။ ဘုန်းတော်ကြီးက သူတို့နှစ်ယောက်အား စာကြည့်ခန်းထဲတွင်ဧည့်ခံသည်။ ပြီးတော့ မိုက်က ဘသီက အာရုံခံစားကြည့်ရာ ဂျက်နက်ကို သူစိမ်းယောကျ်ားတစ်ဦးနှင့် တွေ့ရသည်ဆိုသည့်အကြောင်း ဂျက်နက် ပြောပြသည်ကို တိတ်ဆိတ်စွာနားထောင်သည်။

'လူသားအတွေအကြုံတွေရဲ့ သရုပ်သကန်တွေကို ဆေးပညာနဲ့ဖြစ်ဖြစ်၊ ဘာသာတရားနဲ့ဖြစ်ဖြစ် ကျိုးကြောင်းဆီလျော်အောင် ရှင်းပြလို့မရနိုင်ဘူးဆိုတာ ကျုပ်တို့ ဘုန်းကြီးတွေက နားလည်သဘောပေါက်နေတယ်'

'ကျုပ်ကိုတော့ပြောမနေနဲ့၊ ကျုပ် နေ့ဘာဒိမ်းမှာ တုန်းက ဒီဝက်သားရေနဲ့ချုပ်ထားတဲ့ လုံးလုံးရှည်ရှည် ဘောလုံးကလေးကို အရမ်းစိတ်ဝင်စားတာကိုး၊ ဒီတော့ ကျုပ် အထူးအာရုံသိပညာကို လေ့လာလိုက်စားတော့တာပဲ၊ ပြီးတော့ တစ်ဖက်အသင်းက ဘယ်လိုနည်းစနစ်တွေ သုံးပြီး ကစားမလဲဆိုတာကို ကြိုတင်သိမြင်အောင် အားထုတ်တော့တာပဲ'

'တပည့်တော်လဲ အထက်တန်းကျောင်းမှာတုန်းက ကြိုတင်သိမြင်နိုင်တဲ့ နည်းတစ်နည်းကို အားထုတ်ခဲ့ဖူးပါတယ်၊ ဒါပေမယ့် သိသာလောက်အောင် အောင်မြင်မှုမရခဲ့ပါဘူး'

မိုက်က ပြော၏။

'ဒကာမလေးရဲ့ စိတ်လှုပ်ရှားမှုအခြေအနေ လေ့လာချက်ကို ဒေါက်တာမက်ကာသီကပို့ပေးလိုက်တယ်၊ ဒကာမလေး ခံစားနေရတဲ့ရောဂါဟာ စိတ်ပညာရှင်တွေရဲ့အခေါ်အဝေါ်အရ ကိုယ်ရည်ကိုယ်သွေးနှစ်မျိုးဖြစ်တဲ့ရောဂါလို့ ကျိုးကြောင်း ခိုင်ခိုင်လုံလုံနဲ့ ရေးပေးလိုက်တယ်'

'တပည့်တော်မကို ဂျက်နက်လို့ပဲခေါ်ပါ ဆရာတော်'



သူသည် စားသောက်ဆိုင်မှာတုန်းကထက် အများကြီး စိတ်သက်သာရာရနေပုံရှိ၏။ ဘုန်းတော်ကြီးသည်သူ့အပေါ် လိမ်လည်လှည့်ဖြားနေခြင်းမဟုတ်ဟု ယုံကြည်သက်ဝင်လာလေပြီ။

'ဒါဆို ဆရာတော်လဲမယုံဘူးပေါ့....သူ့ကို ဝိညာဉ်ပူး....'

မိုက် စကားဝလိုက်၏။

'ဂျက်နက်ဟာ အလွန်ချောမောပြီး အကျင့်သီလပြည့်ဝတဲ့ မိန်းကလေးတစ်ယောက်ဖြစ်တယ်၊ သူ့မှာ အကူအညီလိုနေတယ်....ဆေးပညာအရကော၊ ဘာသာတရားအရကော အကူအညီလိုနေတယ်ဆိုတာကလွဲပြီး ကျုပ် ဘာမှမယုံဘူး'

ဆရာတော်က အစီရင်ခံစာမှစာမျက်နှာတစ်ခုကို လှန်လိုက်၏။

'စကားမစပ်ပြောရဦးမယ်၊ ကျုပ်တို့ ပထမအကြိမ်တွေ့ကြတုန်းက ကျုပ်ဟာဂျက်နက်အပေါ်မှာ မျှမျှတတမပြုကျင့်ခဲ့ဘူး၊ ဒါပေမယ့် တစ်စုံတစ်ခုကိုသေချာအောင် လုပ်ဖို့ဆိုတာ ဒီနည်းပဲရှိလို့ ဒီနည်းပဲသုံးခဲ့တာပါ'

'တပည့်တော်မကို မကောင်းဆိုးဝါးက ပူးကပ်နေတယ်ဆိုတာလား'

'ဟုတ်တယ်၊ ဒါပေမယ့် ကျုပ်တို့ရှေ့ဆက်မလုပ်ကြခင် ကျုပ်တို့ ကျောင်းတော်က ရှုမြင်သုံးသပ်တဲ့အမြင် အတိုင်း

မကောင်းဆိုးဝါးပူးကပ်တယ်ဆိုတာ ဘာလဲဆိုတာ ရှိုးရှိုးနဲ့ တိုတိုတုတ်တုတ် ရှင်းပြထားရင် ပိုကောင်းမယ်ထင်တယ်'

ဘုန်းတော်ကြီး၏ စကားတွေကိုကြားတော့ ဂျက်နက် တစ်ကိုယ်လုံး တောင့်တင်းသွားသည်။ မိုက်က သူ့လက်ကို လှမ်းကိုင်ပြီး တင်းတင်းကျပ်ကျပ်ဆုပ်ထားလိုက်၏။ ယခင်က အကြိမ်ကြိမ်ကြုံခဲ့သည့်အတိုင်း ဂျက်နက်၏ လက်သည်းများက မိုက်၏လက်ဖဝါးထဲသို့ စူးနစ်ဝင်သွားသည်။ မိုက်မှာ နာကျင်မှုကြောင့် ထအော်မိမတတ်ဖြစ်သွားသည်။ ဘုန်းတော်ကြီးက စတင်စကားပြောသည်။ လေအေးအေးနှင့် လိုရင်းတိုရှင်းပြောသည်။ ခဏနေတော့ ဂျက်နက်၏ လက်ချောင်းတွေ ပြေလျော့သွားသည်။

မည်သို့ဖြစ်စေ၊ မကောင်းဆိုးဝါးတစ်ကောင်၏ ရုပ်ပိုင်းဆိုင်ရာ ခွန်အား မည်မျှကြီးမားသည်ကို ထိုတစ်ဒင်္ဂအတွက် သက်သေပြလိုက်ပြီဖြစ်၏။ သည်မကောင်းဆိုးဝါးက ဂျက်နက်၏ စိတ်နှင့်ကိုယ်ကို လုံးဝဥဿုံ စိုးမိုးအပိုင်စီးဖို့ တိုက်ခိုက်နေ၏။ ယခုအခါ ဂျက်နက်မှလင်းအဖြစ်သို့ ပြောင်းလဲမှု မပေါ်ပေါက်သေး။ သို့သော် သည်အခန်းထဲတွင် မကောင်းဆိုးဝါး ပါရှိနေသည်လို့တော့ မိုက်ယုံကြည်သည်။

'ဘုရားသခင်ရဲ့အမြင်အရ လူတိုင်းလူတိုင်းဟာ လူဆိုးလဲ ဖြစ်နိုင်တယ်၊ လူကောင်းလဲဖြစ်နိုင်တယ်၊ နောက်တစ်နည်း ပြောရရင် ကျုပ်တို့အားလုံးရဲ့ကိုယ်ထဲမှာ ဆိုးသွမ်းနိုင်စွမ်း



ကော ကောင်းမွန်နိုင်စွမ်းပါ ကိန်းအောင်းနေတယ်၊ အဲဒီ စွမ်းအားနှစ်ရပ် သဟဇာတဖြစ်နေရင် လူတစ်ယောက်ဟာ စိတ်ပိုင်းဆိုင်ရာနဲ့ ရုပ်ပိုင်းဆိုင်ရာညီမျှတဲ့ ပုဂ္ဂိုလ်ဖြစ်လာမယ်၊ ဒီတော့ ဘုရားသခင်ရဲ့ကောင်းချီးပေးသနားခြင်းကို ခံယူခွင့် ရတယ်'

'ကောင်းမြတ်ခြင်းက အပြည့်အဝလွှမ်းမိုးနိုင်တဲ့ အခါ သူတော်စင်ဖြစ်လာတယ်၊ စိတ်မကောင်းစရာကောင်းတာက အဲဒီပုဂ္ဂိုလ်မျိုးကို ကျုပ်တို့ များများစားစားမတွေ့ရဘူး၊ အဲ....တစ်ဖက်က ဆိုးယုတ်ခြင်းကအပြည့်အဝလွှမ်းမိုးသွားတဲ့ အခါမှာတော့ ဘဝရဲ့အဓိပ္ပာယ်နဲ့ ဘဝရဲ့ရည်ရွယ်ချက်ကို ဖျက်ဆီးချေမှုန်းတဲ့၊ အကျင့်သီလမဲ့တဲ့လူတစ်ယောက်ဖြစ်လာ တယ်'--

'ရှင်းပါတယ် ဆရာတော်'

'အင်း၊ ရှင်းသလိုထင်ရတယ်၊ ဒါပေမယ့် ကောင်းကင် ဘုံက တမန်တော်တွေတောင် ပြည့်ဝမှုမရှိကြဘူး၊ ရှေး အသင်္ချေကာလက တမန်တော်တစ်ပါးဟာ အကျင့်သိက္ခာ ယုတ်နိမ့်တဲ့အဆင့်ကိုကျသွားပြီး အကျင့်သီလနည်းပါးတဲ့ တခြားတမန်တော်တွေကို ခေါ်လာခဲ့တယ်၊ အဲဒီ လူစီဖာ ဆိုတဲ့ တမန်တော်ဟာ အရင်ကတော့ တခြား တမန်တော် တွေထဲမှာ အချောဆုံးအလှဆုံးတမန်တော်ပေါ့၊ ဘုရား သခင်က အဲဒီတမန်တော်တွေကို ချေမှုန်းပစ်မယ့်အစား ကမ္ဘာမြေကြီးပေါ်ကို နှင်ထုတ်လိုက်တယ်'

'ကမ္ဘာမြေကြီးပေါ်ရောက်တဲ့အခါ သူတို့ဟာ နောက်လိုက်နောက်ပါ အင်အား များပြားလာရေးကို ထာဝစဉ်ကြိုးပမ်းကြတယ်၊ ကံမကောင်းအကြောင်းမလှသူတွေဆီမှာ ဝင်ပူးကပ်ပြီး သူတို့ လက်ခုပ်ထဲကရေ ဖြစ်အောင် လုပ်ကြတယ်၊ ပမာပြရရင် လင်းတောလ်မင်းလို့ခေါ်တဲ့မိန်းကလေးလိုပေါ့'

မိုက်က ဂျက်နက်ကို စောင့်ကြည့်နေသည်။ ထိုပ်ခုံပေါ်မှ ဝုန်းခနဲ ခုန်ထလျှင် ဖမ်းဆွဲထားဖို့ အသင့်ပြင် ထားသည်။ သူ့လက်ဝါးထဲသို့ ဂျက်နက်၏ လက်သည်းတွေ စူးဝင်လာပြန်သည်။

မည်သို့ဖြစ်စေ မိုက်က အသင့်ပြင်ထားပြီးသား။ ဂျက်နက်က သူ့လက်ကို ရုန်းဖယ်ဖို့ ကြိုးစားသောအခါ မိုက်အတင်းဆုပ်ကိုင် ထားလိုက်၏။

သို့တိုင် မိုက်မှာ ကြက်သီးတွေ ဖျန်းခနဲ ထသွားသည်။ အကြောင်းမှာ အခန်းထဲတွင် အေးစက်သော လေပြင်း တစ်ချက် ဖြတ်တိုက် သွားသည်။ ပြီးတော့ အပုပ်နံ့ တထောင်းထောင်းထသွားသည်။ သည်အပုပ်နံ့က လူသေအပုပ်နံ့။

ဆေးကျောင်းမှာတုန်း ကတည်းက နှာခေါင်း ယဉ်နေသည့် အပုပ်နံ့မျိုး။ လေအေး တိုက်တာကော အပုပ်နံ့ရတာပါ ခဏလေးပေါ်လာပြီး ခဏလေး ပြန်ပျောက်သွား



သည်။ ဒါကို ဂျက်နက်ကော ဆရာတော်ပါ သတိပြုမိလိုက်ပုံမရှိ။

'ကျေးဇူးပြုပြီး ဆက်ပါဦး ဆရာတော်'

ဂျက်နက် လေသံမျှဖြင့်ပြော၏။ သူ့ နှုတ်ခမ်းတွေ ဖြူရော်နေ၏။

'တစ်ကမ္ဘာ တည်နိုင် လောက်အောင် များပြားတဲ့ မကောင်းဆိုးဝါး ဝိညာဉ်တွေမှာ ပုံစံအမျိုးမျိုး၊ ခွန်အားအမျိုးမျိုးနဲ့ ရှိနေကြတယ်၊ သူတို့ဟာ ကျုပ်တို့ဝန်းကျင်မှာ ဝိုင်းဝိုင်းလည်အောင် ရှိနေကြတယ်၊ သူတို့ဟာ ကျုပ်တို့ရဲ့ ကိုယ်ခန္ဓာနဲ့စိတ်ကို စိုးမိုးချုပ်ကိုင်ဖို့ ထာဝစဉ်အခွင့်ချောင်းနေကြတယ်၊ အပိုင်စီးလို့ရရင် ကျုပ်တို့ကို အကုသိုလ်ဒုစရိုက်မှုတွေ ပြုလုပ်ခိုင်းမယ်'

'ကျုပ်တို့ဟာ ဘုရားသခင်ရဲ့မဖော်ပြနိုင်လောက်အောင် စွမ်းအားကြီးမားတဲ့ ဂုဏ်ကျေးဇူးတော်နဲ့ မေတ္တာတော်ကို လက်မခံတော့ဘူးဆိုတာနဲ့ တချို့ဟာ မကောင်းဆိုးဝါးကို အရှုံးပေးလိုက်ရပြီး သေကြေပျက်စီးကြရတယ်၊ တချို့က တော့ သက်ရှိထင်ရှား ရှိလျက်နဲ့ လူစီဖာရဲ့ နောက်လိုက်နောက်ပါတွေ ဖြစ်လာတယ်၊ ဖြစ်ရပ်နှစ်ခုလုံးမှာ မကောင်းဆိုးဝါးရဲ့ စိုးမိုးချုပ်ကိုင်မှုခံရသူတွေဟာ ပျက်စီးကြရတယ်၊ သေကြေကြရတယ်၊ ပြီးတော့ ငရဲရဲ့ မီးတောက်မီးလျှံတွေထဲမှာ ဝင်ခံကြရတယ်'

'မကောင်းဆိုးဝါးတစ်ကောင်ကို လုံးဝဥဿုံ ချေမှုန်းဖျက်ဆီးပစ်နိုင်တဲ့ နည်းလမ်းမရှိဘူးလား ဆရာတော်'

မိုက်ကာမေး၏။

'တကယ်သို့ မကောင်းဆိုးဝါးဟာ၊ မကောင်းဆိုးဝါးပေါ်ပေါ်၊ နတ်ဆိုးပေါ်ပေါ် ကြိုက်သလိုပေါ်၊ သူပူးကပ်နေတဲ့ ခန္ဓာကိုယ် အသက်မထွက်ခင် တခြား ခန္ဓာကိုယ်တစ်ခုဆီ ကူးပြောင်းမပူးကပ်နိုင်ရင် သူပါသေရော၊ အသားစား တိရစ္ဆာန်တစ်ကောင်လိုပေါ့၊ သူ ဆက်ပြီး အသက်ရှင်နေနိုင်ဖို့အတွက် သွေးနဲ့သားနဲ့ လူသားတစ်ယောက်ရဲ့ ကိုယ်ခန္ဓာနဲ့ဝိညာဉ်ကို လိုအပ်တယ်လေ၊ ဟိုးရှေးအခါတုန်းကဆို ဝိညာဉ် ပူးကပ်ခံရသူတွေကို မီးရှို့ပြီး ချေမှုန်းဖျက်ဆီးခဲ့ကြတယ်၊ သူတို့က ဟင်းလင်းပြင်မှာမီးရှို့ရင် မကောင်းဆိုးဝါးကို ဖျက်ဆီးနိုင်တယ်လို့ အယူမှား နေကြတာကိုး'

'ဒီတော့ မီးက သူတို့ကို မဖျက်ဆီးနိုင်ဘူးပေါ့'

'ဆရာကြီး 'ဒန်တေ'က ငရဲရဲ့ အောက်ဆုံး အထပ်...ကိုးထပ်မြောက်ပေါ့၊ အဲဒီအထပ်ဟာ အေးတယ်လို့ ဖော်ပြခဲ့တယ်လေ၊ ဒါပေမယ့် ဝိညာဉ်ပူးကပ်ခံရပြီး သေလွန်လာတဲ့ ငရဲသားတွေကို ငရဲမီးက ထာဝစဉ် ညှဉ်းပန်း နှိပ်စက်နေတယ်၊ မရဘူးမိုက်...မကောင်းဆိုးဝါးတစ်ကောင်ကို အပြီးအပိုင် ချေမှုန်းနိုင်တဲ့ အချိန်ဟာ တစ်ချိန်ပဲ ရှိတယ်၊ အဲဒီအချိန်မှာ ဝိညာဉ် အကပ်ခံရတဲ့ လူဟာ မီးလောင် တိုက်သဲ



ရောက်နေရမယ်၊ သူ့ကိုပူးကပ်တဲ့ ဝိညာဉ်ဟာ အဲဒီ ကိုယ်ခန္ဓာထဲမှာ ပိတ်မိနေရမယ်၊ နောက်ပြီး သူတို့ နှစ်ဦးစလုံး ကလဲ ထွက်ပေါက် မရှာကြဘူး၊ အဲ့ဒါမှ အောင်မြင်မယ်'

'ဆရာတော် ဝိညာဉ်နှင်နည်းနဲ့ မောင်းထုတ်ခဲ့တဲ့ မကောင်းဆိုးဝါးတွေကကော'

ဂျက်နက်က မေး၏။ ထူးခြားသော အနိမ့်အမြင့်ရှိသော လေသံသွဲ့သွဲ့ကလေးဖြစ်နေဆဲ။

'အံမယ်လေး...ဒီကမ္ဘာမြေကြီးပေါ်မှာ ပြည့်နှက်နေတဲ့ သူတို့ရဲ့ မျိုးတူဇာတ်တူတွေနဲ့ သွားပေါင်းတာပေါ့၊ ဒါပေမယ့် ကျုပ်တို့သိတာ တစ်ခုတော့ရှိတယ်၊ ဝိညာဉ်နှင့် ကျင့်ထုံးအရ ဝိညာဉ်ပူးကပ်ခံရသူကို ဘုရားသခင်ရဲ့ ဂုဏ်တော်အနန္တကို အောက်မေ့တသ ခိုလှုံခိုင်းတယ်၊ သူ့ကို ဘုရားရဲ့ သားတော်၊ ဒါမှမဟုတ် သမီးတော်အဖြစ် ခွန်အားတွေပြန်ဖြည့်ပေးတယ်၊ အဲဒီနည်းနဲ့နောက်ထပ်ကျရောက်နိုင်တဲ့ မကောင်းဆိုးဝါးရန် အန္တရာယ်တွေမှ ကင်းလွတ်စေတယ်'

ဘုန်းတော်ကြီးက ကောင်းချီးပေးသည့်အနေဖြင့် ဂျက်နက်၏ ခေါင်းပေါ်တွင် လက်တစ်ဖက်တင်သည်။

'စိုးရိမ်ထိတ်လန့်မှု မရှိပါလေနှင့်၊ ကျွန်ုပ်သည် သင်၏ ပကတိ မျက်လုံးများကို မြင်နိုင်တွေ့နိုင်၏။ ထိုမျက်လုံးများသည် ကြံ့ခိုင်သန်မာလှ၏။ ဝိညာဉ်နှင်ခြင်းကိုခံယူရခြင်းသည် ခက်ခဲကြမ်းတမ်းသည် မှန်၏။ သို့သော် သင်သည် ရင်းခရီး

ကြမ်းကို ဘေးအန္တရာယ်ကင်းစွာ ဖြတ်ကျော်နိုင် လိမ့်မည်။ သင်ချစ်သော သူ၏ ကျွမ်းကျင်လိမ္မာမှုဖြင့် သင်သည် ရုပ်ပိုင်းအရ လှပချစ်စဖွယ်ကောင်းသူ တစ်ဦးဘ၀ကို ပြန်လည်ရရှိခဲ့၏။ ထိုနည်းတူစွာ ဝိညာဉ်နှင့်သည့် ကျင့်စဉ်ဖြင့် သင်သည် စိတ်ပိုင်းအရ ပြည့်ဝခိုင်မာသူအဖြစ်ကို ပြန်လည် ရရှိပေလိမ့်မည်'

★

၄၅။

ရန်းဒေါ်မက်ကာသီအား ကတိပေးထားသည့်အတိုင်း ထိုရက်သတ္တပတ် အတွင်းတွင်လည်း မိုက်က ဂျက်နက်နှင့် တွေ့ဆုံခြင်း မပြု။ ထိုအစား ညပိုင်းများတွင် အိမ်မှာပဲ ကုပ်နေသည်။ အင်နာပိုလစ်သို့ ညစာ သွားစားစဉ်ကလို ဂျက်နက်များ တယ်လီဖုန်းဆက်မလားဟုမျှော်သည်။ သို့သော် တယ်လီဖုန်းခေါ်သံကို စနေနေ့မွန်းလွဲပိုင်းကျမှ ကြားရသည်။ နောက်ပြီး သူ့နားထဲသို့ ဝင်လာသည့်အသံမှာ ဆရာတော်အိုမီယာရာ၏ အသံ ဖြစ်နေသည်။

'ခုနောက်ပိုင်း ကောင်လေးနဲ့ ဂျက်နက်နဲ့ တွေ့သေးလား'

ဆရာတော်၏ အသံသည် အရေးတကြီး ဖြစ်ဟန်ပေါ်နေ၏။

'လွန်ခဲ့တဲ့ တစ်ပတ်လောက်က ဆရာတော်ဆီ လာပြီးနောက်ပိုင်း မတွေ့ရသေးဘူး ဖာသာ၊ ဘာဖြစ်လို့ပါလိမ့်'

'လွန်ခဲ့တဲ့မိနစ်ပိုင်းကပဲ ကျုပ် ဘာလ်တီမိုးက ပြန်ရောက်တယ်၊ အဲဒီမှာ ဒီနေ့မနက် ဂျက်နက်က တယ်လီဖုန်းဆက်ပြီး ဝိညာဉ်နှင်မယ့် အစီအစဉ်ကို ဖျက်လိုက်တယ်လို့အကြောင်းကြားတဲ့ အကြောင်း အိမ်စောင့်က ရေးမှတ်ထားတာ တွေ့ရတယ်'

'ဟာ....သူ ဒီလိုလုပ်လို့ ဘယ်ဖြစ်မလဲ၊ဆရာတော် သူ့ဆီဆက်ကြည့်သေးလား'

'ဆက်တယ်၊ ဒါပေမယ့် ဖုန်းမကိုင်ဘူး'

'သူက မစ္စတာစတန်းဖိုးရဲ့ အိမ်ကနေ ပြောင်းသွားပြီ၊ ဆရာတော်ဆက်တဲ့ ဖုန်းနံပါတ်ကကော မှန်ရဲ့လား'

'မှန်တယ်၊ အဲဒီနံပါတ်ကို ဒေါက်တာမက်ကာသီ ကျုပ်ဆီ ပို့ပေးတဲ့ အစီရင်ခံစာပေါ်မှာ ရေးထားတာပဲ၊ ကျုပ် မစ္စတာစတန်းဖိုးရဲ့ အိမ်ကိုလဲ ဆက်သေးတယ်၊ ဒါပေမယ့် ဂျက်နက် ဘယ်ရောက်နေလဲ ဆိုတာ သူလဲမပြောတတ်ဘူး'

'အဲဒီအစီအစဉ် ဖျက်ဘယ်ဆိုတာကို နောက်ဆုံးစကားအဖြစ် မယူဆလိုက်ပါနဲ့ ဆရာတော်'

မိုက် အရေးတကြီး ပြော၏။

'တပည့်တော် သူ့ကိုရှာတွေ့မှာပါ၊ ပြီးတော့ လုပ်စရာရှိတာ ဆက်လုပ်ဖို့ ဖျောင်းဖျနိုင်မှာပါ'

'သူ့အနေနဲ့ ခြင်းချက်မရှိ လက်ခံမှဖြစ်မယ် မိုက်၊ ဝိညာဉ်နှင်ခြင်း ပြုလုပ်ဖို့ ကျုပ်တို့ ဘယ်သူ့ကိုမှ အတင်းအကျပ်



မခိုင်းဘူး၊ မဟုတ်ရင် ထွက်ပေါ်လာတဲ့ အဖြေတွေက စိတ်အတွက်ကော ရုပ်အတွက်ပါ အန္တရာယ် သိပ်များသွားနိုင်တယ်'

'ကျေးဇူးပြုပြီး တနင်္လာနေ့အထိဆိုင်းထားပေးပါဆရာတော်၊ အဲဒါဆို တပည့်တော် သူ့ကိုဖျောင်းဖျနားချဖို့ နှစ်ရက် အချိန်ရသွားမှာပါ'

'ဒကာလေး အောင်မြင်ပါစေကွယ်'

ခဏမျှ စကားဆိုင်းသွားသည်။

'ဟိုညက ကျုပ်တို့ကျောင်းမှာရှိနေတုန်း ဘာထူးခြားမှုများ သတိထားမိလဲ'

'လေအေးအေးတစ်ချက်တိုက်သွားတာနဲ့ ရင်ခွဲရုံကအနံ့မျိုး ရလိုက်တာပဲသိတယ်'

'အဲဒါတွေဟာ ဝိညာဉ်ပူးကပ်နေကြောင်း ငြင်းမရတဲ့ လက္ခဏာတွေပေါ့၊ အဲဒါ ဝိညာဉ်နှင်ပွဲ မလုပ်ဖို့ ကျုပ်ကို မကောင်းဆိုးဝါးက သတိပေးတဲ့နည်းပေါ့၊ခုတော့သူ့ဘက်က ခြေတစ်လှမ်း ထပ်တိုးလာပြီလေ'

'ဒါဆို တယ်လီဖုန်းဆက်တာ လင်းပဲ ဖြစ်ရမယ် ဆရာတော်၊ ဒီတော့ ဂျက်နက်အနေနဲ့ ဝိညာဉ်နှင်တာကိုခံယူဖို့ပိုပြီး အရေးကြီးလာတာပေါ့'

'သေချာအောင် လုပ်လေ၊ ပြီးတော့ တနင်္လာနေ့မနက်မှာ ကျုပ်ဆီ ဖုန်းဆက်၊ ကျုပ်က ဆယ်နာရီမှာ ဂိုဏ်းအုပ်ဆရာတော်ကြီးနဲ့ ဆွေးနွေးရမယ်၊ အဲဒီအချိန်အထိမှ ဒကာ

လေး သူ့ကိုနားမချနိုင်ရင်ဒီကိစ္စဖျက်လိုက်ပြီဆိုတဲ့အကြောင်း ကျုပ်က ဆရာတော်ကြီးကို လျှောက်ထားရမယ်'

'အဲဒီလောက် အချိန်ပေးတဲ့အတွက် ကျေးဇူးအထူးတင်ပါတယ် ဆရာတော်၊ တပည့်တော်ထင်တဲ့အတိုင်းသာ အမှန်တကယ် ဖြစ်ခဲ့ရင် သူ့ရဲ့စိတ်မှန်မှုနဲ့ သူ့ရဲ့အသက်ဟာ ဝိညာဉ်နှင်ခြင်း အပေါ်မှာပဲ မူတည်နေပါတော့တယ် ဖာသာ'

'ကျုပ် သဘောတူတယ်၊ ဒေါ်ပြဲနေဉ်'

တယ်လီဖုန်းချသံ 'ဂလောက်'ခနဲ ကြားရသည်။ပြီးတော့ အော်တိုမြည်သံကို ကြားရသည်။ မိုက်က ရန်းဒေါ်မက်ကာ သီတံ လှမ်းဆက်သည်။ မပြေ။ စိတ်ရောဂါကု ဆရာဝန်အား သစ္စာဖောက်အဖြစ် ကျိန်ဆဲရင်း စမ်းသပ်ခန်းနံပါတ်ကိုလှည့်သည်။ ဆက်သာ ဆက်သည်၊ သည်နံပါတ်ကလည်း ဖြေမှာ မဟုတ်ဟု တွက်ထားသည်။ သို့သော် မက်ကာသီ၏ 'ဟဲလို' ဟူသည့် ခပ်ဆတ်ဆတ်အသံက သူ့နားထဲဝင်လာသည်။

'ကောင်းပြီ အဖျက်သမား မာရ်နတ်၊ ခင်ဗျား ဘာကိစ္စ ကျွန်တော့်နောက်ကျောကို ဓားနဲ့ထိုးရတာလဲ'

မိုက်က ဟောက်ပစ်လိုက်၏။

'ခင်ဗျား ဘာတွေလာပြောနေတာလဲ မိုက်၊ ဒေါ်အပြင် ခင်ဗျာ့စကားအသုံးအနှုန်းက ညံ့ဖျင်းလိုက်တာဗျာ၊ခင်ဗျား တခြား နိမိတ်ပုံစကားတွေ မရှိတော့ဘူးလား'

'နိမိတ်ပုံစကားတွေ ဘာတွေ လုပ်မနေနဲ့၊ ဝိညာဉ်နှင်ဖို့ အစီအစဉ်ကိုဖျက်ဖို့ ခင်ဗျားဘာကိစ္စ ကျွန်တော့်ကိုကျော်သွားဆောင်ရတာလဲ'



'အဲဒီအစီအစဉ်ကို သူ ဘယ်တုန်းက ဖျက်လိုက်တာလဲ'

'ဒီမနက်ပဲ....ဆရာတော်ဂျူလီယံရဲ့ အိမ်စောင့်က နားထောင်ထားတဲ့ တယ်လီဖုန်းသတင်း၊ ဆရာတော်က အပြင်သွားနေပြီး ပြန်ရောက်မှသိရတာ'

'ကျွန်တော် ဘုရားရှေ့မှာ သစ္စာဆို တိုင်တည်ပါတယ်ဗျာ၊ အဲဒီကိစ္စ ကျွန်တော် ဘာမှမသိပါဘူး၊ ဆေးပညာအရ ကျွန်တော် ခိုင်ခိုင်မာမာ မပြောနိုင်ပေမယ့် သူ့အနေနဲ့ ဒီလို ဖျက်လိုက်တာ အကောင်းဆုံးမဟုတ်ဘူး ဆိုတာတော့ ကျွန်တော် ပြောနိုင်တယ်'

'ဒီလိုလုပ်ဖို့ သူ စဉ်းစားနေတယ်လို့ ခင်ဗျား မသကာ မဖြစ်မိဘူးလား'

'အဲဒီအကြောင်းကို သူ တစ်ခါမှ ကျွန်တော့်ကို မပြောဘူး၊ သူ ဒီညနေ ဒီကိုလာရမှာ၊ဂျာနယ်အတွက်ဆောင်းပါးကို အပြီးသတ် တည်းဖြတ်ကြမယ်လေ၊ သူရောက်မလာတာနဲ့ သူ့အခန်းကို ဖုန်းဆက်ကြည့်တယ်၊ မဖြေဘူး၊ ဒီတော့ ခင်ဗျာ့ရိပ်သာကလေးကို ခင်ဗျားနဲ့အတူသွားဖို့ သူဆုံးဖြတ်လိုက်ပြီ ထင်တယ်လို့ ကျွန်တော်က တွက်နေတာ'

'သူ အဲဒီကိုရောက်နေပြီထင်တယ်....လင်းအဖြစ်နဲ့'

'ဟုတ်တာပေါ့၊ အဲဒါ အမှန်ပဲ၊ ကိုယ်ရည်ကိုယ်သွေး နှစ်မျိုးပွား ရောဂါကုသမှု ရေရှည်လာတဲ့အခါ ဒုတိယ ကိုယ်ရည်ကိုယ်သွေးက မကြာမကြာ အုပ်စီးလာတတ်တယ်၊ ဒါက နောက်ဆုံးအဆင့် အနေနဲ့ အန်တုဖက်ပြိုင်တဲ့လက္ခဏာလေ'

'ဒါမှမဟုတ် ပူးကပ်နေတဲ့ မကောင်းဆိုးဝါးက အုပ်စီးသွားတာလား'

'အဲ့ဒါမျိုးတွေ ရှိနေတယ်လို့ ခင်ဗျား လက်ခံရင်ပေါ့လေ....ကျွန်တော်ကတော့ လက်မခံဘူး၊ဒီတော့ ခင်ဗျားဘာဆက်လုပ်မှာလဲ'

'ရိပ်သာကို သွားမယ်၊ ပြီးတော့ သူ့ကိုယ်သူ သေကျေပျက်စီးအောင် မလုပ်ဖို့ စည်းရုံး ဖျောင်းဖျရမှာပေါ့'

'ခင်ဗျား လိုက်လာမယ် ဆိုတာ သူ့ကိုအကြောင်းကြားပြီးပြီလား'

'ဟင့်အင်း....သူ ဝါရှင်တန်မှာ ရှိမနေဘူးဆိုတာသေချာအောင် ပထမလုပ်ရမယ်၊ ဒါတွင်မကသေးဘူး၊ သူ့ကိုကြိုပြီးပြောလိုက်ရင် သူ လစ်ပြေးသွားလိမ့်မယ်'

'ဘယ်ကိုပြေးမယ် ထင်လဲ'

'မပြောတတ်ဘူး၊ ဒါပေမယ့် အင်နာပိုလစ်မှာကျွန်တော်တို့ ညစာစားတုန်းက သူ ပြောဖူးတယ်၊ ခင်ဗျားတို့ နှစ်ယောက် အာရုံသိအမြင်ဆိုတဲ့ ထွင်လုံးကို စမ်းသပ်ကြည့်တဲ့အကြောင်း၊ ခင်ဗျားက သူ့ကို တစ်နေရာရာမှာ လူ တစ်ယောက်နဲ့ အတူရှိနေတာကိုအာရုံခံပြီးသိမြင်ခဲ့တဲ့အကြောင်းတွေပေါ့'

'အဲဒါဟာ ထွင်လုံးမဟုတ်ဘူး မိုက်'

မက်ကာသီ၏ အသံသည် နှင့်နှင့်နဲနဲ လေးလေးနက်နက်ဖြစ်နေ၏။



'အဲဒါဟာ ထွင်လုံးဖြစ်ပါစေလို့တောင် ကျွန်တော် ဆုတောင်းမိတယ်'

'ဒါဆို အဲ့ဒီလူဟာ ရော်ဂျာကိုဗင်ပါပဲလို့ ခင်ဗျားထင်တယ်ပေါ့'

'မဟုတ်ဘူး၊ အဲဒီပုံရိပ်ဟာ ရော်ဂျာနဲ့ တူတယ်လို့ပဲ ကျွန်တော် ယုံကြည်တာ'

'ခင်ဗျားက ဘယ်လိုလုပ်ပြီး အဲဒီလောက် တိတိကျကျ ပြောနိုင်ရတာလဲ'

ရော်ဂျာနဲ့ ရီတာဟာ ပုံမှန်မဟုတ်တဲ့ သွေးသားကိစ္စကလေးတွေကို တပ်မက်တတ်ကြတယ်၊ ဒီကိစ္စမျိုးမှာ ကျွန်တော်လဲ လုံးဝကင်းတယ်လို့ မဆိုပါဘူး၊ ဒါပေမယ့် ဂျက်နက်ကို ကျွန်တော့်လူနာအဖြစ် လက်ခံလိုက်တဲ့အခါ သူတို့ကို သတိပေးထားတယ်၊ ဂျက်နက်ဟာ 'လက်ရှောင်' ရမယ့် မိန်းကလေးလို့၊ ဒီတော့ သူ့ရဲ့စိတ်အနေအထား မမှန်မှုကို သူတို့ အခွင့်အရေးယူဝံ့မှာမဟုတ်ဘူး၊ သိတယ် မဟုတ်လား၊ သူတို့နဲ့ လူတချို့ရဲ့ဆက်ဆံရေး အနေအထားကို ကျွန်တော်က သိလွန်းနေတယ်လေ'

'ဥပမာ လွှတ်တော်အမတ် မက်နက်လား'

'ဟော့လူ....ဒုက္ခပါပဲ၊ ဝါရှင်တန်မှာရှိတဲ့ တယ်လီဖုန်းတွေထဲက တစ်ဝက်လောက်ကို ခိုးပြီး နားထောင်နေတယ်ဆိုတာ ခင်ဗျား မသိဘူးလား'

'ကောင်းပြီလေ၊ ခင်ဗျားမြင်တဲ့လူဟာ ရှေ့ဂျာ မဟုတ်ဘူးဆိုတဲ့ ခင်ဗျာ့စကားကို ယုံလိုက်ပါမယ်၊ ဒါပေမယ့် ဘယ်နေရာမှာလဲဆိုတာ ခင်ဗျာ့ ထင်မြင်ချက်မပေးနိုင်ဘူးလား'

'ဘယ်လိုမှမထင်တတ်ဘူး၊ တစ်ခုပဲရှိတယ်၊ အဲ့ဒီနေရာက လိုဏ်ခေါင်းကြီးလိုလို ဘာလိုလိုပဲ၊ နံရံတစ်လျှောက်မှာ မီးပွင့်ကလေးတွေ လင်းနေတယ်၊ ပြီးတော့ ကြမ်းပြင်အနေအထားက နည်းနည်း ဆန်းပြားတယ်၊ ဘာရယ်လို့တော့ ကျွန်တော် ပုံဖော်လို့မရဘူး'

'ဆက်ပြီး ကြိုးစားပုံဖော်ကြည့်စမ်းပါ၊ လောလောဆယ်မှာတော့ ကျွန်တော် ရိပ်သာကိုသွားမယ်'

'ကျွန်တော့်ကို ကတိတစ်ခုတော့ ပေးပါ'

မက်ကာသီ၏ ပူပန်သောကသံကြောင့် စကားပြောခွက်ကို မချဖြစ်ဘဲ တုံ့သွား၏။

'တကယ်လို့ ဂျက်နက် အဲဒီကိုရောက်နေရင်..... ရောက်နေမယ်လို့လဲထင်တယ်၊ သူ ကချင်တဲ့ဇာတ်ကြောအတိုင်း လိုက်က,သွားပါဗျာ'

'အဓိပ္ပာယ်က ဘာလဲ'

'သူဟာ ဂျက်နက်အဖြစ်နဲ့ ရှိနေရင် ကောင်းတာပေါ့၊ သူ့ကို ညှာညှာတာတာဆက်ဆံပါ၊ ပြီးတော့ ဝိညာဉ်နှင်မှုနဲ့ ပတ်သက်ပြီး တရားမဟောပါနဲ့၊ သူ့ကောဇကြောအတိုင်း လိုက်လိုက်လျောလျော ပြောပါ၊ ဝိညာဉ်နှင်တဲ့အကြောင်းကို သူပြောချင်တဲ့ဆန္ဒရှိရင် အိတ်သွန်ဖာမှောက် ပြောပါစေ'

'တကယ်လို့ လင်းဖြစ်နေရင်ကော'



'ထိုနည်းအတူပဲ၊ ပြီးတော့ သဘာဝက တောင်းဆိုတဲ့အတိုင်း လိုက်လုပ်ပါ'

'ခင်ဗျာ့စကားကြီးက ဘာအဓိပ္ပာယ်လဲဗျ'

'ယောကျ်ားအတော်များများ မသိနိုင်တဲ့အရသာမျိုးကို ခင်ဗျား သိကောင်းသိရလိမ့်မယ်၊ ဘာလဲဆိုတော့ ခန္ဓာကိုယ်တစ်ခုတည်းနဲ့ ချစ်ဖော်နှစ်ယောက်ကိုဆက်ဆံရတာဟာ တစ်ယောက်တည်းကို ဆက်ဆံရတာထက် အများကြီး ကောင်းတယ်ဆိုတာပဲ၊ အမယ်လေး၊ ခင်ဗျားကို ကျွန်တော် မနာလိုလိုက်တာဗျာ'

* * *

ခြံထဲတွင် သူ့ကားကိုရပ်လိုက်၏။ ဂျက်နက်၏ကား ရပ်ထားသည်ကို တွေ့ရ၏။ ကားထဲမှထွက်ပြီး တံတားပေါ် တက်လိုက်တော့ ပိုးမြစ်ပြင်ထဲတွင် ရေကူးဦးထုပ်ဝါဝါကလေးကို လှမ်းမြင်ရ၏။ လှပညက်ညောသော ရေကူးပုံကလေးကို မှတ်မိဖို့ မှန်ပြောင်းဖြင့် ကြည့်နေစရာ မလိုပါ။ လှပသော ကိုယ်ခန္ဓာကလေး ရေပေါ် ပေါ်လာခိုက်တွင်

သူ့ကို အသိအမှတ်ပြုသည့် သဘောဖြင့် လက်တစ်ဖက် မြှောက်ပြသည်ကို တွေ့ရ၏။

မိုက်က တံတားလှေကားထိပ်တွင် ရပ်နေသည်။ တံတား မှတက်လာသော သူ၏လက်ကို လှမ်းကိုင်ပြီး ဆွဲတင်လိုက်၏။ သူ့ကိုကြည့်ရသည်မှာ ပင်လယ်ရေပြင်ထဲမှ ပေါ်ထွက်လာ သည့် နတ်ဘုရားမ တစ်ပါးနှယ်။

'အချစ်'

သူ့လေသံက မိုက်၏တစ်ကိုယ်လုံးတွင် ကြက်သီးမွေးညင်း များ ထသွားစေ၏။ သူက ရေစိုစို၊ ချစ်စရာ ကောင်း ကောင်းဖြင့် မိုက်၏ရင်ခွင်ထဲ တိုးဝင်လိုက်၏။ ပြီးတော့ မိုက်အား နမ်းသည်။ အာသာငမ်းငမ်းဖြင့် နမ်းသည့် ပူ လောင်သော အနမ်း။ မိုက် သိလိုက်ပါသည်။ ခန္ဓာကိုယ် ကတော့ ဂျက်နက်ပါပဲ။ သို့ပေမယ့် လောလောဆယ်စိုးမိုး လှုပ်ရှားနေသူမှာ လင်းဖြစ်ကြောင်း ဗေဒင် မေးနေစရာ မလို။

'ဟား....ချစ်ဖော်ကြီး'

ကြွေးကြော်လိုက်၏။ မက်မက်မောမော ကြာတောင့် ကြာရှည်ကြီး ဖက်ထားရာမှ မိုက်၏ရင်ဘတ်ကို တွန်းပြီး လူချင်းခွာလိုက်၏။

'ကဲ....မောင် ရောက်လာပြီ ဆိုတော့ ဟိုဟာအတွက် ကျွန်မတို့ အချိန်တွေ အများကြီးရသွားပါပြီ'

'ဘာဖြစ်လို့'



အချိန်မီကလေးပင် မက်ကာသီ၏ အကြံပေးချက်ကို သတိရလိုက်၏။ သူ့ကို တရားမဟောဖို့။ သူ့ဇာတ်ကွက် အတိုင်း လိုက်ကဖို့။

'ဘာ....ဘာဖြစ်လို့ရမှာလဲ'

သူက မေးသည်။ ခေါင်းဆောင်းအဝါကလေးကို ချွတ် ပြီး ဆံပင်များကို ခါချသည်။ ဆံပင်တွေ ပခုံးနှစ်ဖက်ပေါ် သို့ ဖွာခနဲ ကျသွားသည်။

'ဘာဖြစ်လို့ ခုမဟုတ်ဘဲ နောက်မှရတာလဲ'

'မောင် တော်တော် ကဲနေပါကလားနော်....၊ ခုဘယ် အချိန်ရှိပြီလဲ'

ခါတိုင်းလို လည်ချောင်းသံဖြင့် မေးသည်။

'ခုနစ်နာရီထိုးတော့မယ်၊ သွား.... အဝတ်အစားဝတ်၊ ကိုယ် မင်းကို ညစာစားဖို့ ကဗားနားမီလာနိုကိုခေါ်သွား မယ်'

'ဒီညတော့ မသွားပါနဲ့ အချစ်ရယ်'

တံတားပေါ်မှ အိမ်တံခါးပေါက်ဆီသို့သွားရင်း ပြော ၏။ မိုက်က သူ့နောက်မှ လိုက်သွားသည်။

'ကျွန်မဂျာနယ်အတွက် ဆောင်းပါးကို အချောကိုင်ရ ဦးမယ်၊ နှစ်နာရီလောက်တော့ ကြာမယ်၊ ဒါကြောင့် အနှောင့်အယှက်မရှိအောင် ဒီကိုလာခဲ့တာ'

တံခါးပေါက်အရောက်တွင် သူကလှည့်ပြီး မိုက်အားနမ်း လိုက်ပြန်၏။

'မောင်ကတော့ ကျွန်မပြောတဲ့ အနှောင့်အယှက်မျိုး မဟုတ်ဘူးနော်၊ မောင်လာမှာကို ကျွန်မကတောင့်တတာ'

သည်မိန်းကလေးသည် ဂျက်နက် ပြန့်ဖြစ်နေပြန်ပြီဟု မိုက် ထင်လိုက်မိ၏။ ပြောနေသည့်အသံနှင့် လှုပ်ရှားနေသည့် ဟန်ပန်များမှာ ဂျက်နက်အတိုင်း ဖြစ်နေသည်။

'ဒီညအတွက် ညစာစားဖို့ မောင်က စာရင်းပေးမထားဘူး၊ ဒီတော့ မောင့်အနေနဲ့ ဒိန်ခဲညှပ်ပေါင်မုန့်ရယ်၊ မန်းသီးဖျော်ရည်ရယ်နဲ့ပဲ ကျေနပ်ပေတော့၊ နောက်ပြီး ကျွန်မ လမ်းမှာတွေ့လို့ ဝယ်လာတဲ့ ဝိုင်ရယ်ပေါ့၊ အဲ့ဒီဝိုင်အနံ့က တစ်မျိုးပဲ၊ ထူးထူးခြားခြားကို မွှေးနေတာ၊ ကျွန်မ ရေချိုးပြီး ဘောင်းဘီနဲ့ ဘလောက်စ် ဝတ်နေတုန်း မောင်က ခပ်သွက်သွက်ကလေး ရေကူးလိုက်ပါလား၊ အလုပ်သမားနေ့က တစ်ပတ်လောက်ပဲ လိုတော့တာဆိုတော့ ညဘက်ဆို ဒီမှာ နည်းနည်းပူစ ပြုလာပြီလေ၊ မောင် ရေကူးပြီးချိန်လောက်မှာ ညနေစာ အသင့်ဖြစ်နေမယ်'

'သိပ်ကောင်းတာပေါ့၊ ကိုယ် အဝတ်အစားလဲလိုက်ဦးမယ်'

အိပ်ခန်းထဲမှ အဝတ်အစားလဲပြီး ထွက်လာတော့ရေချိုးရင်း သီချင်း ညည်းနေသည့် သူ့အသံကိုကြားရ၏။ မိုက်က တံတားပေါ်တွင် ပြေးသွားသည်။ ပြီးတော့ ပိုတိုမက်ထဲသို့ ဒိုင်ဗင်ထိုးဆင်းလိုက်၏။ ကမ်းနှင့်ကိုက်တစ်ရာလောက်ဝေးသည်အထိ ခပ်ပြင်းပြင်း ကူးသွားသည်။ ကိုယ်ဖော့



လျှက် ဖြစ်ပေါ်နေသည့် အနေအထားကို တွက်ဆကြည့်သည်။

လင်းက အုပ်စီးနေသည်ကတော့အမှန်။ သည်အချက်ကို မိုက် သံသယမဖြစ်။ သူကတော့ ကြိုးစားပြီး ဟန်လုပ်နေသည်။ ပျော်မြူးနေသော၊ သွေးသားဆန္ဒပြင်းပြနေသော ဂျက်နက်ကဲ့သို့ ပြောဆိုနေသည်။ အဓိပ္ပာယ်မှာ ဆရာတော်ဂျူလီယံထံသို့ တယ်လီဖုန်းဆက်ပြီး အစီအစဉ်ဖျက်ကြောင်း အကြောင်းကြားသည်မှာ လင်းပဲဖြစ်ရမည်။

မည်သို့ဆိုစေ လောလောဆယ်တွင် ဂျက်နက် ပြန်ဖြစ်အောင် လုပ်ခြင်းဖြင့် မည်သို့မျှ အကျိုးအမြတ် မရနိုင်။ ပြီးတော့ သူချစ်သည့် မိန်းကလေး၏ ကိုယ်ခန္ဓာကို အပိုင်စီးထားသူက ဖော်ဆောင်ပေးမည့်အနေအထားကို မိုက် သိနေသည်။ သည်အတွက် စိတ်ထဲမှာ ရင်ခုန်လှုပ်ရှားနေမိသည်ကိုလည်း လိပ်ပြာမသန့် ဖြစ်မိသည်။

အိမ်နောက်ဘက် တံခါးပေါက်ဆီမှ မီးရောင်လင်းလက်လာသည်ကို တွေ့လိုက်၏။ လက်ဝှေ့ယမ်းပြနေသည့်သူ့ကို တွေ့သည်။ မိုက်က ရေကူးပြိုင်သည့်နည်းဖြင့် ပြန်ကူးလာသည်။ တံတားပေါ် ရောက်တော့ သူပစ်ပေးသည့် ဘဘက်ကြီးကို ဖမ်းလိုက်သည်။

'အဲ့ဒီဘဘက်ဖယ်ထား၊ ရေနောက်မှချိုး၊ ကျွန်မက ဝိုင်တောင်ငှဲ့ထားပြီ၊ ဟော်ကြာ အအေးခံထားတာလေး ပြယ်သွားဦးမယ်'

မိုက်က သူ့ကိုယ်ကိုတဘက်ဖြင့်ပတ်သည်။ရေကူးဘောင်းဘီကို တံတားပေါ်မှာပဲချွတ်ထားခဲ့သည်။ စားဖိုဆောင်ထဲရှိ စားပွဲကလေးပေါ်တွင် စားသောက်ဖွယ်များ အရန်သင့်ပြင်ဆင်ထားသည်။

'ကျွန်မတို့အတွက်၊ နောက်ပြီး ရင်ခုန်လှုပ်ရှားရတဲ့ သီတင်းပတ်ရက်အတွက်'

သူက သူ့ဖန်ခွက်ကို မြှောက်ပြပြီးပြော၏။

'ဒါက ကတိပေးတာလား'

မိုက်၏ဖန်ခွက်ထဲမှ ဝိုင်တစ်ဝက်လောက် ကုန်သွားသည်။ ဝိုင်အရသာကတစ်မျိုးကြီး။ အီတာလျံ အရက်တချို့တွင် တွေ့ရတတ်သည့် ဗာဒမ်စေ့အရသာမျိုး။

'ဒီဝိုင်က ဒီအနီးအနားက အီတာလျံမိသားစုခြံလက်ရာလေ၊ သူတို့က အနံ့ကို ဗာဒမ်ဆီနံ့နဲ့တူအောင် နည်းနည်းပြုပြင်ထားတာ'

မိုက် ထိတ်ခနဲဖြစ်သွားသည်။မကောင်းဆိုးဝါးများသည် တစ်ဖက်သား၏စိတ်ကို သိနိုင်စွမ်းသည်ဟု ဆရာတော် ဂျူလီယံ ပြောဖူးသည် မဟုတ်လား။

'ကျွန်မကတော့ ကြိုက်တယ်မောင်၊ မောင်လဲ နှစ်ခါသုံးခါလောက် သောက်ဖူးရင် ကြိုက်သွားမှာပါ'

သူက သူ့ဖန်ခွက်ကို မြှောက်လိုက်ပြန်၏။

'မောင့်ကိုလာရတာ စိတ်မကောင်းပါဘူး အချစ်ရယ်၊ ဒါပေမယ့် မောင်မစားသေးလို့ ကျွန်မ အလုပ်သွား မလုပ်ရ



ရရင် ကျွန်မတို့ နောက်ပိုင်းမှာ နဲ့မယ့် ပျော်ပွဲရွှင်ပွဲတွေအတွက် အချိန်နည်းသွားမှာ စိုးလို့ပါ'

ဒိန်ခဲညှပ်ပေါင်မုန့်တွေက အရသာရှိလှ၏။ ဝိုင်ကို ဒုတိယတစ်ခွက်သောက်တော့ အနံ့က ပိုနံနေသည်။ အရသာကပိုဆိုးနေသည်။ စားသောက်ပြီးတော့ မိန်းကလေးက ပန်းကန် ခွက်ယောက်များကို ဆေးကြောသည်။ မိုက်က ကူညီသည်။ သို့သော် နေရာကျဉ်းကျဉ်းကလေးထဲတွင်နှစ်ယောက်သား လူချင်းတိုက်၍ချည်းနေသည်။ သူသောက်ထားသည့်ဝိုင်သည် သူ့ဦးနှောက်ဆီသို့ လျင်မြန်စွာ တက်လာသည်ဟု မိုက်ခံစားရသည်။ သည်ဝိုင်မျိုးကို ယခင်က တစ်ခါမျှ မသောက်စဖူး။ နောက်ဆုံး မူးရီမူးဝေဖြင့် ဟိုတိုက် သည်တိုက် ဖြစ်ကုန်သည်။ သည်တော့ မိန်းကလေးက သူ့ကို သိုင်းဖက်ပြီး ထိန်းပေးသည်။ ရယ်မောလျက် သူ့အိပ်ခန်းဆီသို့ လိုက်ပို့သည်။

'ကျွန်မ စားဖိုဆောင်ကို ရှင်းပြီး စာမူကိုအချောသတ်နေတုန်း မောင်ခဏလေးလှဲနေလိုက်နော်'

မိုက်အား ခုတင်ပေါ် တင်ပေးသည်။ စောင်ခြုံပေးသည်။ စိုထိုင်းနေသည့် တဘက်ကို ဖယ်ရှားဖို့ကြိုးစားသည့် မိုက်၏ တုန်တုန်ယင်ယင်လက်များကို မိန်းကလေးက ကူညီလှုပ်ရှားပေးရသည်။

'ဝိုင်အရက်ကလေးနှစ်ခွက်သောက်ရုံနဲ့ ဒီလောက်မူးနေတာတို့ စဉ်းစားလို့မရဘူး'

စကားလုံးများက မိုက်၏ ထုံထိုင်းနေသည့် ဦးနှောက်ထဲသို့ ထိုးဖောက်ဝင်ရောက်လာသည်။ ထို့ကြောင့် မိုက်တံတောင်ဆစ်ပေါ် အားပြုပြီး ခေါင်းထောင်ကြည့်သည်။ ခုတင်ခြေရင်းတွင် မိန်းကလေး၏ ပြုံးရယ်နေသောမျက်နှာကို မြင်ရသည်။

'မင်း ကို့ ကိုတီကိုဆေးခတ်ထားတဲ့အရက်ကိုတိုက်တာပဲ'

မိုက်က စုပ်စွဲလိုက်၏။ သို့သော် မိန်းကလေးက ရယ်ရွှဲပဲရယ်နေသည်။ မိုက်အား ခုတင်ပေါ်သို့ ပြန်ပြီးတွန်းလှဲလိုက်သည်။ ပြီးတော့ ခါးကိုင်းပြီးနမ်းလိုက်သည်။ သည်အနမ်းက မိုက်၏တစ်ကိုယ်လုံး ခြေဆုံးခေါင်းဖျား ပူနွေးသွားစေ၏။

'ဝိုင်ထဲမှာ ဆေးခြောက်ကလေး နည်းနည်း ထည့်ထားတာပါ၊ မောင်အခုလို ဖြစ်သွားတဲ့အတွက် ဒီသီတင်းပတ်ကုန်ရက် မကျော်မီ ပြန်ပြီး အလျော်ပေးပါ့မယ်'

မိန်းကလေးက အပြင်သို့ထွက်သွားပြီ။ မိုက်က ကျုံးထပြီး သူ့နောက်သို့လိုက်သွားဖို့ အားထုတ်၏။ သို့သော် သူ့လက်တွေ အလုပ်မလုပ်တော့။ သည်တော့ သူ့မှာ ရွေးစရာလမ်းမရှိတော့။

နှိုးခွေချည့်နှဲခြင်း ဟူသော ပင်လယ်ပြင်ထဲတွင် သာယာငြိမ့်ငြောင်းစွာ မျောလိုက်သွားရုံသာ ရှိ၏။ သည်ပင်လယ်ပြင်ထဲတွင် သူက လှပချစ်စဖွယ်ကောင်းသည့် နတ်ဘုရားမကလေးတစ်ပါးနှင့်ပျော်ရွှင်မြူးတူးနေ၏။သည်နတ်ဘုရားမ



ကလေးက သူ့နည်းသူ့ဟန်ဖြင့် အသက်ဝင်လာကာ လန်ဒန်မြို့ရှိ ဗြိတိသျှပြတိုက်မှ သည်နေရာသို့ရောက်အောင်လာခဲ့ခြင်းဖြစ်၏။

* * *

မိုက် နိုးတစ်ဝက်အိပ်တစ်ဝက် ဖြစ်နေသည်။ ဆေးဒဏ်ကြောင့် ဝေဝေနေသည့်မျက်လုံးများက ခုတင်နံဘေးစားပွဲပုကလေးပေါ်မှ မီးစုန်း သုတ်ထားသည့် နာရီ ဒိုင်ခွက်ကို ခပ်ရေးရေး မြင်ရသည်။ ဒိုင်ခွက်ထဲမှ ဂဏန်းများကိုတော့ ကြည်ကြည်လင်လင် မမြင်ရ။ သို့သော် တစ်နာရီဝန်းကျင်ရှိပြီဟု ခန့်မှန်းမိသည်။ ရိပ်သာ ရေချိုးခန်းဆီမှ အသံတွေကြားနေရသည်။ လည်ချောင်းသံအက်ကွဲကွဲဖြင့် ရယ်မောလိုက်သံကိုလည်း မကြာမကြာ ကြားနေရသည်။ သည်အသံသည် လင်း၏အသံ။ ရေချိုးခန်းထဲတွင် လင်း ရှိနေသည့် သင်္ကေတ။

သူ့ကိုယ်ပေါ်မှ စောင်ကို ခွာလိုက်၏။ အိပ်ရာမှ ထဖို့ကြိုးစားကြည့်သည်။ သို့သော် တွားချီသာ သွားနိုင်သည်။ ရေအိမ်ဆီသို့ အချိန်မီကလေး ရောက်သွားသည်။ အန်ပစ်လိုက်၏။ နောင်ဆီသို့ လေးဘက်တွားပြီး ပြန်လာသည်။ မှန်ထဲတွင် အရိပ်ထင်နေသည့် ရေချိုးခန်းမြ ‌ ‌ င်းကို ရိပ်ခနဲမြင်

ရသည်။ မီးတွေ မှိန်မှိန်ထွန်းထားသည်။ သို့သော်လူခြောက်ယောက်လောက် စုဝေးနေသည်ကို လင်းကဦးဆောင်ဦးရွက်လုပ်ပြီး စကားပြောနေမှန်း သိသာသည်။

ထိုအထဲမှ အသံတစ်သံကို နားယဉ်နေသည်။ ဝိုးတိုးဝါးတား မှတ်မိနေသည်။ ယောကျ်ားတစ်ယောက်၏အသံ။ ထိုအသံက လမ်းညွှန်ချက်တွေ ပေးနေပုံရ၏။ 'ဆယ့်ငါးမိုင်' ဆိုသည့် စကားတစ်လုံးကိုသာ မိုက် သဲသဲကွဲကွဲကြားရသည်။ သို့သော် ဝိုင်အရက်ထဲမှ ဆေးခြောက်ဒဏ်ကြောင့် သူ့မြင်ကွင်းတွေ မှုန်ဝါးနေသည်။ သူ့ဦးနှောက်တွေ ထုံထိုင်းနေသည်။ သည်တော့ သူ မြင်နေရတာနှင့် ကြားနေရတာတွေသည် တကယ်ပဲလား၊ အာရုံချောက်ချားခြင်းလား ဆိုသည်ကို ဝေခွဲ၍ မရ။ မှန်ထဲမှ အရိပ်တွေသည် ဝေဝါးသွားလိုက်၊ မှိန်ပျောက်သွားလိုက်ဖြစ်နေသည်။ သည်တော့သူလက်လျှော့လိုက်သည်။ နောက်တစ်ကြိမ် သတိလစ်မသွားမီ အချိန်မီကလေး အိပ်ရာဆီသို့ လေးဘက်တွားပြီး ပြန်လာခဲ့၏။

မိုက် နိုးလာပြန်၏။ နိုးလာခြင်းမှာ ဘယ်ဘက် တင်ပါးတွင် စူးခနဲ ဖြစ်သွားသောကြောင့်။ သူ မလှုပ်ရှားနိုင်မီမှာပင် ကြွက်သားတွေထဲသို့ တစ်စုံတစ်ရာကို ထိုးသွင်းလိုက်ရာ မိုက်မှာ နာကျင်မှုဝေဒနာကို ခံစားလိုက်ရ၏။

'ဒါမှ မြန်မြန်နိုးလာမယ်. ချစ်ဖော်ကြီးရေ့'

ဤကား လင်း၏ အသံ။ မိုက် မော့ကြည့်လိုက်၏။ ခုတင်နံဘေးမှာ ရပ်နေသည့် သူ့ကို တွေ့သည်။ လက်ထဲတွင် သူ စောစောက အသုံးပြုသည့်ဆေးထိုးအပ်ကို ကိုင်ထားသည်။



'မောင့်ဆေးအိတ်ထဲမှာ 'အဒရီနယ်လင်' ဆောင်ထားတာ ကောင်းတယ်'

သူက တစ်ခါသုံး ပလတ်စတစ်ဆေးထိုးပိုက်နှင့် အပ်ကို အမှိုက်ပုံးထဲသို့ ပစ်ထည့်သည်။ ပြီးတော့ ဘလောက်စ် အင်္ကျီကို ချွတ်သည်။

'ဆေးခြောက် အမူးလွန်ပြီး သတိလစ်နေတဲ့လူကို ဒီဆေးထိုးပေးရမယ်လို့ အာမန်က သင်ပေးထားတာ၊ မောင့်ဆေးအိတ်ထဲမှာ ဒီဆေးသာ ဆောင်မလားရင် မောင်တစ်ညလုံး အိပ်ပျော်နေမှာ၊ သိလား'

'ဘယ်....ဘယ်နှစ်နာရီ ထိုးပြီလဲ'

အာနိုသင်ပြင်းလှသည့်ဆေးအရှိန်ကြောင့်သူ့ အမြင်တွေ ကြည်လင်လာ၏။ သတိကောင်းကောင်းရလာ၏။ သို့သော် နာရီဒိုင်ခွက်ပေါ်မှ ဂဏန်းများမှာ ဝေဝါးနေဆဲ။

'သုံးနာရီပဲ ရှိပါသေးတယ်၊ အချိန်တွေ အ ားကြီးရှိပါသေးတယ် မောင်ရယ်'

ရယ်မောရင်း ပြော၏။ ပြီးတော့ သူ့ဘလောက်စ်အင်္ကျီကို ကုလားထိုင် ကျောမှီပေါ်တွင် တင်လိုက်၏။

'ကျွန်မပြောတာကို ယုံ၊ ဒီညကို မောင့်တစ်သက်မှာ ဘယ်တော့မှ မေ့မရစေရဘူး'

☆

၄၆။

အိပ်ခန်း၏တောင်ဘက်ပြတင်းမှ တိုးဝင်လာသည့်တောက်ပသော နံနက်ခင်းနေရောင်ခြည်က မိုက်အား ဆယ်နာရီလောက်တွင် နိုးလာစေ၏။ သူ့နံဘေးတွင် နူးညံ့နွေးထွေးသော ကိုယ်ခန္ဓာတစ်ခုရှိနေသည်။

သူ နိုးမသွားအောင် ဖြည်းဖြည်းချင်း ရွေ့လျားသည်။ လှချင်းခွာသည်။ တံတောင်ဆစ်ပေါ်တွင်အားပြုပြီးကိုယ်ကို မြှင့်သည်။ လှပပြီး ချစ်စဖွယ်မြင်ကွင်းကိုကြည့်သည်။ သူက ကိုယ်ကိုနိမ့်ပြီး ကောင်မလေးကို နမ်းလိုက်၏။ ကောင်မလေးက အိပ်ချင်မူးတူးဖြင့် တုံ့ပြန်နမ်းသည်။ ပြီးတော့ မျက်လုံးကလေးတွေ ပွင့်လာသည်။ သွယ်ပျောင်းသောလက်တစ်ဖက် မြောက်တက်လာပြီး မိုက်၏လည်ပင်းကို ဖက်ထား၏။ ထို့နောက် မြုန်းခနဲ ထထိုင်သည်။ ဝန်းကျင်ကိုလှည့်ပတ်ကြည့်



သည်။ ခေတ္တခဏအားဖြင့် သူဘယ်ရောက်နေသည်ကို ခန့်မှန်းလို့ ရဟန်မတူ။

'မိုက်...ကျွန်မတို့ ဒီမှာ ဘာလာ လုပ်နေကြတာလဲဟင်၊ နောက်ပြီး ဒီလိုကြီးနဲ့'

'ခင်ဗျာ့ဆုံးဖြတ်ချက်နဲ့ခင်ဗျား လာတာပါဗျာ'

ပြောသာပြောရသည်။ ယခုပြောနေသည်မှာ ဂျက်နက်လား၊ လင်းလား အတပ်မပြောဝံ့သေး။ လင်းဆိုသည့် မိန်းကလေးက သူ့အပေါ် ကလူကျီစယ် လှည့်စားတတ်သည် မဟုတ်လား။

'သက်သေအထောက်အထားတွေကဟောဟိုမှာ၊ ကုလားထိုင်ပေါ်နဲ့ ကြမ်းပြင်ပေါ်မှာ၊ ဒီမနက်သုံးနာရီမှာ ခင်ဗျား ပစ်ချထားတာ'

ဂျက်နက်ကခုတင်ပေါ်တွင် ငုတ်တုတ်ထိုင်နေသည်။ အမျိုးမြန်းကလေးတစ်ယောက်လို အိပ်ရာခင်းကို ကိုယ်တွင်ဆွဲပတ်ထားသည်။ သည်အပြုအမူကို လင်းသာတွေ့လျှင် ဟားတိုက်ရယ်မောမည်လား မသိ။

'ကျွန်မ ဘာမှမမှတ်မိတော့ဘူး မိုက်၊ ဒီမနက်ရန်းဒေါ်ရဲ့စမ်းသပ်ခန်းကို စာမူအချောသတ်ဖို့ မသွားခင် ကျွန်မ အခန်းထဲမှာ မနက်စာချက်နေတာကလွဲပြီး နောက်ပိုင်းကို ဘာမှ မသိတော့ဘူး'

'ဒွဲ့ဒါ မနေ့မနက်ကဗျာ့၊ မနေ့ညကဆရာဘော်ဂျူလီယံ ဖုန်းဆက်တယ်လေ၊ ခင်ဗျားက အဲဒီမနက်ကပဲ ဖုန်းဆက်ပြီး မှာခဲ့တယ်တဲ့၊ ဝိညာဉ်နှင်မယ့် အစီအစဉ်ကို ဖျက်လိုက်ဖို့...'

‘ကျွန်မ ဘာ အစီအစဉ်မှမဖျက်ခဲ့ပါဘူး’

‘ခင်ဗျားမဖျက်ဘူးဆိုတာသေချာပါတယ်၊ ရန်းဒေါက ကျွန်တော့်ကိုပြောတယ်လေ၊မနေ့နေ့လယ်ကသူနဲ့ချိန်းထားတာ ခင်ဗျားမလာဘူးတဲ့၊ ဒီတော့ ကျွန်တော်က သေချာပေါက် တွက်လိုက်တယ်....ခင်ဗျားကို လင်းက လှမ်းမိုးသွားပြန်ပြီလို့’

ဂျက်နက် ဆတ်ခနဲ တုန်သွားသည်။

‘ကျွန်မ သူ့ကို တားတိုဆီးလို့မရတော့ဘူးမိုက်၊ သူဟာ သူလုပ်ချင်တာကိုလုပ်နိုင်နေပြီ....ကျွန်မကိုယ်ခန္ဓာကိုအသုံးချပြီးတော့ပေါ့’

သူ့မျက်လုံးတွေ ရုတ်တရက် ပြူးကျယ်သွားသည်။

‘ဒါဆို သူ....ရှင်....’

‘ကျွန်တော်တို့ပါ၊ မနေ့ညကအကြောင်း ခင်ဗျား ဘာမှ မမှတ်မိဘူးလား’

ခေါင်းခါပြသည်။

‘ဘာမှမမှတ်မိဘူး....ကျွန်မတို့နှစ်ယောက်အတူတူ တစ်နေရာရာကို ရောက်နေတယ်လို့ အိပ်မက်မက်နေတာက လွဲလို့ပေါ့’

‘အချစ်ပလူးနေကြတာလား’

‘အင်း’

‘ခက်တာက အဲဒါ အိပ်မက်သက်သက်မကဘူးဗျ’

မိုက်က ဇာတ်စုံခင်းပြလိုက်၏။



‘သူက ဒီအိမ်ထဲမှာ အစည်းအဝေးလိုလိုဟာမျိုး လုပ်နေတယ်လို့ ရှင်ပြောတယ်နော်’

‘ဟုတ်တယ်၊ ကျွန်တော်တစ်ခါမှမမြင်ဖူးတဲ့၊ ဒါမှမဟုတ် မြင်ဖူးတာကို မမှတ်မိတဲ့လူခြောက်ယောက်၊ ဒါမှမဟုတ် ခြောက်ယောက်ကျော်လောက်ရှိမယ်’

‘သူဟာ ကြောက်စရာလန့်စရာကိစ္စတစ်ခုခုတော့ ကြံစည်နေပြီမိုက်၊ အဲဒီလိုလုပ်ရလို့လဲ သူကမမှုဘူးလေ။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မသေသွားသွား၊ ထောင်ပဲအချခံရခံရ....သူက တခြားတစ်ယောက်ဆီကိုပြောင်းပြီးပူးကပ်လိုက်ရုံပဲ၊ အဲ့ဒါတွေကို ကျွန်မ ဘာမှ လုပ်လို့မရဘူး’.

‘ကျွန်တော်လုပ်နိုင်တာတစ်ခုခုတော့ရှိမှာပါ’

ကောင်မလေးကိုထွေးပွေ့လိုက်ရင်း ပြော၏။

‘ကျွန်မကိုပြောမနေနဲ့၊ပြောရင် အဲ့ဒီအကြောင်းကို သူက ကျွန်မစိတ်ကနေဖျောက်ပစ်ပြီး ရှင့်ကို ကဖျက်ယဖျက်လုပ်မှာပဲ’

ပြောပြီး မိုက်၏လည်ပင်းကိုသိုင်းဖက်လိုက်၏။

‘ကျွန်မကြောက်တယ်မိုက်ရယ်၊ ကျွန်မ အရမ်းကြောက်တာပဲ’

‘အစစအရာရာ ကိုယ့်တာဝန်ထားလိုက်စမ်းပါကွယ်’

‘သူ့ကိုဝင်ပြီးဟန့်တားရင် ရှင့်ကိုပါ အပြတ်ရှင်းပစ်လိမ့်မယ်’

‘ခင်ဗျားကိုလူလာအောင်လုပ်ပေးဖို့ ခင်ဗျား ကျွန်တော့်ကို ယုံကြည်စိတ်ချခဲ့တယ်နော်၊ ကဲ....ခု ခင်ဗျားကိုလုံးဝ

လူသစ်စိတ်သစ်ဖြစ်အောင်လုပ်ပေးဖို့ ယုံကြည်စိတ်ချ လိုက်ပေတော့'

'ခုချိန်မှာ ကျွန်မအတွက် တစ်ခုတည်းရှိတဲ့ မျှော်လင့်ချက်ဟာ ရှင်ပါပဲမိုက်ရယ်၊ ကျွန်မကိုချစ်ပါနော်၊ ရှင့်ကို သူချေမှုန်းခွင့် မပေးနဲ့နော်'

မိုက်၏အနမ်းကို သူက တုံ့ပြန်ခြင်းမရှိ။ ထိတ်လန့်မှု၊ စိုးရိမ်မှုတို့က လွှမ်းကဲလွှမ်းနေသည်။နောက်တော့လည်း သူက မိုက်အား ပြန်ပြီးဖက်လိုက်၏။

* * *

သူတို့သည် အကြီးအကျယ်ခြောက်ကပ်နေသည့် ဝါရှင်တန်မြို့တော်ကြီးသို့ နေဝင်မီ ပြန်လာခဲ့ကြ၏။

'အပေါ်ကိုလိုက်ခဲ့ဦးမယ်လို့ မပြောနဲ့နော်'

ဂျက်နက်၏ကားနောက်တွင် သူတို့ကားကိုထိုးရပ်လိုက်တော့ ဂျက်နက်ကပြော၏။

'ကျွန်မက ရှင့်ကို ခဏနေရုံပဲခွင့်ပြုမှာ၊ လောလောဆယ်အချိန်မှာ ရှင်ကဲတာထက် ကျွန်မစဉ်းစားဖို့လိုအပ်နေတယ်'

'ကျွန်တော်သဘောပေါက်ပါတယ်၊ သရုတော် ဂျူလီယံဆီကို ဒီညဖုန်းဆက်ဖြစ်အောင်သာသက်၊ သူ့အနေနဲ့



ခင်ဗျားရဲ့သဘောတူချက်ကို မနက်ဖြန်မတိုင်မီ သိရမှဖြစ်မှာ'

'ကျွန်မ အခန်းထဲကိုရောက်ရောက်ချင်း ဆက်လိုက်ပါ့မယ်၊ စိတ်ချပါအချစ်ရယ်၊ ရှင့်လိုပဲ ကျွန်မကလဲ ဝိညာဉ်နှင်ပွဲကို အမြန်ဆုံးပြီးစေချင်နေတာပါ'

'မနက်ဖြန်ည ခုနှစ်နာရီလောက်ကျ ညစာစားဖို့ ဒီမှာလာခေါ်မယ်လေ၊ အင်္ဂါနေ့ညမှာ ဆေးဘက်ဆိုင်ရာ ညစာစားပွဲရှိနေလို့'

'ဗုဒ္ဓဟူးညဆိုပိုကောင်းမယ်၊ မနက်ဖြန်ညနေမှာ ကျွန်မအလုပ်များနေမယ်၊ အင်္ဂါနေ့လဲများမှာပဲ၊ စနေနေ့က အချောမှသာတ်ဖြစ်တဲ့ဆောင်းပါးကို ဆက်ကိုင်ရဦးမယ်'

မိုက်က အိမ်သို့ကားကိုဖြည်းဖြည်းမောင်းရင်း ရှပ်အင်္ကျီအိတ်ထဲမှ ကြေမွနေသောစာရွက်ပိုင်းကလေးတစ်ခုကိုထုတ်ယူသည်။ သည်စာရွက်ပိုင်းကလေးမှာ မနေ့ညက လင်းဝတ်ထားသည့် ဘလောက်စ်အင်္ကျီအိတ်ထဲမှ ထွက်ကျနေခြင်းဖြစ်၏။ သည်မနက် အဆိုပါ အဝတ်ဟောင်းများကို လျှော်ရမည့်ခြင်းတောင်းထဲသို့ ထည့်ရန်ကောက်ယူရင်း သည်စာရွက်ကလေးကို တွေ့ခဲ့ရခြင်းပင်။

မိုက်သည် တိုစဉ်ကတည်းက စာရွက်ကလေးကို သေသေချာချာ ကြည့်ခဲ့၏။ သို့သော် ယခု သူ့အိမ်အောက်ရှိ ကားရပ်သည့်နေရာတွင် ကားထိုးရပ်ပြီးသည်နှင့် စာရွက်ကလေးကို ပြန့်သွားအောင်ဖြန့်လိုက်၏။ ပြီးတော့ စာရွက်ပေါ်တွင်

ရေးထားသည့်စာလုံးများကို နောက်တစ်ကြိမ်ထပ်ဖတ်ကြည့်လိုက်သည်။

'အောင်မြင်သောနေ့....အင်္ဂါ၊ နံနက်ဆယ်နာရီ'

ဘယ်သူ့လက်ရေးနှင့်မှ မှားစရာမရှိ။ ရင်သားခွဲစိတ်ပြုပြင်မှုပြုရန် ခွင့်ပြုလွှာပေါ်တွင် လက်မှတ်ထိုးခဲ့သည့်လက်ရေး။ သို့မဟုတ် လင်း၏လက်ရေး။ ရက်စွဲတစ်ခု ဆက်ရေးထားသေးသည်။ သို့သော် ဖျက်ထားသည်။ သည်တော့ ရက်စွဲကို တိတိကျကျဖတ်လို့မရ။ ထိုနောက်တွင်မှ 'ဆယ့်ငါးမိုင်အကွာအဝေး' ဟူသော စာလုံးများ။

လင်းသည် စည်းဝေးပွဲအတွင်း ပြောဆိုသည့်စကားတွေထဲမှ မှတ်စရာရှိသည်တို့ကို တွန့်ကြေနေသော လေးထောင့်ရှည်ရှည် စာရွက်ကလေးပေါ်တွင်ရေးမှတ်ပြီး အင်္ကျီအိတ်ထဲ ထည့်ထားခဲ့တာထင်ရှားသည်။ မိုက်က ထိုညကအဖြစ်အပျက်များကို ပြန်စဉ်းစားကြည့်သည်။ သူသည် 'ဆယ့်ငါးမိုင်' ဟု ပြောသော ယောကျ်ားတစ်ယောက်၏အသံကိုကြားခဲ့သည်။ သည်အသံကို သူကြားဖူးနေ၏။ သို့သော် ဘယ်သူ့အသံရယ်လို့ တိတိကျကျမပြောနိုင်။

အင်နာပိုလစ်တွင် ညစာစားကြတုန်းက လင်းသည် မကောင်းမှုတစ်ခုခုကို ပြုလုပ်ဖို့ကြံစည်နေသည်ဟု ဂျက်နက်က ပြောခဲ့၏။ ယခု စာရွက်ကလေးပေါ်တွင် ရေးမှတ်ထားသည့် အချက်များသည် ယင်းမကောင်းမှုနှင့်ပက်သက်နေနိုင်သည်။ သို့သော် ဘာမျှ ရေရေရာရာမရှိ။ အင်္ဂါနေ့တစ်နေ့၏



နံနက်ဆယ်နာရီတစ်ခုခုဖြစ်ဖို့တော့ အလားအလာ ရှိသည်။ သို့သော် ဘာဖြစ်မည်ကိုမခန့်မှန်းနိုင်။

နောက်တစ်နာရီခန့်အကြာတွင် ဆရာတော်ဂျူလီယံက ဖုန်းဆက်သည်။

'ဒကာလေးရဲ့ဇနီးလောင်းက ဝိညာဉ်နှင်ခြင်းကို လိုလိုချင်ချင် လုပ်ချင်ပါသေးတယ်လို့ အကြောင်းကြားတယ်၊ သူဆက်တုန်းမှာပဲ ကျုပ် သူ့ကိုညွှန်ကြားချက်တွေပေးလိုက်တယ်၊ ဒီတော့ ဒကာလေးအနေနဲ့အဆင်ပြေမယ် ဆိုရင် ကျုပ်တို့ ဒကာလေးရဲ့ရိပ်သာမှာဆုံကြမယ်၊ ဆုံမယ့်နေ့က အလုပ်သမားနေ့အလွန် စနေနေ့မနက်စောစောဖြစ်မယ်'

'ဒါဆို ဆရာတော်စီစဉ်ထားတဲ့နေ့ထက် တစ်ပတ်စောတာပေါ့နော်'

'ဟုတ်တယ်၊ ကျုပ်အစီအစဉ်ဆွဲထားတဲ့ တခြား ဝေဒနာသယ်တစ်ယောက်က ကားတိုက်မှုဖြစ်ပြီး ဆေးရုံရောက်နေတယ်လေ၊ မီးစ်ဘတ်ကမြန်မြန်လုပ်ဖို့ စိတ်အားသန်နေတယ်၊ ဒါနဲ့မနေ့ကနေနှစ်ပတ်ပြည့်တဲ့နေ့မှာပြုလုပ်ဖို့ သူ့ကိုရက်ချိန်းပေးလိုက်တယ်'

'ဂျက်နက်ကို အဲဒီနေ့မတိုင်မီ တစ်ညကြိုပြီး ရောက်နေအောင် တပည့်တော်ကိုယ်တိုင် ခေါ်လာခဲ့ပါ့မယ်၊ ဒေါက်တာ မက်ကာသီကကော'

'ခုလေးပဲ ကျုပ်ဆီ ဆက်လိုက်တယ်၊ သူလဲအားပါတယ်၊ အဲဒီနေ့မနက်ကျရင် သူက ကျုပ်နဲ့ ကျုပ်လက်ထောက်တွေကို ခေါ်ပြီး လာကြမယ်'

'ကျေးဇူးတင်ပါတယ် ဆရာတော်၊ ဒီကိစ္စ အောင်မြင်သွားတာဟာ တပည့်တော်ရဲ့ ရင်ထဲက ဝန်ထုပ်ကြီးကို လွှဲပေးလိုက်ရသလိုပါပဲ'

'ဒါဆို အဲဒီနေ့မနက်မှ တွေ့ကြတာပေါ့၊ ဒကာလေးရဲ့ ချစ်သူ ရောဂါပျောက်ကင်းပါစေလို့ ဘုန်းကြီးဆုတောင်းပေးပါတယ်ကွယ်'

နောက်ပြီး မိမိချစ်သူ၏ ကိုယ်ခန္ဓာကို အပိုင်စီးထားသူက ဒုစရိုက်မှုတစ်ခုခုကျူးလွန်ဖို့ ကြံစည်နေသည်ကို တားဆီးနိုင်အောင်ဆုတောင်းပေးပါ ဆရာတော်။ ဒုစရိုက်မှုကျူးလွန်ဖို့ သူတို့စီစဉ်ထားသည့်နေ့သည် ယမန်နေ့မှစ၍ ရေတွက်သော် သီတင်းပတ်နှစ်ပတ် ပြည့်သည့်နေ့ထက် နောက်ကျပါစေဟုလည်း ဆုတောင်းပေးပါ ဆရာတော်။

မိုက်က သူ၏ ဆုတောင်းကို ရင်ထဲမှကျိတ်ပြီး ဆုတောင်းနေမိ၏။

# ၄၇။

အင်္ဂါနေ့နံနက်ပိုင်း ကုန်လွန်သွားသည်။ မှတ်စု စာရွက်ကလေးပေါ်တွင် လင်းရေးမှတ်ထားသည်မှာ 'အင်္ဂါနေ့၊ နံနက်ဆယ်နာရီ'ဖြစ်၏။ သို့သော်...သည်နေ့တော့ ဘာမျှ ထူးထူးခြားခြား ဖြစ်မလာ။ သည်တော့မှ မိုက်မှာ သက်ပြင်းချနိုင်သည်။

ထိုနေ့ မွန်းလွဲပိုင်း တစ်ချိန်လုံး မိုက် အလုပ်များနေသည်။ သူ ဖတ်ကြားမည့် စာတမ်းတစ်စောင်အတွက် နောက်ဆုံး ပြင်ဆင်မှုများ လုပ်နေရသည်။ သည်ည 'ပစ်မယ်လီယံ' ကောလိပ်တွင် သုံးလတစ်ကြိမ် ပြုလုပ်သောဝါရှင်တန် အနဒြေ စိုက် အထူးကု ဆရာဝန်များ ညစာစားပွဲရှိသည်။ ညစာစားပွဲမတိုင်မီ မိုက်က စာတမ်းတစ်စောင် တင်ပြရမည်။

သူ့တင်ပြချက်သည် ဂျက်နက်၏ ကျိုးကြေ ပျက်စီးသွားသော သွင်ပြင်လက္ခဏာများကို ပြန်လည်ပြုပြင်တည်ဆောက်ခြင်းအပေါ် အခြေခံ ထားသည်။ တင်ပြချက် များကို အထောက်အကူ ပြုနိုင်ရန် ရောင်စုံ ဆလိုက်များဖြင့် ပံ့ပိုးထားသည်။ နောက်ပိုင်းဆွေးနွေးချက်များမှာရှည်လျားပြီး အချိန်ညောင်းသွားသည်။ အချို့ ဆရာဝန်များက တာဝန်မဲ့ ကုသမှုဖြင့် အစွပ်စွဲခံရမည့် အန္တရာယ်ကို အလေးထားဆွေးနွေးကြသည်။

သူ့အခန်းသို့ပြန်ရောက်တော့ ဆယ့်တစ်နာရီ ကျော်နေပြီ။ သူက ဂျက်နက်ဆီသို့ဖုန်းဆက်ပြီး ဆွေးနွေးပွဲအကြောင်း ပြောပြဖို့ စိတ်ကူးသေးသည်။

သို့သော် မနက်ဖြန်ည ညစာစားကြမှ ပြောပြမည်ဟု ဆုံးဖြတ်လိုက်သည်။

ဗုဒ္ဓဟူးည ခုနစ်နာရီတွင် ဂျက်နက်၏ အခန်းသို့ ရောက်သွားသည်။ လူခေါ်ခေါင်းလောင်းကို နှိပ်သည်။ ဖြေမည့်သူမရှိ။ သို့ဖြင့် ဂျော့စတန်းဖီး၏အခန်းရှိရာ အောက်ထပ်သို့ ဆင်းခဲ့သည်။ ဂျော့စတန်းဖီးလည်း သူ့အခန်းမှာ မရှိ။ ဂျက်နက်နေမကောင်း ထိုင်မကောင်းများ ဖြစ်နေသလားမသိ။ မိုက်သောကပွားလာသည်။

သို့ဖြင့် တိုက်စောင့်ကြီးကို ရှာသည်။ တိုက်စောင့်က သူ့ကို သိနေသည်။ သူတို့နှစ်ယောက် ဂျက်နက်၏ အခန်းကို သော့တူဖြင့် ဖွင့်ကြသည်။ အခန်းထဲမှာ ဘာမျှ ခြေရာလက်ရာ မပျက်။ အားလုံးနေသားတကျ ရှိသည်။ မရှိသည်မှာ



ဂျက်နက်သာဖြစ်သည်။ နောက်ပြီး တိုက်အောက်ရှိ ကားထားသည့် နေရာတွင် သူ့ကားမရှိခြင်း။

ခုတော့ မိုက်တကယ်ပင် စိတ်ပူလာပြီ။ သူ့ အခန်းသို့ ပြန်ခဲ့၏။ ဂျက်နက် ဖုန်းဆက်လေမလားဟူသော မျှော်လင့်ချက်ဖြင့်။ သို့သော်.... သူ၏ တယ်လီဖုန်း ဖြေစက်ထဲတွင် ဘာသတင်းမျှမရှိ။

သည်တော့ သူကဆေးရုံအရေးပေါ်ဌာနများသို့ လှမ်းဆက်သည်။ လမ်းမှာ မတော်တဆ ကားတိုက်မှုဖြစ်ပြီး သတိမေ့နေလေသလားဟူသော မှန်းဆချက်ဖြင့် စုံစမ်းခြင်း။ မြို့တော်ရှိ အလုပ်အများဆုံးဆေးရုံသုံးရုံတွင် စုံစမ်း၍မရ။ နောက်ဆုံးတွင် အဖွဲ့သို့ ဆက်မှဖြစ်တော့မည်ဟု စဉ်းစားသည်။ ထိုအခိုက်မှာပင် တယ်လီဖုန်းခေါ်သံ မြည်လာသည်။ ဆက်သူမှာ ဂျက်နက်။

'ခင်ဗျား ဘယ်ရောက်နေလဲ'

ဂျက်နက်က သူ့နာမည်ကို ခေါ်လိုက်သည်နှင့် မိုက်က မေးလိုက်၏။

'လွန်ခဲ့တဲ့ နာရီဝက်လုံးလုံး ကျွန်တော် ဆေးရုံအရေးပေါ် ဌာနတွေကို လျှောက်ဆက်ပြီး စုံစမ်းနေတာ'

'ကျွန်မ ဗစ်စစ်ဘာဂ်တာမှာ၊ သိတယ် မဟုတ်လား၊ ယူနီယံဘူဘာပေါင်းလေ၊ ကျွန်မကို ရဲအဖွဲ့က ဖမ်းထားတယ်'

'ဘာအမှုနဲ့လဲ'

'ကျွန်မကိုဖမ်းတဲ့ ရဲအရာရှိကိုယ်တိုင်လဲ မပြောနိုင်သေး
ဘူး'

သူ့အသံကို အကဲခတ်ခြင်းဖြင့် သူငိုတော့မလို ဖြစ်နေ
သည်ကို သိသာသည်။

'သိတယ်မဟုတ်လား၊ ဒီကိုဘယ်လိုဖြစ်ပြီး ရောက်လ
တယ်ဆိုတာ ကိုယ့်ဘာသာကိုယ်ကို မသိဘူး'

'လင်းလား'

'ဒါပဲဖြစ်မှာပေါ့၊ ကျွန်...ကျွန်မ ဒီနေ့သတိလစ်သွာ
တယ်လေ၊ မနက်စာစားပြီးတဲ့နောက်ပိုင်း ဘာတွေဖြစ်တ
ဆိုတာ ဘာမှ မမှတ်မိတော့ဘူး'

'ရဲအရာရှိတွေကို ပြောပြလေ၊ ကျွန်တော်ဟာ ခင်ဗျ
ဆရာဝန်လို့ ခင်ဗျားဟာ ကျွန်တော့်ရဲ့ဆေးကုသမှုကို ခံ
နေတယ်လို့၊ ကျွန်တော်ကရဲအဖွဲ့ရဲ့ အရန်ဆရာဝန်ပဲ၊ ဒီတေ
ရဲအဖွဲ့ရဲ့ ထိပ်တန်းဆရာကြီးတချို့ကို သိပါတယ်၊ အား
အဆင်ပြေသွားမှာပါ'

'ကောင်းပါပြီ၊ မြန်မြန်လာနော်'

နောက် ဆယ့်ငါးမိနစ်အကြာတွင် မိုက်က ပေါ့ရှ်က
ကို ကြီးမားခန့်ထည်လှသော ယူနီယံ ဘူတာရုံကြီးရှေ့
သို့သန့် ကားရပ်ကွင်းတွင်ရပ်သည်။ ယခုအခါတွင် ယူနီ
ဘူတာကြီးသည် ခရီးသည်တင် ရထားများ အဝင်အထွ
သိပ်မရှိတော့။ သည်ဘူတာကြီးကို နှည့်သည်များ တည်
စခန်းအဖြစ် အသွင်ပြောင်းပစ်ခဲ့သည်မှာ မကြာလှသေ



သည်ဘူတာကြီးက အိမ်ဖြူတော်၊ ကက်ပီတော်တောင်ကုန်း
နှင့်လည်းနီးသည်။

ရဲခန်းကို သိပ်ခက်ခက်ခဲခဲ မရှာရ။ သူဝင်သွားတော့
ဂျက်နက်က တရှုံ့ရှုံ့ ငိုရင်း သူ့ကိုပြေးဖက်သည်။

'ဦးလေးရော့ဂျာက ကနေဒါကိုရောက်နေတယ်၊ ရှင့်ကို
သာ ဆက်သွယ်လို့မရရင် ကျွန်မ ထောင်ထဲသွားရမှာ'

ဂျက်နက်အား ထိန်းသိမ်းထားသူမှာ တုတ်တုတ်ခိုင်ခိုင်
ရဲအရာရှိတစ်ဦးဖြစ်၏။ သူ့ရုပ်သွင်ကိုကြည့်ရုံဖြင့် အိုင်းရစ်
လူမျိုးဖြစ်မှန်းသိသာသည်။

'ကောင်းသောညနေချမ်းပါ ဒေါက်တာ၊ ကျွန်တော်က
စခန်းမှူး ဂျယ်ရယ်အို ဖလန်နဂန်ပါ'

'ကျွန်တော်ခင်ဗျားကို မှတ်မိတယ် စခန်းမှူး၊ ကျွန်
တော့်လက်ထောက်ခွဲစိတ်ကု ဆရာဝန်အဖြစ်နဲ့ အရေးပေါ်
လုပ်ထုံးလုပ်နည်းများသင်တန်းပို့ချတုန်းက ခင်ဗျားကို သင်
တန်းတစ်ခုမှာ တွေ့ခဲ့ဖူးတယ်လေ၊ မိုးစ်ဘတ်က ကျွန်တော့်
လူနာလေ၊ ပြီးတော့ ကျွန်တော့် အမျိုးသမီးပါ'

'ဆရာ့ကျွမ်းကျင်မှုအရည်အသွေးနဲ့ ဆရာ့မှန်ကန်တဲ့ရွေး
ချယ်မှုအတွက် ရတဲ့ ဆုကောင်းလာဘ်ကောင်းတစ်ခုလို့ပြော
လို့ရပါတယ် ဒေါက်တာ၊ ကျွန်တော်သူ့ကို ဘူတာပလက်
ဖောင်းနဲ့ တစ်မိုင်လောက်ဝေးတဲ့ လိုက်ခေါင်းပေါင်းကြီး
ထဲမှာ တွေ့ရတယ်၊ အဲဒါ ဘာသွားလုပ်တာလဲဆိုတာ ရှင်း
မြင် ... ပေး... ား ဆရာ'

'ဒါပေမယ့် ကျွန်မမှမသိဘဲ၊ ကျွန်....ကျွန်မ သိတော့ အဲဒီအထဲမှာ ကျွန်မ ရပ်နေတယ်၊ လုံခြုံရေးအစောင့်က ကျွန်မမျက်နှာကို လက်နှိပ်ဓာတ်မီးနဲ့ထိုးတယ်'

'သူကတော့ ဒီဇာတ်လမ်းပဲပြောမှာပဲ ဒေါက်တာ' အိုဖလန်နဂန်က စိတ်ရှည်လက်ရှည် ပြော၏။

'ပြောမှာမဟုတ်ဘူး စခန်းမှူး၊ ပြောနိုင်တာမီးစ်ဘတ်ဟာလေယာဉ်ပျက်ကျတုန်းက ဦးခေါင်းမှာ ပြင်းပြင်းထန်ထန် ဒဏ်ရာရခဲ့တယ်၊ အဲ့ဒီနောက်ပိုင်း သူဟာ မှတ်ဉာဏ်ကွယ်ကွယ်သွားတဲ့အဖြစ်ကို မကြာမကြာ ခံစားနေရတယ်၊ တဖြည်းဖြည်းတော့ သက်သာလာပြီ၊ ဒါပေမယ့် တစ်ခါတစ်ခါ အဲဒီလိုဖြစ်သွားရင် အတော်စိတ်ညစ်စရာ ကောင်းတာကလား'

'သူ တ်ပိုင်းဆိုင်ရာ ကုသမှုကော ခံယူနေပါသလား'

'ဟုတ်ကဲ့၊ တက္ကသိုလ်ဆေးခန်းက ဒေါက်တာ ရမ်းဒေါမက်ကာသီနဲ့ ကုသနေပါတယ်၊ သူက သက်သေခံ....'

'ဆရာ့စကားနဲ့ပဲ လုံလောက်ပါပြီ ဒေါက်တာ ကန်း၊ ဆရာ့အမျိုးသမီးကို ဆရာ့အုပ်ထိန်းမှုအောက်ကိုလွှဲပြောင်းပေးဖို့ ကျွန်တော်ပဲတာဝန်ယူလိုက်ပါမယ်'

'သူ တရားရုံးမှာ ရင်ဆိုင်ရဦးမှာလား'

'သူ့ကို တရားစွဲမယ်ဆိုရင် အကြီးဆုံးဖြစ်မှုက ပိုင်နက်ကျူးလွန်မှုပဲ၊ ဒါပေမယ့် သူ့ကိုတွေ့တာကလဲ ဘူတာရုံမှာဆိုတော့ အဲဒီဖြစ်မှုနဲ့ တရားစွဲဖို့ခက်တယ်၊ သူမှတ်ဉာဏ်ကွယ်နေတဲ့ အနေအထားမျိုးနဲ့ ရထားအဝင်အထွက်ရှုပ်တဲ့



လိုဏ်ခေါင်းမျိုးမှာ ရောက်မနေတာ အများကြီးကို ကံကောင်းတယ် ဆရာ'

မိုက်က ရဲမှတ်တမ်းတွင် လက်မှတ်ထိုးပေးပြီး ဘူတာရုံဟောင်းကြီးထဲမှ ထွက်ခဲ့ကြ၏။

'ခင်ဗျားကား ဘယ်မှာလဲဆိုတာရော သိလား၊ ခင်ဗျားတိုက်ရဲ့ အောက်မှာတော့ မရှိဘူး'

'မ....မသိဘူး မိုက်၊ နောက်ဆုံးမှတ်မိတာက မနက်စာစားပြီး ပန်းကန်တွေကို ကြွေခွက်ထဲ ထည့်လိုက်တာပဲ၊ မနေ့ညက ရန်းဒေါနဲ့ ကျွန်မတို့ ညဉ့်သန်းခေါင်ထိ အလုပ်လုပ်ကြတယ်၊ ကျွန်မ အိမ်ပြန်တော့ သူ ဇာတ်အတင်း လိုက်ပို့သေးတယ်၊ ဒါပေမယ့် အိမ်က ပြန်ထွက်တာ လုံးဝ မမှတ်မိတော့ဘူး'

'ကားရပ်တဲ့ ရုံတစ်ရုံ ဒီနားလေးမှာရှိတယ်၊ ခင်ဗျား လက်ကိုင်အိတ်ထဲ ကြည့်ပါဦး၊ ကားရပ်လက်မှတ်များထည့်ထားသလားလို့'

လက်မှတ်မှာ အိတ်ထဲတွင် ရှိနေသည်။ ရုံထဲသို့ဝင်သည့်အချိန်ကို ညနေ ၆း၃ဝ ဟု တံဆိပ်နှိပ်ထားသည်။ မှတ်စုများရေးသည့် စာရေးစက္ကူအုပ်ကလေးကို ကြည့်သည်။ ထိုအထဲတွင် သူ တမ်နေ့ကသွားသည့် မိုင်အကွာအဝေးပြ ဒိုင်ခွက်တွင် ပေါ်နေသည့် မိုင်အရေအတွက်ထက်ငါးဆယ်လောက် လျော့နည်းနေသည်။

'ကြည့်ရတာ လင်းကတော့ ထုံးစံအတိုင်း လုပ်လိုက်ပြန်ပြီနဲ့ တူတယ်၊ ခင်မျှား နေ့လယ်ကနေ ခြောက်နာရီခွဲအတွင်း ဘယ်သွားတယ်၊ ဘာလုပ်တယ်ဆိုတာတွေကို အိပ်မက်မက်သလို ဝိုးတိုးဝါးတား မှတ်မိနေတာ မရှိဘူးလား'

'ဘာမှ မမှတ်မိဘူး၊ မှတ်မိတာတစ်ခုပဲ ရှိတယ်၊ လုံခြုံရေးအစောင့်က ကျွန်မမျက်နှာကို လက်နှိပ်ဓာတ်မီးနဲ့ ထိုးပြီး 'ရပ်' လို့ အော်လိုက်တယ်၊ အဲဒီလိုအော်ပြီး ခဏကလေးအတွင်း ဘေးကလိုဏ်ခေါင်းထဲကို ဝင်သွားတဲ့လူတစ်ယောက်ရဲ့ နောက်ကျောကို တွေ့လိုက်ရတယ်'

'အစောင့်ကကော အဲဒီလူကို မြင်သလား'

'မြင်မယ် မထင်ဘူး....ဒါပေမယ့် ကျွန်မမြင်တယ်၊ အဲဒီလူဟာ ရော်ဂျာကိုဗင်ပဲ'

'သေချာရဲ့လား'

'လုံးဝသေချာတယ်၊ ကျွန်မ သူ့မျက်နှာကို ကောင်းကောင်း မြင်လိုက်ရတယ်'

'အဲဒါ ဘာအဓိပ္ပာယ်လဲဆိုတာ ခင်ဗျား သိတယ်မဟုတ်လား၊ ဟိုတစ်ခါ သတိလစ်သွားတုန်းက ကိုဗင်နဲ့ တူတဲ့လူတစ်ယောက်နဲ့ ခင်ဗျားကို တွေ့ရတယ်လို့ အာရှံသီအမြင်နဲ့ ရန်းဒေါပြောတာလေ'

ဂျက်နက် ဖြည်းလေးစွာ ခေါင်းညိတ်၏။

'အဲဒီကုန်းကလဲ သူပဲဖြစ်မယ်၊ အဓိပ္ပာယ်က သူတို့ချင်း

ည ည်းက တွေ့ဖူးတာ ဖြစ်မယ်၊ လင်း ကြံစည်နေတဲ့



ကိစ္စနဲ့ ပတ်သက်နေနိုင်တယ်၊ ဒီတော့ ကျွန်မတို့ ဘာလုပ်ကြမလဲ မိုက်၊ ကျွန်မတို့ သူ့ကိုတားဆီးဖို့ ကြိုးစားရင် သူဟာ ကျွန်မတို့ကို ကောင်းကောင်း ကွက်ကျော်ရိုက်သွားမှာပဲ'

'ကျွန်တော်တို့ကိုတော့ ဟုတ်တယ်၊ ဒါပေမယ့် အမေရိကန် ပြည်ထောင်စုအစိုးရကိုတော့ ကွက်ကျော်ရိုက်နိုင်မယ် မထင်ဘူး'

မိုက်က ဂျက်နက်၏ကားကို တယ်လီဖုန်းရုံတစ်ခု အနားတွင် ရပ်လိုက်၏။

'ခင်ဗျား အက်ဖ်ဘီအိုင်ရုံးကို ကျွန်တော့်နောက်ကနေ ကားမောင်းပြီး လိုက်လာနိုင်မလား၊ ကံအားလျော်စွာ စုံထောက်ကြီးစတာက်ဖို့ အချိန်ပို အလုပ်လုပ်နေတာ တွေ့လို တွေ့ငြားပေါ့'

'ကျွန်မ ရှင်နဲ့ အတူရှိနေသရွေ့ ဘာမဆို လုပ်လို့ ဖြစ်တယ်'

'ကဲ....ခုချိန်ကစပြီး လုပ်ပေတော့'

ပြောပြီး သူက တယ်လီဖုန်းရုံသို့သွားသည်။

စတာက်ပို၏ ရုံးခန်းထဲသို့ ရောက်တော့ လွန်ခဲ့သည့် စနေ၊ တနင်္ဂနွေတွင် ကြုံတွေ့သိကြားရသမျှကို မိုက်က ဇာတ်စုံခင်းပြသည်။ သို့သော် လင်းနှင့်၊ နောက်ပြီး ဂျက်နက်နှင့် သူနှင့် ဖြစ်ခဲ့သည့် ကိုယ်ရေးကိုယ်တာကိစ္စများကိုတော့ချန်လှပ်ထားခဲ့သည်။ မိုက်က လင်း၏ ဘလောက်စ်အင်္ကျီထဲမှ ထွက်ကျနေ

သည့် မှတ်စုစာရွက်ကလေးကိုဖြန့်ပြီး စားပွဲပေါ် တင်ပေးလိုက်၏။ ဂျက်နက်က ခါးကိုင်းပြီး စာရွက်ကလေးကို အနီးကပ် ကြည့်သည်။

'ဒါ လင်းရဲ့လက်ရေးပဲ၊ ရှင် မမှတ်မိဘူးလား မိုက်းဆေးရုံက ခွင့်ပြုလွှာပေါ်မှာ လက်မှတ်ထိုးတာလေ'

'ဒီလက်ရေးကိုမြင်မြင်ချင်းမှတ်မိတာပေါ့ဗျာ၊ ပါမောက္ခလိုင်ဘိုဝစ်က ခြားနားမှုကို ထောက်ခံပါလိမ့်မယ် စုံထောက်ကြီး'

'ကျွန်တော်တို့ လက်ရေးနဲ့ပတ်သက်တဲ့ ကိစ္စတွေအတွက် ပါမောက္ခကြီးကို မကြာမကြာအကူအညီတောင်းခဲ့ပါတယ်၊ ဒီစာရွက်ကိုလဲ သူ့ကို ပြကြည့်ပါ့မယ်'

စတက်ဖို့က အဆိုပါစာရွက်နှင့် အရွယ်အစား အတူလောက် ရှိသည့် မှတ်စုစာအုပ်ကလေးကို စားပွဲအံဆွဲထဲမှ ထုတ်ယူပြီး ဂျက်နက်အား ပေးသည်။

'ကျေးဇူးပြုပြီး ဒီအပေါ်မှာရေးထားတဲ့အတိုင်း ခင်ဗျား လက်ရေးနဲ့ ကူးပေးပါလား မီးစ်ဘတ်၊ ဒါမှလက်ရေးနှစ်မျိုးကို ပါမောက္ခကြီး ယှဉ်ကြည့်နိုင်မယ်လေ'

ဂျက်နက်က ကူးပေးသည်။ စုံထောက်ကြီး စတက်ဖို့က အခြားစာရွက်စာတမ်း တစ်ဒါဇင်လောက် ထည့်ထားသည့် ဖိုင်တွဲထဲသို့ ထပ်ထည့်လိုက်၏။

'ကျွန်တော်တို့ ဘာမှမလုပ်ဘဲ ငုတ်တုတ် ထိုင်မနေပါဘူး ဒေါက်တာ၊ မီးစ်ဘတ်ကို မကောင်းဆိုးဝါး ဝိညာဉ်...ဖြစ်



နိုင်ခြေရှိတာက လင်းတော်လ်မင်းရဲ့ဝိညာဉ် ပူးကပ်နေတယ် ဆိုတာတောက်ခံတင်ပြလွှာတစ်စောင်ဆရာတော်အိုမီယာရာဆီက ရထားတယ်'

သူက ပြုံးနေသည်။ မဆိုစလောက်ကလေး မဲ့နေသော အပြုံး။

'ပြောရမယ်ဆိုရင်တော့ ဒီလိုထောက်ခံ တင်ပြလွှာမျိုးကို အက်ဖ်ဘီအိုင် မှတ်တမ်းထဲမှာ ထည့်တာ ဒါဟာ ပထမဆုံး အကြိမ်ပဲဗျ'

'ဒါဆို ဒါဟာ အချက်အလက်တစ်ခုလို့ ခင်ဗျားလက်ခံတယ်ပေါ့'

'မီးစ်ဘတ်ဟာ လူနှစ်ယောက်လို ပြုမူနေထိုင်တယ်ဆိုတာကို ကျွန်တော် လက်ခံတယ်'

'ဒါပေမယ့် တမင်လုပ်တာ မဟုတ်ဘူးနော်'

'အဲဒီသဘော သက်ရောက်တဲ့ ဒေါက်တာ မက်ကာသီရဲ့ ထောက်ခံ တင်ပြလွှာတစ်စောင်လဲ ဖိုင်ထဲမှာ ရှိနေပါပြီ'

'ဘယ်လိုပြစ်မှု ရှင်ယုံမှာလဲ စုံထောက်ကြီး၊ အသူသဖြင့် ဘူတာရုံမှာလောလောလတ်လတ်ပြဿနာဖြစ်ခဲ့ပြီးတဲ့နောက်မှာလေ'

'ကျွန်တော်က အမြင်ကျယ်ကျယ်ထားတယ်လို့ပဲဆိုပါစို့ဗျာ၊ ခင်ဗျားရော ကတိပြုလွှာပေးမလား၊ ရော်ဂျာကိုဗင်ကို လိုက်ခေါ်ခဲ့လဲမှာ မြင်လိုက်ရတယ်ဆိုတာရယ်၊ ခင်ဗျားကို

လုံခြုံရေး အစောင့်ကို တွေ့သွားချိန်အထိ ဆူဟာ ခင်ဗျားနဲ့ အတူ ရှိနေနိုင်စရာအကြောင်းရှိတယ် ဆိုတာကိုလေ'

'နောက်ပိုင်းကိစ္စ မပါဘူး'

မိုက် ကမန်းကတန်း ဝင်ပြောသည်။

'ဂျက်နက်ဟာ အဲဒီနေရာကို ဘယ်လို ရောက်သွားတယ်၊ ဘယ်သူနဲ့ရှိနေတယ်ဆိုတာကို မှတ်မိတာမဟုတ်ဘူး၊ လုံခြုံရေး အစောင့်က သူ့ကို တွေ့သွားပြီး ခဏလေးအတွင်း ရော်ဂျာကိုဗင်ဟာ လိုဏ်ခေါင်းခွဲထဲကို ဝင်ပြီး ပျောက်သွားတာကို တွေ့လိုက်ရတယ်ဆိုတာကိုပဲ မှတ်မိတာ'

'ကောင်းပြီလေ၊ အဲဒါကိုပဲ လုပ်ကြတာပေါ့'

စကက်ဖို့ သဘောတူလိုက်၏။

'အဲဒီလို ဖြစ်နေမှတော့ ခင်ဗျား ကိုဗင်ကို မဖမ်းနိုင်ဘူးလား'

'အခြေအနေအရပ်ရပ်ကို စဉ်းစားကြည့်ရင် ကျွန်တော်တို့ သူ့ကို မဖမ်းနိုင်ဘူး၊ စခန်းမှူး ဒိုဖလန်နဂန် ဒီညမီးစ်ဘတ်ကို ဖမ်းမထားနိုင်သလိုပေါ့ဗျာ၊ ကိုဗင်ကလဲ လိုဏ်ခေါင်းခွဲထဲမှာ လမ်းပျောက်တဲ့ အပြစ်လောက် ရှိတာပဲ'

မိုက်က ဦးနှောက် ခြောက်သွားဟန်ဖြင့် လက်နှစ်ဖက် မြှောက်ပြလိုက်၏။

'တစ်ခုခု ဖြစ်တော့မယ် ဆိုတာတော့ ထင်ရှားတယ်၊ အင်္ဂါနေ့မနက် ဆယ်နာရီမှာ ဖြစ်ဖို့များတယ်၊ နောက်ပြီး



ဒီကိစ္စမှာ ရော်ဂျာကိုဗင်ကော လမ်းပါ ပတ်သက်နေတယ်၊ ခင်ဗျား အဲဒီအတိုင်း ဖြစ်ချင်ရာဖြစ်ဆိုပြီး လက်ပိုက်ကြည့်နေတော့မှာလား'

'ကျွန်တော်တို့ ကိုဗင်ကို မျက်ခြည်မပြတ် စောင့်ကြည့်နေမှာပါ ဒေါက်တာ၊ ဒါပေမယ့် မီးစ်ဘတ်ကို မကောင်းဆိုးဝါး ဝိညာဉ်က ပူးကပ်နေတယ်ဆိုတာကို လက်ခံမယ့် တရားသူကြီးတစ်ယောက်ကို ရှာဖို့မလွယ်ဘူး၊ ရှာလို့ရပြီထားဦး၊ ရုပ်ဒြပ်မရှိတဲ့ အရာတစ်ခု၊ တစ်စုံတစ်ယောက်ကို ဘယ်လို လုပ် ထိန်းချုပ်မလဲ၊ အဲဒီ တစ်ယောက်က သူလုပ်ချင်ရာ လုပ်ဖို့ မီးစ်ဘတ်ရဲ့ ခန္ဓာကိုယ်ကို အသုံးပြုမှသာ ထိန်းချုပ်ရမှာပေါ့၊ ဒါတောင် ဘာတွေ ဖြစ်နေတယ်ဆိုတာကို မီးစ်ဘတ်က သိမှာမဟုတ်ဘူး'

မိုက်၏ ဦးနှောက်ထဲတွင် အလင်းတန်းကလေး ဝင်းခနဲ လက်သွားသည်။ သည်အလင်းတန်းဖြင့် ပုစ္ဆာများ၏ ဖြစ်နိုင်ခြေ အဖြေများကို ဖော်ထုတ်နိုင်မည်။ ထို့ပြင် ဂျက်နက်ကို ရှုပ်ထွေးလှသော လိုဏ်ခေါင်းပေါင်းစုံ၏ အတွင်းပိုင်းမှာ တွေ့ရသည်ဆိုကတည်းက အဖြေထွက်နေပြီးသားဖြစ်၏။

'ဒီယူဆချက်ကို နားထောင်ကြည့်၊ ပြီးရင် အဲဒီ ယူဆချက်ဟာ မဖြစ်နိုင်ဘူးဆိုတာ ကျွန်တော့်ကို အကျိုးနဲ့ အကြောင်းနဲ့ပြော၊ ခုဆိုရင် အရေးကြီးတဲ့ ဖြစ်ရပ် တစ်ခုဟာ ဖြစ်ဖို့သေချာသလောက် ဖြစ်နေပြီ၊ ဖြစ်နိုင်ခြေရှိတာက အကြမ်းဖက် ဗုံးခွဲမှုပဲ၊ ဘာဖြစ်လို့လဲဆိုတော့ လင်းတောလ်

မင်းနဲ့ သူ့ရဲ့ဂိုဏ်သားတွေဟာ အဲ့ဒီဘက်မှာအထူးကျွမ်းကျင်လို့ပဲ'

'ဒါပေမယ့် ဘယ်တော့ဖြစ်မှာလဲ၊ စာရွက်ထဲမှာဖော်ပြထားတာက အင်္ဂါနေ့ မနက်ဆိုတာပဲ ရှိတယ်၊ ခုဆို အဲ့ဒီမှတ်စုရေးပြီးတဲ့နောက်ပိုင်းမှာ အင်္ဂါနေ့တစ်နေ့ ကျော်သွားပြီလေ'

ဂျက်နက်ကပြော၏။

'ဒီဖြစ်ရပ်ဟာ မကြာခင် ဖြစ်ကိုဖြစ်ရမယ်၊ ဟုတ်ရင်သူတို့ ၆နေ့ညမှာ အစည်းအဝေးလုပ်ဖို့ လိုဦးမှာမဟုတ်ဘူး'

'အဲဒါ ယုတ္တိတန်ပါတယ်'

စတက်ဖို့က သဘောတူသည်။

'မကြာမီကာလအတွင်းမှာ ဝါရှင်တန်မှာ ရှုတ်ရှုတ်သဲသဲဖြစ်မယ်၊ ဗုံးဒဏ်ကြောင့် လူတွေခြေပြတ်လက်ပြတ်ဖြစ်မယ်၊ ဒါမှမဟုတ် သေကြေကြမယ်၊ အဲဒါဟာ အင်္ဂါနေ့မနက်မှာဖြစ်မယ်၊ အဲဒီနေ့ဟာ ဘယ်အင်္ဂါနေ့လဲ'

'အလုပ်သမားနေ့ ပြီးတော့ နောက်အင်္ဂါနေ့၊ အဲ့ဒါပဲဖြစ်ရမယ်'

ဂျက်နက် မြည်တမ်းလိုက်သည်။

'တစ်ဆိတ်ဆက်ပြောပါဦး ဒေါက်တာ'

စတက်ဖို၏အသံသည် တည်ကြည်လေးနက်နေ၏။

'ဒီတော့ ဝါရှင်တန်ရဲ့ နှလုံးအိမ်ကို ဖြိုခွဲဖို့နဲ့ အစိုးရအဖွဲ့ပျက်စီးဖို့အတွက် ဘယ်နေရာကို ဗုံးခွဲရင်ကောင်းမလဲ၊ ယူနီယံဘုတာရုံကြီးအောက်မှာ ဖောက်ထားတဲ့ ဥမင်လိုဏ်ခေါင်းစက်ပါထဲထက်ကောင်းတဲ့နေရာ ဘယ်ရှိတော့မလဲ'



'ခင်ဗျား ကောက်ချက်မှာ အားနည်းချက် နှစ်ချက်ကို ကျွန်တော်တွေ့ရတယ်၊ လင်းတောလ်မင်းရဲ့ အယူသီးဂိုဏ်းမှာ အာမန်ဒက်စကောဟာ ဗုံးဖောက်ခွဲရေး ကျွမ်းကျင်တဲ့လူ၊ ခု သူသေပြီဆိုတော့ အဲဒီဗုံးမျိုးကို ဂိုဏ်းသားတွေထဲက ဘယ်သူဆင်နိုင်မလဲ၊ ဒုတိယအချက်က ဗုံးအရွယ်အစားဟာ တော်တော်ကြီးမှဖြစ်မယ်၊ ဒီလောက်ကြီးတဲ့ဗုံးကို ဘေးလူမသိဘဲ ဥမင်လိုဏ်ခေါင်းထဲ ရောက်အောင် သယ်ဖို့ မလွယ်ဘူး'

'အနုမြူဗုံး အသေးစား တစ်လုံးကိုသုံးရင် ရနိုင်တာပေါ့'

'ဖြစ်နိုင်ပါတယ်၊ ဒါပေမယ့် အနုမြူဗုံးရဖို့ဆိုတာ သိပ်ခက်ခဲပါတယ်'

'အပေါ်ယံကြော ဖျတ်ခနဲ စဉ်းစားလိုက်ရင် ခက်မယ်ထင်သလောက် ခက်မှာမဟုတ်ပါဘူး၊ ခင်ဗျားတို့ လင်းတောလ်မင်းကို ဖမ်းနိုင်ခဲ့တယ်၊ ဘာဖြစ်လို့လဲဆိုတော့ လင်းတောလ်မင်းနဲ့ အာမန်ဒက်စကောတို့ ဂိုဏ်းတွင်း အာဏာလုပွဲကြောင့်ပဲ၊ ဟုတ်တယ် မဟုတ်လား'

'အဲဒီလိုပဲ ယူဆပါတယ်'

'ဒက်စကောဟာ လေယာဉ်တီး အတင်အချက်ဂိုယာမှာ ဒိုင်းနမိုက်တွေ ကပ်ဆင်ခဲ့တယ်၊ ဘာဖြစ်လို့လဲဆိုတော့ ဒါ

ဟာ သူအကျွမ်းဆုံး နည်းစံနစ်မို့လို့ပဲ၊ လင်းတောလ်မင်းရဲ့ ကိုယ်ထဲက မကောင်းဆိုးဝါးက ဂျက်နက်ရဲ့ကိုယ်ကိုပြောင်းပြီး ပူးကပ်တဲ့အခါ သူဟာ ဒက်စကောဲ့ကို မယုံတော့ဘူး၊ ဒီတော့ ဝါရှင်တန်ကို မျှားခေါ်ပြီး အပြတ်ရှင်းဖို့ အကွက်ဆင်ခဲ့တယ်၊ ဒါတွေအားလုံးရဲ့ အဓိပ္ပာယ်က လင်းအနေနဲ့ နောက်ထပ် ဖျက်ဆီးမှုတစ်ခုလုပ်ပြီး ကမ္ဘာကို ကိုင်လှုပ်မယ်ဆိုရင် နောက်ထပ် ဗုံးဖောက်ခွဲရေး ကျွမ်းကျင်သူ တစ်ယောက် ရှာရတော့မယ်၊ အဲဒီနောက် ကျွန်တော်က ဂျက်နက်ကို ကျွန်တော် ရိပ်သာကို ခေါ်သွားတော့ ရိပ်သာနဲ့ နီးနီးနားနားမှာပဲ ကျွမ်းကျင်သူတစ်ဦးကို တွေ့သွားတယ်၊ အဲဒီလူက ရော်ဂျာကိုဗင်ပဲပေါ့’

စတက်ဖို့က တွေတွေကြီး ဆက်ကြည့်နေတော့ မိုက်က ထပ်ဖြည့်ပြောသည်။

‘ကိုဗင်ဟာ အနုမြူဗုံး အသေးစားတစ်လုံး ထုတ်လုပ်နိုင်တဲ့ အနေအထားရှိတယ်၊ ဟုတ်တယ် မဟုတ်လား’

စုံထောက်ကြီးက အဖြေမပေး။ ထို့အစား မတ်တတ်ရပ်လိုက်၏။ အခန်းကို ဖြတ်လျှောက်ပြီး ရောမဗီရိုကြီးဆီသို့ သွားသည်။ အထဲမှ ဖိုင်တစ်ခုထုတ်ယူပြီး အထဲမှစာရွက်များကို လှန်သည်။ ပြီးတော့ ဖိုင်ကို သူ့စားပွဲဆီသို့ ယူသွားသည်။

‘ဟောဒါဟာ မကြာခင်က ထုတ်ဝေခဲ့တဲ့ ဘနဂ်နေ့ အထူးထုတ်သတင်းစာထဲက ဖြတ်ထားတဲ့ဖြတ်ပိုင်းပဲ၊ ဒီအထဲ



မှာ ‘ပရင့်စတန်’ တက္ကသိုလ်က တတိယနှစ် ကျောင်းသားကလေး တစ်ယောက်က သိပ္ပံပညာဆိုင်ရာ စာတမ်းတစ်စောင် ရေးထားတယ်၊ ခေါင်းစဉ်က ‘အနုမြူဗုံး ထုတ်လုပ်ရန် အခြေခံလိုအပ်ချက်များ၊ ပီယူ ၂၃၉ ဖစ်ရှင်ဗုံး ထုတ်လုပ်ရန် ကြံစည်နေသော ညှုကလီးယားလက်နက် ပိတ်ပင်ရေး နိုင်ငံများမှ အကြမ်းဖက်အုပ်စုတစ်စု တွေ့ကြုံရမည့် ပြဿနာများနှင့် ဖြစ်နိုင်ခြေများအပေါ် သုံးသပ်ချက်’ တဲ့

‘ခင်ဗျားဟာက အကြံအဖန်မဟုတ်တဲ့ အတည်ရေးထားတာကော ဟုတ်ရဲ့လား၊ လွန်ခဲ့တဲ့ သုံးလေးနှစ်တုန်းက ဖလော်ရီဒါက အထက်တန်း ကျောင်းသားကလေးရေးတဲ့ စာတမ်းလိုလဲ ဖြစ်နေဦးမယ်’

‘အတည်မှ အတည်အစစ်ပါ၊ ရေးတဲ့သူက သူ့နည်းကို အစိုးရပုံနှိပ်တိုက်ကနေ ဘယ်သူမဆို ရယူနိုင်တဲ့ အချက်အလက်တွေနဲ့ လက်ကမ်း စာစောင်တွေပေါ်မှာ အခြေပြုထားတာ၊ နောက်ပြီး ပလူတိုနီယံမပါရင် ကုန်ကျစရိတ်က ဒေါ်လာ နှစ်ထောင်လောက်ပဲကျတယ်’

‘ကြောက်စရာ လန့်စရာပဲ’

ဂျက်နက် ဝန်ခံသည်။

‘ဒီ့ထက်ဆိုးတာပေါ့၊ အဲဒီစာတမ်းပေါ်လာပြီးနောက်ပိုင်း ကျွန်တော် စုဆောင်းလို့ရသမျှ သတင်းကိုပြောရရင် အဲဒီစာတမ်းမှာပါတဲ့ လမ်းညွှန်ချက်တွေအတိုင်း လုပ်ရင် ဗုံးတစ်လုံးရဲ့ အချက်ဟာ လာကပ်ပဲရှိမယ်၊ နောက်

ပြီး အလေးချိန်က ၁၂၅ ပေါင်ထက် မပိုဘူး၊ သန်မာတဲ့ လူတစ်ယောက် ခပ်လွယ်လွယ် မ သွားနိုင်တဲ့ အလေးချိန်ပဲ’

‘ဘုရား....ဘုရား’

မိုက် ရေရွတ်လိုက်၏။

‘ဒီဗုံးကို ဘယ်လိုလုပ်ရမယ် ဆိုတာ သိနေပြီး လုပ်ဖို့ အကြောင်းလဲရှိနေမယ်၊ သူ့အကြောင်းက ဘယ်လောက်ပဲ အူကြောင်ကြောင် ဖြစ်နေပါစေပေါ့ဗျာ၊ အဲဒါဆိုရင် ဘယ်သူမဆို ဝါရှင်တန်မြို့တော်ကြီးကို ဖောက်ခွဲပစ်နိုင်တာပေါ့’

‘အနုမြူစွမ်းအင် ထိန်းသိမ်းရေးကော်မီရှင်က မကြာမီက ပြုလုပ်ခဲ့တဲ့ လေ့လာချက်မှာ ကောက်ချက်ချထားတာ အဲဒီအတိုင်းပဲပေါ့၊ ဟောဒါကိုနားထောင်၊ အပျော်တမ်း ဗုံးပြုလုပ်သူများသည် တစ်ကီလိုတန်၏ ဆယ်ပုံတစ်ပုံ (တီအင်တီယမ်း ပေါက်ကွဲအား ၁၀၀ တန်နှင့်ညီမျှ) ပေါက်ကွဲအားရှိသည့် လက်နက်များ ပြုလုပ်နိုင်သည်တဲ့၊ အဲဒီဗုံးတွေဟာ ဘယ်လောက်ထိ ပြင်းထန်သလဲဆိုရင် မင်ဟတ်တန်က အထပ် ၁၁၀ ရှိတဲ့ ‘ဝါးလ်ထရိတ်စင်တာ’ အမြွှာတိုက်ကြီး နှစ်တိုက်ကို ကျမ်းပစ် သွားစေနိုင်တယ်၊ ဒါမှမဟုတ်.... အမေရိကပြည်ထောင်စုရဲ့ ကက်ပီတော် အဆောက်အဦးကြီးပေါ့ဗျာ၊ အဲဒါ သူတို့ရဲ့ ပစ်မှတ်ပဲ’

ဂျက်နက် ရေးကြီးသုတ်ပျာ ဝင်ပြောသည်။

‘ရှင်တို့ ယူနီယံဘူတာကြီးအောက်က ဥမင်လိုဏ်ခေါင်းတွေရဲ့ မြေပုံကိုရှာလို့ရရင် ရှာကြည့်၊ ကျွန်မ လောင်းရဲ့



တယ်၊ တချို့လိုဏ်ခေါင်းတွေဟာ ကက်ပီတော်တောင်ကုန်းနဲ့ အတော်ကို နီးကပ်နေရမယ်’

‘ခင်ဗျားပြောတာ ဖြစ်နိုင်ပါတယ်’

စတက်ဖို ဝန်ခံ၏။

‘ခင်ဗျား ချီကာဂိုမှာရှိတုန်းက ဝါရှင်တန်၊ ဒါမှမဟုတ် ကက်ပီတော်အကြောင်း လင်းတောလ်မင်း ပြောဖူးလား’

မိုက်က မေး၏။

‘ဟင့်အင်း၊ တစ်ခါမှမပြောဖူးဘူး’

‘အနုမြူစွမ်းအင် ထိန်းသိမ်းရေးကော်မီရှင်က ပြုစုထားတဲ့ တခြားထုတ်ပြန်ချက်တွေထဲမှာ ဒီ့ဒီလို ဖြစ်နိုင်ခြေမျိုးဟာ အရေးကြီးကြောင်း ဖော်ပြထားတယ်၊ နားထောင်’

‘ကျွန်ုပ်တို့ဝန်းကျင်တွင် ပလူတိုနီယံများ မြောက်မြားစွာ ရှိနေသည့်အတွက် ၎င်းပစ္စည်းများကို အကြမ်းဖက်သမားများက ခိုးယူရန် သိပ်အခက်အခဲရှိမည် မဟုတ်ချေ၊ ကော်မီရှင်သည် ခိုးပွက်မှုများ မပေါ်ပေါက်စေရန် လုံခြုံရေး အစီအစဉ်များ တင်းကျပ်စွာပြုလုပ်ထားခဲ့၊ သို့သော် လက်နက်အဆင့်ရှိသည့် ပစ္စည်းအချို့ ပျောက်ဆုံးနေပြီး ၎င်းပျောက်ဆုံးပစ္စည်းများကို သာမန်စာရင်းမှ ပယ်ဖျက်သော ပစ္စည်းများအဖြစ်သာ သတ်မှတ်နေကြ၏၊ အကယ်၍ အမှုထမ်း သူလျှိုတစ်ဦးသည် တစ်ကြိမ်လျှင် ပလူတိုနီယံ အနည်းငယ်ကို စာရင်းဖျက် ပစ္စည်းအဖြစ် ခိုးယူနေလျှင် ပျောက်ဆုံးမှုကို ဘယ်အခါမျှ သိနိုင်မည်မဟုတ်’....တဲ့’

'ပလူတိုနီယံတွေ ပျောက်ဆုံးမှုအတွက် ကော်မီရှင်ရဲ့ စုံစမ်းစစ်ဆေးရေးမှူးချုပ် ဖြစ်နေတဲ့ ကိုဗင်ဟာ ဒီပစ္စည်းကို ရနိုင်တဲ့နည်းလမ်းကို သေချာပေါက် သိထားရမယ်၊ တိတိကျကျပြောရရင် သူကိုယ်တိုင်ပဲ အဲဒီပစ္စည်းကို ခိုနေရာက နည်းနည်း၊ ဟိုနေရာကနည်းနည်းနဲ့ လိုသလောက်ရတဲ့ အထိ ခိုးယူနေတာ ဖြစ်နိုင်တယ်'

မိုက်က ပြော၏။

'ဒါပေမယ့် ဒီလူကခေါင်းမာလွန်းတယ်၊ အကြမ်းဖက်သမား ဖြစ်ရလောက်အောင် စိတ်မပျော့ဘူး၊ ဒါမျိုးတွေလုပ်တာက ငကြောင်တွေ၊ ဒါမှမဟုတ် မကောင်းဆိုးဝါးတွေ....'

ဂျက်နက်က ကန့်ကွက်သည်။

'ခင်ဗျားပြောတာ မှန်လိမ့်မယ်၊ ကိုဗင်က ယထာဘူတဝါဒသမားဗျ၊ ဒီလူက ဝါရှင်တန်ကို ဖျက်ဆီးပစ်မယ်လို့ ခြိမ်းခြောက်မယ့်အစား တိုင်းပြည်ကိုအပိုင်စီးပြီး တိုင်းပြည်ကို ပြန်ရွေးဖို့ ငွေတောင်းမယ့် လူစားမျိုး'

စတက်ဖို့က ဂျက်နက်ကို ထောက်ခံသည်။

'သူ ဘယ်လိုလုပ်ပြီး လွတ်အောင်ပြေးမလဲ'

မိုက်က မေး၏။

'အပေးအယူလုပ်တဲ့ အထဲမှာ ပါမှာပေါ့၊ ကျွန်တော်တို့ကို မုန်းနေတဲ့ နိုင်ငံတွေ အများကြီးဗျ၊ တကယ်လို့သူအောင်မြင်သွားရင် သူ့ကို နိုင်ငံရေးခိုလှုံခွင့်ပေးကြမှာပေါ့၊ ကုန်



ကုန်ပြောရရင် သူ့ကို သူရဲကောင်းကြီးအဖြစ်တောင် သတ်မှတ်ကြလိမ့်ဦးမယ်'

'လင်းဆိုတဲ့ မကောင်းဆိုးဝါးကတော့ ရွေးငွေကို စိတ်ဝင်စားမှာ မဟုတ်ဘူး'

ဂျက်နက်က ကန့်ကွက်ပြန်သည်။

'သူ့ရဲ့ရည်ရွယ်ချက်ဟာ လူတွေ ထိတ်လန့်ကြောက်ရွံ့စေဖို့ပဲ၊ နောက်ပြီး ဒီလူတွေကို ကာကွယ် စောင့်ရှောက်နေတဲ့ အစိုးရနဲ့ ဘာသာတရားရဲ့ အရှိန်အဝါကို အယုံအကြည်ပျက်အောင် လုပ်ဖို့ပဲ၊ ဒီတော့ ဒီဖြစ်ရပ်ကို စီစဉ်ထားတာ ဘယ်အချိန်မဲ့ ဖြစ်ဖြစ်၊ ဘယ်လိုစီစဉ်ထားတာပဲဖြစ်ဖြစ် ဒါဟာ အကြမ်းဖက်လုပ်ရပ် စစ်စစ်ပဲ၊ဒီကိစ္စထဲမှာ ရော်ဂျာပါနေရင် သူဟာ ဒီဗုံးကို စမ်းသပ်ကြည့်တာပဲ၊ နောင်တစ်ချိန်မှာ သူတစ်ယောက်တည်း ဘာတွေလုပ်နိုင်မလဲဆိုတာစူးစမ်းတာပဲ၊ ရွေးငွေအတွက်လေ'

'ချီကာဂိုဂိုဏ်းနဲ့ ပတ်သက်တဲ့ ကျွန်တော်တို့ အတွေ့အကြုံတွေအရ ပြောရရင် သူတို့ရဲ့ ရည်ရွယ်ချက်ဟာ မီးစ်ဘတ် ပြောတဲ့အတိုင်း ဖြစ်နေတယ်'

'ကျွန်တော် နားမလည်နိုင်တာက ရော်ဂျာကိုဗင်လို ရာထူးရာခံရှိထားသူတစ်ယောက်ဟာ ဘာကိစ္စ ဒီလိုမိုက်ကန်းတဲ့ အလုပ်မျိုးကို လုပ်ရသလဲဆိုတာပဲ'

မိုက်က မေး၏။ သို့သော် ဂျက်နက်က ဖြစ်နိုင်ခြေရှိသည့် အဖြေကို ပေးလိုက်၏။

'ဒီကမ္ဘာပေါ်မှာ ဝိညာဉ်ဆိုး အပူးကပ်ခံရတာ ကျွန်မ တစ်ယောက်တည်းမှ မဟုတ်ဘဲ မိုက်၊ ဆရာတော် ဂျူလီယံက ပြောတယ်၊ ကျွန်မလိုလူတွေ ထောင်နဲ့သောင်းနဲ့ချီပြီးရှိနေတယ်တဲ့၊ အဲ့ဒီအထဲက အရေအတွက် နည်းနည်းလောက်ကပဲ မာန်နတ်ရဲ့ ဩဇာအာဏာအောက်က တကယ်တမ်း လွတ်မြောက်ချင်ကြတယ်တဲ့'

'ခင်ဗျားအတွက် ဝိညာဉ်နှင်ပွဲ လုပ်ဖို့ အလုပ်သမားနေ့ရဲ့ နောက်စနေနေ့ကိုပဲ ချိန်းထားသလား မီးစ်ဘာတ်'

စတက်ဖိုက မေး၏။

'ဒေါက်တာကန်းက ကျွန်မကို အဲ့ဒီအတိုင်း ပြောထားပါတယ်၊ တနင်္ဂနွေညက သူနဲ့ဆရာတော်နဲ့ စကားပြောကြတယ်လေ'

'ဒါဆို ဘယ်လို အကြမ်းဖက်လုပ်ရပ်မျိုးကို စီစဉ်ထားသည်ဖြစ်စေ၊ အဲ့ဒီလုပ်ရပ်ဟာ လာမယ့်အင်္ဂါနေ့မနက်မှာဖြစ်ဖို့ သေချာသလောက်ပဲ'

'အဲဒါဆိုကျွန်တော်တို့မှာအချိန်မရတော့ဘူး၊ ခုလောက်ဆို ရော်ဂျာကိုဗင့်ကိုဖမ်းဖို့ ခင်ဗျားမှာ အထောက်အထား လုံလုံလောက်လောက် ရနေရောပေါ့ စုံထောက်ကြီး'

'သူဟာ သာမန်ရာဇဝတ်ကောင်ဆိုရင်တော့ မှန်တယ်၊ သူ့ကို ဖမ်းနိုင်ပြီ၊ ဒါပေမယ့် သူ့မှာ ဩဇာအာဏာကြီးမားတဲ့ မိတ်ဆွေတွေ ဝါရှင်တန်မှာ ရှိနေတယ်၊ နောက်ပြီး ခုချိန်ထိကျွန်တော်တို့ဘက်က စွပ်စွဲတာပဲရှိသေးတာ၊ တကယ်



လို့ သူဟာ ချီကာဂိုက တောလ်မင်းရဲ့ဂိုဏ်းနဲ့အဆက်အသွယ် ရှိတယ်ဆိုရင်တောင် သူဟာသူ့ရဲ့ခြေရာလက်ရာတွေကိုလိမ္မာပါးနပ်စွာ ဖျောက်ဖျက်ထားနိုင်တယ်ဗျ၊ ကျွန်တော်တို့သူ့ကို စွပ်စွဲနိုင်တာဆိုလို့လွန်ခဲ့တဲ့နှစ်တွေအတွင်း သူနဲ့လင်းတောလ်မင်း ရှုပ်ခဲ့တဲ့ ကိစ္စပဲရှိတယ်။

'သူ့ကို လောလောဆယ်ဖမ်းလိုက်ရင် အမှုကိုချက်ချင်းစစ်ဆေးပေးဖို့ သူ့ရှေ့နေက တောင်းဆိုနိုင်တယ်၊ ဒါဆို မြို့နယ် တရားသူကြီးက အမှုကို ပလပ်လိုက်လိမ့်မယ်၊ ဒါမှမဟုတ် အာမခံပေးလိုက်လိမ့်မယ်၊ ဒီတော့ သူ့အနေနဲ့ သူကြံစည်ထားတဲ့ကိစ္စကို လွတ်လွတ်လပ်လပ် လုပ်ခွင့်ရနေဦးမှာပဲ၊ ကျွန်တော်ကတော့ သူ့ကိုမျက်ခြည်မပြတ်စောင့်ကြည့်နေတာပဲကြိုက်တယ်၊ ဒါမှ သူအဲဒီဗုံးကိုထောင်ရင်ကျွန်တော်တို့ ဗုံးထောင်တဲ့နေရာကို သိပြီး မပေါက်ကွဲအောင်စနက်တံကို ဖယ်ထုတ်ပစ်နိုင်မှာ'

စတက်ဖိုက ဂျက်နက်ဘက်သို့ လှည့်လိုက်၏။

'လောလောဆယ် အချိန်မှာ ကိုဗင်ရဲ့ စီမံကိန်းတွေ အကောင်အထည်ဖော်ဖို့ ခင်ဗျားကို သူ လိုအပ်နေတယ်လို့ ထင်လား၊ လင်းရဲ့ဝိညာဉ်က ချုပ်ကိုင်ထားတဲ့ ခင်ဗျားရဲ့ ကိုယ်ခန္ဓာကို ပြောတာလေ'

'မလိုဘူး'

'ဘာဖြစ်လို့'

'ရော်ဂျာက ကျွန်မကို ဘူတာရုံမှာ ဖြစ်ချင်ရာဖြစ်ဆိုပြီး ပစ်ထားခဲ့တယ်၊ လင်းက ကျွန်မကို ဂျက်နက်အဖြစ် ပြန်ပြောင်းပစ်မှာပဲဆိုတာ သူသိနေတယ်လေ၊ ဥမင်လိုဏ်ခေါင်းထဲမှာ ဘာလုပ်နေတယ်ဆိုတာ ရှင်းမပြနိုင်တဲ့အတွက် ရဲက ကျွန်မကို ဖမ်းထားလိမ့်မယ်လို့တောင် သူ တွက်ကောင်းတွက်ထားလိမ့်မယ်၊ အဲဒီအဓိပ္ပာယ်တစ်ခုပဲရှိတယ်၊ သူ့အနေနဲ့ လင်း၊ ဒါမှမဟုတ် ကျွန်မကို မလိုအပ်တော့ဘူး ဆိုတာပဲ'

စုံထောက်ကြီး စတက်ဖို့က ဖိုင်တွဲကိုပြန်ပိတ်ပြီးသူယူလာသည့် ဗီရိုထဲတွင် ပြန်ထည့်သည်။ ထို့နောက်စားပွဲဆီသို့ ပြန်လာပြီး ပြောသည်။

'နောက်တစ်ခုရှိသေးတယ်၊ ဒီည သူ့ကို ခင်ဗျားမှတ်မိသွားတယ်ဆိုတာကို ရော်ဂျာကိုဗင် သိသွားတယ်ထင်လား'

'ကျွန်မတော့ မထင်ဘူး၊ လုံခြုံရေးအစောင့်ရဲ့ လက်နှိပ်ဓာတ်မီး အလင်းရောင်က ကျွန်မ မျက်စိတွေ ပြာဝေသွားလောက်တာ၊ မီးရောင်ကိုရှောင်တဲ့အနေနဲ့ကျွန်မသာမျက်နှာကို မလှည့်လိုက်ရင် သူ့ကို လုံးဝမြင်လိုက်မှာမဟုတ်ဘူး၊ ခုလို သူ့ကို ဖျတ်ခနဲ မြင်လိုက်ရတာ'

'ဒါဆို သူပါပဲရယ်လို့ ခင်ဗျားက ဘယ်လိုလုပ်ပြီး အပ်ချ မတ်ချ ပြောရတာလဲ'

'ဥမင်လိုဏ်ခေါင်းနံရံပေါ်မှာ မီးလုံးကလေးတွေ တွန်းထားတယ်လေ၊ ကျွန်မ တောကနေ ဦးလေးဂျော့ဆီ လှည်းဖို့ ရထားစီးလာရင် အဲ့ဒီမီးလုံးကလေးတွေကို ကြည့်



ကျရှင့်၊ လုံခြုံရေးအစောင့်ရဲ့မီးရောင်က မီးလုံးတစ်လုံးပေါ်က ဖန်အုပ်ဆောင်းပေါ် ကျပြီး ထွက်လာတဲ့ ရောင်ပြန်အောက်မှာ ရော်ဂျာကိုဗင်ကိုရိပ်ခနဲတွေ့လိုက်ရတာ၊ အလင်းရောင်က စူးရှလွန်းလို့ သူ့မျက်လုံးတွေကို ခဏမှိတ်ထားလိုက်တာ ကျွန်မ တွေ့ရတယ်၊ ဒီတော့ သူ့ကို ကျွန်မ မြင်လိုက်တယ်ဆိုတာကို သူမသိတာ သေချာတယ်'

'ဒီတော့ဗျာ....ခင်ဗျား ဥမင်လိုဏ်ခေါင်းထဲ ရောက်နေချိန်မှာ ခင်ဗျားကို လင်းက ပူးကပ်နေတယ်၊ ခင်ဗျား ရုတ်တရက် ဂျက်နက် ပြန်ဖြစ်လာတော့ အဲဒါတွေ ဘာမှမမှတ်မိဘူး ဆိုပါတော့'

'ဖြစ်သွားတာလဲ အဲဒီအတိုင်း အတိအကျပါပဲ'

'ဒါဆိုရင်တော့ခင်ဗျားအနေနဲ့ရော်ဂျာကိုဗင်ရဲ့အန္တရာယ်ကို ကြောက်စရာမလိုဘူး၊ ဒီည ဒီကိုလာကြတဲ့ အတွက် ခင်ဗျားတို့ နှစ်ယောက်စလုံးကို ကျေးဇူးတင်တယ်ဗျာ၊ ကိုဗင်ကို အနီးကပ် စောင့်ကြည့်ခိုင်းထားမယ်၊ မသင်္ကာစရာ တစ်ခုခုလုပ်တာနဲ့ ဒီလူ့ကို ဖမ်းပစ်မယ်၊ မြစ်ကမ်းနံဘေးက အိမ်မှာ ခင်ဗျားတို့ပြောတဲ့ သူ အလုပ်လုပ်နေကျ ကားဂိုဒေါင်ကိုလဲ ရေဒီယိုဓာတ်ကြွမှု ရှိမရှိ စစ်ဆေးကြည့်မယ်'

'အဲ့ဒီ အနုမြူဗုံး....ဒီဗုံးကို သုံးဖို့ သူတို့ကြံစည်ရင်ပေါ့လေ၊ အဲဒီဗုံးဟာ ဥမင်လိုဏ်ခေါင်းတွေထဲမှာ ရောက်နေပြီလို့ ခင်ဗျား ထင်လား၊ တကယ်တမ်းပြောရရင် ဒီလူဟာ

လင်း ဆိုတဲ့ မကောင်းဆိုးဝါးနဲ့ အဲဒီအထဲကို ရောက်ခဲ့တာ နှစ်ကြိမ်ရှိသွားပြီဗျ'

မိုက်က စတက်ဖိုအား မေးသည်။ သည်တော့ စတက်ဖိုက ပြုံးပြီး ဖြေသည်။

'အဲ့ဒီကိုရောက်နေရင် ကျွန်တော်တို့တွေမှာပေါ့၊ မနက်ဖြန် မနက် မိုးလင်းလင်းချင်း ကျွန်တော်တို့ အဲဒီဘူတာရုံနဲ့ဘူတာရုံ အောက်က နယ်မြေကို တစ်လက်မ မကျန်အောင် ရှာဖွေတော့မယ်၊ လောလောဆယ်မှာတော့ ကိုဗင်ရဲ့လှုပ်ရှားမှု မှန်သမျှကို စောင့်ကြည့်နေမယ်'

အပြင်ဘက်ရောက်တော့ မိုက်က သူ၏ပေါ့ရှ်ကားထဲသို့ ဂျက်နက်အား ဝင်ခိုင်းသည်။ သူက တစ်ဖက်ခုံဘက်ဝင်ထိုင်သည်။

'ခင်ဗျား ညစာ စားရသေးပုံ မရဘူး၊ တစ်နေရာရာကို သွားပြီး စားကြမလား'

မော်တော်ကားကို စက်နှိုးရင်းပြော၏။

'ကျွန်မ ဘယ်ကိုမှမသွားချင်ဘူး၊ အိမ်ကိုပဲ သွားမယ်၊ ကျွန်မရဲ့ မူလဘဝကို ရုတ်တရက် ပြန်ရောက်လာပြီး ကျွန်မ မျက်စိတည့်တည့်ကို လက်နှိပ်ဓာတ်မီး အလင်းတန်းကြီး ထိုးထားတာကို သတိရတိုင်း စိတ်ချောက်ချားနေတယ်'

'ခုတော့ ဒီပြဿနာတွေ ပြီးသွားပြီလို့ပဲ မျှော်လင့်ကြပါစို့ ကွယ်၊ ကျွန်တော် ပြောမယ်၊ ကျွန်တော်တို့အလုပ်သမားနေ့ ရုံးပိတ်ရက်တွေကျ ရိပ်သာကလေးမှာ သွားနေကြရ



အောင်လေ၊ အဲဒီနေရာဆိုရင် ကျွန်တော်တို့ ငြိမ်းငြိမ်းချမ်းချမ်းကလေး နေနိုင်လောက်အောင် ခရီးလှမ်းတယ်လေ'

'ဘယ်လောက်ဝေးလဲ မိုက်'

'မိုင်နှစ်ဆယ်ကျော်ကျော်ပေါ့၊ ဘာဖြစ်လို့လဲ'

'ဟို မှတ်စုစာရွက်ပေါ်မှာ လင်း ရေးမှတ်ထားတာက ဆယ့်ငါးမိုင်တဲ့၊ ဒါဟာ ဗုံးဒဏ်သင့်နိုင်တဲ့ အကွာအဝေး ဖြစ်ရမယ်'

'အဓိပ္ပါယ်က လိန်းဂေဟာလောက်ကို ရောက်နေရင် အန္တရာယ်ကင်းတယ်လို့ ကိုဗင်က တွက်ထားတာ ဖြစ်ရမယ်'

'အလုပ်သမားနေ့ ရုံးပိတ်ရက်တွေမှာ အပန်းဖြေရာက နေ အင်္ဂါနေ့မနက်မှာ ဝါရှင်တန်ကို ပြန်လာကြမယ့်သူတွေ အတွက် ဘယ်လိုလုပ်ကြမလဲ၊ ဒါမှမဟုတ် မြို့လယ်ခေါင်ကနေ ဆယ့်ငါးမိုင်အကွာအဝေးအတွင်းကို ကားမောင်းဝင်လာတဲ့ လူတွေအတွက်ကော'

'အဲဒီအကြောင်းမစဉ်းစားနဲ့၊ ခင်ဗျား ကိုဗင် မှတ်မိလိုက်ရုံနဲ့ပဲ မြို့သူမြို့သား အားလုံးအတွက် ခင်ဗျား အကာအကွယ် ပေးလိုက်ပြီလို့သာ ခေါင်းထဲထည့်ထား၊ စတက်ဖိုက ကိုဗင်ကို ဖမ်းတော့မှာပါ'

ဂျက်နက် ဆတ်ခနဲ တုန်သွားသည်။ ပြီးတော့ အသနားခံသည့် ဟန်ဖြင့် မိုက်၏လက်မောင်းကို ကိုင်ထားသည်။

'ကျွန်မ ရိပ်သာကို မသွားချင်ဘူး၊ ရှင်က ကျွန်မနဲ့အတူ မနေနိုင်ဘူးလား အချစ်ရယ်၊ ကျွန်မသေ....လင်းတစ်ခုခုလုပ်မှာကို ကြောက်နေတယ် မိုက်ရဲ့'

'ကျွန်တော် ခင်ဗျားကို တစ်ယောက်တည်းထားခဲ့ဖို့ ရည်ရွယ်ချက် မရှိဘူး'

ဂျက်နက်၏ တိုက်ခန်းရှေ့တွင် ကားကိုရပ်ရင်း ပြော၏။

'ကျွန်တော်တို့ ခင်ဗျားအခန်းကို သွားပြီး အထုပ်အပိုး မြှင်မယ်၊ ပြီးရင် ဒီပြဿနာကြီးတစ်ခုလုံး နိဂုံးချုပ်သွားတဲ့ အထိ ကျွန်တော့်ဆီမှာ ပြောင်းနေ၊ ကျွန်တော့် နေရာမှာ ကားရပ်ဖို့နေရာ နည်းတယ်၊ ဒီတော့ ခင်ဗျားကားကို ဒီမှာပဲ ထားခဲ့ကြတာပေါ့'

၄၇။

စနေ၊ တနင်္ဂနွေနှင့် အလုပ်သမားနေ့မှာ ဆက်တိုက် ရုံးပိတ်ရက် သုံးရက်ဖြစ်၏။ မိုက်က သူ့ရုံးခန်းကို သောကြာနေ့ ကတည်းက ပိတ်ထားဖို့ စီစဉ်ထား၏။ ရုံးပိတ်ရက်များတွင် ဝါရှင်တန်မြို့တော်ကြီးသည် မြို့သေကြီးလို ခြောက်ကပ်နေပေမည်။ သူက ကြာသပတေးနေ့နှင့် သောကြာနေ့ နံနက် လူနာများ လှည့်လည်စစ်ဆေးချိန်ပဲ အိမ်မှခွာရမည်။

ကြာသပတေးနေ့ နံနက်ကော သောကြာနေ့ နံနက်ပါ အိမ်မှထွက်ခွာသောအခါ ဂျက်နက်၏ မေတ္တာရပ်ခံချက်အရ အခန်းကိုအပြင်မှသော့ခတ်ပစ်ခဲ့၏။ သောကြာနေ့မွန်းမတည့်မီ သူ ပြန်ရောက်လာသောအခါ ဂျက်နက်က ခံတွင်းမြိန်လှသော နေ့လယ်စာ စားပွဲကို ပြင်ထားပြီးဖြစ်၏။ နောက်တော့ အနီးအနားရှိ လူသူကင်းမဲ့နေသည့် ရုပ်ရှင်ရုံသို့ သွား

သည်။ ရှပ်ရှင်နှစ်ကား တွဲပြသည်ကိုကြည့်သည်။ ရုပ်ရှင်ရုံထဲတွင် ချိန်းတွေ့သော ကောလိပ်ကျောင်းသူနှင့် ကျောင်းသား စုံတွဲသဖွယ် ရွှေလည်တွဲနေကြ၏။

ထို့နောက် အိတာလျံ စားသောက်ဆိုင်ကလေးတစ်ဆိုင်တွင် အကြာကြီးထိုင်ပြီး ညစာ စားကြသည်။ ပြီးတော့ အိမ်ပြန်လာကြသည်။ ရျက်နက်က ကားထိုင်ခုံကျောမှီကို မှီပြီး မျက်လုံးတွေ မှိတ်ထားသည်။ မိနစ်အနည်းငယ် ကြာတော့ သူက ခေါင်းမဖော်ပြီး ထိုင်လိုက်၏။

'ကျွန်မ ဘာလုပ်ချင်သလဲဆိုတာ သိလား'

'သိတယ်ကပ်တာပဲ၊ ဒါပေမယ့် ပြောစမ်းပါဦး'

မိုက်က ပြုံးစိစိဖြင့် ပြော၏။

'ဟိုး အတော်ကြာကြာတုန်းက စာအုပ်တစ်အုပ် ဖတ်ဖူးတယ်....အခိပ္ပာယ်ရှိတဲ့လူ၊ ကိုယ့်ကိုကိုယ် ပျော်ရွှင်အောင် ဖန်တီးတတ်တဲ့လူ ဖြစ်အောင် ဘယ်လိုနေထိုင်ရမလဲ ဆိုတာ ရေးထားတာ၊ အဲဒီအထဲမှာ ငြီးငွေ့စရာကောင်းတဲ့ နေ့စဉ်အလုပ်တွေနဲ့ ပေးအောင် ဘယ်လိုပြေးရမလဲဆိုတဲ့ နည်းတွေ ပါတယ်၊ အဲဒီနည်းတွေထဲမှာ စာရေးဆရာကအကြီးအကျယ် ထောက်ခံထားတဲ့ နည်းတစ်နည်းပါတယ် ကိုရဲ့'

'လွန်ခဲ့တဲ့နှစ်ရက်ကတော့ ငြီးငွေ့စရာကောင်းတဲ့ရက်တွေလို့ ပြောလို့မရပါဘူးကွာ'

'အဲဒီစာအုပ်ဖတ်ပြီးကတည်းက သူပြောနေတဲ့နေ့စဉ်ဘာကနေ ရုန်းထွက်နည်းကို စမ်းကြည့်ချင်နေတာ၊ ကို ဘာက



လုပ်ရမလဲဆိုတော့ မော်တော်ယာဉ် ပတ်ဝိုင်းတစ်ဝိုင်းကို ပတ်ပြီး ကားမောင်းနေရမယ်'

'အဲ့ဒီအဝိုင်းမျိုးတွေ ဝါရှင်တန်မှာ ပြည့်လို့'

'သိတယ်လေ၊ အဲဒါကြောင့် အဲဒီစာအုပ်ကို သတိရတာပေါ့၊ အဲဒီအဝိုင်းကနေ ခွဲထွက်သွားတဲ့ လမ်းတစ်လမ်းကို ရွေးချယ်ဖို့ တင်စိုတစ်ခုကပြောတဲ့အထိ အဝိုင်းကိုပတ်မောင်းနေရမယ်၊ လမ်းတစ်လမ်းကို ရွေးလိုက်ပြီဆိုရင် အဲ့ဒီလမ်းအတိုင်း ဆက်မောင်းနေ၊ ကိုမြင်နေတဲ့ မြင်ကွင်းထဲမှာ တစ်ခုခုအမြင်ဆန်းလာပြီး စိတ်ဝင်စားစရာ ကောင်းလာပြီ၊ ဒါမှမဟုတ် စိတ်လှုပ်ရှားတက်ကြွစရာကောင်းလာပြီဆိုမှရပ်ရမယ်'

'အဲဒီနည်းကို ဘာဖြစ်လို့ စမ်းမကြည့်ရမှာလဲ'

'ကို စမ်းကြည့်မလား၊ ကျွန်မ စိတ်ပေါ့ပါးဖို့သက်သက်ကြောင့်လေ'

'လုပ်လိုက်လေ၊ ဒါပေမယ့် ကိုယ်တို့အခန်းကို ပြန်ပြီးသွားပွဲတတ်တို့၊ မုတ်ဆိတ်ရိတ်စက်တို့ နောက်ပြီး မင်းလိုအပ်မည့် အလှပြင်ပစ္စည်းတွေ ယူဦးမှကောင်းမယ်'

'ညအိပ်တဲ့ အခါ ဝတ်ဖို့အဝတ်အစား မလိုဘူးလို့ပြောတာလား'

'ကိုယ်က အဲဒါတွေ မပါဘဲ အိပ်တယ်လေ၊ သတိရရဲ့လား'

'ဟင့်အင်း....ကျွန်မတော့ မရဘူး၊ ကျွန်မမှာ ဣန္ဒြေ သိက္ခာကလေးတော့ ရှိနေပါသေးတယ်၊ ဘာပဲဖြစ်ဖြစ်လေ၊ သွားစို့'

ဆယ့်ငါးမိနစ်အကြာတွင် မိုက်က ဒူးပွင့်အဝိုင်းက စပြီးပတ်နေ၏။ ဂျက်နက် ခေါင်းမှီပေါ်တွင် ခေါင်းကိုမှီပြီး မျက်စိတွေ မှိတ်ထားသည်။

'ချောင်းမကြည့်နဲ့နော်'

မိုက်က သတိပေးသည်။ သည်တော့ ဂျက်နက်က ပြန်ပြောသည်။

'နောက်ပြီး မညာစတမ်း၊ ကျွန်မ ဈာန်ဝင်အောင် စောင့်နေတာ၊ ကျွန်မမျက်စိဖွင့်လိုက်တဲ့အခါမှာ ရှင့်ကို သိ မယ့်လူ မရှိဖို့သေချာတဲ့ မိုတယ်တစ်ခုခုကိုရောက်နေတာမျိုး မဖြစ်နေနဲ့နော်'

'ကိုယ် သစ္စာဆိုပါတယ်ကွာ'

ကားအသွားအလာများသည့် အဝိုင်းကို ဒုတိယတစ်ပတ် ပတ်ပြီးသောအခါ ဂျက်နက်က....

'ညာကွေ့၊ အဲဒီလမ်းအတိုင်းလိုက်။

ဟုပြောလိုက်၏။

မိုက်က ကျိုးနွံစွာဖြင့် ညာဘက်သို့ကွေ့သည်။ ထိုအခ အသွားအလာများပြားသည့် ယူအက်စ် ၂၉ လမ်းကျယ ကြီး ပေါ်သို့ ရောက်သွားသည်။ သည်လမ်းကြီးက မြို့၏



အနောက်ဘက်သို့ ဦးတည်သွားပြီး ဗာဂျီးနီးယားပြည်နယ် ၏ တောင်ဘက်သို့ ဝင်သွားသည်။

'ကျွန်မတို့ ဘယ်ရောက်နေပြီလဲဟင်'

နာရီဝက်အကြာတွင် ဂျက်နက်က စိတ်ကူးယဉ်စွာ မေးသည်။

'ဗာဂျီးနီးယား ပြည်နယ်ထဲက ယူအက်စ် ၁၅–၂၉ လမ်းမကြီးပေါ်မှာ ကိုယ်တို့ ဝါရှင်တန်မြို့ဘက်ကိုသွားနေ တယ်'

'ကောင်းတယ်၊ ကွေ့ရမယ့် နေရာကို ကျွန်မ ပြော မယ်'

ဂျက်နက် မျက်လုံးတွေပြန်မှိတ်လိုက်၏။

'မင်း ဒီနေရာကို အရင်ကရောက်ဖူးနေတာပါ'

မိုက်က စွပ်စွဲသည်။

'ကျွန်မကို ယုံစမ်းပါကိုရယ်၊ ဝါရှင်တန်ကို ရောက်ရင် သာပြော'

နောက် ဆယ့်ငါးမိနစ်အကြာတွင် မိုက်က....

'ရောက်ပြီ'

ဟု ပြောလိုက်သည်။

'ရှေ့မှာ ကွေ့မယ့် မီးပွိုင့်ကျရင် ဘယ်ဘက်ကိုကွေ့'

မိုက်က သူပြောသည့်အတိုင်း လိုက်လုပ်သည်။ ခဏနေ တော့ ကားသွားကားလာ မရှိသလောက်ဖြစ်သည့် ပြည် နယ် လမ်းမကြီးတစ်ခုပေါ်သို့ ရောက်နေသည်ကို တွေ့ရ၏။

'ကိုတို့ ဗာဂျီးနီးယား ဖြဝဒ် လမ်းမကြီးပေါ် ရောက်နေတယ်၊ မင်း ဘာတွေလုပ်ပြီး ဘယ်ကိုသွားနေတယ်ဆိုတာကိုတော့ သိမယ်ထင်ပါတယ်နော်'

'ယုံစမ်းပါ ကိုရယ်'

သူက ပဟေဠိဆန်ဆန် ပြောလိုက်၏။

နောက်ဆယ့်ငါးမိနစ်လောက်အကြာတွင် ရှေ့တူရှူ၌ မြို့ကလေးတစ်မြို့၏မီးရောင်များကို တွေ့ရ၏။ မိုင်ဝက်လောက်ဝေးမည်။ နီးကပ်လာသောအခါ လမ်းဘေးတွင် ဆိုင်းဘုတ်တစ်ခုကို တွေ့ရ၏။ ဂျုံစက်ဟောင်းမိုတယ် ရှေ့ဆက်မောင်းသွားတော့ မိုက်၏မြင်ကွင်းထဲတွင် ထိုးထိုးထောင်ထောင်ဖြစ်နေသည့် သုံးထပ်တိုက်တစ်လုံး။ ရှေးကျလှသော ဂျုံကြိတ်စက်ကြီးဖြစ်၏။ ဂျုံစက်ကြီးနံဘေးရှိရေကန်အနားတွင် ပေါက်နေသည့် သစ်ပင်များကြားရှိ မတာဆန်ဆန်, မိုတယ်ကလေး တစ်လုံး။

'အဲဒါပဲ၊ မောင်းဝင်သွား'

ဂျက်နက်က ပြော၏။

'အခန်းလွတ်ရှိပါ့စေလို့ ဆုတောင်းရမှာပဲ'

'ရှိပါတယ်၊ ဝါရှင်တန်ကမထွက်မီ ရှင်ရေအိမ်ဝင်နေတော့ ကျွန်မ ကြိုပြီး ဖုန်းဆက်သွားသာ၊ ဒီမြို့ကလေးက ဘာရစ်စတင်ဘတ်တဲ့'

'ဒီမိုတယ်ကလေး ဒီနေရာမှာ ရှိတာကို ခင်ဗျားဘယ်လိုလုပ် သိလဲဆိုတာ ကျွန်တော် အံ့ဩနေတယ်၊ ခင်ဗျား



ရန်းဒေါမက်ကာသီရဲ့ အာရုံခံပြီး ကြည့်တဲ့နည်းကို သုံးမှပဲ ဖြစ်နိုင်မယ်'

'အမယ်လေး....အဲဒီလောက် မဖြစ်ထွန်းသေးဘူး၊ လွန်ခဲ့တဲ့ နှစ်ပတ်က ကျွန်မ ဗာဂျီးနီးယားပြည်နယ်၊ ရှားလော့ဗေးလ်မှာရှိတဲ့ တက္ကသိုလ်ကို လာရတယ်၊ သူတို့ စမ်းသပ်နေတဲ့ စိတ်နယ်လွန်ပညာနဲ့ ပတ်သက်တာတွေကိုလာကြည့်တာ၊ ကျွန်မက ဖြစ်နိုင်ရင် လမ်းမကြီးတွေကို ရှောင်ပြီး ကားမောင်းလေ့ ရှိတာကိုး၊ ဒီနေရာကလေးကို ဖြတ်မောင်းမိတော့ နေရာကလေးက အရမ်းသာယာနေတယ်၊ ဒါနဲ့ဒီမှာဝင်ပြီး နေ့လယ်စာ စားလိုက်တယ်၊ ဂျုံစက်ဟောင်းကြီးထဲမှာ ကြည်နူးစရာကောင်းတဲ့ စားသောက်ခန်း ကလေးလဲ ရှိတယ်'

'ဒါဆို ဒုံးပွင့်အဝိုင်းကြီးကို ပတ်ပြီး မောင်းနေတာက လုပ်ကြံထားတာပေါ့'

'လုပ်ကြံထားတာ မဟုတ်ပါဘူး အချစ်ရယ်၊ ဒီနေရာကလေးကိုမြင်မြင်ချင်း ရှင်နဲ့အတူ လာနေရရင် ဘယ်လောက်ကောင်းမလဲလို့ ကျွန်မ စဉ်းစားမိတယ်လေ....ဒီ နှစ်မျိုးပွားကိုယ်ရည်သွေး ကိစ္စကြီး ရှင်းသွားရင်ပေါ့'

'ရော်ဂျာကိုဗင်က အဖမ်းမခံရအောင် ရှောင်ပြေးပြီး ခင်ဗျားကို ရဲလက်ထဲပစ်ထားခဲ့ပြီးတဲ့နောက် ဒီကိစ္စ ရှင်းပြတ်သွားပြီ ထင်တာပဲ'

'ရော်ဂျာဟာလင်းကိုလိုတော့မှာမဟုတ်ဘူးလို့ စုံထောက်ကြီး စတက်ဖို့ကို ကျွန်မပြောခဲ့တာပဲ၊ ဒါပေမယ့် သူတို့အကြံအစည်ကို အချောသတ်ဖို့ ရော်ဂျာဟာ လင်းကို လိုအပ်ဦးမှာပဲလို့ ကျွန်မစိတ်ထဲ ထင်နေတယ်၊ အေးလေ.... ကျွန်မရဲ့ကိုယ်ခန္ဓာကို ဒီနေရာမှာ ရွှေ့ပြောင်း ထားတဲ့နောက် သူဂါရှင်တန်ကို သွားလို့ရနိုင်စရာ မရှိဘူး၊ ဒီတော့ ဒီကိစ္စကို နှစ်ရက်သုံးရက်လောက် မေ့ထားလိုက်ကြပါစို့ရှင်'

# ၄၉။

နောက်တစ်နေ့နံနက်တွင် သူတို့ မိုတယ်ကလေး ရှေ့ဘက်ကန်စပ်တွင် မိုက်ကာထိုင်ပြီး ငါးမျှားနေသည်။ ဂျက်နက်က အဖြူရောင် ဘီကီနီကိုဝတ်ပြီး တွက်လာသည်။

'ဒီရေကန်ထဲမှာ ရေကူးလို့ရတယ်လို့ ခင်ဗျားက ဘယ်လိုလုပ် သိလဲ'

'ဟိုဘက် တာတမံအစပ်မှာ ဒိုင်ဗင်စင် ရှိတယ်လေ၊ နောက်ပြီး ဟိုတစ်ခေါက် ကျွန်မရောက်တုန်းကလဲ ချာတိတ်တွေ ရေကူးနေတာ တွေ့ခဲ့ရတယ်လေ၊ ဘယ်လိုလဲ....မမိသေးဘူးလား'

'ဒီငါးတွေက သူတို့နေရာမှာ သူတို့ အပျော်လွန် နေကြတော့ ကျွန်တော့် ငါးမျှားချိတ်ကို လှည့်တောင် ကြည့်ကြ

ဘူးဗျ၊ ကျွန်တော် ကို ခဏစောင့်လေ၊ ကျွန်တော် ရေကူး ဘောင်းဘီလဲလာတ်ပြီး ခင်ဗျားနဲ့အတူ ရေလာကူးမယ်'

နှစ်ယောက်သား စိတ်လက်ပေါ့ပါးစွာ ရေကူးကြသည်။ ပြီးတော့ မြိန်ရည်ရှက်ရည် နံနက်စာ စားကြသည်။ စား သောက်ခန်း ကလေးကလည်း ခပ်သေးသေးပင်။ သို့သော် သန့်ရှင်းသပ်ရပ်သည်။ ရေအားဖြင့် လည်သော ဂျုံကြိတ် စက်ဟောင်းကြီး၏ အောက်ထပ်တွင်ရှိသည်။

အစားအသောက် အားလုံးမှာ ဒေသထွက် ပစ္စည်းများ ဖြင့် စီစဉ် ချက်ပြုတ်ထားသည်ချည်း။ မိုဘယ် ကလေးနှင့် မလှမ်းမကမ်းတွင် ကြက်ခြံလည်းရှိသည်။ ဝက်မွေးမြူရေး ခြံလည်းရှိသည်။

သည်နေရာကား ရိုးရိုးရှင်းရှင်းနှင့် နှစ်သက်ဖွယ်ကောင်း သည့် နေရာကလေး။ အချိန်ကာလကလည်း ရှင်းသန့် သာ ယာသည့် အချိန်ကာလ။ မိုက်နှင့် ဂျက်နက်ကတော့ ဒေသ ထွက် အစားအစာများကို တစ်ဝတစ်ပြဲစားသည်။

စာအုပ် စင်ပေါ်တွင် တွေ့သည့် ဝတ္ထုစာအုပ်ဟောင်း တွေကို ဖတ်သည်။ ရုပ်မြင်သံကြားစက် မရှိသဖြင့် ရုပ်မြင် သံကြားအစီအစဉ်တွေ ကြည့်ခွင့်ရမည်မဟုတ်။ သူတို့ သတင်းစာ ကိုပင် မဖတ်။ မြစ်ပက်မှာကြီးနှင့် လုံးဝ အဆက်ဖြတ်ထား သည်။ ဝါရှင်တန် မြို့တော်ကြီးနှင့် သုံးဆယ့်ငါးမိုင် မျှသာ ဝေးသော်လည်း သည်နေ့ရာကလေးက အေးချမ်းသာယာ



လှသည်။ သူတို့ အပန်းဖြေခရီးမှာ အောင်မြင်သည်။ တနင်္ဂ နွေ နံနက်ထိ ဆိုပါတော့။

တနင်္ဂနွေနံနက် အိပ်ရာမှ နိုးလာတော့ ဂျက်နက်က ရေ ချိုးခန်းထဲ ရောက်နေသည်ကို တွေ့ရ၏။ ဂျက်နက်က တဘက် ကိုပတ်ပြီး ရေချိုးခန်းထဲမှ ထွက်လာသောအခါ သူ့ မျက် လုံးများကို မိုက်သတိထားလိုက်မိ၏။ သူ့စိတ်ထဲမှာ တစ်ခုခု ရှိနေပြီး တစ်ခုခုပြောတော့မည့် အရိပ်လက္ခဏာ။ သည်အရိပ် လက္ခဏာမျိုးကို မိုက်ကြုံတွေ့ဖူးပြီးသား။

'ကျွန်တော်တို့နှစ်ယောက် ဒီအတိုင်း ကြာရှည် ဆက်နေ သွားလို့ မဖြစ်ဘူး ထင်တယ်'

မိုက်က ရေချိုးခန်းဆီသို့သွားရင်း ပြော၏။

'ခင်ဗျားက သုံးဆယ့်ငါးမိုင်ဝေးတဲ့နေရာကို ရောက်နေ တော့ လင်းဟာ ဝါရှင်တန်ကို ဖောက်ခွဲဖို့စီစဉ်နိုင်မှာမဟုတ် ဘူး၊ ဒါပေမယ့် ကျွန်တော်တို့ ခုနေ ဝါရှင်တန်ကို ပြန်သွား ရင် လင်းကိုယ်ပွားပေါ်လာပြီး ရော်ဂျာနဲ့ဗုံးရှိရာကို သွား နိုင်တယ်၊ ဒါဆို စုံသောက်ကြီးစတက်ဖို့က ရော်ဂျာကိုဖမ်းလို့ ရနိုင်တယ်၊ ကျွန်တော်တို့ မနက်စာစားပြီးရင် အခန်းပြန် အပ်လိုက်မယ်၊ ဝါရှင်တန်ကို နေ့လယ်စာစားချိန် မတိုင်မီ လင်းတောလ်မင်းကို ပူးကပ်နေတဲ့ ဝိညာဉ်ဆိုးဟာ ကျွန်မ ကိုယ်ထဲကို ပြောင်းလာနိုင်မှာ မဟုတ်ဘူး၊ ခု ဒီလိုဖြစ်သွား

ရောက်သွားမယ်၊ စတက်ဖို့ကတော့ ရုံးပိတ်ရက်အတွင်း မှာလဲ မြို့ထဲမှာပဲရှိနေမှာ သေချာတယ်၊ ဒီတော့ သူ့ဆီဖုန်းဆက်ပြီး ဘာတွေဖြစ်နေသလဲ ဆိုတာ မေးလိုရတာပေါ့'

သူတို့ မျှော်လင့်ထားသည့်အတိုင်းပင်၊ ဝါရှင်တန် မြို့တော်ကြီးသည် ခြောက်ကပ်နေ၏။ လမ်းတွေပေါ်တွင် ကားတွေ များများစားစား မတွေ့ရ။ ခါတိုင်း တွေ့နေကျ လေ့လာရေး ဘတ်စကားကြီးများကိုပင် သိပ်မတွေ့ရ။ အစိုးရရုံးတွေလည်း ပိတ်ထားတော့ မြို့တော်ဝါရှင်တန်ကို ခရီးသွား ဧည့်သည်များကပင် ပစ်ပယ်ထားကြ၏၊

'နောက်ထပ် နှစ်ဆယ့်လေးနာရီမပြည့်ခင် ဒီနေ့ရာတစ်ခုလုံးရှုပ်ယှက်ခတ် ပြန်ဖြစ်လာမယ်ဆိုတာ ယုံချင်စရာမကောင်းဘူးနော်'

မိုက် သုံးသပ်သည်။

'တကယ်လို့ တစ်မြို့လုံး ရေဒီယိုဓာတ်တွေ့ကြပြီး ပျက်စီးနေပြီး မီးခိုးတလူလူ ဖြစ်မနေရင်ပေါ့လေ'

'ကျွန်တော်တို့ ရိပ်သာကိုသွားပြီး လွတ်အောင်ရှောင်နေလို့ ရတယ်လေ'

'ကျွန်မတို့ထွက်ပြေးလို့ဘယ်ဖြစ်မလဲမိုက်၊ တို့ညက ချိကာဂိုက ပျံလာတဲ့ လေယာဉ်ပေါ်မှာ ကျွန်မသာ ပါမလာရင်



တော့ သူ ဘာပဲလုပ်လုပ် ကျွန်မမှာ အတိုင်းအတာ တစ်ခုအထိတော့ တာဝန်ရှိနေတယ်၊ ဒီမကောင်းဆိုးဝါး အပြီးအပိုင်ထွက်သွားတာ ဖြစ်ပါစေလို့ပဲ ဘုရားမှာ ဆုတောင်းရတော့မယ်၊ ဒါပေမယ့် စနေနေ့ထိ သေချာပေါက်မပြောနိုင်သေးဘူးနော်'

'အဲဒီနေ့မတိုင်ခင် သိရမှာပါ၊ အင်္ဂါနေ့မနက်ဆယ်နာရီမှာ ဒီရဲတိုက်ရဲ့အပေါ်မှာ မှိုပွင့်ကြီး ဖြစ်မနေရင် ရော်ဂျာကိုဗင်ကော လင်းတော်လမ်း ဝိညာဉ်ဆိုးပါ လန့်ဖျပ်ပြေးပြီသာမှတ်၊ အဲ့....တစ်နေရာရာမှာ သွားပြီး ဒုက္ခပေးဖို့လေ'

မိုက်၏ အခန်းသို့ရောက်တော့ မိုက်က စတက်ဖို့ထံ ဖုန်းဆက်သည်။

'မီးစ်ဘတ်နဲ့ ကျွန်တော်တို့ နှစ်ရက်လုံးလုံး မြို့ပြင်ရောက်နေကြတယ်၊ ရော်ဂျာကိုဗင်နဲ့ ပတ်သက်လို့ ဘာသတင်းများ ရသေးလဲ'

'ဘာသတင်းမှ မရဘူး၊ မီးရထား လိုဏ်ခေါင်းထဲမှာ မီးစ်ဘတ်ကို ထားပြီး လစ်ပြေးသွားကတည်းက ခြေရာလဲ ပျောက် ရေလဲနောက် ဖြစ်နေတယ်'

'ဘူတာရုံကိုကော ရှာဖြစ်သေးလား'

'တစ်လက်မမှမကျန်အောင် ရှာပါတယ်ဗျာ၊ အသုံးမပြုတော့တဲ့ လိုဏ်ခေါင်းတစ်ခုထဲက ရထားလမ်းပြင် အလုပ်သမားတွေတွန်းတဲ့ရှေးဟောင်း လက်တွန်း လှည်းလေးပေါ်

က တန်ဆာပလာ သေတ္တာကိုတောင် ဖွင့်ကြည့်ကြသေးတယ်၊ ရှပိုင်ကတောင် နောက်အမတ်ကျရင်အဲဒီရွေးကောင်း လက်တွန်းလှည်းကို စမစ်ဆိုနီယံပြတိုက်ကိုသွားပို့မလို့တဲ့လေ၊ မီးစ်ဘတ်ကော့ ဘယ်လိုနေလဲ'

'ဟိုတစ်ယောက်ရဲ့ အရိပ်အယောင်တော့ မတွေ့ရဘူး၊ ခင်ဗျားမေးတာ အဲဒါဆိုရင်ပေါ့လေ၊ သူလဲ လန့်ဖျပ်ပြီး ပြေးတာ ဖြစ်ပါစေလို့ ကျွန်တော်တို့ကတော့ ဆုတောင်းနေတာပဲ'

'ဘာပဲဖြစ်ဖြစ်လေ၊ ကိုဗပ်ဟာ ဘာဖြစ်လို့ အကြမ်းဖက်သမားလမ်းစဉ်ကို ရွေးသွားတယ်ဆိုတာကိုတော့ကျွန်တော်တို့ သိရပြီဗျ၊ သူဟာ ရာထူးတွေ မြန်မြန်ဆန်ဆန်တက်သွားတာတော့ မှန်တယ်၊ ဒါပေမယ့် ပလူတိုနီယံခိုးနေတဲ့ လူတွေကို ဖမ်းပေးတဲ့အတွက် လူသိရှင်ကြား ဂုဏ်ပြု မခံရတာကို မကျေမနပ်ဖြစ်နေတာကိုး၊ ပိုပြီးထူးခြားတာက အုတ်ရစ်ချ်မှာ ဖမ်းတဲ့ ပထမတစ်ယောက်ကလွဲရင် သူဖမ်းခဲ့တဲ့ တခြားလူတွေဟာ တကယ်အပြစ်ရှိပုံမရဘူး၊ ရော်ဂျာကိုဗင်က အဲဒီကတည်းက ပလူတိုနီယံတွေကို နည်းနည်းချင်း ခိုးယူနေပြီး တခြားလူတွေအပေါ် အပြစ်ပုံချနေတာကလား'

'ဒီတော့ သူက ဘာအကျိုးအမြတ် ရနိုင်မှာမို့လဲ၊ သူပါ တယူသန် အကြမ်းဖက်သမား ဖြစ်သွားရုံပဲရှိမှာပေါ့'

'ကနေဒါမှာ ငါးသွားမျှားနေတဲ့ ဂျော့စတန်းဗီးနဲ့လဲ အဆက်အသွယ် ရပြီဗျ၊ သူက ပြောတယ်၊ ကိုဗင်အကြောင်း



စုံစမ်းဖို့ စတားနယူး သတင်းစာက ဂျင်ဆင် ဆိုတဲ့ သတင်းထောက်လူတော်တစ်ယောက်ကို လွှတ်ထားတယ်တဲ့၊ ခင်ဗျားကိုကျွန်တော် ပြောခဲ့သလိုပေါ့ဗျာ၊ ကိုဗင်ရဲ့ အဆက်အသွယ်တွေက ထိပ်တန်းပုဂ္ဂိုလ်တွေဆိုတော့ အက်ဖ်ဘီအိုင်မှာ ခြေတွေ လက်တွေ အတုပ်ခံထားရသလို ဖြစ်နေတာ၊ သတင်းထောက်ကတော့ မက်နက်ရဲ့ ကော်မရှင်မှာ အလုပ်လုပ်တဲ့ လူတစ်ယောက်နဲ့ ပေါင်းပြီး ကိုဗင်၊ မက်နက်နဲ့ ရိုဘာတို့ရဲ့ ဇာတ်လမ်းကို အထုပ်ဖြေပြဖို့ အသင့်ဖြစ်နေကြပြီတဲ့၊ ကျွန်တော်ထင်တာကတော့ သူတို့အကြောင်းတွေကိုစုံစမ်းနေတာ ရိပ်မိသွားပုံရတယ်၊ ဒီတော့ ဒေါသထွက်ပြီး အစိုးရဘစ်ဖွဲ့လုံး ဒုက္ခရောက်အောင် လုပ်တော့မယ့်ပုံပဲ'

'သူ ဒဲဒီအကြံအစည်ကိုဆက်လုပ်ဦးမယ်လို့ ခင်ဗျားထင်လား'

'လုပ်နိုင်ခြေရှိတယ်၊ ဒါပေမယ့် အဝေးကလှမ်းလုပ်လိမ့်မယ်၊ ဘာဖြစ်လို့လဲဆိုတော့ တစ်တိုင်းတစ်ပြည်လုံးမှာ ရှိတဲ့ အက်ဖ်ဘီအိုင်တွေကော ရဲအဖွဲ့တွေပါ သူ့ကို မိုက်စိပ်တိုက်ရှာနေကြတယ်၊ သူထွက်လာတာနဲ့ ကျွန်တော်တို့ သူ့ကိုဖမ်းတော့မှာ၊ ကျွန်တော် ဒေါက်တာမက်ကာသီကိုလဲပြောထားတယ်၊ သီတင်းပတ်ကုန်ရက်တွေမှာ ရိုဘာနဲ့အတူသွားနေဖို့'

'သူကတော့ကြိုက်မှာပေါ့'

'သူ့အတွက် သိပ်တာဝန်ကြီးပုံမရဘူး၊ တကယ်လို့ ရော်ဂျာက ရိုဘာကိုလှမ်းဆက်သွယ်တာနဲ့ ကျွန်တော့်ကို အကြောင်းကြားဖို့ ပြောထားတယ်'

'မဟုတ်ရင် ခင်ဗျားအကျပ်ရိုက်ပြီး ထိုင်နေရုံပဲပေါ့'

'တခြား ဘာလုပ်စရာရှိသေးလို့လဲ'

'ခင်ဗျား သဲတီပေးနိုးဆော်ချက်မျိုး မထုတ်နိုင်ဘူးလား'

'တစ်တိုင်းတစ်ပြည်လုံး ချောက်ချောက်ချားချားဖြစ်ကုန်အောင်လား… ဘာအကြောင်းမှမရှိဘဲလဲ ဖြစ်သွားနိုင်တယ်လေ၊ ညွှန်ချုပ်အနေနဲ့ လွှတ်တော်စုံစမ်းစစ်ဆေးရေးအဖွဲ့ ရှေ့မှာရှင်းပြရင်း သူ့ရဲ့နောက်ဆုံးရက်တွေ ကုန်လွန်သွားလိမ့်မယ်….သမ္မတကြီးက သူ့ကို အလုပ်ဖြုတ်ပစ်ချိန်အထိပေါ့'

'အင်း၊ ခင်ဗျားပြောတာလဲဟုတ်တာပဲ၊ အင်းလေ၊ ကျွန်တော်နဲ့မီးစ်ဘတ်တို့တော့ အဲဒီကိစ္စကြီးပြီးတဲ့ အထိ ကျွန်တော့်အခန်းထဲမှာပဲ အောင်းနေတော့မယ်'

'ဘာတွေဘယ်လိုပဲဖြစ်နေနေလေ၊ ခင်ဗျားတို့က ရိပ်သာမှာသွားနေရင် အန္တရာယ်ကင်းလိမ့်မယ်'

'အဲဒီလိုလုပ်ရင်မတရားဘူးလို့ ကျွန်တော်တို့နှစ်ယောက်စလုံးက ယူဆကြတယ်လေ'

'ခင်ဗျားတို့ အဲဒီလိုသဘောထားမယ်လို့ ကျွန်တော်ထင်သားပဲ၊ဒါပေမယ့်ခင်ဗျားတို့ကိုရှောင်ခွင့်ပေးသင့်တယ်ထင်လို့ပါ၊ ကျွန်တော်ကတော့ ကျွန်တော့်ရုံးခန်းမှာ ဆိုင်းချုပ်ရေးစခန်းဖွင့်ထားတယ်၊သတင်းထူးရင် ခင်ဗျားကို အကြောင်းကြားမယ်၊ခင်ဗျားလဲကျွန်တော့်ကိုနေ့ကော ညကော ကြိုက်တဲ့အချိန်ဆက်သွယ်နိုင်တယ်'



စတက်ဖို့ပြောသည့်စကားတွေကို မိုက်ကပြန်ပြောပြတော့ ဂျက်နက်က….

'ဒီအနေအထားကြီးကို ကျွန်မမကြိုက်ဘူးမိုက်၊ တနလ်ာနေ့မနက်ဆို လူတွေမြို့ထဲကိုပြန်လာကြတော့မှာပဲ၊အဲ့ဒီနေ့ဟာ သူတို့ရဲ့နောက်ဆုံးနေ့ဆိုတာတောင် သိကြမှာမဟုတ်ဘူး'

ဟု ညည်းညူလိုက်၏။

'ကျွန်တော်လဲ အဲဒီအတိုင်းခံစားရပါတယ်၊ ဒါပေမယ့် ကျွန်တော်တို့အားလုံး မလူးသာမလွန့်သာကြီးဖြစ်နေတယ်လေ၊ ရှော်ဂျာပေါ်လာပြီး တစ်နေရာရာမှာဗုံးကိုထောင်မှပဲ ရဲအဖွဲ့၊ ဒါမှမဟုတ် အက်ဖ်ဘီအိုင်က သူ့ကို ဖမ်းနိုင်တော့မှာပဲ'

'တကယ်လို့ လင်းပြန်ပေါ်လာရင် ရှင် ဘယ်လိုလုပ်မလဲ'

'သူ့ကိုကိုင်တွယ်ဖို့ ကျွန်တော့်မှာအရေးပေါ်အစီအစဉ်ရှိပြီးသား'

ညနေခင်းသည် အေးချမ်းတိတ်ဆိတ်နေ၏။ ထိုနည်းတူစွာ ညချမ်းသည်လည်း အေးချမ်းတိတ်ဆိတ်နေ၏။

စတက်ဖို့ကတော့ သူ၏ ထိန်းချုပ်ရေးစခန်းမှာပင်ရှိနေဆဲ။ မိုက်က ဖုန်းဆက်ကြည့်တော့ ဘာမျှမထူးကြောင်း ပြန်

ပြောသည်။ ရန်ဒေါ်မက်ကာသီက လှမ်းဆက်ကြောင်း၊ ရီတာထံ ချော်ဂျာဆက်သွယ်မှုမရှိကြောင်း၊ ရီတာသည် သည်ကိစ္စကြီးကို ရိပ်မိပုံပင်မရကြောင်းပြောသည်ဆို၏။ စတက်ဖို၏ အကြံပေးချက်အရ သူသည် ရီတာနှင့်အတူ အင်္ဂလန်နေ့နေ့လယ်အထိ နေပေးမည်ဟု ကတိပေးကြောင်း ပြောသည်။

မည်သို့ဖြစ်စေ မက်ကာသီက ထူးခြားမှုတစ်ခုကို ဖော်ထုတ်ပေးလိုက်သည်ဟု စတက်ဖိုကပြောသည်။ လမ်းဆုံစတိုးဆိုင်သို့ ရီတာသွားနေခိုက် မက်ကာသီက ချော်ဂျာအလုပ်လုပ်လေ့ရှိသည့် ကားဂိုဒေါင်ကိုဝင်ကြည့်ကြောင်း၊ ဂိုဒေါင်ထဲတွင် တန်ဆာပလာပစ္စည်းများမှလွဲ၍ ဘာမျှ မတွေ့ရကြောင်း၊ သို့သော် စတက်ဖို့ဇွတ်အတင်းထည့်ပေးလိုက်သည့် ရေဒီယိုဓာတ်ကြွမှုတိုင်းသည့် ကိရိယာဖြင့် စမ်းကြည့်သောအခါ ရေဒီယိုဓာတ်ကြွမှုရှိနေသည်ကိုတွေ့ရကြောင်း၊ ဤကား ချော်ဂျာသည် ပိုအခန်း၌ ပလူတိုနီယံကိုသုံးစွဲနေတာ သိသာကြောင်း၊ သူသည် အနုမြူဗုံးမှုလုပ်နေတာ ဖြစ်နိုင်ကြောင်းဖြင့် မက်ကာသီ၏ထင်မြင်ချက်ကို စတက်ဖိုကပြန်ပြောပြသည်။

ညနေ ၀ါးနာရီသာသာကလေးတွင် တယ်လီဖုန်းခေါ်သံမြည်လာသည်။ တစ်ဖက်မှဆက်သည့်အသံရှင်သည် မမျှော်လင့်ဘဲ ဒေါက်တာ အယ်လ်မိုဆီဘာတ်စတီယံ ဖြစ်နေသည်။ သူသည် တက္ကသိုလ်ဆေးရုံအုပ်ကြီးဖြစ်ပြီး အသားအစားထိုး



နှင့် ပြန်လည်ပြုပြင်ထည်ဆောက်ရေး ခွဲစိတ်ကုသမှုဌာနကြီးမှူးလည်း ဖြစ်၏။

'မင်းကိုတွေ့လို့ တော်ပါသေးရဲ့မိုက်ရာ၊ မင်း တက္ကသိုလ်ဆေးရုံကို ဘယ်လောက် မြန်မြန်လာနိုင်မလဲ၊ အင်နာပိုလစ်လမ်းမပေါ်မှာ ယာဉ်တိုက်မှုဖြစ်ပြီး ကလေးမကလေးတစ်ယောက် မျက်နှာမှာအကြီးအကျယ် ဒဏ်ရာရသွားတယ်၊ လှတဲ့တော်အာမတ်တစ်ယောက်ရဲ့သမီးပဲ'

'ဒီနေ့ ကျွန်တော်တာဝန်ကျမဟုတ်ဘူးအယ်လ်မို၊ ဒါပြင် ကျွန်တော်....'

'မင်း ငါ့ကို ဒုက္ခရောက်အောင်မလုပ်ပါနဲ့မိုက်၊ မင်း ဘယ်သူ့နဲ့ပဲရှိနေရှိနေပေါ့၊ ငါ အရေးပေါ်ကုသခန်းကခေါ်နေတာ....ငါ့လက်ကောက်ဝတ်လဲ ကျိုးနေတယ်၊ လွန်ခဲ့တဲ့တစ်နာရီလောက်က ငါ့အိမ်ကတင်းနစ်ကွင်းမှာ ချော်လဲလို့လေ'

မိုက်ကဆက်ပြီးငြင်းဆန်ဖို့ကြိုးစား၏။ သို့သော် ဌာနကြီးမှူးက ဇွတ်ပြောနေသည်။ လက်ထောက်ဆရာဝန်ဖြင့် လွှဲမထားနိုင်ဟုဆိုသည်။ နောက်ဆုံး မိုက်က ဂျက်နုတ်နှင့်လှည့်ပြီး တိုင်ပင်သည်။

သည်တော့ ဂျက်နက်ဘ မဆိုင်းမတွ အဖြေပေးသည်။

'ဒါဆို ရှင်သွားမှဖြစ်မှာပေါ့၊ ကျွန်မတစ်ယောက်တည်း ထားခဲ့ရမှာကို မစိုးရိမ်ပါနဲ့၊ ကျွန်မ ဘာမှ ဖြစ်မှာ မဟုတ်ပါဘူး'

'သေချာရဲ့လားကွာ'

'သေချာပါတယ်၊ ရှင်ကျွန်မကို အခန်းထဲမှာ သော့ခတ်ထားခဲ့ရင် ကျွန်မ အပြင်ကို ထွက်လို့မရတော့ဘူးပေါ့၊ အဲဒီလိုပဲ သူလဲ ထွက်လို့မရပါဘူး'

'ကျွန်တော် နှစ်နာရီထက် ပိုမကြာဘူး၊ အပြန်ကျရင် လမ်းထောင့် ပီဇာဆိုင်က ပီဇာပူပူနွေးနွေးနဲ့ ဝိုင်တစ်ပုလင်း ဝင်ဝယ်ခဲ့မယ်'

'သိပ်ကောင်းတာပေါ့'

ဂျက်နက်က သူ့အား နှုတ်ဆက်အနမ်း နမ်းသည်။

'အပြင်ကနေ သော့ခတ်ဖို့လဲ မမေ့နဲ့ဦး'

* * *

လွှတ်တော်အမတ်၏ သမီးကလေးမျက်နှာမှာ ဂျက်နက် ဒဏ်ရာရခဲ့တုန်းကလောက် အခြေအနေမဆိုး။ သို့သော်.... သူ့ရည်းစားနှင့် ဝါရှင်တန်သို့ပြန်အလာ လမ်းတွင် ယာဉ်တိုက်မှု ဖြစ်ခဲ့သည်။ သူသည် အမိုးဖွင့်ကားထဲမှ လွင့်စဉ်ထွက်သွားသည်။ ကံဆိုးချင်တော့ လမ်းဘေးရှိ လိပ်သည်းကျောက်ကျင်းထဲသို့ မျက်နှာဖြင့် ကျသွားသည်။

အလွန် စေ့စပ်သေချာစွာ ခွဲစိတ်ကုသရသည်မှာ သုံးနာရီ ကြာသည်။ များစွာသော ဒဏ်ရာတွေထဲမှ ကျောက်စ



များ၊ ဖုန်သဲများကို သန့်စင် ထုတ်ယူရသည်။ အရေပြားတွေကို ဖြတ်ပစ်ရသည်။ ပြီးတော့ မျက်နှာတွင် ချုပ်သည့် ကြိုးဖြင့် ဒဏ်ရာရွေ့ကို ပြန်ချုပ်ပေးရသည်။

မိုက်က ခွဲစိတ်ကုသမှု ပြီးပြီးချင်း ကမန်းကတန်းအဝတ်လဲသည်။ လူသူမရှိသလောက် ဖြစ်နေသည့် လမ်းများကို ဖြတ်မောင်းပြီး ပီဇာဆိုင်သို့ဝင်သည်။ သူမှာသည့် မုန့်ကို ချက်ပြုတ်ပြီး ဘူးထဲထည့်နေသည်ကို စိတ် မရှည်နိုင်စွာ စောင့်နေရ၏။

ထိုနောက် ပီဇာဘူးနှင့် ဝိုင်တစ်ပုလင်းကိုသယ်ပြီး သူ့အခန်းသို့ ပြန်ခဲ့၏။ တံခါးမှာ သော့ခတ်ထားဆဲ။ သည်တော့ လက်ထဲမှ ပစ္စည်းတွေကို အောက်သို့ ချမနေတော့ဘဲ တံခါး ခေါက်လိုက်၏။

ဖြေသံမကြားရ။ သို့ဖြင့် ပစ္စည်းတွေကို ကြမ်းပေါ်ချပြီး အိတ်ထဲမှ သော့ဖြင့် တံခါးဖွင့်လိုက်၏။ သူမြင်တွေ့လိုက်ရသည်မှာ ဟာလာဟင်းလင်း အခန်း။ အထဲမှာ ဘယ်သူမျှ မရှိ။

သူ သေချာပေါက် သိလိုက်ပါသည်။

ဂျက်နက်သို့မဟုတ် လင်းသည် ထွက်သွားပြီဖြစ်ကြောင်း။

၅၀။

မိုက်အနေဖြင့် သိပ်ကြာကြာ မရှာလိုက်ရပါ။ အမျိုးသမီး ထားသွားသည့် စာတစ်စောင်ကို ထမင်းစား စားပွဲကလေး ပေါ်တွင် တွေ့လိုက်ရ၏။ လက်ရေးကို ဖျတ်ခနဲ ကြည့်လိုက် ရုံဖြင့် သည်စာကို ဘယ်သူရေးသွားကြောင်း ချက်ချင်းသိ လိုက်၏။ စာအဆုံးတွင် ရေထိုးထားသည့် နာမည် အတို ကောက် စာလုံးကိုပင် ကြည့်နေဖို့မလို။

ချစ်တဲ့မိုက်....

ကျွန်မ တွေ့ဖူးသမျှထဲမှာ အရည်အချင်းမွန်ဆုံး ဖြစ်တဲ့ လူတစ်ယောက်ကို ကျွန်မ ဒီလိုမလုပ်ချင်ပါဘူး၊ ကျွန် မသာ လူသား စစ်စစ်ဘဝကို ရနိုင်ပြီး တစ်ယောက်



ယောက်ကို ချစ်ခွင့်ရမယ်ဆိုရင် ကျွန်မချစ်မယ့်သူဟာ မောင်ပါပဲ။ ဒါပေမယ့် ကျွန်မတို့လို မာရ်နတ်ကို အလုပ်အကြွေး ပြုနေသူတွေဟာ ဘယ်လိုလဲဆိုတာ မောင် သိပါတယ်လေ၊ ဒါ့အပြင် နက်ဖြန် နေ့လယ် မတိုင်မီ ဝါရှင်တန် မြို့တော်ကြီးမှာ မီးဟုန်းဟုန်း တောက်တော့မှာ။ ကျွန်မက မီးကြောက်တယ်လေ။

မောင့် ဂျက်နက်ကို မောင် တကယ်ချစ်တယ်၊ နောက်ပြီး သူ့ခန္ဓာကိုယ်ကိုကော မောင့်ခန္ဓာကိုယ် ပါ အကောင်းအတိုင်းပြန်ရချင်ရင် ဒီည ရိပ်သာကို လာခဲ့ပါ၊ ဒါပေမယ့် သစ္စာပဲ့သူတို့ စုဝေးရာ ဝါရှင် တန်ကို ဖျက်ဆီးဖို့ အစီအစဉ်ကို စွန့်လွှတ်ဖို့ ကျွန်မကို ကော တခြားလူတွေကိုပါ စည်းရုံးဖို့ရမယ် မဟုတ် ဘူး၊ ဂျက်နက်နဲ့ မောင့်ကိုမောင် ကယ်ဆယ်ဖို့ဆိုတဲ့ စိတ်ကူးနဲ့သာ လာခဲ့ပါ၊ ကျွန်မရည်ရွယ်ချက် ပြည့် မြောက်ပြီဆိုရင် ကျွန်မ သူ့ခန္ဓာကိုယ်ကိုစွန့်ခွာပေးဖို့ ကတိပြုပါတယ်၊ သူ့ထက် ဟိန်းချုပ်ရလွယ်ပြီး သူ့ လောက် မှတ်မိဖို့မလွယ်တဲ့ တစ်ယောက်ယောက်ဆီကို ကူးပြောင်းသွားတော့မယ် မောင်။

အဲဒါတွေကတော့ကျွန်မရဲ့ညွှန်ကြားချက်တွေပဲ၊ မောင်သဘောတူရင် ဒီည မောင့်ကိုမျှော်နေမယ်၊ သဘောမတူရင်တော့ မောင်သေရလိမ့်မယ်၊ တကယ် လို့ ကျွန်မသာ တကယ်ခံစားနိုင်မယ်ဆိုရင် မောင့်

ပညာ၊မောင့်ပါရမီတွေ အလာဟဿဖြစ်ရတဲ့အတွက်
ကျွန်မ ငိုကြွေးတမ်းတနေမှာပါမောင်။

မောင့်ရဲ့(ကျွန်မအဲဒီလိုဖြစ်ချင်နေခိုက်မှာပေါ့)

အယ်လ်

မှတ်ချက်။ ။ကျွန်မလဝီးတောလမ်းအဖြစ်နဲ့ငါးနှစ်သမီးကတည်းက သော့တွေကိုဖွင့်တတ်ခဲ့တာ၊ မောင့်အခန်းတံခါးမှာခတ်ထားတဲ့ နှစ်ချက်ခတ်သော့ကိုဖွင့်ဖို့ တစ်မိနစ်တောင် အချိန်မယူရဘူး။

အပြင်ဘက်တွင် မှောင်လုနီးပါးဖြစ်နေပြီ။ မိုက်က သူ၏အရေးပေါ်စီမံချက်ကို စတင်အကောင်အထည်ဖော်ဖို့ အချိန်ဆိုင်းမနေတော့။ ဂျက်နက်အား လင်းနှင့်ရော်ဂျာကိုဗင်တို့က မီးရထားလိုက်ခေါင်းထဲတွင် ပစ်ထားခဲ့ပြီးကတည်းက အရေးကြုံလျှင် သည်စီမံချက်ကိုအကောင်အထည် ဖော်ဖို့ မိုက် ဆုံးဖြတ်ထားခဲ့၏။ သည်စီမံချက်အတွက် ပြင်ဆင်စရာသိပ်များများစားစားမလို။ အင်ဒီယန်းဟက်သို့ သွားရင်း တစ်ညလုံးဖွင့်သည့် ဆေးပစ္စည်းအရောင်းဆိုင်သို့ ဝင်လိုက်ရုံပင်။

စုံထောက်ကြီးစတက်ဖို့ထံ ဖုန်းဆက်ဖို့စိတ်ကူးသေးသည်။ သို့သော် မဆက်ဖို့ဆုံး[illegible]လိုက်၏။ စုံ[illegible]သည်



ကြံရာမရဖြစ်ပြီး လင်းကိုဖမ်းဖို့ကြိုးစားနိုင်သည်။ သေချာသည်မှာ လင်းကိုမမိဘဲ ဂျက်နက်ကိုသာမိလိမ့်မည်။ ထိုအခါ ဂျက်နက်ခမျာ စစ်ဆေးမေးမြန်းသည့်ဒုက္ခကို ခံရဦးမည်။ အဆင်မသင့်လျှင် အချုပ်ခန်းတွင် တစ်ညစ်မြန်းရလိမ့်မည်။

ရိုင်သာခြံထဲသို့ ကားမောင်းဝင်သွားသည်။ အိမ်ထဲမှာ မီးတွေအားလုံးဖွင့်ထားသည်ကို တွေ့ရ၏။ ဂျက်နက်၏ကားကို သစ်ပင်အောက်မှာ ရပ်ထားသည်ကိုလည်း တွေ့ရ၏။ ဤကား လင်းရပ်တတ်သည့်အနေအထား။ဤကား ရိပ်သာတွင် လင်းရောက်နေပြီဆိုသည့်လက္ခဏာ။ လင်းအနေဖြင့် ဂျက်နက်၏ကားကိုယူဖို့မခက်ခဲပါ။ မိုက်၏အခန်းမှထွက်ပြီး အငှားကားတစ်စီးဖြင့် ဂျက်နက်၏အခန်းသို့သွားလိုက်ရုံသာရှိ၏။

မိုက်က စက်ကိုသတ်ပြီး ကားမီးတွေကိုမှိတ်လိုက်တော့ အိမ်တံခါးဝသို့သူထွက်လာသည်။ဘောင်းဘီတိုနှင့်ဘော်လီပဲဝတ်ထားသည့် လှပကြော့ရှင်းသောမိန်းကလေး။ ညကပွဲလောင်အိုက်စင်နေသည် မဟုတ်လား။

'မိုက်၊ အချစ်'

လှမ်းခေါ်သည်။ ဂျက်နက်၏အသံနှင့်တူအောင် တုပြီး ပြောဖို့မကြိုးစား။

'မောင် ကျွန်မကို ဆက်ပြီး တိုက်ခိုက်မနေဖို့ ဆုံးဖြတ်ပါစေလို့ ကျွန်မကဆုတောင်းနေတာ၊ သိလား'

'မင်းက ဖိတ်စာကမ်းခဲ့ပြီးတဲ့နောက်မှတော့ ကိုယ်က ဘယ်လိုလုပ်ပြီး နောက်ချန်နေရစ်နိုင်ပါ့မလဲ'

မိုက်က လှေကားထစ်များပေါ်မှတက်ပြီး သူ့ကို ရင်ခွင်ထဲ ဆွဲသွင်းသည်။ မြင်းပြသောအနမ်းရှည်ကြီးနမ်းသည်။

'မြို့တော်ကြီးနဲ့အတူ ကိုယ့်အသက်ပါစွန့်ပစ်လိုက်ရလောက်အောင် ကိုယ်ကမရူးသေးဘူးလေ'

'ပေါက်ကွဲသံကြီးကတော့ ဝုန်းခနဲနေမှာပဲ၊ ကျွန်မတို့ ဒီကနေကြည့်ရင် မှိုပွင့်ကြီးကိုမြင်ရရင်မြင်ရမယ်၊ ဒါပေမယ့် ဒီမှာဆိုရင် အန္တရာယ်ကင်းတယ်လို့ ရော်ဂျာက ပြောတယ် မောင်ရဲ့၊ထိရောက်တဲ့အကွာအဝေးက ဆယ့်ငါးမိုင်ပတ်လည်တဲ့၊ ကျွန်မတို့က မိုင်နှစ်ဆယ်ကျော်ဝေးတယ် မဟုတ်လား ဟင်'

'အဲဒီလောက်ပါပဲ'

'ကျွန်မက ဒီညအတွက် ပထမခွက်ကိုသောက်တော့မလို့'

အိမ်ထဲသို့ဝင်လာကြတော့ သူ့မျက်လုံးတွေ မည်းမျ[illegible] အရောင်လက်နေသည်ကို မိုက်တွေ့ရ၏။ ဤကား လင်းဖြစ်[illegible] ကြောင်း သက်သေခံသည့် တံဆိပ်အမှတ်အသား ဖြစ်ပေ[illegible] သည်။

'ဒါပေမယ့် ဒီအိမ်ကမောင့်အိမ်ဆိုတော့ မောင်ပဲ ကြည့်[illegible] စီစဉ်လိုက်ပါ'

'မင်း ကိုယ့်ကိုမှောက်သွားအောင် လုပ်ခဲ့တဲ့ဝိုင်နဲ့တော[illegible] မဟုတ်ပါဘူးနော်'



'ဒီညတော့ အဲဒီဝိုင်မတိုက်တော့ပါဘူး၊ ကျွန်မလဲ မောင့်ဖင်ကို ဆေးထိုးမပေးချင်ပါဘူး'

'မင်းကျေနပ်နေရင် ပြီးတာပါပဲကွာ'

မိုက်က လင်းအားဧည့်ခန်းထဲတွင်ထားခဲ့ပြီးစားဖိုဆောင်ထဲရှိ အရက်စင်ကလေးရှိရာသို့သွားသည်။

'ဘာဘွန်သောက်မှာလား'

'အကြိုက်ဆုံးပေါ့၊ ကျွန်မဖို့နှစ်ပက်နော်'

'နှစ်ပက်ပါပဲဗျား၊ တီဗီဖွင့်ပြီး သူတို့ရော်ဂျာကိုမိသွားပြီလားဆိုတာ ကြည့်စမ်းပါ'

'မမိသေးပါဘူး၊ မိမှာလဲမဟုတ်ဘူး၊ ယူနီယံဘူတာရုံအောက်က လိုဏ်ခေါင်းတွေကို သူက ကောင်းကောင်းကျွမ်းကျင်နှံ့စပ်နေတာပါ'

စားဖိုဆောင်ထဲတွင် မိုက်က အာနိသင်ပြင်းထန်သည့် ကလိုပရိုမာဇင်းဆေး ပုလင်းထိပ်ကို ဖွင့်သည်။လင်း၏ဖန်ခွက်ထဲသို့ အိပ်ဆေးရည်တွေသွန်ချလိုက်သည်။ သည်ဆေးကို သောက်လိုက်မိလျှင် ခေါက်ခနဲ အိပ်ပျော်သွား လိမ့်မည်။ နောက်ပြီး သည်ဆေးရည်မှာ အရသာလုံးဝမရှိ။

'မင်း ဘယ်လိုဖြစ်ပြီး အာမန်ဒက်စကော့ရဲ့ နေရာမှာ ရော်ဂျာကို ရွေးလိုက်တာလဲ'

မိုက်က ဧည့်ခန်းထဲသို့ ပြန်လာသည်။ဆေးခတ်ထားသော ခွက်ကို လင်းအား ပေးလိုက်သည်။

'အဲဒါက ကံအကြောင်းသင့်လို့ပါ'

လင်း ဝန်ခံ၏။

ဖန်ခွက်ထဲမှ အရက်တစ်ဝက်လောက်ကို တစ်မော့တည်းဖြင့် သောက်ပစ်လိုက်၏။

'အင်း...ကောင်းလိုက်တာ၊ နက်ဖြန်မနက်မှာ မောင့်ကိုယ်မောင် စွန့်လွှတ်လိုက်ဖို့ မဆုံးဖြတ်တာ ဝမ်းသာပါတယ် မောင်ရယ်၊ မောင်က အရက်စပ်တာ တယ်ကျွမ်းတာကိုး၊ ဪ....ဟုတ်ပါရဲ့၊ မောင်မေးနေတဲ့ ရော်ဂျာအကြောင်းနော်၊ ဟုတ်တယ် မဟုတ်လား'

'ဟုတ်တယ်'

'အာမန်က သစ္စာဖောက်ပြီး ကျွန်မကို ထောင်ထဲသွင်းလိုက်တယ်၊ ပြီးတော့ ကျွန်မကိုသတ်ဖို့ လေယာဉ်ထဲမှာဗုံးဆင်ခဲ့တယ်၊ဒီတော့ ကျွန်မက သူ့ကိုအပြတ်ရှင်းရတော့မယ်လေ၊ လိမ်လိမ်မာမာ ပါးပါးနပ်နပ်ကလေးပေါ့၊ မဟုတ်ဘူးလားဟင်'

'အဲဒါအတွက် အငြင်းပွားစရာမရှိပါဘူး'

ခုလို မြူးနေပုံမျိုးနှင့်ဆိုလျှင် မိုက် ကျိတ်ပြီး ကြံစည်ထားသည့် ရည်ရွယ်ချက် အောင်မြင်အောင် သည်သူငယ်မဖြည့်ဆည်းနိုင်မည် မုချ။

သည်တော့ သူ့ကိုဆက်ပြီး မြှောက်ထိုးပင့်ကော် စကား





သူ ကြွားလုံးဝါးလုံးတွေ ပြောလာအောင် သွေးထိုးပေးရမည်။

'ဒါပေမယ့် ရော်ဂျာကိုဗင်က ကိုင်ရတွယ်ရခက်မလားလို့....'

'ကျွန်မက သူ့ကို ထိန်းချုပ်ဖို့မကြိုးစားခဲ့ပါဘူး၊ဝါရှင်တန်ရဲ့ ဗဟိုအချက်အချာနဲ့အမေရိကန်အစိုးရကို တစ်ချီတည်းနဲ့ ဖျက်ဆီးဖို့ အစီအစဉ်ကို ကိုင်ပြီး ကျွန်မက သူ့ကိုချဉ်းကပ်တယ်၊ အဲဒီအချိန်မှာ သူ့ကို စုံစမ်းထောက်လှမ်းနေပြီဆိုတာ သူသိကာစကလေးပဲ ရှိသေးတယ်၊ စုံစမ်းထောက်လှမ်းတာက ရိတာ့ချစ်ဖော်....'

'အမှတ်မင်း မက်နက်လား'

'ဘယ်သူ ရှိဦးမှာလဲ၊ ဘာပဲဖြစ်ဖြစ်လေ....မက်နက်က သူ့ဂုဏ်သိက္ခာကို ဆယ်ဖို့ ရော်ဂျာကို ကျားစာကျွေးတော့မယ်ဆိုတာ သိရတော့ ရော်ဂျာဟာ လက်စားချေဖို့ဆိုရင် ဘာပဲလုပ်ရလုပ်ရ လုပ်ဖို့ အသင့်ဖြစ်နေတော့တာပေါ့'

'ဒီတော့ မင့်ရည်ရွယ်ချက် အောင်မြင်ဖို့ သူ့ဒေါသကိုအသုံးချလိုက်တယ် ဆိုပါတော့'

'ဒါပေါ့၊ မောင်တို့ ဂျက်နက်တို့လိုလူတွေ နားမလည်နိုင်တာ တစ်ခုရှိတယ်၊ အဲဒါက လူစီဖာကိုအလုပ်အကျွေးပြုနေတဲ့ ကျွန်မတို့ဟာ လူသားမျိုးနွယ်ပေါ်မှာ မာရ်နတ်မင်းရဲ့တန်ခိုးအာဏာကို ပြဖို့ဆိုရင် ဘယ်အတားအဆီးမျိုးကိုမှ လက်မခံဘူး ဆိုတာပဲ'

'မင့်ဝိညာဉ်က လင်းတောလ်မင်းကို ဘယ်လိုလုပ်ပြီး ပူး
ကပ် ချုပ်ကိုင်ခဲ့တာလဲ'

'အဲဒါက လွယ်ပါတယ်၊ ကျွန်မ အသုံးချခဲ့တဲ့ တခြား
ကိုယ်ခန္ဓာတွေလိုပါပဲ၊ ရှင်တို့ရဲ့ တရားဟော ဆရာတွေက
ထာဝရရှင်သန်ခြင်းအကြောင်းကို တတ်ယောင်ကားနဲ့ ဟိုတ်
တစ်လုံး ဟန်တစ်လုံး ပြောဟောနေကြတယ်၊ ဒါပေမယ့်
ဝိညာဉ်လောကက ကျွန်မတို့ဟာ ထာဝရရှင်သန်သူတွေဆိုတာ
ကို သူတို့မေ့နေကြတယ်'

'ဒီတော့ မင်းကို ချေမှုန်းဖျက်ဆီးလို့ မရနိုင်ဘူးပေါ့'

လင်းက မိုက်အား သံသယအကြည့်ဖြင့် ဖျတ်ခနဲ ကြည့်
သည်။

'အဲဒီဘက်ကို စိတ်ကူးရောက်နေလို့လား'

မိုက်က ပခုံးတွန့်ပြလိုက်၏။

'မင်းကိုချေမှုန်းလိုက်ရင် ကျက်နက်ကိုချေမှုန်းရာပဲရောက်
မှာပေါ့'

'နောက်ပြီး ရှင်မက်မောနေတဲ့ ကိုယ်ခန္ဓာလေ'

သူ့စိတ်တွေ ပေါ့ပါးမြူးကြွလာပြန်သည်။ သူ့လက်ထဲမှ
ယမကာကို အပြတ်မော့သည်။ ဖန်ခွက်လွတ်ကို မိုက်အား
လှမ်းပေးသည်။

'နောက်ထပ်နှစ်ပက် ချစ်ဖော်ရေ....နောက်ပြီး မောင်
အတွက် တစ်ခွက်ပေါ့၊ မောင် ကျွန်မကို မူးအောင်လုပ်လို့



မရဘူးနော်၊ ဒီတော့ မကြိုးစားနဲ့၊ ဒါပေမယ့် မောင်
ကောင်းကောင်းရေချိန်ကိုက်သွားရင် ဒီည နေစက်ပိုင်းမှာ
မောင် ပိုပြီးပျော်မှာပါ'

စားပိုဆောင်ထဲတွင် မိုက်က အရက်နှစ်ခွက်ကို ခပ်သွက်
သွက် စပ်သည်။

မိမိအတွက်တော့ တစ်ပက်ပဲဆည့်သည်။ သူကခဏကလေး
ပဲ တုံ့ဆိုင်းနေသည်။

ပြီးတော့ ကလိုပရိုမာဇင်း နောက်တစ်လုံးကို လင်း၏
အရက်ခွက်ထဲသို့ ဘွန်ထည့်လိုက်၏။ ပြီးတော့ အရက်နှင့်ဆေး
ကို မွှေလိုက်၏။

'ဟော....မောင် ဘာလို့ ဒီလောက်ကြာနေတာလဲ၊ ပထမ
တစ်ခွက်ကဖြင့် ကျွန်မကို ထိအောင် မထိသေးဘူး'

ညွှိခန်းဆီမှ အက်ကွဲကွဲအသံဖြင့် လှမ်းပြောသည်။

'ဒီတင်ခွက်ကျမှင်တော့ မင်းမူးမှာပါ'

ပြောပြီး ပြုံးလှသော ဘာဘွန်စိစကီထဲသို့ အိပ်ဆေး
နောက်တစ်လုံး ဖောက်ထည့်လိုက်ပြန်၏။

'တိတိကျကျ ပြောရရင် မင်း ကိုယ့်ခြေပေါ်တောင် ကိုယ်
ရပ်နိုင်မှာ မဟုတ်ဘူး၊ ကိုယ် လောင်းရဲတယ်'

'သွားစမ်းပါ၊ တစ်သက်လုံး မမူးဘူးမှတ်'

သူကရယ်မောလိုက်သည်။ သူ့ဝိစကီသည် တဖြည်းဖြည်း
လျော့နည်းသွားသည်။

'မောင့်ကို ဘာပြောမလို့လဲဆိုတာ သိလား၊ ကျွန်မလေ ကတိပေးထားတဲ့အတိုင်း တခြားခန္ဓာကိုယ်တစ်ခုကို ပြောင်းသွားရင် တစ်ခါတလေ မောင့်ဆီလှမ်းဆက်ပြီး ကျွန်မဘယ်ရောက်နေတယ်ဆိုတာ ပြောမယ် သိလား၊ တကယ်တော့ မောင့်ကိုလက်မလွှတ်လိုက်ချင်ဘူး၊ မောင်က အရမ်း ချစ်ဖို့ကောင်းတဲ့ လူသားချစ်သူ ဖြစ်နေတယ်လေ၊ ဒါကြောင့် မောင်တော့ လိုက်လာမှာပဲဆိုပြီး စာရေးထားခဲ့တာ'

'ကိုယ့်အတွက်အရှုံးမရှိနိုင်ပါဘူး'

မိုက်က အစွမ်းကုန် ပေါ့ပေါ့ပါးပါးလေသံဖြင့် ပြောသည်။

စင်ပေါ်မှ နာရီက နာရီအချက်ပေးသံ ပြုသည်။ လင်းက သူ့လက်ကောက်ဝတ်မှ လက်ပတ်နာရီကို ကြည့်သည်။

'ခုလောက်ဆို ရော်ဂျာတစ်ယောက် ဗုံးမှာ ချိန်ကိုက်ကိရိယာကို ချိန်နေလောက်ပြီ'

'ဒီလူ ဒဲဒီလောက် မိုက်ကန်းလာအောင် မင်းဘယ်လိုလုပ်ပြီး စည်းရုံးလိုက်တယ်ဆိုတာ ကိုယ်စဉ်းစားလို့ မရသေးဘူး'

မိုက်ကန်းရမယ့် အတိုင်းအတာကို တွက်ဆပြီး သူဘယ်သဘောတူပါ့မလဲ၊ ဒါပေမယ့် အမတ်မင်း မက်နက်ကသူ့ကို စုံစမ်းထောက်လှမ်းမှုလုပ်ပြီး ကွတ်ကျော် ရိုက်ခဲ့တယ်လေ၊ ဘာဖြစ်လို့လဲဆိုတော့ ရိုတာကို အမတ်မင်းက တစ်ယောက်တည်း မောဝ်ပိုင်စီးချင်တာကိုး'



'ရိုတာက မင်းတို့အထဲက အဖွဲ့သားမဟုတ်ဘူးလား'

'ရိုတာ၊ ဟုတ်လား'

အက်တက်တက် သံကြောင်ကြီးဖြင့် ရယ်လိုက်ပြန်၏။

'အဆင့်နိမ့်နိမ့် ဝိညာဉ်တစ်ခုက ပူးကပ်ရလောက်အောင်တောင် သူ့မှာ ဦးနှောက်ရှိတာ မဟုတ်ဘူး၊ သူတော်တာက လက်ခရေးတိုလက်နှိပ်စက်သမားအဖြစ်တော်တယ်၊ ဒါမှမဟုတ် အိပ်ရာထဲမှာ တော်တယ်၊ ဒါလောက်ပဲ ရှိတာကလား'

ခုချိန်ထိ မိုက်သိဖို့ လိုအပ်သည့် အချက်တစ်ချက်တော့သိလိုက်ရပြီဖြစ်၏။

ဥမင်လိုဏ်ခေါင်းထဲတွင် ရှောင်ထွက်ခဲ့ရပြီးသည်နောက်ပိုင်း ရော်ဂျာ ကိုဗင်သည် ထွက်ပြေးသွားခြင်းမရှိ။

ဝါရှင်တန်ကို ဗုံးဖောက်ခွဲဖို့ အစီအစဉ်ကို ဆက်လက်အကောင်အထည်ဖော်နေဆဲဖြစ်သည်။

လင်း၏အရက်ထဲတွင် မိမိခတ်လိုက်သည့် ဆေးသည် ခုထိတော့ သိပ်အစွမ်းမပြသေး။

ယခုထက်ပိုပြီး မြန်မြန်ဆန်ဆန် အစွမ်းပြမှ ဖြစ်မည်။ မဟုတ်လျှင် စတက်ဖို့အား လှမ်းအကြောင်းကြားဖို့ နှောင့်နှေးနေမည်။

'ကျွန်မ တခြား ခန္ဓာကိုယ် တစ်ခုကို ပြောင်းသွားရင် စုံထောက်ကြီး စတက်ဖို့က မောင့်ရဲ့ ချစ်လှစွာသော ဂျက်

နက်ကို ဖမ်းလိမ့်မယ်ဆိုတာ မောင် သိထားမယ် ထင်ပါရဲ့'

'မင်းသူ့ကို မကယ်နိုင်ဘူးလား၊ ဗုံးဖောက်ခဲ့မှုမှာပါဝင်ခဲ့တာဟာ ဂျက်နက့်အစစ် မဟုတ်ဘူး၊ သူ့ကိုယ်ခန္ဓာကို အပိုင်စီးထားတဲ့ မင်းသာ ဖြစ်တယ်ဆိုတဲ့အကြောင်း စာကလေးတစ်စောင် ခုနေရေးလိုက်ရင် ရှင်းသွားမှာပေါ့၊ ဒါ့အပြင် မင်းဘယ်လောက် တန်ခိုးရှိတယ် ဆိုတာကိုလဲ ကမ္ဘာက သိသွားတာပေါ့'

သူမျက်မှောင်ကြုတ်သည်။

အလေးအနက်စဉ်းစားအောင်လုပ်သည့်သဘောဖြင့် ခေါင်းကိုဆတ်ခနဲ ခါ၏။

'ဒါဆို မောင်သူ့ကိုလဲရမှာယ်'

'မင်းကတိပေးထားတဲ့အတိုင်းပဲပေါ့'

မိုက်ကသတိပေးလိုက်၏။ သတိပေးစကားကြောင့်ထွက်ပေါ်လာသည့် အဖြေမှာ အက်ကွဲကွဲ ကြောင်စီစီရယ်သံကြီးသာ ဖြစ်၏။

'ကောင်းဆိုးရွားတစ်ကောင်ရဲ့ ကတိစကား၊ ဟုတ်လား၊ ဒီကတိစကားက ဘယ်လောက် တန်ဖိုးရှိမှာလဲ မောင်ရယ်'

'ကဲ...ဒါဆို တစ်နည်း လုညှို့တွေးကြည့်ကြရအောင်၊ တကယ်လို့ လေယာဉ်ကွင်း ကြမ်းပြင်ပေါ်မှာ ဂျက်နက်



အသက်ရှင်အောင် ကိုယ် မလုပ်ခဲ့ရင် မင်းဘယ်ရောက်နေမလဲ'

'ဒါက လွယ်ပါတယ်၊ တခြား ကိုယ်ခန္ဓာတစ်ခု ထဲမှာပေါ့၊ လေကြောင်းထိန်း မျှော်စင်ပေါ်မှာ လူတွေကို ပြည့်လို့....'

'ဒါပေမယ့် ခေတ်သစ် အချစ်နတ်ဘုရားမရဲ့ ကိုယ်ခန္ဓာ မဟုတ်ဘူးလေ၊ နောက်ပြီး ကိုယ်သာ ဂျက်နက်နဲ့ မင်းကို ဒီကိုခေါ်မလာခဲ့ရင် မင်းအနေနဲ့ ရော်ဂျာကိုဗင်ကိုတွေ့မှာ မဟုတ်ဘူး၊ အဲဒါဆို မင်းနဲ့ မင်းရဲ့သခင် လူစီဖာမှာရှိတဲ့ တန်ခိုးစွမ်းပကားကို ကမ္ဘာသိအောင် ပြခွင့်ရမှာ မဟုတ်ဘူး'

'ကျွန်မကို အဲဒီနည်းရဲ့ စိတ်ရှုပ်အောင် လာမလုပ်နဲ့၊ ဒီညခမောင်နဲ့ကျွန်မ အပေးအယူတည့်ရင် မနက်ကျ အဲဒီစာကို ရေးချင်ရေးပေးမှာယ်'

သူ မတ်တတ်ရပ်လိုက်၏။ အရက်လက်ကျန်ကိုအပြောင်ရှင်းပစ်လိုက်၏။

'ကျွန်မ ရေချိုးခန်းထဲသွားတုန်း နောက်တစ်ခွက် စပ်ပေးပါဦး၊ ဒါပေမယ့် မောင်တော့ မသောက်နဲ့တော့၊ မောင့်ကြည့်ရတာ မူးနေသလိုပဲ'

သွားဖို့ ဟန်ပြင်သည်။ အနည်းငယ်ယိမ်းထိုးသွားသည်။

'တစ်ခုခုတော့ ဖြစ်ပြီ၊ တစ်ခါမှ ဒီလိုမဖြစ်ဖူးဘူး'

'မင်းသောက်တာ အရမ်းမြန်တာကိုး၊ ရေချိုးခန်းက ထွက်လာရင် ခဏလောက် လှဲနေလိုက်'

'ကန်းတယ်'

စကားလုံး မပီလောက်အောင် သူ့အသံလေးနေသည်။ ပြီးတော့ မိုက်အပေါ်သို့ ယိုင်ကျသွားသည်။

ထိုနောက် သူ့ကိုယ်ခန္ဓာသည် ချက်ချင်းပင်တောင့်တင်းသွားသည်။ မိုက်ကို လှည့်ကြည့်သည်။ သူ့ဘာသာသူရပ်နေသည်။ ယိမ်းခြင်းယိုင်ခြင်းမရှိ။ သူ့မျက်လုံးတွေထဲတွင် မှုန်းတီးမှု မီးတောက်များ လှုံ့ထွက်နေသည်။

'လူလည်လုပ်တဲ့ ဖခစစ်သား၊ နင် ငါ့ဝီစကီထဲကိုတစ်ခုခု ထည့်လိုက်တယ်မဟုတ်လား၊ ဟုတ်တယ်မဟုတ်လား'

သူက ကျုံးအော်၏။ မိုက်က ခေါင်းညိတ်ပြသည်။

'နှစ်နာရီ သုံးနာရီလောက်ဆို ဆေးတန်ခိုး ပြယ်သွားမှာပါ၊ ဒါပေမယ့် ဆေးမပြယ်ခင် ခင်ဗျား ကျွန်တော့်ကို အရင်ပြောရမှာက ဗုံးကို ရော်ဂျာ ဘယ်နေရာမှာ ထောင်ထားသလဲဆိုတာပဲ'

'ဘာကိစ္စပြောရမှာလဲ'

ဆေးတန်ခိုးကြောင့် သူ့ဒူးတွေ ညွတ်ကျသွားသည်။ မိုက်ကသာ ဖမ်းထိန်းမထားလျှင် ကြမ်းပေါ်သို့ လဲကျသွားပေမည်။ မည်သို့ဖြစ်စေ သူက သူ့ခွန်အားကို ပြန်ပြီးစုစည်းသည်။ ပြီးတော့ မိုက်၏မျက်နှာကို လက်ဝါးဖြင့် ဖြတ်ရိုက်



လိုက်သည်။ မိုက် လည်ထွက်သွားသည်။ နံရံနှင့် ဆောင့်မိသည်။ မူးရီမူးဝေဖြစ်သွားသည်။ သို့သော် ဤကား နာနာဘာဝတစ်ကောင်၏ ခွန်အားကို နောက်ဆုံးပြလိုက်နိုင်ခြင်းပင်။ မိုက်က ဒယီးဒယိုင်ဖြင့် ပြန်ထသည်။ သူက မိုက်အပေါ် လဲကျလာသည်။ ကြမ်းပြင်ပေါ်သို့ နှစ်ယောက်စလုံး လဲကျသွားသည်။

ပျော့ခွေနေပြီဖြစ်သော သူ့ကိုယ်ခန္ဓာကို မိုက်က ပွေ့ချီသည်။ ညောင်စောင်းပေါ်တွင်တင်သည်။ ညောင်စောင်းကို အခန်းအလယ်သို့ ဆွဲရွှေ့သည်။ ခုတော့ သူလုံးဝသတိလစ်သွားပြီ။ တခေါခေါ ဟောက်၍ပင်နေလိုက်သေး။

ဆရာတော် ဂျူလီယံက သေချာပေါက် မိန့်ကြားထားသည်။ မကောင်းဆိုးဝါး ဝိညာဉ်များသည် မီးကို အသေကြောက်သည်တဲ့။ သည်တော့ မိမိတို့ နှစ်ယောက်စလုံးကို မီးဝါးမသွားမီ ဗုံးကို ရော်ဂျာ ဘယ်နေရာမှာထောင်ထားသည်ကို ထုတ်ပြောပါစေဟုပဲ ဆုတောင်းရတော့မည်။

မိုက်က အိမ်ပြင်သို့ ခပ်သုတ်သုတ် ပြေးထွက်သည်။ ခြံထောင့်ရှိ တဲကလေးဆီသို့ သွားသည်။ မော်တော်ဘုတ်အတွက် လိုအပ်လျှင်ဖြည့်ဖို့ အသင့်ထည့်ထားသည့် ဓာတ်ဆီ ငါးဂါလံပုံးတပုံးကို ယူလာခဲ့သည်။

အိမ်ထဲတွင် ပြေးလွှားပြီး တံခါးပေါက်တွေ အားလုံးဖွင့်ပစ်သည်။ မဟုတ်လျှင် ဓာတ်ဆီငွေ့တွေလျှောင်ပြီး တစ်

အိမ်လုံး ပေါက်ကွဲပွင့်ထွက်သွားလိမ့်မည်။ နောက်ဆုံးအဆင့် ကြိုတင်ကာကွယ်မှုအဖြစ် စားဖိုဆောင် တံခါးပေါက်နား တွင် ချိတ်ထားသည့် မီးသတ်ဘူးကိုဖြုတ်ယူသည်။ ပြီးတော့ သင်း နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေသည့် ညောင်စောင်း နံဘေးတွင် ချထားလိုက်၏။

ထိုသို့ပြင်ဆင်မှုများ ပြုလုပ်ပြီးသည့်အခါ မိုက်က ညောင် စောင်း ပတ်လည်တွင် ဓာတ်ဆီတွေ လောင်းချသည်။ ကြမ်းပြင်နှင့် ဖိုင်ဘာကြမ်းခင်းပေါ်တွင် ဓာတ်ဆီတွေ ရွှဲနစ် ကုန်သည်။ ပြီးတော့ ဓာတ်ဆီပုံးခွံကို လွှင့်ပစ်သည်။

မိမိလိုချင်သည့် သတင်းကိုရပြီး မိမိနှင့် ဂျက်နက်တို့ မီး လောင်တိုက်ထဲမှ လွတ်အောင် ပြေးနိုင်ပါစေဟု ကျိတ်ပြီး ဆုတောင်းရင်း မီးခြစ်ကိုခြစ်လိုက်၏။ မီးတောက်နေသော မီးခြစ်ဆံကို ဓာတ်ဆီစက်ဝိုင်းထဲသို့ ပစ်ချလိုက်၏။

ဓာတ်ဆီငွေ့တွေသည် အခန်းထဲတွင်မှုန်လောက်အောင် ပြည့်လျှံနေပြီ။

ဝုတ်ခနဲမြည်သံနှင့်အတူ မီးတောက်တွေ ထွက်လာသည်။ မီးတွေက ဓာတ်ဆီစက်ဝိုင်းအတိုင်း လျှင်မြန်စွာ လိုက်ပြီး လောင်သွားသည်။ မီးလောင်နှုန်းမှာ လျှပ်မြန်လွန်းသဖြင့် အိပ်ပျော်နေသည့် ကိုယ်ခန္ဓာထဲမှ ဝိညာဉ်ဆိုးက ကွန်းအား ပေးနေသလားဟုပင် မိုက် ထင်လိုက်မိ၏။

နာနာဘာဝတစ်ကောင်၏တန်ခိုးနှင့်ခွန်အားအကြောင်း ကို ဆရာတော်ဂျူလီယံက သတိပေးမိန့်ကြားထားသည့်တိုင်



အဆိုပါခွန်အားကို ရင်ဆိုင်ရန်အသင့်ပြင်ထားဖို့ မိုက် မေ့ လျော့သွားသည်။

မီးတောက်များ၏အပူရှိန်က ဘောင်းဘီတိုနှင့် ဘော်လီ သာ ဝတ်ထားသည့် လင်း၏ကိုယ်ခန္ဓာပေါ်သို့ ကျရောက် လာသည်။

ထိုအခါ သူ့မျက်လုံးတွေ ပွင့်လာသည်။ ပြီးတော့.... ကြောက်လန့်တကြားဖြင့် ငယ်သံပါအောင် အော်သည်။ ထပ်ကာထပ်ကာ အော်သည်။ ညောင်စောင်းပေါ်တွင် မတ်တတ်ရပ်သည်။ တဟုန်းဟုန်းနှင့် ယိမ်းထိုးနေသည့် မီးတောက်များနှင့် လွတ်အောင် ကိုယ်ကိုကျုံ့ထားသည်။

မိုက်က မီးသတ်ဘူးကိုကောက်ကိုင်သည်။ မီးသတ်ဘူးကို လင်းမြင်သာအောင် ပြူးကျယ်ဝိုင်းစက်နေသည့် မျက်လုံး တွေရှေ့ မြှောက်ပြသည်။

'ဘယ်နေရာမှာ ဗုံးထောင်ထားသလဲ လင်း၊ ခင်ဗျား ပြောပြရင် ကျွန်တော် မီးတွေကိုသတ်ပေးမယ်'

'နင် ဘယ်တော့မှ တွေ့မှာမဟုတ်ဘူး'

ကျုံးအော်သည်။ မကောင်းဆိုးဝါး၏ ရယ်သံကြီးဖြင့် ဟားတိုက်ရယ်သည်။ မီးညွန့်တစ်ညွန့်က သူ့ ကိုယ်ခန္ဓာကို လာရောက်ရိုက်ခတ်သောအခါ ရယ်သံကြီးသည် ကြောက် လန့်တကြား အော်သံအဖြစ်သို့ ပြောင်းသွားသည်။

သူ စတင်လှုပ်ရှားသည်ကို မိုက် တွေ့လိုက်ရ၏။ သာမန် လူသားထက် ခွန်အားကြီးမားသောမကောင်းဆိုးဝါးသည်

မီးစက်ကွင်းကို ဖြတ်ကျော်ခုန်လွှားတော့မည် ဖြစ်ကြောင်း မိုက် သဘောပေါက်လိုက်၏။

သည်တော့ လက်ထဲမှ မီးသတ်ဘူးကို လွှတ်ချသည်။ သူ မခုန်လွှားနိုင်မီ ဖမ်းဆွဲလိုက်၏။ နှစ်ယောက်စလုံး ကြမ်းပေါ်သို့ လိမ့်ကျသွားသည်။ မိုက်က လင်းကို ဖက်ထား လျက်နှင့် မီးစက်ဝိုင်းနှင့် နီးအောင်လိမ့်သွားသည်။

သူ့ဘောင်းဘီအဖျားကို မီးစွဲပြီး ပူလောင်သည့်ဝေဒနာကို ခံစားလိုက်ရ၏။ လင်းက သူ့လက်ထဲမှ လွတ်အောင် လူးလွန့်ရုန်းကန်နေသည်။ ရုန်းသည့်ခွန်အားမှာ ကြီးမား လွန်းသဖြင့် မိမိ ရေရှည်ဆက်ထိန်းနိုင်ပါ့မလားဟုပင် မိုက် သံသယဝင်မိ၏။

'ဗုံး ဘယ်နေရာမှာလဲ၊ ပြောရင် မီးသတ်ပေးမယ်'

'တန်ဆာ....'

ပွင့်နေသော ပြတင်းပေါက် တစ်ပေါက်ဆီမှ ထိတ်လန့် တကြား အော်ဟစ်သံတစ်ခု ပေါ်ထွက်လာသည်။ လူသား ပေါင်းများစွာ၏ အသက်အိုးအိမ်ကို ဖျက်ဆီး ချေမှုန်းမည့် အနုမြူဗုံးတစ်လုံး ရှိနေသည့်နေရာကို ဖော်ပြောတော့မည့် စကားသည် ပေါ်ထွက်လာသော အော်ဟစ်သံကြောင့် ရပ် သွားသည်။ မိုက် ဖျတ်ခနဲ မော့ကြည့်သည်။ရန်းဒေါမက်ကာ သီကို တွေ့သည်။ မက်ကာသီက တံခါးပေါက်မှပြေးဝင်လာ သည်။ ခန်းဆီးစတစ်စကို ဆောင့်ဆွဲလိုက်သည်။ ခန်းဆီးစ ဖြင့် မီးကို ငြိမ်းသတ်တော့မည့်သဘော။



'မလုပ်နဲ့ ရန်းဒေါ်၊ မလုပ်နဲ့'

မိုက် ကျုံးအော်၏။ သို့သော် နောက်ကျသွားပြီ။

စိတ်ကူးဆံရာဝန်က မီးသတ်သည့် နေရာကို ခန်းဆီးစဖြင့် စတင်ရိုက်သည်။ ယာယီအားဖြင့် ပေအနည်းငယ်မှမီးကွင်း ပြတ်သွားသည်။ မက်ကာသီကြောင့် မိုက်၏အာရုံ ယာယီထွေ ပြားသွားခိုက်တွင် လင်းက ကျုံးပြီး လေးဖက်ထောက်ထ သည်။ သူက မီးစက်ကွင်းပြတ်သွားသည့်နေရာသို့အရှိန်ဖြင့် ဝမ်းလျားထိုး ထွက်လိုက်၏။ သို့သော် သူ့ကြက်သားတွေ တောင့်တင်းနေသည်ကို သတိထားမိသော မိုက်က သူ့အား တအားဖက်ထားသည်။ဖို့၍ တင်းတင်းကျပ်ကျပ် ဖက်ထား သည်။ နှစ်ယောက်စလုံး ကြမ်းပေါ်သို့ ဝုန်းခနဲ လဲကျသွား ပြန်သည်။ ထိုသို့ အကျတွင် မီးစွဲပြီး တငွေ့ငွေ့ လောင်စပြု နေသော ခန်းဆီးစနှင့် လင်း၏လက်တစ်ဖက် သွားထိသည်။

တဖြုတ်မျှသော အချိန်တိုကလေး အတွင်း လင်းသည် ကိုယ်ကို တွန့်လိမ်လိုက်၏။တွန့်လိမ်လိုက်သည့် အရှိန်မှာ ပြင်း ထန်လွန်းသဖြင့် မိုက်၏ လက်ထဲမှ လွတ်ထွက် သွားတော့ မတတ် ရှိ၏။ ထို့နောက် မကောင်းဆိုးဝါး တစ်ကောင်၏ အော်ဟစ် ငိုညည်းသံမျိုးတစ်ခုကို ကြားလိုက်ရ၏။ စူးရှ ကြောက်မက်ဖွယ်ကောင်းသော အသံနက်ကြီး။ သည်အသံ မျိုးကို မိုက် ကြားဖူးသည်။

ဒါးလက်စ် လေယာဉ်ကွင်းတွင် လေယာဉ်ကြီးထိုးဆင်း ပြီး လေဆိပ်အဆောက်အဦးကို ဝင်တိုက်သည့်ခဏတွင် လေ

ယာဉ် ရေဒီယိုမှတစ်ဆင့် ကြားခဲ့ရသည့် အသံအတိုင်းဖြစ်သည်။

ထိုအခိုက်မှာပင် အေးစက်သော လေများ ဖြတ်တိုက်သွားသည်။ မီးစွဲနေသည့်ခန်းဆီးစမှ မီးတချို့ပင် ငြိမ်းသွားသည်။

မမြင်နိုင်သည့် အရှိန်အဟုန် တစ်ခုက မက်ကာသီအား ဘေးတစ်ဖက်သို့ လွင့်စဉ်သွားစေ၏။ လက်ပစ်ဗုံးကို ပိုက်ပြီး ပြေးလာသည့်အားကစားသမားတစ်ဦးကဝင်တိုက်လိုက်သည့်နှယ်။

မက်ကာသီသည်လွင့်စဉ်သွားသည့်အရှိန်ဖြင့်ပွင့်နေသော တံခါးပေါက်၏ တံခါးချက်နှင့် သွားဆောင့်သည်။ ထိုအချိန် ထိုအခိုက်ကလေးမှာပင် အော့အန်ချင်စရာ အပုပ်နံ့ကြီး ထောင်းခနဲ ထွက်လာသည်။

ဆရာတော် ဂျူလီယံ၏ ကျောင်းမှာတုန်းက မိုက် သတိထားမိလိုက်သည့် လူသေကောင်အပုပ်နံ့မျိုး။ ယခုထွက်ပေါ် လာသည့် အပုပ်နံ့ကြောင့် မိုက်မှာ အော့အန်ချင်စိတ်ပင် ဖြစ်သွားသည်။

ဘာဖြစ်သွားပြီ ဆိုတာကို မိုက် ချက်ချင်းသဘောပေါက် လိုက်၏။ အကြောင်းမှာ မကောင်းဆိုးဝါးအော်ဟစ်သံကြီး ပေါ်ထွက်လာပြီး ရုတ်ခြည်းပင် မိုက်၏လက်ထဲမှ ဂျက်နက်၏



ကိုယ်ခန္ဓာကိုယ်သည် ပျောက်ခွသွားသောကြောင့် ဖြစ်၏။ မီးတောက်များ၏ အပူဒဏ်ကို မခံနိုင်ခြင်း၊ မီးစက်ကွင်းထဲတွင် စိတ်မိနေမည်ကို ထိတ်လန့် ကြောက်ရွံ့ခြင်းတို့ကြောင့်လင်းသည် ဂျက်နက်၏ ကိုယ်ခန္ဓာကို စွန့်ခွာသွားလေပြီ။ ထာဝရ စွန့်ခွာသွားတာ ဖြစ်ပါစေဟု မိုက် ဆုတောင်းမိသည်။

☆

၅၁။

ဟုန်းဟုန်းထနေသည့် မီးတောက်မီးလျှံများက အိမ်ကလေး
၏ အခြားအဲစိတ်အပိုင်းများကို ကူးစက်လောင်ကျွမ်းနေပြီ။
မိုက်က ညောင်စောင်းနံဘေးတွင် ရှိနေသည့် မီးသတ်ဘူးနှိ
တို ခြေထောက်ဖြင့် ကန်ပြီး လှိမ့်သည်။ရန်းဒေါမက်ကာသိ
ထံရောက်အောင် ကန်ပြီး ပို့သည်။ သည်တော့ သူ့ ခြေကျင်း
ဝတ်ကို မီးတောက်များက ဆီးကြိုပွေ့ကြသည်။

'မီးသတ်ဆေးရည်နဲ့ မီးကို တားထား'

စိတ်ကူဆရာဝန်အား ပြောရင်း ဂျက်နက်၏ ပျော့ခွေနေ
သော ကိုယ်ခန္ဓာကို ပွေ့ချီသည်။

'ကျွန်တော်တို့ စားဖိုဆောင်ကနေ အပြင်ကို ထွက်မယ်'

မက်ကာသီ သဘောပေါက်ဟန်ဖြင့် ခေါင်းညိတ်သည်။
မီးသတ်ဘူးကို ကောက်ကိုင်သည်။မီးသတ်ဘူးထိပ်တွင် ထိန်



ချုပ်ထားသည့် သံချောင်းကလေးကို ဆွဲဖြုတ်သည်။ ပြီး
တော့ မီးသတ်ဘူးတွင် တပ်ဆင်ထားသည့် ပိုက်ပျော့ အတို
ကလေးမှတစ်ဆင့် မီးသတ် ဓာတ်ငွေ့များကို ပန်းထုတ်
သည်။

သူ့ ရှေ့မှ မီးလျှံများကို ပက်သည်။ ယာယီ တန့်သွား
သည့် မီးစက်ကွင်းကို ခုန်ကျော်ပြီး မိုက်ရပ်နေသည့်နေရာသို့
သွားသည်။

ထို့နောက် တစ်ဖက်သို့လှည့်ပြီး မီးစက်ကွင်းကို မီးသတ်
ရည်ဖြင့် ဖြတ်တောက်သည်။ ထိုသို့ မီးကိုတားရင်း စားဖို
ဆောင်ထဲသို့ နောက်ပြန်ဆုတ်ပြီး ဝင်ခဲ့ကြသည်။ အိမ်ပြင်သို့
ရောက်သည်နှင့် မြစ်ပြင်ပေါ်မှ ဖြတ်တိုက်လာသည့် လေအေး
အေးက သူတို့မျက်နှာကို ဆီးကြိုရိုက်ခတ်သည်။ မီးသတ်ဘူး
ထဲမှ နောက်ဆုံးလက်ကျန်ဆေးရည်ဖြင့် မိုက်၏ ဘောင်းဘီ
အဖျားကို တငွေ့ငွေ့ လောင်နေသည့် မီးကို ငြိမ်းသတ်ရ
သည်။

'ခင်ဗျား ဘယ်လိုလုပ်ပြီး ရောက်လာတာလဲ'

မိုက်က မက်ကာသီကို မေးသည်။မေးရင်း တံတားကို
ဒယီးဒယိုင် ဖြတ်ကျော်ပြီး အိမ်ကို ကျော့ပတ်သွားသည်။

'ရဲတာက ဒီညသိပ်ပြီး ကယောင်ချောက်ချားဖြစ်နေတာ
နဲ့ ကျွန်တော်တို့ ကားနဲ့အပြင်ထွက်လည်ကြတယ်၊ကျွန်တော်
တို့ ပြန်လာတော့ ဒီမှာ မီးရောင်တွေမြင်ရတာနဲ့ဝင်လာတာ'

အိမ်ရှေ့ဘက်ရှိမြေကွက်ကိုဖြတ်ကျော်နေခိုက် ခပ်အုပ်အုပ် ပေါက်ကွဲသံကြီး အိမ်ဘက်မှ ထွက်လာသည်။ မီးတောက်ကြီး တစ်တောက်လည်း အိမ်ထဲမှထွက်လာသည်။

'အဲဒါ ဓာတ်ဆီပုံးပေါက်ကွဲ....'

ခြံစပ်ဆီမှ မော်တော်ကား စက်နှိုးသံကြောင့် မိုက် စကားရပ်သွားသည်။

'ဘာဖြစ်တာလဲ'

'ရီတာတော့ တစ္ဆေအခြောက်ခံရပြီနဲ့တူတယ်၊ ကျွန်တော် သူ့ကို ကားထဲမှာ ထားခဲ့တာ၊ မီးတွေလောင်နေတာ မြင် တာနဲ့ လှည့်ပြေးပြီ ထင်ပါရဲ့'

'တစ္ဆေအခြောက်ခံရတယ်ဆိုတဲ့စကားလုံးကမတိကျဘူး'

အိမ်ကလေးနှင့် မီးရှိန်မှကင်းဝေးရာသို့လျှောက်လာရင်း မိုက်ကပြော၏။

'ကျွန်တော် ထင်ကြေးသာ မမှားဘူးဆိုရင် ခင်ဗျာ့ မိတ်ဆွေကို လင်းတောလ်မင်းရဲ့ မကောင်းဆိုးဝါးက ပ ပြီး ပူးကပ်သွားပြီဗျ'

'ဘုရားရေ၊ ခင်ဗျား ဘာတွေလုပ်နေတာလဲ၊ ဝိညာဉ် ကူးပြောင်းပွဲ လုပ်ပြနေတာလား'

'ကျွန်တော် တကယ် လုပ်နေတာက လွန်ခဲ့တဲ့ တစ်လ လောက် ကတည်းက ရော်ဂျာကိုဗင် လုပ်နေတဲ့ဖုံးကို ဘယ် နေရာမှာ ထောင်ထားသလဲဆိုတာ သိရအောင် လင်းကို



အကျပ်ကိုင်ပြီး မေးရတာ၊ လင်းနဲ့ ချီကာဂိုက သူ့အယူ သီး ဂိုဏ်းရဲ့ အကူအညီကိုယူပြီး ဒီလူက မနက်ဖြန်မနက် ဆယ် နာရီမှာ ဝါရှင်တန်ကို ဗုံးဖောက်ခွဲကြတော့မှာဗျ'

ရန်းဒေါမက်ကာသီ ပါးစပ် အဟောင်းသား ဖြစ်နေ ခိုက်မှာပင် ရီတာကိုဗင် ရှိနေသည့် မော်တော်ကားက နောက်ပြန်ကွေ့ပြီးဆုတ်သည်။

ထို့နောက် ဂီယာကို ဆောင့်ထိုးပြီး အရှိန်ပြင်းစွာ မောင်းထွက်သွားသည်။ ကားဘီးများ ယက်သွားသံဖြင့် ကျောက်စရစ်ခဲများ၊ ဖုန်မှုန့်များလွင့်စဉ်ကျန်ခဲ့သည်။ မက် ကာသီက ကားနောက်မီး နီနီရဲရဲကလေး လမ်းကွေ့တွင် ကွေ့ပြီး ပျောက်ကွယ်သွားသည်ကို လိုက်ကြည့်ရင်း ခေါင်း ကို ဖြည်းလေးစွာ ယမ်းခါနေ၏။

'ကဲ....ခင်ဗျား ပထမဆုံးလုပ်ရမှာက ဂျက်နက်ကို ကွင်း စပ်က မြက်ခင်းပေါ်မှာချပြီး အခြေအနေ ကောင်းရဲ့လား ဆိုတာ စစ်ဆေးကြည့်၊ ပြီးရင် ဇာတ်လမ်းစုံကို ကြားချင် တယ်ဗျာ'

မက်ကာသီကပြော၏။

'လင်းကို မှောက်သွားအောင် သူသောက်မယ့် ဘာဘွန် ထဲကို ကလိုပရိုမာဇင်းတွေ ထည့်ပေးလိုက်တာဗျ၊ သူမှောက် သွားမှ မီးကိုရှို့ရတာ၊ ဒီတော့ ဂျက်နက်ပါရောပြီး မှောက် သွားတာပေါ့၊ နာနာဘာဝတွေဟာ မီးကို ဘယ်အရာနဲ့မှ

မတူအောင် ကြောက်ကြတာဗျ၊ ဒီတော့ ဗုံးကို ဘယ်နေရာမှာ ထောင်ထားသလဲဆိုတာ လင်း ဖွင့်ပြောလာအောင် မီးကို သုံးရတာ'

'ကျွန်တော် ကြားရသလောက်တော့ ခင်ဗျား ပြောနေတာ မှန်လုံးစက္ကူကပ် နေတာပဲဟာ'

မိုက်က ကွက်လပ်အစပ်ရှိ မြက်ခင်းပေါ်တွင် ဂျက်နက်ကို ချပေးသည်။ သည်မြက်ခင်းက အိမ်နှင့် ပေ သုံးရာလောက် ဝေးသည်။

အိမ်ခေါင်မိုးကို ဖောက်ထွက် နေပြီဖြစ်သော မီးလျှံများ၏ အန္တရာယ်နှင့်ကင်းသည်။ ဂျက်နက်အား သခဘာလောက် စစ်ဆေးကြည့်ရှုမှုဖြင့် သူသည် ဆေးအာနိသင်ကြောင့် သတိလစ်နေကြောင်း သိသာသည်။

'ရီတာနဲ့လင်းကတော့ အဖမ်းခံရမှာ ကြောက်ပြီးပြေးပုံရတယ်ဗျ'

မက်ကာသီက ထင်မြင်ချက်ပေး၏။

'ခုတော့ လင်း....ရီတာဖြစ်သွားပြီပေါ့၊ ခင်ဗျားက ခန်းဆီးစနဲ့ မီးစက်ကွင်းကိုဖြတ်ပစ်လိုက်ချိန်မှာ လင်းဆိုတဲ့ မကောင်းဆိုးဝါးဟာ ဂျက်နက်ရဲ့ကိုယ်ခန္ဓာကို စွန့်ပြီး ရီတာ့ဆီမှာသွားပြီး ပူးကပ်လိုက်တာ'

'ဒီတော့ ရီတာ ဘာဖြစ်နိုင်မလဲ'

'လင်း ဖြစ်ချင်တာမှန်သမျှ ဖြစ်မှာပဲ၊ ခင်ဗျာ့ အမျိုးသမီးကို ကမ္ဘာပေါ်မှာ အဆိုးဝါးဆုံး မကောင်းဆိုးဝါး ဝိညာဉ်က အပိုင်စီးသွားပြီလေ'



'ကျွန်တော့်ကို တစ်ချက်ချင်း စီကာစဉ်ကာ ပြောပြစမ်းပါ၊ ကျွန်တော် ဦးနှောက် ခြောက်လာပြီ၊ ချစ်ဖော်ကောင်းတစ်ယောက်ကို လက်လွှတ်လိုက်ရတာကပဲ တော်တော်ဆိုးနေပြီ'

မိုက်က ဇာတ်လမ်းအစအဆုံး ပြန်ပြောပြသည်။

'ဒါဆို ဗုံးဘယ်မှာ ထောင်ထားတယ် ဆိုတာ ခင်ဗျား မသိလိုက်ရဘူးပေါ့!'

'လင်းဆီက သိရသလောက်ကတော့ ရော်ဂျာဟာ ဘူတာရုံအောက်မှာရှိတဲ့ လိုဏ်ခေါင်းဝက်ပါထဲက တစ်နေရာရာမှာ ဗုံးထောင်နေပြီ ဆိုတာပဲသိတယ်'

'ကျွန်တော် ဝင်မလာရင် လင်းက နေရာအတိအကျကို ပြောလိမ့်မယ်လို့ ခင်ဗျားထင်လား'

'သူ နေရာအတိအကျကိုတောင် သိချင်မှသိမယ်၊ ဒါပေမယ့်လေ....ကျွန်တော့်တို့ လမ်းမကြီးပေါ်ရောက်ရင် စတက်ဖို့ဆီ ဖုန်းဆက်ပြီး ယူနီယံဘူတာရုံအောက်က လိုဏ်ခေါင်းတွေကို ထပ်ရှာခိုင်းရမှာပဲ၊ ပေါက်ကွဲမှု ဖြစ်ရင် အန္တရာယ်ကင်းအောင် ကိုဗင်ဟာ ဘူတာရုံနဲ့ အနည်းဆုံး ဆယ့်ငါးမိုင်ဝေးတဲ့နေရာမှာ သွားနေမှာပဲ၊ ဒီတော့ စတက်ဖို့အနေနဲ့ ဒီလူကို ဖမ်းနိုင်ပါလိမ့်မယ်'

'အခိပ္ပာယ်က ဗုံးကိုရှာလို့ မတွေ့ကြရင် ဝါရှင်တန်မြို့လယ်နဲ့ ဆင်ခြေဖုံးရပ်ကွက် အတော်များများ ပျက်စီးမယ်

ပေါ့၊ ယော…ခင်ဗျာ့အိမ်က မီးကိုတစ်ယောက်ယောက်က မြင်သွားပြီဗျ'

လမ်းမကြီးဘက်မှ မီးသတ်ဥသြသံကို ကြားကြရသည်။

'သူတို့ရောက်လာတာနဲ့ ကျွန်တော်တို့ ဝါရှင်တန်ကိုပြန်သွားကြမယ်၊ ရော်ဂျာကိုဗင်ကို တစ်နည်းမဟုတ် တစ်နည်းနဲ့ အမိဖမ်းရမှာပဲ၊ပြီးရင် ဗုံးဘယ်မှာထားလဲဆိုတာ သိအောင်လုပ်ရမယ်'

ရဲကားတစ်စီးသည် အမိုးပေါ်တွင် အပြာရောင်မီးလုံး တစင်းဝင်းနှင့် ဥသြသံရှည်ဆွဲပြီး ဝင်လာသည်။ သစ်ပင်တွေအောက်တွင် ရပ်သည်။

သူ့နောက်မှပါလာသည့် မီးသတ်ကားက အိမ်နှင့်ပိုနီးသည့် နေရာတွင်ရပ်သည်။

ပြီးတော့ ရေစုပ်ရန်ပိုက်လုံးကိုဆွဲပြီး မြစ်ဘက်သို့ ပြေးကြသည်။

'ကံဆိုးတာပဲ ဒေါက်တာကန်း၊ခုတစ်လော ရာသီဥတုက ပူအိုက်နေတာဆိုတော့ ခင်ဗျာ့အိမ်ကလေး သိပ်များများ စားစား ကျန်တော့မယ်မထင်ဘူး'

ရဲကားထဲမှ ထွက်လာသည့် ရဲမှူးကြီးနေ့ဘက ပြောလိုက်၏။

'ကိစ္စမရှိပါဘူး ရဲမှူးကြီး၊ ကျွန်တော်က လှေပေါ်အိမ်ကလေး တစ်လုံးဝယ်မလို့စဉ်းစားနေတာ၊မြို့နဲ့နီးတဲ့နေရာမှာ ကပ်ထားနိုင်အောင်လေ'



'ဘယ်ကစပြီး မီးလောင်တယ်ထင်လဲ'

'သိတင်းပတ်ကုန်ရက်တုန်းက ကြမ်းပြင်ကို ခေတ်ဆီနဲ့ သန့်ရှင်းရေးလုပ်မိတာ ကျွန်တော့် မိုက်မဲမှုလို့ဆိုရမှာပဲ၊သန့်ရှင်းရေး အလုပ်ကို နက်ဖြန်မှာ လက်စသတ်မယ် ဆိုပြီး ခေတ်ဆီပုံးတစ်ပုံး ထည့်ထားတယ်လေ၊ဒါပေမယ့် ဖိုက်ဘာကြမ်းခင်းတွေက တစ်ခုခုဖြစ်ပြီး မီးစလောင်ပုံ ရတယ်၊ ဒေါက်တာမက်ကာသီသာလမ်းပေါ်ကနေ မီးကိုလှမ်းမမြင်ရင် ခုလောက်ဆို မီးစ်ဘတ်ကော ကျွန်တော်ပါမီးကျွမ်းနေပြီ၊ ကျွန်တော်တို့က အိပ်ပျော်နေတာ၊ လန့်နိုးလို့ ကြည့်လိုက်တော့ မီးက နေရာအနှံ့ လောင်နေပြီ၊ ကံအားလျော်စွာ ဒေါက်တာမက်ကာသီက မီးသတ်ဘူးနဲ့ မီးတားပေးလို့ မီးစ်ဘတ်ကို ကျွန်တော် သယ်ထုတ်နိုင်ခဲ့တာ'

မိုက်က စိပိရိရိ . လိမ်လိုက်၏။

'သူကော…ဘာဖြစ်သွားသေးလဲ'

'ဘာဘွန်သောက်တာ များသွားတယ်၊ဘာတွေဖြစ်သွားတယ် ဆိုတာတောင် သူသိလိုက်မယ်မထင်ဘူးခင်ဗျ'

ဒါကတော့ အမှန်တရားပါဟု မိုက် တွေး၏။

'ခင်ဗျားက ခင်ဗျာ့ကားနဲ့ဝင်လာတာလား ဒေါက်တာမက်ကာသီ'

'ဟုတ်ကဲ့၊ ကျွန်တော်နဲ့အတူမစ္စစ်ကိုဗင်လဲပါတယ်၊ဒါပေမယ့် သူကမီးဆိုသေမလောက်ကြောက်တာခင်ဗျ၊ဒေါက်တာ

ကန်းနဲ့ မီးစ်ဘတ်တို့ မီးထဲက ထွက်နိုင်အောင် ကျွန်တော် သွားကူနေတုန်း သူက ကားမောင်းထွက်သွားတယ်လေ'

'ဪ....ကျွန်တော်တို့ဝင်လာတုန်းက တွေ့တဲ့ကား ဖြစ်မယ်၊ သူ ကားမောင်းသွားပုံကဗျာ.... သူ့နောက်က တစ္ဆေသရဲတွေ လိုက်လာသလိုပါပဲ'

ခင်ဗျား အဖြစ်မှန်နဲ့ သိပ်မဝေးလှပါဘူးဟု မိုက်က တွေး၏။

သို့သော် နှုတ်ကတော့ ဖွင့်မပြော။

'ကျွန်တော် ပြောသလိုပါပဲ၊ မီးက သူ့ကို ခြောက်လှတ်လိုက်တာပါ၊ ခဏနေလို့ စိတ်ငြိမ်သွားရင် အိမ်ပြန်လာမှာပါ'

မက်ကာသီက ဝင်ပြော၏။

'သူပြန်လာရင် ကျွန်တော့်ဆီ ဖုန်းဆက်ဗျာ၊ အက်ဖ်ဘီအိုင်က စောစောလေးကပဲ သူ့ယောကျ်ားကိုဖမ်းဝရမ်းထုတ်လိုက်တယ်၊ ဒီလူ ဘယ်မှာရှိနေမယ်ဆိုတာ ဒီအမျိုးသမီးများ သိမလား မေးကြည့်ချင်တယ်'

'ကျွန်တော် ရုံးပိတ်ရက်အားလုံး ဒီမှာရှိနေတာပဲ၊ ဒါပေမယ့် ရော်ဂျာကို ကျွန်တော်ကော သူ့မိန်းမပါ သောကြာညကတည်းက မတွေ့ရဘူး'

'ဒီလူကို ဘာဖြစ်လို့ ဖမ်းဝရမ်းထုတ်တာလဲဗျ'

မိုက်က မေး၏။



'မသိဘူး၊ ဒါပေမယ့် အက်ဖ်ဘီအိုင်က စုံထောက်ကြီး စတက်ဖိုကတော့ ဒီလူကို အတော်ကြီး ဖမ်းချင်နေပုံရတယ်'

အိမ်ဘက်ဆီမှ ရေစုပ်စက်သံ တဝေါဝေါကြားရသည်။ သူတို့ မြစ်ထဲမှရေကို စုပ်တင်နေကြပြီ။

'မီးသတ်ဌာနက လွှဲပြောင်းတာဝန်ယူနိုင်ပြီလား ရဲမှူးကြီး၊ ကျွန်တော် မီးစ်ဘတ်ကို မြို့ထဲက သူ့အခန်း ပြန်ပို့ရဦးမယ်၊ ပြီးတော့ ကျွန်တော့်ခြေကျင်းဝတ်က မီးလောင်တဲ့ ဒဏ်ရာကိုလဲ ဆေးထည့်ရဦးမယ်'

'ဆက်လုပ်ဗျာ၊ မီးသတ်ဌာနမှူးကြီးကို ဖြစ်သမျှ ကျွန်တော် ရှင်းပြလိုက်မယ်၊ မနက်ဖြန်ကျရင်တော့ ခင်ဗျားကိုယ်တိုင် အစီရင်ခံစာတစ်စောင် ရေးတင်လိုက်ပေါ့၊ ဘာအကူအညီ လိုသေးလဲ'

'မလိုတော့ပါဘူး၊ ကျေးဇူးပဲ၊ ကျွန်တော်က မီးစ်ဘတ်ကို စောင့်ရှောက်သွားမှာဆိုတော့ ဒေါက်တာမက်ကာသီက ကျွန်တော့်ကားကိုမောင်းပြီး ပို့ပေးပါလိမ့်မယ်၊ ကျွန်တော်တို့ အဆင်ပြေအောင် လုပ်မှာပါ'

☆

## ၅၂။

'ရော်ဂျာကို စတက်ဖို့ ဖမ်းမိမယ်ထင်သလား'

မြေလမ်းကလေးထဲမှ ကတ္တရာခင်း လမ်းမကြီးပေါ်သို့ ကားကိုချိုးကွေ့ရင်း မက်ကာသီကမေး၏။

'မထင်ဘူး၊ မြို့တော်ရဲ့အဖွဲ့နဲ့ အက်ဖ်ဘီအိုင်က ဒီလူကို ဗုဒ္ဓဟူးနေ့ကတည်းက ပိုက်စိပ်တိုက်ပြီး ရှာနေတာ၊ ဒီလူက အဲဒီလိုက်ခေါင်းတွေရဲ့ အနေအထားကို ကောင်းကောင်းသိထားတာ ဖြစ်ရမယ်၊ ဒီတော့ အဲဒီအထဲမှာ အလွယ်တကူပုန်းနေလို့ ရတာပေါ့'

'ဒီဖြစ်ရပ်မှာ စိတ်ရောဂါကုဆရာဝန် တစ်ယောက်အနေနဲ့ ကျွန်တော့် ဆောင်ရွက်ချက်တွေဟာ အသက်ခမ္မး ဝမ်းကျောင်း ပညာအရ ဖွတ်ကျား နံပါတ်တစ် ဖြစ်နေတာ



တလား၊ ဒါပေမယ့် နဲ့နဲ့ဘာဝတို့ မကောင်းဆိုးဝါး ဝိညာဉ်ပူးကပ်တာတို့ကို ကျွန်တော် မယုံဘူး'

'ခုကော ယုံပြီလား'

'ယုံပြီလို့ ပြောရမှာပဲ'

မိုက်၏လက်ထဲမှ ဂျက်နက် ရုတ်တရက် လူးလွန့်ပြီး ညည်းတွားသည်။

'သူ ဘာမှမဖြစ်တာ သေချာရဲ့လား'

'ကျွန်တော်ခတ်လိုက်တဲ့ ဆေးကြောင့် သတိလစ်နေတာပါ၊ သွေးခုန်နှုန်းက မှန်ပြီး အသက်ရှူနှုန်းမှန်....'

ရုတ်တရက် စကားရပ်လိုက်၏။

အကြောင်းမှာဂျက်နက်၏အသက်ရှူနှုန်းသည်မမှန်တော့သောကြောင့်ပင်။ ထို့အတူ ငြိမ်းငြိမ်းချမ်းချမ်းလည်းမအိပ်နိုင်တော့။

မိုက် စောစောကပင် ကြုံတွေ့ခဲ့သည့် လင်း၏ခွန်အားမျိုးဖြင့် ဂျက်နက်သည် မိုက် ပွေ့ဖက်ထားသည့်ကြားမှ လူးလွန့်ရုန်းကန်နေသည်။

'မီးတောက်တွေ'

ကြောက်လန့်တကြား အော်ဟစ်လိုက်သံ။ မိုက်က လင်း၏အသံကို သတိရလိုက်ပြန်၏။

'ထွက်လို့မရဘူး၊ ကျွန်မ ထွက်လို့မရတော့ဘူး'

မက်ကာသီက ကားကို လမ်းဘေးတွင် ထိုးရပ်လိုက်၏။ ဂျက်နက်က မိုက်၏ ရင်ခွင်ထဲမှ အတင်းရုန်းထွက်ဖို့ကြိုးစားသည်။

မိုက်မှာ နှစ်မိနစ်လောက် အသေအလဲချုပ်ကိုင်ဖိနှိပ်နေရသည်။

ဂျက်နက်သည် ကားထဲမှထွက်ဖို့ အားထုတ်နေဟန် ရှိ၏။ သူ့မျက်လုံးတွေသည် ဝိုင်းစက်ပြူးကျယ်နေ၏။

မက်ကာသီက ရှေ့ခန်းမှထွက်ပြီး နောက်ခန်းတံခါးကို ဖွင့်သည်။

မိုက်ကိုကူညီဖို့ဟန်ပြင်သည်။ မိုက်က ဂျက်နက်၏မျက်လုံးများကို သတိထားလိုက်မိ၏။

မီးတောက်တွေကို မြင်ရသောအခါ ထိတ်လန့်တကြားဖြစ်နေသည့် လင်း၏မျက်လုံးများအတိုင်းပင်။ ထိုနောက် ရုတ်ခြည်းဖြစ်ပေါ်လာခဲ့သလို ရုတ်ခြည်းပျောက်ကွယ်သွားသည်။

ဂျက်နက်သည် မိုက်၏ရင်ခွင်ထဲတွင် ပြန်ပြီးပျော့ခွေကျသွားသည်။ သတိမရ။

'ဘာတွေဖြစ်ကုန်တာလဲဗျ'

မက်ကာသီက လက်ကိုင်ဘီးနောက်တွင် ပြန်ဝင်ထိုင်ရင်း မေးသည်။

'မသိဘူး၊ ဒါပေမယ့် စိတ်ကူးတစ်ခုတော့ ရှိတယ်၊ ခု ဘယ်နှစ်နာရီ ထိုးပြီလဲ၊ ကျွန်တော့် လက်ပတ်နာရီက ဂျက်နက်ရဲ့ ကျောအောက်ရောက်နေလို့'

'ဆ[illegible]နာရီခွဲ၊ [illegible]လဲ'



'နောက်တော့ ပြောပြမယ်၊ လောလောဆယ်တော့ ပထမတွေ့တဲ့ တယ်လီဖုန်းရုံရှေ့မှာရပ်ဗျာ၊ ကျွန်တော်စတက်ဖို့ဆီ ဆက်ချင်တယ်'

'ကျွန်တော် ရေဒီယိုဖွင့်လိုက်မယ်၊ ဖြစ်မလား၊ ကျွန်တော် ရီတာအတွက် စိတ်ပူနေတယ်၊ တကယ်လို့ ဟို မကောင်းဆိုးဝါးမက သူ့ကို အပိုင်စီးသွားတယ်ဆိုရင် ပေါ့လေ'

'ကျွန်တော်လဲ သူဘာဖြစ်မလဲဆိုတာ သိချင်နေတယ်၊ သူတော်တော်မူးနေလား'

'ကားမမောင်းနိုင်လောက်အောင် မမူးပါဘူး၊ နောက်ပြီး သူကအတော်ကားမောင်းကျွမ်းကျင်ပါတယ်၊ ဟိုရှေ့က စတိုးဆိုင်ကလေးရှေ့မှာ တယ်လီဖုန်းရှိတယ်ဗျ၊ ပြောလို့ဖြစ်မလား'

'ဘယ်ဖုန်းဖြစ်ဖြစ် ရတယ်၊ ကျွန်တော် မကြာပါဘူး၊ ဒါပေမယ့် ဂျက်နက်ကိုကြည့်ထားပေးပါ၊ စောစောကလို ဖြစ်ရင် အော်လိုက်ဗျာ'

'ကောင်းပြီ....အေးအေးဆေးဆေး လုပ်ပါဗျာ'

မိုက်က သူ၏တယ်လီဖုန်းကတ်ပြားကို အသုံးပြုပြီးစတက်ဖို့၏ ရုံးသို့ဆက်သည်။

အက်ဖ်ဘီအိုင် စုံထောက်ကြီး ချက်ချင်းဖြေသည်။

'ခင်ဗျားက ဘယ်ရောက်နေတာလဲ၊ မီးစ်ဘတ်လဲပျောက်သွားပါလား'

'သူ ကျွန်တော်နဲ့အတူ ရှိနေပါတယ်'

ထိုနောက် သူအရေးပေါ်ကိစ္စဖြင့်ဆေးရုံသို့သွားနေခိုက် လင်းက ဂျက်နက်ကို အပိုင်စီးပြီး ထွက်ပြေးသွားပုံ၊ လင်း ရေးခဲ့သည့်စာကို တွေ့ပုံမှစကာ ယခု တယ်လီဖုန်း ဆက်နေချိန်အထိ ဖြစ်ပျက်ခဲ့သမျှကို မိုက်ကပြောပြ၏။

'ဒါဆို ခင်ဗျား ဘာမှမသိလိုက်ရဘူးပေါ့'

'ရော်ဂျာ ဗုံးကို ဘယ်နေရာမှာ ထောင်မယ်ဆိုတာ သူ တောင် တိတိကျကျသိပုံမရဘူးဗျ၊ သူနဲ့ရော်ဂျာနဲ့ နောက် ဆုံး တွေ့ခဲ့တဲ့အချိန်က လိုက်ခေါင်းထဲမှာ ဂျက်နက်ကိုလုံခြုံ ရေးအစောင့်က ဖမ်းတဲ့အချိန်ပဲ၊ ရော်ဂျာ ဘယ်ရောက်နေ လဲဆိုတာ မခန့်မှန်းနိုင်ဘူးလား'

'သူဘယ်နေရာမှာ ရောက်နေခဲ့တယ်ဆိုတာတော့သိရပြီ၊ ဒီလူ ကျွန်တော်တို့ မျက်စိအောက်တွင် နေသွားတာက လား'

စုံထောက်ကြီး၏အသံသည် ဒေါသသံစွက်နေ၏။

'ဒါဆို ဒီလူဗုံးကိုထောင်လိုက်ပြီပေါ့'

'သေချာပေါက်ပေါ့၊ ဒီကောင် ကျွန်တော်တို့ကို တစ် ပတ်လှည့်သွားပြန်ပြီထင်တာပဲ၊ ကျွန်တော် လက်လှမ်းမီသမျှ လူတွေကတော့ အုတ်ရုံ တစ်ဝိုက်ကို သဲကြီးမဲကြီးရှာနေ ကြတာ၊ ဒါထက် မီးစ်ဘတ်အနေနဲ့ နည်းနည်းပါးပါး သတိရတာ မရှိဘူးလား'



'လောလောဆယ်မှာတော့ သူသတိလစ်နေတယ်၊ ဒါပေ မယ့် အရေးပေါ်ကုသခန်းကိုရောက်တာနဲ့ သူသတိရလာ အောင် လုပ်ပေးလိုက်ပါ့မယ်၊ သူ့အနေနဲ့ ဘာမှသတိမရ ဘဲ ဖြစ်ချင်လဲ ဖြစ်နေနိုင်တယ်'

'ခင်ဗျားတို့ ဆေးရုံမှာ ကိစ္စဝိစ္စပြီးရင် ကျွန်တော့် ဆီ လာခဲ့ကြဦးဗျာ၊ မီးစ်ဘတ်နဲ့ ဒေါက်တာ မက်ကာသီကိုလဲ ခေါ်ခဲ့ပါ၊ ကျွန်တော်တို့တွေ အားလုံး ခေါင်းချင်းဆိုင် လိုက်ရင် အကြံကောင်းဉာဏ်ကောင်း တစ်ခုခုတော့ ပေါ် လာနိုင် ကောင်းပါရဲ့'

'ကျွန်တော်တို့ တစ်နာရီမကြာခင် ရောက်လာမယ်၊ ဒါထက် ရော်ဂျာကိုဗင်က ဘယ်မှာသွား ရှောင်နေခဲ့တာ လဲဗျ'

'အလက်ဇန်းဒရီးယားမှာရှိတဲ့ အမတ်မင်း မက်နက်ရဲ့ အိမ်ခန်းမှာပေါ့၊ အဲဒီအိမ်ခန်းရဲ့ မျက်နှာချင်းဆိုင်အခန်း မှာနေတဲ့ မိန်းမတစ်ယောက်က အကြောင်းကြားတာ၊ ဒီမိန်းမက ကိုဗင်ကို အရင်ကလဲ အဲဒီအခန်းမှာတွေ့ဖူးတယ်၊ အဲဒီနေ့ကတော့ ဒီလူ ရုပ်ဖျက်ပြီး ရေမအထုပ်ကြီး တစ် ထုပ်ကို သယ်ထွက်သွားတာ တွေ့ရတယ်တဲ့၊ ဒီလူ ကျွန်တော် တို့နဲ့ နာရီဝက်လောက်ပဲ ကပ်လွဲသွားတယ်ဗျို့'

'ယူနီယံဘူတာ အောက်က လိုဏ်ခေါင်းထဲဝင်ပြီး ခြေရာ ဖျောက်သွားနိုင်လောက်အောင်အချိန်ရသွားတာပေါ့၊ အဲဒီ

လိုဏ်ခေါင်းတွေက ပိုတိုမက်မြစ်နားကျမှ ဆုံးပြီး မြေပေါ်ကို ပြန်တက်လို့ရတယ်လေ'

'တခြား ဘယ်နေရာရှိဦးမှာလဲဗျာ၊ မီးစ်ဘတ်ကို လုံခြုံရေး အစောင့်က ဖမ်းပြီးကတည်းက ကျွန်တော် အဲဒီလိုဏ်ခေါင်းတွေရဲ့ မြေပုံကိုရှာထားတယ်ဗျ၊ဒီဘူတာကြီးအောက်မှာ ကက်ပီတော် တောင်ကုန်း အနီးအနားအထိ ရောက်တဲ့ တစ်ဖက်ပိတ် လိုဏ်ခေါင်းတွေလဲအများကြီး၊ လိုဏ်ခေါင်း ဆုံးပြီး မြေပေါ်ကိုပြန်ရောက်တဲ့နေရာဟာ ပိုတိုမက်မြစ်ကူး ရထားလမ်း တံတားနားမှာဆိုတာလဲ သိရတယ်၊ ဒီတော့ အဲ့ဒီဗုံးကို တွေ့အောင်ရှာဖို့ ဆိုတာ နောက်ထပ် နှစ်ဆယ့်လေးနာရီလောက် အချိန်ယူရလိမ့်မယ်'

တစ်ဖက်မှ ဖုန်းချသွားသည်။မိုက်ကမော်တော်ကားဆီသို့ ပြန်သွားသည်။ မက်ကာသီက ရေဒီယိုနားထောင်နေသည်။ ရေဒီယိုမှ ရော့အင်ရိုးတေးသံကို လွှင့်နေသည်။

'ဝါရှင်တန်မှာ ဒါမျိုးပဲ ကြားရလိမ့်မယ်လို့ ခင်ဗျား မတွက်မိဘူးလား၊ဆယ့်နှစ်နာရီတောင် မပြည့်တော့တဲ့အချိန်အတွင်းမှာ မြို့ကြီးတစ်မြို့လုံး တစ်စစီ ဖြစ်အောင် အဖောက်ခွဲခံရတော့မယ်၊ အဲဒီအချိန်မှာ ရေဒီယိုက အသုံးမကျတဲ့ ဒီသီချင်းမျိုးကို လွှင့်နေတယ်'

မက်ကာသီက ပြော၏။

'ဈာပန အခမ်းအနားတေး ထက်တော့ တော်သေးတာပေါ့၊ ကျွန်တော် ဖုန်းဆက်နေတုန်း ဂျက်နက် လှူပ်သေးလား'



'တစ်ချက်တောင် မတွန့်ဘူး၊ခင်ဗျား ဆေးခတ်လိုက်တာများသွားပုံရတယ်'

မက်ကာသီက လက်ဆွဲ ဘရိတ်ကိုဖြုတ်ရန် လက်အလှမ်း လိုက်တွင် သူ့အကြောအခြင်တွေ ရုတ်ခြည်း တုံ့ဆိုင်းသွားသည်။လေထဲတွင် သတင်းကြေညာသူ တစ်ဦး၏အသံ လွင့်ပျံ့လာသည်။

'ကျွန်တော်တို့ တေးသံသာ အစီအစဉ်ကို ကြားဖြတ်ပြီး အလုပ်သမားနေ့ သီတင်းပတ်ကုန် ရက်မှာ ဖြစ်ပေါ်ခဲ့တဲ့ နောက်ဆုံး ယာဉ်မှောက်မှု သတင်းကို အစီရင်ခံပါမယ်၊ ပြည်နယ်လမ်းမကြီးအမှတ် ၂၂၅ အတိုင်း မြို့တော်သို့ တောင်ဘက်မှ ပြန်ဝင်လာတဲ့ အပန်းဖြေ ခရီးသည်တွေထဲမှ ကားတစ်စီး အရှိန်ပြင်းစွာ မောင်းနှင်လာပြီး လာ‌ပလာတာ အနီး ကွေ့တစ်ခုမှာ အရှိန်လွန်ပြီး လမ်းဘေးချောက်ထဲသို့ဒီည ဆယ်နာရီခွဲက ထိုးကျသွားပါတယ်၊ မီးလောင်နေတဲ့ ကားမှ မီးတောက်များကြောင့် ရဲအဖွဲ့ဝင်များနဲ့ လာရောက်ကြည့်ရှုသူများဟာ ကားထဲမှအမျိုးသမီးကို ကယ်ဆယ်နိုင်ခြင်း မရှိကြပါ၊ မီးတောက်တွေထဲမှာ ပိတ်မိနေတဲ့ အမျိုးသမီးဟာ ငယ်သံပါအောင် အော်ဟစ်နေကြောင်းမျက်မြင်များကပြောပါတယ်၊ လာပလာတာမှ မီးသတ်ကားတစ်စီးဟာ အခင်းဖြစ်ပွားရာနေရာကိုရောက်လာပြီး မီးငြိမ်းသတ်ဖို့ကြိုးစား

> နေကြပါတယ်၊ ယာဉ်မှောက်မှု ဖြစ်ပြီး မီးလောင်တိုက်ထဲမှာ သေဆုံးသွားသူ အမျိုးသမီး ဘယ်သူဘယ်ဝါဖြစ်တယ်ဆိုတာကို မသိရသေးပါ'

ရန်းဒေါမက်ကာသီ၏မျက်နှာမှာ ဖြူဖျော့နေ၏။

'အဖြစ်ဆိုးလိုက်တဲ့ ရီဘာရယ်'

'ဒါပေမယ့် လင်းဒဘာလ်ပင်းရဲ့ မကောင်းဆိုးဝါးဝိဉာဉ် ချုပ်ငြိမ်းသွားဖို့ဆိုတာဒီတစ်နည်းပဲရှိတယ်၊သူပြောသွားတာ ဘယ်နှစ်နာရီတုန်းလဲ'

'ဆယ်နာရီခွဲ၊ ဂျက်နက် ကားထဲက ထွက်နိုင်အောင်ရုန်းကန်တဲ့အချိန်နဲ့ တစ်ချိန်တည်းပဲ၊ ဒါဟာ လွတ်မြောက်ရာ လွတ်မြောက်ကြောင်းအတွက် လင်းရဲ့ နောက်ဆုံးအားထုတ်မှုဖြစ်မယ်၊ ဂျက်နက်ဟာ အဲဒီအချိန်က သတိမေ့နေပေမယ့် သူ့စိတ်နဲ့သူ့ကိုယ်ပေါ်မှာ အဲဒီ အရိပ်လက္ခဏာတွေထင်ဟပ်နေတာ ကျွန်တော်တို့မြင်နေရတယ်လေ၊ဒါပေမယ့် အဲဒါတွေ ဘယ်လိုကြောင့် ဖြစ်နိုင်တယ်ဆိုတာ ကျွန်တော်တော့ ရှင်းပြဖို့တောင် အားမထုတ်ချင်တော့ပါဘူးဗျာ'

'ကဲ....ကျွန်တော်တို့ သွားကြစို့၊ ကျွန်တော့် ခြေကျင်းဝတ်ကဒဏ်ရာက အရမ်းနာလာပြီ၊ ဒါ့အပြင် စတက်ဖိုက ကျွန်တော်တို့ အေးရုံကို ဝင်ပြီးတာနဲ့ သူ့ဆီကို လာရေချင်တယ်တဲ့'



မက်ကာသီ ခေါင်းညိတ်ပြီး ကားကိုစက်နှိုးသည်။ သူတို့ဗိုတိုမက် မြစ်ကူးတံတားဆီသို့ ဦးတည်နေရာမှ မက်ကာသီကမေးသည်။

'ရော်ဂျာအကြောင်း ဘာသတင်းရသေးလဲ'

'ဒီလူက အာလက်ဇန်းဒရီးယားမှာရှိတဲ့ လွတ်တော်အမတ်မက်နက် ငှားထားတဲ့အခန်းမှာ သွားအောင်းနေတာကိုး၊ ဒါပေမယ့် လမ်းတစ်ဖက်ခြမ်းက မိန်းမကစ်ယောက်ကသူ့ကိုသတိထားမိသွားတယ်'

'ကျွန်တော် အဲ့ဒီကို ရောက်ဖူးတယ်ဗျ၊ အဲဒီအနီးအနားတစ်ဝိုက်ဟာ ရှုပ်ရှုပ်ပွေပွေလူတွေနဲ့ ပြည့်နေတာ၊အဲဒီ လမ်းတစ်ဖက်ခြမ်းက မိန်းမကဇော့ မှန်ပြောင်းတစ်စုံ ကိုင်ပြီးသူများပြတင်းပေါက်တွေကို လိုက်ကြည့်နေတဲ့မိန်းမ၊သူသာတွေ့မသွားရင် ရော်ဂျာဟာ အဲ့ဒီအခန်းမှာတစ်လလောက် ဘယ်သူကမှ အနှောင့်အယှက်မရှိဘဲ အေးအေးဆေးဆေး နေနိုင်တယ်၊ ဒီလူ ဇုံးထောင်ထားပြီ ဆိုတာကော သေချာရဲ့လား'

'စတက်ဖိုကတော့ သေချာပေါက်ပြောတယ်၊ သူက မြို့တော် ရဲအဖွဲ့နဲ့ အက်ဖ်ဘီအိုင်က ရသမျှအင်အားကို စုပြီးလိုက်ခေါင်းတွေကို ရှာနေတာပဲ'

'အလုပ်သမားနေ့လို ရုံးပိတ်ရက်မှာ အိမ်ခေါင့် တပ်ဖွဲ့ဝင်တွေလောက်ပဲ ရှိမှာဆိုတော့ ရှာဖွေရေး လုပ်ငန်းကို

အချိန် တော်တော် ယူရလိမ့်မယ်၊ အဲဒီအချိန်မှာ ရော်ဂျာက မေ့ရီလင်း တောင်ပိုင်းကို လက်မှောက် လက်လှန် အကုန်သိနေတော့ လမ်းကြိုလမ်းကြားတွေကိုပဲအသုံးပြုတော့မှာပေါ့'

'သူ ဘယ်ရောက်နေနိုင်သလဲ'

'နိုင်ငံကူးလက်မှတ်တုတစ်ခု ဆောင်ထားမယ်၊ မုတ်ဆိတ်မွေးအတုတွေ ဆောင်ထားပြီး သူ့ကိုမမှတ်မိအောင်တစ်နေ့တစ်မျိုး ပြောင်းတပ်မယ်၊ သော့ဘန်းလန်းနဲ့ ကားတွေတွေ့ရင် ကားတစ်စီးပြီးတစ်စီး ပြောင်းပြီး မောင်းမယ်၊ ဒါဆို သုံးရက်အတွင်း မီယာမီကိုရောက်ပြီး ဘာရာဇီးကိုလေယာဉ်နဲ့ လစ်ပြေးနိုင်တယ်၊ သူ့အစွမ်းအစကို သရုပ်ပြတဲ့ အနေနဲ့ ဝါရှင်တန်ကို ဖောက်ခွဲဖျက်ဆီးတယ်၊ ပြီးတော့အဖမ်းမခံရဘဲ လွတ်အောင်ပြေးနိုင်တယ် ဆိုတဲ့ လူတစ်ယောက်ဟာ ကမ္ဘာပေါ်မှာရှိတဲ့ ဘယ်ဟိုဘယ်မဆို အပိုင်စီးနိုင်တယ်၊ ပြီးတော့ ပြန်ရွေးငွေ သန်းပေါင်းများစွာ တောင်းနိုင်တယ်'

'ဒါဆို ကိုဗင်ဟာ အကြမ်းဖက်သမားလုံးလုံးလျားလျား မဟုတ်ဘူးလို့ ခင်ဗျားထင်တယ်ပေါ့'

'ရုတ်ရုတ်သဲသဲဖြစ်ရုံ ကြောင်တွေလုပ်တဲ့ အလုပ်မျိုးကို လုပ်တဲ့အစားထဲက မဟုတ်ဘူး'

မှက်ကာ်သီက မဆိုင်းမတွ ဖြေသည်။



'ကျွန်တော့်အထင်ကတော့ ပလူတိုနီယံတွေ့စုဆောင်းမှုနဲ့ အစိုးရစုံထောက်တွေက သူ့နောက်ကို လိုက်နေပြီဆိုတာရယ်၊ မှက်နက်က သိက္ခာဆယ်ဖို့ရာအတွက် သူ့ကိုကျားစာကျွေးတော့မယ် ဆိုတာရယ်ကို ဒီလူသိသွားတယ်၊ အဲဒီလို သိသွားတာနဲ့တစ်ပြိုင်နက် ဝါရှင်တန်ကို ပြယုဂ်အဖြစ်ဖောက်ခွဲပစ်ဖို့ ဆုံးဖြတ်လိုက်တယ်၊ သူ့ဆုံးဖြတ်ချက်ကို အကောင်အထည်ဖော်ဖို့ အကူအညီအဖြစ် လင်းနဲ့ လင်းရဲ့အုပ်စုကို နယ်ရုပ်တွေအဖြစ် သုံးလိုက်တာပဲဗျ'

'သူတွက်ပြေးလွတ်မြောက်သွားတော့ကော နောက်ထပ် ပလူတိုနီယံတွေ ဘယ်ကရမှာလဲ'

'ကမ္ဘာ့နိုင်ငံ အသီးသီးကို အနုမြူဓာတ်ပွားပစ္စည်းတွေ တင်ပို့ရာမှာ ရော်ဂျာကကူညီခဲ့တယ်လေ၊ ဥပမာ အိန္ဒိယကို ကျွန်တော်တို့ အနုမြူဓာတ်ပွား ပစ္စည်းတွေ တင်ပို့ရာမှာ ရော်ဂျာက ကူညီခဲ့တယ်လေ၊ ဥပမာ အိန္ဒိယကို ကျွန်တော်တို့ အနုမြူဓာတ်ပွားပစ္စည်းတွေ ပို့ပေးနေတယ်၊ ပို့ပေးတာကတော့ လျှပ်စစ်ဓာတ်အား လည်ပတ်ရေးမှာအသုံးပြုဖို့ပဲ၊ ဒါပေမယ့် နိုင်ငံအတော်များများက ဒီပစ္စည်းတွေကိုလိုချင်တာဟာ အိမ်နီးနားချင်း နိုင်ငံတွေကို ခြိမ်းခြောက်ဖို့၊ နိုင်ငံရေးအမြတ်ထုတ်ဖို့ပဲဖြစ်တယ်။

'ရော်ဂျာအနေနဲ့ အနုမြူဗုံးတစ်လုံး လုပ်ဖို့ အဲဒီနိုင်ငံတွေဆီက ပလူတိုနီယံ ခိုးယူဖို့ဆိုတာ သိပ်အခက်အခဲရှိမှာ

မဟုတ်ဘူး၊ အနုမြူရေးရာ ကျွမ်းကျင်သူဖြစ်တဲ့ သူ့ကို လစ်ဗျားလို နိုင်ငံမျိုးက ဒေါ်လာ သန်းချီပေးပြီး လိုက်လိုက်လံလံကြိုဆိုတော့မှာပေါ့၊ အဲ့ဒီအချိန်မှာ အမေရိကကိုမုန်းတဲ့ တခြား နိုင်ငံခြောက်နိုင်ငံလောက်ကလဲ ဝါရှင်တန်မြို့တော်ကြီး ပြိုကွဲပျက်စီးရတဲ့အတွက် ကျိတ်ပြီး ဝမ်းသာနေဦးမယ်လေ'

တက္ကသိုလ်ဆေးရုံသို့ရောက်သည်။ ဂျက်နက်ကို ဆေးထိုးပေးသည်။ မိုက်၏ခြေကျင်းဝတ်ကို ဆေးထည့်သည်။ မိုက်က မက်ကာသီကို မြန်မလွှတ်သေးဘဲ စတက်ဖို့ထံ လိုက်ခဲ့ဖို့ပြောသည်။

'သူက ကျွန်တော့်ကို ဘာကြောင့်လိုက်ခဲ့စေချင်တာလဲ'

'ခင်ဗျားက ကိုဗင်အကြောင်း သိတယ်လေ၊ ဒါ့အပြင် ခင်ဗျားက အထူးအာရုံသိခြင်းနဲ့ အာရုံဖြင့် ရှုမြင်ခြင်းတို့ကို ကျွမ်းကျင်သူဆိုတော့ ခင်ဗျားကို သူခိုင်းချင်ခိုင်းမှာပေါ့၊ စတက်ဖို့က ရော်ဂျာနဲ့ အပေးအယူလုပ်ဖို့ အသင့်ရှိနေတယ်ဆိုတဲ့အကြောင်း ရော်ဂျာဆီကို အထူးအာရုံသိ ပညာနဲ့ သတင်းပို့ပေးဖို့ပေါ့'

'ဘယ်လိုအပေးအယူမျိုးလဲ'

'စတက်ဖို့နေရာမှာ ကျွန်တော်ဆိုရင်တော့ ရော်ဂျာကို သူကြိုက်တဲ့နိုင်ငံကို သွားဖို့ လေယာဉ်နဲ့ပို့ပေးမယ်၊ ပြီးတော့ လက်ဆွဲအိတ်အပြည့် ငွေတွေ ထည့်ပေးမယ်၊ အဲ့ဒီအတွက်



ရော်ဂျာက နက်ဖြန်မနက် ဆယ်နာရီမထိုးခင် ဗုံးရှိတဲ့နေရာကို ပြရမယ်လေ'

'မာရ်နတ်မင်း လူစီဖာရဲ့ လူသားစစ်စစ်ကိုယ်စားလှယ်နဲ့ အပေးအယူ လုပ်ရမှာပေါ့လေ၊ သူ့ကို ဘယ်သူကယုံမှာလဲ'

'လင်းသာရှိနေသေးရင်တော့ ခင်ဗျားပြောတာ မှန်နိုင်ပါတယ်၊ ဒါပေမယ့် ကားမှောက်ပြီး ရိတာနဲ့အတူ လင်းရဲ့ ဝိညာဉ်ဟာ ချုပ်ငြိမ်းသွားပါပြီ၊ ဒီတော့ မာရ်နတ်ရဲ့ လောင်းကစားပွဲလဲ ပျက်သွားပြီပေါ့ဗျာ'

* * *

မက်ကာသီ ကားစက်နှိုးချိန်တွင် ဂျက်နက် သတိရနေပြီဖြစ်၏။

ဂျက်နက်က ထုံးစံအတိုင်း 'ဘာဖြစ်တာလဲ' ဟုဖွင့်ဆော်ဦး မေးခွန်းကို မေးလိုက်၏။

'ခင်ဗျား နောက်ဆုံးမှတ်မိတာ ဘာတွေလဲဆိုတာ ကျွန်တော့်ကို အရင်ပြောပါဦး'

မိုက်ကပြော၏။ မက်ကာသီက လူသူမရှိသလောက် ရှင်းနေသည့် လမ်းများကိုဖြတ်ကျော်ပြီး ဂျက်နက်၏ အိပ်ခန်းရှိရာသို့ ကားကိုမောင်းနေ၏။

'ရှင့်ကို တက္ကသိုလ်ဆေးရုံက အရေးတကြီး ခေါ်တယ်၊ ရှင်က ကျွန်မကို အခန်းထဲမှာထားပြီး အပြင်က သော့ခတ်သွားတယ်၊ ဒါမှ ရှင်မရှိတုန်း လင်းအပြင်မထွက်နိုင်အောင်လေ'

သူက ရုတ်တရက် မျက်မှောင်ကြုတ်လိုက်၏။

'ဟယ်....သူမရှိတော့ပါလား....'

'ထာဝရ သွားပါပြီ'

'ကျွန်မ ကိုယ်ခန္ဓာထဲမှာ သူမရှိတော့ဘူးဆိုတာ ကျွန်မခံစားလို့ရနေတယ်ရှင့်၊ ဒါပေမယ့် သူပြန်မလာတော့ဘူးလို့ ကျိန်းသေပေါက် ပြောနိုင်ပါမလားဟင်'

'ကျိန်းသေပေါက် ပြောနိုင်ပါတယ်'

မိုက်က သူ ဆေးရုံမှ အခန်းသို့ ပြန်ရောက်သောအခါ အခန်းထဲတွင် ဘယ်သူမျှ မရှိတော့သည့်အကြောင်းမှ စပြီး ဇာတ်စုံရှင်းပြသည်။

'ဩော်....သနားစရာ့ လင်းရယ်၊ သူဟာ မကောင်းဆိုးဝါး ဝိညာဉ်ဖြစ်နေပေမယ့် လူတစ်ယောက်လိုပဲ အရမ်းစိတ်ဝင်စားစရာ ကောင်းတာ'

'ဒါပေမယ့် နာနာဘာဝတစ်ကောင်အနေနဲ့ သူပိုင်ဆိုင်ထားတဲ့ တန်ခိုးစွမ်းအားဟာ ခင်ဗျားကိုကော ကမ္ဘာကြီး



ကိုရော အန္တရာယ် ပေးနိုင်တယ်လေ၊ ဒီတော့ သူ ချုပ်ငြိမ်းပျက်စီးသွားတာ ကောင်းပါတယ်'

ဂျက်နက် ဖြည်းလေးစွာ ခေါင်းညိတ်၏။

'ရှင်ပြောတာ မှန်ပါတယ်၊ တကယ်လို့ သူသာ ကျွန်မရဲ့စိတ်နဲ့ကိုယ်ကို ဆက်ပြီး အပိုင်စီးထားရင် ရှင့်ကို ဗုံးရှိတဲ့နေရာကို ပြောပြမယ်ထင်လားဟင်'

'ဘယ်ပြောတတ်မလဲ၊ မီးလောင်နေတဲ့ကားထဲမှာ လင်းကို ပိတ်မိနေချိန်မှာ ခင်ဗျားက အတင်းရုန်းကန်ပြီး ကားထဲက ထွက်ဖို့ကြိုးစားတာကို ဘာကြောင့်ရယ်လို့ ပြောမပြတတ်သလိုပေါ့'

'အဲ့ဒါကလေ...အိပ်မက်မက်နေသလိုပဲ၊ ဒါပေမယ့် အဲဒီကားကို ကျွန်မ မြင်ခဲ့ရတယ်၊ သိလား၊ ကားမှောက်မှုကို သတင်းကြေညာသူက ဖော်ပြတာကို ရှင် ပြန်ပြောပြတယ်လေ....အဲဒီအတိုင်းပါပဲ၊ ကားတစ်စီးလုံး မီးဟုန်းဟုန်းတောက်နေတယ်၊ ဒါပေမယ့် အထဲက တစ်စုံတစ်ယောက်ဟာ အပြင်ထွက်ဖို့ ရုန်းကန်နေတယ်'

'ကျွန်တော်တို့ဟာ ခုထိဖြစ်နိုင်ခြေမရှိတာကွေကို ကြုံနေရတုန်းပါပဲလား'

'ဒီတစ်ခါတော့ ဖြစ်နိုင်ခြေမရှိတာ မဟုတ်ဘူးဗျို့'

မက်ကာသီက ကားမောင်းနေရာမှ လှမ်းပြောသည်။

'ကားမှောက်မှုက မိုင်ပေါင်း အတော်ဝေးတဲ့နေရာမှာ ဖြစ်တယ်၊ ဒါပေမယ့် ဂျက်နက်က အဲ့ဒီမြင်ကွင်းကို မြင်နေတယ်၊ အဲဒါဟာ အာရုံသိအမြင်ပေါ့ဗျ'

'ဟာ....အဲ့ဒါကို ရှင်းပြလို့ရတယ်'

ဂျက်နက် ကြွေးကြော်လိုက်၏။

'ကျွန်မဟာ ကလိုပရီမာဇင်းဆေးရည်ကြောင့် တစ်စိတ်တစ်ပိုင်း သတိမေ့နေပေမယ့် ကျွန်မရဲ့မသိစိတ်က နိုးကြားနေတယ်၊ လင်းရဲ့ဝိညာဉ်က ပို့ပေးတဲ့ အီးအယ်လ်အက်ဖ် လှိုင်းတွေကို လက်ခံနိုင်လောက်အောင် နိုးကြားနေတယ်လေ'

'ဘာလဲဗျ....အီးအယ်လ်အက်ဖ် လှိုင်းတွေဆိုတာ'

မိုက်က မေး၏။

'အီးအယ်လ်အက်ဖ် လှိုင်းဆိုတာ ကီလိုမီတာ ၃၀၀ ကနေ ၁၀၀၀ အတွင်းကျယ်တဲ့ နယ်မြေအတွင်းမှာရှိတဲ့ အလွန်အားပျော့တဲ့ လျှပ်စစ်သံလိုက်လှိုင်းတွေပဲ၊ တချို့က ဒီလှိုင်းတွေဟာ သတင်းပို့ချက်တွေကို သယ်ဆောင်နိုင်စွမ်းရှိတယ်လို့ ပြောတယ်ဗျ၊ မယုံမရှိနဲ့ ဆရာရေ့၊ လက်တွေ့စမ်းသပ်မှုလုပ်ထားတာတွေ အများကြီးရှိတယ်၊ မနက်ဖြန်မနက်မှာ ကျွန်တော်တို့ ရေဒီယိုခွတ်သင့်ပြီး ပြာပုံကလေးတွေ ဖြစ်မနေသေးဘူးဆိုရင် ခင်ဗျားကို အထောက်အသားစာရွက်စာတမ်းတွေပြမယ်ဗျာ'

* * *



ခမ်းနားထည်ဝါလှသော အက်ဖ်ဘီအိုင် ဌာန ချုပ်အဆောက်အဦးရှေ့၌ ကားရပ်လိုက်ချိန်တွင် ဆယ့်တစ်နာရီကျော်နေပြီ။ သူတို့လာမည်ကိုသိထားသော အစောင့်က သူတို့ကို စုံထောက်ကြီးစတက်ဖို့ဆီသို့ ချက်ချင်း လိုက်ပို့ပေးသည်။

စတက်ဖို၏ရုံးခန်းမြင်ကွင်းမှာ လှုပ်လှုပ်ရှရှနှင့် ရှုပ်ယှက်ခတ်နေသည်။ မျက်တွင်းဟောက်ပက်နှင့် ပင်ပန်းနွမ်းနယ်ပုံပေါက်နေသည့် စုံထောက်ကြီးထံစာလာပို့ သူများ ဝင်လိုက်ထွက်လိုက်နှင့် ပျာယာခတ်နေကြ၏။

ဂျက်နက်က သူ့အခန်းသို့ပြန်ရောက်စဉ်က အဝတ်အခါးများ လဲလာခဲ့၏။ ထို့ပြင် သတင်းထောက်တစ်ဦး၏ တန်ဆာပလာများဖြစ်သည့် မှတ်စုစာအုပ်ကလေးနှင့် ဘောလ်ပင်တစ်ချောင်းကိုပါ ယူလာခဲ့သည်။

စတက်ဖိုက သူတို့သုံးဦးအား နိုင်ငံတော်ရှေ့နေချုပ်နှင့် မိတ်ဆက်ပေးသည်။ ပြီးတော့ အင်ဒရူးကာတာနှင့်မိတ်ဆက်ပေးသည်။ အင်ဒရူးကာတာသည် ယခင်က နေ့ပြည်တော်ရဲ့အဖွဲ့အကြီးအကဲဖြစ်ခဲ့ပြီး ယခု အက်ဖ်ဘီအိုင်အကြီးအကဲဖြစ်နေသည်။ နောက်တစ်ဦးကတော့ မစ္စတာဟော်နာ။ မစ္စတာဟော်နာမှာ အနုမြူစွမ်းအင်ထိန်းချုပ်ရေး ကော်မရှင်မှ ကျွမ်းကျင်သူပညာရှင်ဖြစ်၏။ အကယ်၍ ဗုံးကိုရှာဖွေတွေ့ရှိလျှင် စနက်တံဖြုတ်ရန် အသင့်ခေါ်ထား သူဖြစ်သည်။

'ရော်ဂျာကိုဗင်အကြောင်း ဘာသတင်းရသေးလဲ'

မိတ်ဆက်မှုပြုလုပ်ပြီးသည်နှင့် မိုက်က စတက်ဖို့အားမေးသည်။

'ဘာသတင်းမှမရဘူး၊ ကျွန်တော်တို့မေရီလင်းနဲ့ ဗာဂျီးနီးယားက ရဲအဖွဲ့တွေကိုတပ်လှန့်ထားတယ်၊ ဒါပေမယ့် ဒီလူက ကျွန်တော်တို့ထက် ခြေတစ်လှမ်းဦးနေပြီ ထင်ပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ဒီလူ အမတ်မင်းမက်နက်ရဲ့အခန်းထဲက ထွက်လာတာကို မှတ်မိတဲ့မိန်းမက ကျွန်တော်တို့ဆီ ချက်ချင်းအကြောင်းကြားတာမဟုတ်ဘူး၊ ဒီတော့ ဒီလူဟာ အန္တရာယ်စက်ကွင်းနဲ့ဝေးတဲ့ မြို့ပြင်ကိုရောက်နေလောက်ပြီထင်တာပဲ'

'အန္တရာယ်စက်ကွင်းက ဘယ်လောက်ရှိမယ်မှန်းလဲ'

'အကြမ်းဖျင်း ဆယ့်ငါးမိုင်ပဲ'

ကော်မီရှင်မှ ကျွမ်းကျင်သူပညာရှင်ကပြော၏။

'လေပြင်းပြင်းတိုက်ရင် ခတ်ငွေ့တွေလွှင့်ပြီး ဒီ့ထက်ကျယ်ဝန်းတဲ့ ဒေသတွေကိုပါ ဒုက္ခပေးနိုင်တယ်၊ ဒါပေမယ့် မိုးလေဝသဌာနကတော့ နက်ဖြန်မနက်မှာ လေပြည်ကလေးပဲတိုက်မယ်လို့ပြောတယ်'

'ပွင့်ပွင့်လင်းလင်းပြောရရင် ဒီအမှုမှာ ကျုပ်နားမလည်တာတွေ အများကြီးပဲဒေါက်တာ၊ ခင်ဗျားကပြောတယ် မီးစိတ်တတ်ဟာ သူ့ကိုယ်ပွားရဲ့လုပ်ဆောင်ချက်၊ ဒါမှမဟုတ်ပြောဆိုချက်တေကို ဘာမှမမှတ်မိဘူး'



ထောက်လှမ်းရေးမှူးချုပ်က ပြော၏။

'အဲဒါ အမှန်ပါပဲ'

'တချို့နိုင်ငံတွေမှာဆို သူသတိရလာအောင်လုပ်တဲ့နည်းတွေ ရှိတယ်၊ ကျွန်တော်ဆိုရင်တော့ အဲဒီနည်းတွေကိုသုံးဖို့ လက်နှေးနေမှာ မဟုတ်ဘူး'

အနုမြူကော်မီရှင်မှ ကျွမ်းကျင်သူကပြော၏။

'ခင်ဗျား ဘာမှခရီးရောက်မှာမဟုတ်ဘူး'

မိုက်က ခိုင်ခိုင်မာမာပြော၏။

'ကျွန်တော် မီးစ်ဘတ်ကိုအိပ်မွေ့ချခဲ့တယ်၊ နောက်ပြီး အမှန်တရားရေကြည်လို့ခေါ်ကြတဲ့ ဆိုဒီယမ်ပင်တိုသဲလ်လဲထိုးပေးခဲ့တယ်၊ တခြား ကိုယ်ရည်ကိုယ်သွေးရဲ့ လျှော်ရှားမှုတစ်ခုတလေကိုများ သတိရပြီးပြန်ဖော်နိုင်မလားလို့၊ ဒါပေမယ့် အဲဒီ နာနာဘာဝရဲ့လုပ်ဆောင်မှုတွေကို သူဘာမှမမှတ်မိဘူး'

မက်ကာသီကဝင်ပြော၏။

'လောလောဆယ်မှာတော့ ကျုပ်တို့ကိုယ့်လက်မ ကိုယ်ချီးပြီး ကျုပ်တို့အပေါ်အငင် လူတစ်သန်းနီးပါး သေကြေပျက်စီးမယ့်အရေးကို ထိုင်စောင့်နေရတော့မှာပေါ့လေ'

ကာတာကပြောပြီး စတက်ဖို့၏ရုံးခန်း တံခါးအပေါ်ဘက်တွင် ချိတ်ထားသည့် နာရီကိုမော့ကြည့်၏။

'နေခက် ဆယ်နာရီကြာရင် အကုန်လုံး ပြာဖြစ်တော့မယ်'

'အဲဒီအချိန်မတိုင်ခင် ရော်ဂျာကိုဗင်ကိုရှာပြီး ဒီကိုခေါ်လာနိုင်တဲ့နည်းလမ်းတစ်ခုတော့ ရှိနိုင်ပါတယ်'

ဂျက်နက်ကပြော၏။

အခန်းထဲရှိမျက်လုံးအားလုံးသည် ချက်ချင်းပင် သူ့ကို စူးစိုက်ကြည့်လိုက်ကြ၏။

'ဒီတော့ ခင်ဗျားတစ်ခုခုကိုသတိရ လာပြီပေါ့'

စုံထောက်ချုပ်ကာတာက ခပ်မာမာမေးသည်။

'မဟုတ်ပါဘူး....ဒါပေမယ့် ပါမောက္ခ မက်ကာသီဟာ ရော်ဂျာကိုဗင်ကို ကောင်းကောင်း သိတယ်၊ ပြီးတော့.... စိတ်နယ်လွန်ပညာရှင် လောကမှာ သူ့ကို စိတ်တန်ခိုး ရှိတဲ့ အကြားအမြင်ရ ပုဂ္ဂိုလ်လို့ သတ်မှတ်ကြတယ်ရှင့်'

အမျိုးသား ထောက်လှမ်းရေး ညွှန်ချုပ်က စိတ်ပျက်လက်ပျက်ဟန်ဖြင့် ယက်နှစ်ဖက်ကို မြှောက်လိုက်၏။

'ဒီမယ် မိန်းကလေး၊ ကျုပ်တို့ အိပ်မွေ့ချို့ဝှက်ဆန်းကြယ် ဇာတ်လမ်းတစ်ခုကို ရှာခိုင်ရိုက်နေတာ မဟုတ်ဘူး'

'ခင်ဗျား ဒီလူကို ဖမ်းမိချင်တယ် မဟုတ်လား၊ ဟုတ်တယ် မဟုတ်လား မစ္စတာ ကာတာ'

မိုက်က ခပ်မာမာ ဝင်ပြော၏။



'ဟုတ်တယ်လေ၊ ဒါပေမယ့်....'

'ဒါဆို သူပြောတာကို နားထောင်ပါဦးလား'

'ဟုတ်တယ် အင်ဒီ၊ ကိုယ်တို့ နားထောင် လိုက်လို့လဲ အချိန် မဆုံးနိုင်ပါဘူး'

ရှေ့နေချုပ်ကပြော၏။

'ခင်ဗျားစိတ်ထဲမှာ ဘာရှိလဲ ဂျက်နက်'

မိုက် ခပ်တိုးတိုးမေး၏။

'ပထဦးဆုံး အနေနဲ့ ရော်ဂျာကိုဗင့် အကြောင်း ဒေါက်တာ မက်ကာသီပြောပြတာကြားပါရစေ၊ ပြောရမယ်ဆိုရင် သူ ရော်ဂျာကို သိကျွမ်းခဲ့တဲ့ အချိန်ကာလဟာ ကျွန်မတို့ အားလုံး သိတာထက် ပိုကြာတယ်'

'အဲဒါမှန်တယ်၊ ကိုဗင်ဟာ ဒူမှာတုန်းက ခင်ဗျားတပည့် ဖြစ်ခဲ့ဖူးတယ် မဟုတ်လား ဆရာ'

စတက်ဖိုက ထောက်ခံ၏။

'တစ်နှစ်ကြာတယ်၊ ကျွန်တော်တို့ စိတ်တန်ခိုးနဲ့ သတင်းပို့တဲ့အခါ ပေါ်လာတဲ့ လှိုင်းအနေအထားတွေကို ခွဲခြမ်းစိတ်ဖြာကြည့်ဖို့ ကြိုးစားခဲ့ကြတာ'

'ကောင်းရောကွာ'

ကာတာက သူ့ကုလားထိုင်ပေါ်မှ ဝုန်းခနဲထကာ အခန်းချင်းဆက်နေသည့် ရုံးခန်းဆီသို့ စတင်ခြေလှမ်းသည်။

'မြို့ကြီးတစ်မြို့လုံးကဖြင့် ပေါက်ကွဲတော့မယ်၊ ကျုပ်တို့က စာရူးတစ်ယောက်ကို ခေါ်ပြီး အချိန်ဖြုန်းနေကြတယ်'

'ကျွန်တော်တို့ သုံးယောက် ဒီကိုအလာ လမ်းမှာ ဆွေးနွေးလာတာနဲ့ ပတ်သက်ပြီး မီးစ်ဘတ်ရဲ့စိတ်ထဲမှာ တစ်ခုခု ရှိနေမှာ သေချာပါတယ် ခင်ဗျာ'

မိုက်က အခန်းထဲတွင် ရာထူးအမြင့်ဆုံး အစိုးရအရာရှိအဖြစ် ရှေ့နေချုပ်ကို ဦးတည်ချက်ပြောသည်။

'အဲ့ဒီလို အနေအထားရှိနေတော့ မစ္စတာ ကာတာက စာရူးလို့ ကင်ပွန်းအတပ်ခံလိုက်ရသူဟာ ဝါရှင်တန်မြို့ကြီး ပြာပုံမဖြစ်ရေးအတွက် ကယ်တင်နိုင်မယ့် တစ်ဦးတည်းသော ပုဂ္ဂိုလ် ဖြစ်နေနိုင်ပါတယ်'

'ကျုပ်တို့အားလုံး နည်းနည်းလေး ပူပန်သောက များနေကြတယ် ဒေါက်တာ၊ အထူးသဖြင့် ဒီအဖြစ်ဆိုးကြီး ပေါ်ပေါက်လာရင် အပြစ်တင်ခံရမယ့် မစ္စတာ ကာတာရဲ့ အဖွဲ့သားတွေပေါ့၊ ဒီတော့ဗျာ.... မီးစ်ဘတ်နဲ့ ဒေါက်တာ မက်ကာသီရဲ့ အကြံပေးချက်တွေကို ကျုပ် အနေနဲ့ နားထောင်ပါမယ်၊ နောက်ပြီး ဒီလူရဲ့ ရိုင်းပြမှုအတွက် ခင်ဗျားတို့ နှစ်ယောက်စလုံးကို တောင်းပန်ပါတယ်'

'ကိစ္စမရှိပါဘူးဗျာ၊ နက်ဖြန်မနက်ကျ မီးလောင် ပြာကျတဲ့ အထဲမှာမှပါဖို့ တခြားလူတွေလိုပဲ ကျွန်တော့်လဲ စိုးရိမ်နေပါတယ်'



မက်ကာသီက ပြော၏။

'ရှင်သာ ရော်ဂျာကိုဗင်ဆိုရင် ဖုန်းထောင်ပြီး နောက်ဆိုင်း ရှင် လွတ်မြောက်အောင် ဘယ်လိုလုပ်မလဲ'

ဂျက်ကိုနက်က မက်ကာသီအားမေး၏။

'ရိုးရိုးကလေး ဆင်ခြင်ကြည့်၊ ကျွန်တော် အခန်းထဲက ထွက်လာတာကို ဟိုမိန်းမ မှတ်မိသွားလား မမှတ်မိဘူးလား ဆိုတာ မသေချာဘူး၊ ဒီတော့.... စိတ်ချရအောင် မှတ်မိသွားတယ်၊ ရဲအဖွဲ့ကို အကြောင်းကြားတယ်လို့ပဲ ယူဆလိုက်မယ်၊ ဒါပေမယ့် ဝါရှင်တန်မှာ နည်းနည်းလေး အနေကြာလာတော့ ဒီသတင်းဟာဆက်သွယ်ရေးလမ်းကြောင်းကို ကျော်ဖြတ်ဖို့ အချိန် နည်းနည်း ကြာလိမ့်မယ်ဆိုတာလဲ သိထားတယ်'

'အရမ်းကို ကြာတာ၊ အခန်းကို ချောင်းကြည့်နေတဲ့ မိန်းမက မသက်ာစရာလူတစ်ယောက် ခုလေးပဲ ထွက်သွားတယ်လို့ မြို့တော်ရဲ့အဖွဲ့ကို တိုင်ပြီး တစ်နာရီကြာမှ ကျွန်တော်တို့ဆီ သတင်းရောက်တာ၊ အဲဒီမိန်းမကလဲ ချက်ချင်းတိုင်တာ မဟုတ်ဘူး၊ သူပြောတာကို နားထောင်မယ့် လူကိုရှာရင်း မိနစ်နှစ်ဆယ်လောက် အချိန်ကုန် ခံလိုက်သေးတာ'

စတက်ဖွိုက ပြော၏။

သည်တော့ မက်ကာသီက ဆက်ပြီးတွက်ပြသည်။

'ကျွန်တော်ခိုအောင်းနေရာက ထွက်သွားတာကို အက်ဖ်ဘီအိုင်က သိတာနဲ့ ကျွန်တော့်ကို ဖမ်းဝရမ်းထုတ်တော့မယ် ဆိုတာ သိထားပြီ၊ ဒါပေမယ့် ကျွန်တော် သိပ်မမှုဘူး၊ ဘာကြောင့်လဲဆိုတော့ ကျွန်တော်ခိုအောင်းနေတဲ့ ရက်တွေ အတွင်း နေစာလှုံဆီတွေ လိမ်းမယ်ဗျာ၊ ဒါဆို အာရပ် လူမျိုး တစ်ယောက်လို အသားညိုလာမယ်၊ ပြီး မည်းချင် တောင် မည်းသွားဦးမယ်၊ ပြီးတော့...မုတ်ဆိတ်မွေးအတုနဲ့ တခြား ရုပ်ဖျက်လို့ရတာတွေ လုပ်မယ်၊ နောက်ပြီး ကျွန်တော့်ကားကို စွန့်ပစ်ရမယ်ဆိုတာ သိထားတယ်၊ ဒီတော့ သေ့တနိုးလန်းရှိနေတဲ့ ကားတစ်စီးကို ရှာမယ်'

'ဩော...ခင်ဗျား ရုပ်မြင်သံကြားအစီအစဉ်က ရာဇဝတ်မှု ဇာတ်လမ်းတွေ ကြည့်ပုံရတယ်'

တစ်ဖက်ရုံးခန်းတံခါးဝတွင် ခဏရပ်နေသောကာတာက လှမ်းပြော၏။

'ရုံးပိတ်ရက် တစ်ရက်ဆိုတော့ ကားရပ်ကွင်းတို့၊ စတိုးဆိုင် ဝန်းကျင်တို့မှာ ရပ်ထားတဲ့ မော်တော်ကား သိပ်များများ စားစား ရှိမှာမဟုတ်ဘူး၊ ဒါ့အပြင် ကားခိုးမှုကို ရဲကိုတိုင်ရင် မြန်မြန်ဆန်ဆန် ဖမ်းမိသွားနိုင်တယ်၊ ဒီတော့ ကျွန်တော် မိုတယ်တွေကို လိုက်ကြည့်မယ်၊ မူးမူးရူးရူးနဲ့ ကားမှာ သော့တနိုးလန်းထားပြီး မိုတယ်မှာ သွားအိပ်မယ့် လူမျိုးရဲ့ ကားကို ချောင်းမယ်၊ မဟုတ်ရင်လဲ ဝိုင်ယာနှစ်စ



ဆူးပြီး စက်နှိုးမယ်၊ ရော်ဂျာက အနုမြူစွမ်းအင်နဲ့ ဘွဲ့မယူခင် ဒူမှာ လျှပ်စစ်အင်ဂျင်နီယာဘွဲ့တစ်ခု ယူခဲ့သေးတယ်လေ'

'အင်း...စိတ်ကူးကလေးက ကောင်းပါတယ်၊ ဆက်ပါဦး'

ကာတာက အောင့်သီးအောင့်သက်ဖြင့် ပြော၏။

'မနက်မိုးလင်းထိ ရဲကိုမတိုင်မယ့်ကားမျိုး ရပြီးရင် ရဲအဖွဲ့နဲ့ အက်ဖ်ဘီအိုင်က မထင်မှတ်တဲ့လမ်းကို ကျွန်တော်ရွေးမယ်၊ ဘာလ်တီမိုး-ဝါရှင်တန် မြို့ပတ်လမ်းကို ရွေးမယ်ဗျာ၊ ပြီးတော့ တောင်ဘက်ကိုဦးတည်ပြီး 'ပရင့်စ်ဂျော့ချ်' နဲ့ 'ချားလ်' မြို့နယ်ထဲကို ဝင်မယ်၊ ရော်ဂျာက အဲဒီနယ်မြေကို ကျွမ်းတယ်၊ ဒီတော့ ရဲအဖွဲ့ကသတိမထားမိအောင်လမ်းသွယ် တွေပေါ်က သွားမယ်'

'သူ ဘယ်လိုသွားမှာလဲ'

မိုက်က ခမေး၏။

'ဖြစ်နိုင်ခြေရှိတာက တင်နက်စီ ပြည်နယ်ထဲ ဝင်မယ်၊ အုတ်ရစ်ချ်နွားက ဝင်ကောင်း ဝင်မယ်၊ အဲဒီဒေသကိုလဲ ဒီလူ နှံ့စပ်တာပဲ၊ အဲဒီပတ်လည်မှာ တိုဗီအာကန်တော့ ရှိနေတော့ အလုပ်သမားနေ အကျော်မှာ တသီးတသန့် အိမ်ကလေး တစ်လုံး ငှားမယ်၊ နိုင်ငံကူးလက်မှတ် အတုတစ်စောင် လုပ်မယ်...ဒါကလဲ လိုမှပါ၊ ကျွန်တော့်အထင်တော့ လိုမှာ မဟုတ်ဘူး၊ ပြီးရင် ခြေရာဖျောက်သွားရုံပဲပေါ့'

'ဘာဖြစ်လို့ နိုင်ငံကူးလက်မှတ် အတုလုပ်ဖို့ မလိုရတာလဲ'

ရွှေနေချုပ်က မေးသည်။

'ကျွန်တော့် မှန်းချက်အရတော့ သူ့မှာ နိုင်ငံကူး လက်မှတ် အတုတွေ ရှိနေပြီးသား ဖြစ်မယ်၊ ဒီဝါရှင်တန်မှာ အဲ့ဒါမျိုးလုပ်ဖို့ သိပ်အခက်အခဲမရှိဘူးလို့ သိရတယ်၊ နိုင်ငံကူးလက်မှတ်အတုကို ကိုင်ပြီး တင်နက်စီကိုတောင် သွားနေဖို့မလိုဘူး၊ ဘယ်အပြည်ပြည်ဆိုင်ရာ လေဆိပ်ကိုမဆို သွားလို့ရတယ်....မီယာမီ၊ တင်ပါ၊ ဒါမှမဟုတ် နယူးအော်လင်း ဆိုပါတော့၊ ပြီးရင် သူကြိုက်တဲ့ နိုင်ငံကို သွားဖို့ လေယာဉ်လက်မှတ် ဝယ်ရုံပဲ ရှိတော့တယ်'

'ခင်ဗျားဟာ အလုပ်အကိုင် အရွေးမှားနေတယ်ဒေါက်တာ၊ ခင်ဗျားဖြစ်သင့်တာက လူဆိုးလူလိမ် ဖြစ်သင့်တာ'

ကာတာက ပြောတော့ မက်ကာသီ ပြုံးဖြဲဖြဲ လုပ်နေသည်။

'ကျေးဇူးတင်ပါတယ် လူကြီးမင်းခင်ဗျာ'

'ကိုဗင်ဟာ အကြမ်းဖက်သမား အမှန်အကန်ပဲလား'

ရွှေနေချုပ်က မေး၏။

'ကျောင်းသားဘဝတုန်းကတော့ တော်လှန်တက်ကြွသူပေါ့....ဆေးရုံအလုပ်သမားတွေ၊ လူငယ်တွေကိုလခပေးတာ



နည်းတယ်ဆိုပြီး ဒူတက္ကသိုလ်မှာ ကျောင်းသားတွေ ဆူပူလှုပ်ရှားတာကို တော်လှန်တက်ကြွသူတွေလို့ ခေါ်မယ်ဆိုရင်ပေါ့လေ၊ ချီကာဂိုမှာ လင်းတောလ်မင်းရဲ့ ဂိုဏ်းနဲ့ ပြန်ပြီး ဆက်မိသလား ဆိုတာ ကျွန်တော် မသိဘူး၊ သူအုတ်ရစ်ချ်ကို မသွားခင်က လင်းတောလ်မင်းနဲ့ ငြိစွန်းဖူးတယ် ဆိုတာတော့ သိတယ်၊ နောက်ပြီး သူဟာ ပလူတိုနီယံတွေကို နည်းနည်းချင်း စုနေတယ်ဆိုတာ မှန်ရင်....'

'အဲဒါ အမှန်ပဲ၊ ကျွန်တော်တို့ သူ့ကိုဖမ်းဖို့ အသင့်ဖြစ်နေပြီ၊ ဒါပေမယ့် သူဘယ်သူ့ကိုရောင်းသလဲဆိုတာသိချင်လို့ စောင့်ကြည့်နေတာ'

စတက်ဖို့က ပြော၏။

'အဲဒီအကြောင်းကို လွှတ်တော်က သူ့မိတ်ဆွေတွေကို အသိပေးလိုက်ပြီလား'

'ဟုတ်ကဲ့'

'ဒါဆို သူ့အကြောင်းတွေ ပေါ်သွားပြီဆိုတာ သူသိနေပြီ၊ သူ့ကိုကျားစာကျွေးတော့မှာပဲ ဆိုတာလဲတွက်ထားပြီ၊ ဒီတော့ သူ့အတွက်ပဲ သူလုပ်တော့မယ်လို့ဆုံးဖြတ်လိုက်တာ နေမှာပေါ့'

'အကြမ်းဖက်သမားအဖြစ်လား'

'စီးပွားရေးသမားအဖြစ်နဲ့၊ မြို့တော်ကြီးတွေကို အပိုင်စီးပြီး ပြန်ရွေးငွေတောင်းတဲ့ စီးပွားရေးအလုပ်လေ၊ ဒါရှင်

တန် မြို့တော်ကြီးကို အပိုင်စီးပြီး ပြန်ရွေး ငွေတောင်းတာထက် သူ့စွမ်းဆောင်ရည်ကို ပြနိုင်တာ ဘယ်ရှိပါတော့မလဲ၊ ဒါမှမဟုတ်လို့ ပြန်ရွေးငွေမရဘူးဆိုရင်အမေရိကန်မြို့တော်ကြီးရဲ့ ဗဟိုချက်မကို ဖောက်ခွဲ ဖျက်ဆီးပစ်မယ်လေ’

‘အဲဒါကလဲ ဖြစ်ခြင်မယ့် အခြေအနေတွေမျိုး ဖြစ်နေတယ်၊ ခက်တာက သူ ဘယ်ပုံစံမျိုးရုပ်ဖျက်ထားတယ်၊ လောလောဆယ် ဘယ်ကားမျိုး မောင်းနေတယ်၊ ဒါမှမဟုတ် ဘယ်အရပ်ကို သွားနေတယ်ဆိုတာတွေကို ကျုပ်တို့မမှန်းဆနိုင်တာပဲ’

ကာတာက ညည်းညူသည်။

‘အဲဒါကို ဒေါက်တာမက်ကာသီက ပြောပြနိုင်ပါလိမ့်မယ်’

မထင်မှတ်ဘဲ ဂျက်နက်က ဝင်ပြော၏။

‘ဒေါက်တာရယ်.... ကျုပ်တို့အပေါ် ချီမနေပါနဲ့ဗျာ၊ ကျုပ်တို့ ဟိတ်နဲ့ဟန်နဲ့ လုပ်နေရလောက်အောင် အချိန်မရှိတော့ဘူးဗျ’

ကာတာက ပြော၏။

‘မဟုတ်သေးဘူး၊ ကျုပ်က ဆိုလိုတာက ကြိုတင်သိမြင်မှုပတ်သက်တဲ့ သူ့ရဲ့လက်တွေ့စမ်းသပ်မှုတွေကို စတင်ဖို့သုတေသနဌာနက အတည်ပြုလက်ခံထားတယ်၊ ဒေါက်တာ မက်



ကာသီဟာ အဲဒီစမ်းသပ်မှုတွေမှာ အစမ်းသပ်ခံတွေ သွားမယ့်နေရာကို သူတို့မရောက်ခင် နာရီဝက်လောက် ကြိုပြီး သိနိုင်မြင်နိုင်တယ်ရှင့်’

‘ရော်ဂျာကို အာရုံခံပြီးကြည့်ရင်တော့ ဘယ်လို အဖြေထွက်လာမလဲ မသိဘူး၊ သာမန်အားဖြင့်တော့ ရွေ့လျားနေတဲ့ အရာဝတ္ထုတစ်ခုကို အာရုံခံကြည့်ရတာ သိပ် ခက်တယ်’

မက်ကာသီ တွေဝေစွာပြော၏။

‘ဒီလူ တစ်နေရာရာမှာတော့ ရပ်နေမှာပဲ၊ ဒီတော့ သူနောက်ထပ်ရပ်မယ့် နေရာကိုအာရုံခံကြည့်ပါလား၊ အဲဒီနေရာကို ကျွန်တော်တို့ ဖော်ထုတ်နိုင်ရင် ဖော်ထုတ်နိုင်မှာပေါ့’

မိုက်က တိုက်တွန်းသည်။

‘အဲဒီသတင်း အချက်အလက်မျိုးရရင် သူ့ကိုရှာနေတဲ့ ကျွန်တော်တို့လူတွေ ဘယ်နေရာမှာ ရှာရမယ်ဆိုတာလှမ်းပြီး ညွှန်ကြားလို့ ရတာပေါ့’

စတောက်ဖို့၏ အသံသည် ရုတ်ခြည်းတက်ကြွလာသည်။

‘ကဲ ...ကျုပ်တို့ ဘာလုပ်ကြမှာလဲ၊ လက်ချင်းချိတ်ရက်ဝိုင်းဖွဲ့ပြီး တစ္ဆေက စကားပြောလာတာကို စောင့်နေကြတော့မှာလား’

ကာတာက ဒေါနှင့်မောနှင့် တောင်းဆိုသည်။

'ပါးစပ်ပိတ်သားစမ်း အင်ဒီ၊ မောင်ရင်ဟာ သောက်ရမ်းတော်တဲ့ ရဲတစ်ယောက်ပါ၊ ဒါပေမယ့် လောလောဆယ်မှာတော့ မောင်ရင်ဉာဏ်မမီတော့ပါဘူး၊ ဒေါက်တာမက်ကာသီနဲ့ မီးစ်ဘတ်တို့ ဘယ်လို စမ်းသပ်ချင်သလဲဆိုတာ ပြောပါစေဦး'

ရှေ့နေချုပ်က ဝင်ဟန့်သည်။

'ဒေါက်တာမက်ကာသီအနေနဲ့ ဒီလောက် ရှုပ်ရှုပ်ထွေးထွေး ... ရှိနေတဲ့ဝန်းကျင်မျိုးမှာအလုပ်လုပ်လို့ရမှာမဟုတ်ဘူး၊ ကျွန်မတို့ ဟိုဘက်အခန်းကိုသုံးလို့ရနိုင်ဖလား'

ဂျက်နက်က စတက်ဖို့အား မေးသည်။

'ရပါတယ် တခြားဘာလိုသေးလဲ'

'အသံသွင်းစက်တစ်လုံး၊ စာရွက်လွတ်နည်းနည်းနဲ့ ပုံဆွဲဖို့ ခဲတံတစ်ချောင်း၊ ပြီးတော့ တိတ်ဆိတ် အေးချမ်းမှု ဟုတ်တယ်မဟုတ်လား ရန်းဒေါ'

ဂျက်နက်က ချက်နှင့်လက်နှင့်ပြောသည်။ မက်ကာသီပခုံးတွန့်ပြသည်။

'စမ်းကြည့်တာပေါ့၊ အရှုံးမရှိနိုင်ပါဘူး'

'ဟိုဘက်ခန်းက စားပွဲပေါ်မှာ အသံသွင်းစက်ရှိတယ်၊ စာရွက်လွတ်တွေနဲ့ ခဲတံကတော့ အပေါ်ဆုံး အံဆွဲထဲမှာ ရှိတယ်၊ ကံ....ကံကောင်းပါစေဗျာ'



စတက်ဖို့က ပြောလိုက်၏။

ခဏအတွင်း ဟိုဘက်ခန်းသို့ပြောင်းရွှေ့ကြသည်။ တံခါးကို အသေအချာပိတ်သည်။

မက်ကာသီကို စားပွဲနောက်တွင် သက်သောင့်သက်သာ ထိုင်စေသည်။

ဂျက်နက်က စားပွဲနံဘေးတွင် ကပ်ထိုင်ပြီး မိုက်က ပိုရှိုးဝေးသော ပြတင်းပေါက်နားတွင်ထိုင်သည်။ မက်ကာသီက အသံသွင်းစက်တွင် တပ်ဆင်ထားသည့် စကားပြောခွက်ကို ဘယ်လက်ဖြင့် ကိုင်ထားသည်။

သို့မှ သူစကားပြောချင်လျှင် စကားပြောခွက်မှ ခလုတ်ကို နှိပ်နိုင်မည်။

ထိုနောက် စာရွက်လွတ်တစ်ရွက်ကို စားပွဲပေါ်တင်ပြီး ညာလက်က ခဲတံကိုကိုင်ပြီး စာရွက်ပေါ်တွင် အသင့်တင်ထားသည်။

'အားပျော့လှိုင်းတွေကို စပြီးဖမ်းဖို့ အချိန်နည်းနည်းတော့ ယူရလိမ့်မယ်၊ ဟိုအပြင်ဘက်က ရန်လိုနေတဲ့ အနေအထားမျိုးနဲ့ ရင်ဆိုင်ထားရတော့ အာရုံပြုရတာ သိပ်မလွယ်ဘူး'

မက်ကာသီက သတိပေးသည်။

'ကာတာက အက်ဂါပူးဗားလိုဖြစ်အောင် အားထုတ်နေတဲ့လူဗျ၊ သူ့ကို မေ ားလိုက်ပါ'

မိုက်က ဖျောင်းဖျ၏။

ဂျက်နက်က နှုတ်ခမ်းပေါ်တွင် လက်ညှိုးထောင်ပြီးကာ ပြသည်။

သည်တော့ မိုက်က ကုလားထိုင်ပေါ်တွင် ပြေပြေလျော့လျော့ထိုင်ရင်း မက်ကာသီကို စောင့်ကြည့်နေလိုက်၏။ စိတ်တန်ခိုးရှင်လည်း အနားယူနေပုံရ၏။ အချိန်အတော်ကြာမျှ စကား မပြော။ နောက် တိုးတိတ်ညင်သာစွာ ပြောသည်။

'ကျွန်တော် တစ်စုံတစ်ခုကို စပြီးမြင်နေပြီ၊ ဒါပေမယ့် ဆူညံမှုလက္ခဏာအချို့က အတော်များနေတယ်'

'စိတ်ဖြေ ကိုယ်လျှော့ထားပါ၊ တောင်းဖို့မှာ လက်တွေ့စမ်းသပ်မှုတွေ လုပ်တုန်းက ပထမပိုင်းမှာ ဆူညံမှုအချို့ကမြင့်တာပဲ၊ မြင်ကွင်းက ဘာနဲ့တူလဲ'

ဂျက်နက်က ပြော၏။

'လမ်းတစ်လမ်းပဲ၊ အဲ့ဒီလမ်းရဲ့ အပေါ် ခပ်လှမ်းလှမ်းမှာ ကောင်းကင်ကွက်ကြီးရှိတယ်၊ ကောင်းကင်ကွက်ထဲမှာ ရာဇမတ်ကွက် ထောင်ထားသလိုမျိုး မြင်ရတယ်'

'အဆောက်အအုံ တစ်ခုလား'

'မဟုတ်ဘူး၊ ရာဇမတ်ကွက်အပေါ်ဘက်ကို ခပ်ကွေးကွေးတက်သွားတယ်'



ထိုနောက် သူ့အသံသည် ရုတ်တရက်ဘက်ကြွလှုပ်ရှားလာသည်။

'လမ်းက အဲ့ဒီအပေါ်ကို တက်သွားတယ်၊ ပြီးတော့ အလယ်က ခပ်မောက်မောက်ဖြစ်နေတယ်'

အသံသွင်းစက်ထဲသို့ စကားပြောရင်း ညာဘက်လက်ဖြင့် ကိုင်ထားသည့် ခဲတံက စာရွက်လွတ်ပေါ်တွင် လှုပ်ရှားနေသည်။

'ဟာ....အဲ့ဒါ တံတား၊ တံတားအမြင့်ကြီး'

'ဘယ်နေရာလဲဆိုတာ ပြောနိုင်လား'

မိုက်က တိတ်တိတ်နေဖို့ မေ့ပြီးမေးသည်။ မက်ကာသီ ခေါင်းခါသည်။

'ခု...တဖြည်းဖြည်း မှုန်ဝါးသွားပြီ'

'တံတားအဆုံးကို အာရုံစိုက်ကြည့်ပါ၊ ပုံဟန်းကဘယ်လိုနေလဲ'

ဂျက်နက်က အကြံပေးသည်။

'လမ်းအလယ်မှာ တစ်ခုတွေ့တယ်၊ အိမ်လေးသေးသေးလေးလိုပဲ၊ အဲဒီအပေါ်မှာ တောင်လိုလိုဟာကြီးရှိတယ်၊ တောင်ကြီးရဲ့ တစ်ဖက်တစ်ချက်မှာလဲ တစ်ခုခုရှိတယ်'

ခဲတံကိုင်ထားသည့် လက်ချောင်းများ လှုပ်ရှားလာပြန်သည်။ ဒုတိယပုံ၏ ကောက်ကြောင်းများကို ရေးဆွဲနေ၏။

'မုခ်ဝလမ်းရဲ့ ဒီဘက်၊ လမ်းဘေးမှာ ဆိုင်းဘုတ်ကြီး တစ်ခုရှိတယ်၊ တီဆိုတဲ့ စာလုံးနဲ့ အယ်လ်ဆိုတဲ့ စာလုံးကိုဖတ်လို့ရတယ်၊ အဲဒီအပေါ်မှာ နံပါတ်ချို.... ဝ တစ်လုံးနဲ့ ၁ တစ်လုံး'

'အားလုံး ဂဏန်းဘယ်နှစ်လုံး ရှိလဲ'

ဂျက်နက်က မေး၏။

'သုံးလုံးထင်တယ်၊ ဒါပေမယ့် ဆိုင်းဘုတ်ရဲ့ညာဘက်က ဂဏန်းနှစ်လုံးပဲမြင်ရတယ်'

'အင်ဒီး ယန်းဟက်ရဲ့ တောင်ဘက်ကမြို့ဝင်ကြေးကောက်တဲ့ တံတား၊ အဲ့ဒီပေါ်မှာ ပိုတိုမက်မြစ်ကို ကူးတဲ့ လီအက်စ် ၃၀၁ လမ်းမကြီး ရှိတယ်'

မိုက် ကြေးကြော်လိုက်၏။

'ရှော်ဂျာကိုဗင်အနေနဲ့မေရီလင်း တောင်ပိုင်းကနေထွက်ချင်ရင် ကူးတို့သင်္ဘောစီးရင်စီး၊ မစီးရင် ဒီတစ်လမ်းပဲ သွားဖို့ရှိတယ်၊ ကူးတို့သင်္ဘောတွေကလဲ ဒီလောက် နောက်ကျနေတဲ့အချိန်မှာ မဆွဲတော့ဘူး၊ ခရီးအကွာအဝေးက အနည်းဆုံး မိုင်တစ်ရာ့နှစ်ဆယ်ဝေးတာ၊ ရန်းဒေါ်ရေ.... ခင်ဗျား အောင်မြင်သွားပြီဗျ၊ ချီးကျူးပါတယ်'

ထို့နောက် သူ၏ ပျော်ရွှင်မြူးကြွမှုများ ရုတ်ခြည်းငြိမ်သက်သွားသည်။



'သူ တံတားကို ဖြတ်ပြီးပြီလား၊ မဖြတ်ရသေးဘူးလား ဆိုတာ ခင်ဗျား ပြောနိုင်လား'

စိတ်ရောဂါကုဆရာဂန့်က ခေါင်းခါပြသည်။

'ကျွန်တော့် မှန်းချက်ကတော့ ဒီလူ ဒဲ့ဒီတံတားနား ရောက်နေပြီ၊ ဒါပေမယ့် ကျွန်တော် ဒီ့ထက်ပိုပြီးကြည့်လို့မရတော့ဘူး၊ ကဲ....ကျွန်တော်တို့ တခြားလူတွေကို ဒီအထဲ ခေါ် လိုက်ကြရအောင်'

စတက်ဖို့က မက်ကာသီဆွဲထားသည့် ဂိတ်ကြေးကောက်တံတားကြီး၏ပုံကို ကြည့်သည်။ ဝင်ပေါက်မုခ်ဦးက အမြင့်ကြီး။ နောက်ပြီး လရောင်အောက်တွင် မြင်နေရသည့်ယက်မကြီးများ။ ထို့နောက် ဂိတ်ကြေးကောက်သည့် ရုံကလေး။ အပေါ်ဘက်တွင် မြင့်မားသော ဘောင်ကြီးများ။

'အယ်လင်ဖရက်ဂ်ရဲ့ အနောက်ဘက်နားက ပြည်နယ် အုပ်ချုပ်ရေးမှူး နိုက်စ် အမှတ်တရ တံတားကြီးပဲ၊ မယုံနိုင်စရာပဲဗျို၊ ဘယ်လိုလုပ်ပြီး တံတားကြီးရဲ့ ပုံကြမ်းကိုကောက်ကာငင်ကာဆွဲနိုင်တာလဲ ဒေါက်တာ'

'ပုံဖော်ပြီး ပြောပြထားတာကို နားထောင်ပါဦး'

ဂျက်နက်က အသံသွင်းကြိုးခွေကို နောက်သို့ ပြန်ရစ်ရမ်းပြော၏။ရစ်ပြီးသွား၍ အသံသွင်းကြိုးခွေကိုရှေ့ဆို့ ပြန်လှည့်လိုက်သောအခါ ရန်းဒေါ်မက်ကာသီ၏အသံပေါ်ထွက်လာသည်။

သူ မြင်ရသည့်မြင်ကွင်းကို သရုပ်ဖော်ပြီး ပြောပြနေ၏။ သို့သော် စတက်ဖို့က နားထောင်မနေတော့။

'ကိုဗင်ကိုဖမ်းဖို့ အကောင်းဆုံး နေရာက ပိုတိုမက်မြစ်ကို ကူးပြီး ဗာဂျီးနီးယားပြည်နယ်ဘက်အခြင် တံတားက အထွက်ပဲ၊ အဲဒီမှာ ရေတပ်စစ်လက်နက်ပစ္စည်း ထောက်ပံ့ရေးတပ် တစ်တပ်ရှိတယ်၊ နောက်ပြီး အဝေးပြေး လမ်းမ ပတ္တရောင်ကား တစ်အုပ်ကလဲ လမ်းဘေးမှာ ကိုယ်ယောင်ဖျောက်ပြီး စောင့်နေလို့ရတယ်'

'ခင်ဗျား လမ်းပေါ်မှာ အတားအဆီးတွေ လုပ်မထားသင့်ဘူးလား'

မိုက်က မေး၏။

'လိုတယ်၊ ဒါပေမယ့် ရှေ့ဘက်ခပ်ဝေးဝေးမှာပဲ လုပ်သင့်တယ်'

သူက စားပွဲပေါ်မှ တယ်လီဖုန်းကို ကောက်ကိုင်ပြီး တယ်လီဖုန်း အော်ပရေတာကို ပြော၏။

'ကျွန်တော့်ကို ရစ်ချ်မွန်က ဗာဂျီးနီးယား အဝေးပြေး လမ်းမပတ္တရောင်အဖွဲ့က ဗိုလ်မှူးကြီးသောဝင်းဒိုက်နဲ့ ဆက်သွယ်ပေးစမ်းပါ၊ ခင်ဗျား သူ့အိမ်ကို ဆက်ချင်ဆက်ရလိမ့်မယ်'

ဗာဂျီးနီးယား ပြည်နယ် ရဲတပ်ဖွဲ့အကြီးအကဲကို မိနစ် အနည်းငယ်အတွင်း ဆက်သွယ်မိရသည်။



'ဂျင်....ခုပြောနေတာ ဝါရှင်တန်က ဖရင့်စတက်ဖို့ပါ၊ ဖုန်းဆက်ဖို့ မသင့်တော်တဲ့အချိန်ကြီးဆိုတာကျွန်တော်သိပါတယ်ဗျာ၊ ဒါပေမယ့် ညဉ့်ဦးပိုင်းကထုတ်ထားတဲ့ ဖမ်းဝရမ်းကို သတိရတယ် မဟုတ်လား၊ အဲဒီလူဟာ ၃၀၁ လမ်းမကြီးအတိုင်း တောင်ဘက်ကိုလာနေတယ်၊ ပိုတိုမက် အခွန်ကောက်တံတားနား ရောက်နေပြီ၊ မေရီလင်း ပြည်နယ်ဘက်မှာပဲ ရှိဦးမယ်၊ သူ တံတားက ထွက်အလာမှာ သူ့ကို ပိတ်ဖမ်းဖို့ ကားအတော်များများနဲ့ စောင့်နေဖို့ ခင်ဗျားအမိန့်ပေးနိုင်မလား'

ခဏမျှ ဆက်ပြောကြသည်။ ထို့နောက် စတက်ဖို့ကပြောသည်။

'အခန်းထဲမှာ ရှေ့နေချုပ်နဲ့ ညွှန်ချုပ်ကာတာပါ ရှိနေတယ်၊ ကျွန်တော်တို့တရားခံကို ဖမ်းခေါ်လာဖို့ ရေတပ်ရဟတ်ယာဉ်တစ်စီး လွှတ်ပေးဖို့ စီစဉ်လိုက်မယ်၊ ကျွန်တော် သူတို့ကို မှာထားမယ်လေ၊ ရဟတ်ယာဉ်ကို ဖရက်ဒရစ်ဘတ်ဘက်က လှည့်ဝင်ဖို့၊ ဒါမှ ခင်ဗျားတို့ မဖမ်းနိုင်ခင် ကိုဗင်လန့်ဖျပ်ပြီး ထွက်မပြေးမှာ၊ သူ့ကို ကျွန်တော်တို့ဆီကို အမြန်ဆုံး ခေါ်လာဖို့က သေရေးရှင်ရေးဖြစ်နေတယ်ဗျာ၊ ကောင်းလာပေါ့၊ ဒီကိစ္စမှာ ခင်ဗျား ကူညီတာကိုကျွန်တော်တို့ မေ့မှာ မဟုတ်ဘူး ဂျင်'

စတက်ဖို့က နိုင်ငံတော်ရှေ့နေချုပ်ဘက်သို့ လှည့်လိုက်သည်။

'ဆရာ....ရေတပ်ကို ဆက်ပြီး ရဟတ်ယာဉ်တစ်စီး လွှတ်ပေးဖို့ ပြောပေးနိုင်မလား၊ လေယာဉ်မှူးအနေနဲ့မြစ်ကမ်းနံဘေးမှာပဲ ဆင်းနိုင်ပါတယ်၊အဲဒီမှာ ဟိုလူကိုတင်ပေးဖို့ ရဲကားတွေ အသင့်စောင့်နေကြပါလိမ့်မယ်'

'ခဏလေး နေပါဦး'

ကာတာ ဝင်ပြော၏။

'လူတစ်ယောက် ဆွဲပေးတဲ့ ပုံကြမ်းပေါ်မှာအခြေပြုပြီး ကျုပ်တို့ အရှုံးဖြစ်သွားတယ်ဆိုတာကို မရင်းတပ်ကလူတွေ၊ ရေတပ်ကလူတွေ သိကုန်မယ့် စွန့်စားမှုမျိုးကို လုပ်ကြမလို့လား၊ ဒီ ၃၀၁ တံတားပုံဆိုတာ ရောက်ဖူးပြီး မှတ်မိတဲ့လူ ဘယ်သူမဆို ပြန်ဆွဲလို့ရနိုင်တဲ့ပုံမျိုးပဲ'

သူက မက်ကာသီကို ချာခနဲလှည့်ကြည့်သည်။ မက်ကာသီက စားပွဲနောက်တွင် ထိုင်နေဆဲ။ သူ့မျက်နှာပေါ်တွင် အလွန်အငမ်းမတန် စိတ်ပျက်နွမ်းနယ်မှုများ ထင်ဟပ်နေ၏။

'ခင်ဗျား အဲဒီတံတားကို ဖြတ်သွားဖူးလား ပါမောက္ခကြီး'

'သွားဖူးပါတယ်'

ကာတာ လက်နှစ်ဖက်ကို မြှောက်လိုက်၏။

'အားလုံးထဲမှာ....'

'ကိုဗင် [illegible]ထွက်ပြေးမယ့်လမ်းကို အကျိုးနဲ့ အကြောင်းနဲ့ [illegible]ရင် [illegible]င်းတစ်လမ်းပဲရှိတယ်'



ရှေ့နေချုပ်က လမ်းမြေပုံကားချပ်ကိုကြည့်နေ၏။

'ဘူသာ သူ့ထွက်ပေါက်ကို ဘိုင်–၉၅ ကို ရွေးလိုက်ရင် သူ့ကို တစ်ယောက်ယောက်က တွေ့ကိုတွေ့ရမယ်၊ ဒါပေမယ့် မေရီလင်းတောင်ဘက်ခြမ်းကို လမ်းသွယ်တွေပေါ်က ကွေ့ပတ်မောင်းပြီး တံတားနားရောက်မှ ၃၀၁ လမ်းမကြီးပေါ် တက်လာရင် ဒီကောင် ကျုပ်တို့ကို ကောင်းကောင်းအရှုံး လုပ်နိုင်တာပေါ့'

'အရှုံးလုပ်ခဲ့တာပါ၊ ဒါပေမယ့် သူ ကြာကြာမလုပ်နိုင်ပါဘူး'

မက်ကာသီ အာရုံပြုနေ၏။ဘေးပတ်ဝန်းကျင်မှလူများကို မေ့လျော့နေသည့်နှယ်။

'ကျွန်တော် တံတားနဲ့ ခပ်လှမ်းလှမ်းမှာ ကားတစ်စီး တွေ့ရတယ်၊ အဲ့ဒီကားကို ရဲကားတွေ ဝိုင်းထားတယ်၊ ဘာဖြစ်လို့လဲဆိုတော့ အဲဒီကားတွေက မီးတွေ တဖျပ်ဖျပ် လင်းနေလို့ပဲ'

စုံထောက်ကြီးစတက်ဖို့၏ စားပွဲပေါ်မှတယ်လီဖုန်းခေါ်သံ မြည်လာသည်။ သူက ဖုန်းကိုကောက်ကိုင်ပြီး ခဏမျှနားထောင်သည်။

ပြီးတော့ ကျေနပ်အားရသောမျက်နှာပေးဖြင့် စကားပြောခွက်ကို ပြန်ချလိုက်သည်။

'ဗာဂျီးနီးယားပြည်နယ် ရဲ့အဖွဲ့က ရေဘ်ဂျာကိုပင်ကို ခုလေးပဲ ဖမ်းလိုက်တယ်၊ သူက ပိုတိုမက်မြစ်နဲ့ခပ်လှမ်းလှမ်းမှာ ပိတ်ဆို့ထားတဲ့ အတားအဆီးတွေကိုကျော်ဖြတ်ပြေးဖို့ ကြိုးစားသေးဆိုပဲ၊ ခုလောက်ဆို ရေတပ်က ရဟတ်ယာဉ်လဲ သွားနေပါပြီ'

ညွန့်ချုပ်ကာတာက ရန်းဒေါ်မက်ကာသီ ထိုင်နေရာသို့ လျှောက်သွားသည်။ပြီးတော့ ဝက်ပေါင်ခြောက်နှင့် တူသော လက်ကြီးကို ကမ်းပေးသည်။

'ကျုပ် ခင်ဗျားကို ဝန်ချတောင်းပန်ဖို့ လိုအပ်တယ် ထင်တယ် ပါမောက္ခကြီး၊ ကျုပ် မီချီဂန်မှာ ရဲမှူးလုပ်တုန်းက ကျုပ်ကလဲမလည်မဝယ်နဲ့ အဲဒီလို ပုံရောဟိတ်ဆိုတဲ့လူအတော်များများနဲ့ ကြုံရတာပေါ့၊ အဲဒီလူအများစုက ခါးပိုက်နှိုက်တွေ၊ လူလိမ်တွေချည်းကိုး၊ ဒီတော့ ဒီပညာရပ်အပေါ်မှာ ကျုပ်အထင်သေးခဲ့တာ ဖြစ်မယ်ဗျ၊ ဒါပေမယ့် ခုလို အဖြစ်အပျက်ကိုကြုံပြီး မြင်နိုင်တဲ့ ပညာကတော့ တစ်မျိုးထူးခြားတယ်ဗျို့'

ထိုနောက် သူ့မျက်နှာ မြူကြီးသည် ဖြည်းဖြည်းချင်း ပြုံးဖြဲဖြဲဖြစ်လာသည်။

'တကယ်လို့များ ဘယ်ဘဏ်ကို ဖောက်ပြတိုက်တော့မယ် ဆိုတာကို လူဆိုးတွေ ဘဏ်ကိုမရောက်ခင်ကြိုပြောနိုင်မယ်ဆိုရင်



ကျွန်တော်တို့ အက်ဖ်ဘီအိုင် အတော်ကြီး အလုပ်ရှုပ် သက်သာမယ်ဗျ'

'စိတ်နှယ်လွန်ပညာရပ်ဟာ ခွဲဒီလောက်မတိုးတက်သေးပါဘူး ခင်ဗျာ၊ ဒါပေမယ့် လူကြီးမင်းလိုအပ်ရင် ကျွန်တော် အချိန်မရွေး ကူညီဖို့ အသင့်ပါ'

'နောက်ထပ်မေးခွန်းတစ်ခုက ကိုဗင်ပာသ ကျုပ်တို့ လက်ထဲရောက်နေပြီ၊ ဒီတော့ ဒီလူကို ဘာလုပ်ကြမလဲ'

ရှေ့နေချုပ်က မေးခွန်းထုတ်သည်။

'သူ့အသက်အန္တရာယ်ကို ကာကွယ်တဲ့အနေနဲ့ အဲဒီဗုံးကမ္ဘာ နက်တာကို ဖြုတ်ခိုင်းရုံပေါ့၊ တခြား ဘာလုပ်စရာရှိသေးလို့လဲ'

ကာတာက ပြော၏။

'တကယ်လို့ သူဟာ အသက်ပေးလှူထားတဲ့ အကြွမ်းဖက်သမား ဖြစ်နေရင်....'

'ဒီလူ အဲဒီလူမျိုးမဟုတ်ပါဘူး၊ ရေဘ်ဂျာဟာ သူ့ပညာရပ်နဲ့ ပတ်သက်ရင် ပါရမီရှင်တစ်ယောက်ပါ၊ ပြီးတော့... ထိပ်တန်း အခွင့်အရေးသမားတစ်ဦးပါ၊ လောလောဆယ်မှာတော့ သူဟာ အစိုးရအပေါ်မှာ အငြိုးအတေး ကြီးနေတယ်၊ ဘာကြောင့်လဲဆိုတော့ တကယ့်ကို ငွေရှင်မယ့်အလုပ်ကြီးတစ်ခုကို စမယ်ကြံရုံရှိသေးတယ်၊ အစိုးရက ဖျက်ဆီး

ပစ်ဖို့ ပြင်ဆင်နေလို့ပဲ၊ ကျွန်တော်တို့ အထင်ကတော့ ဒီလူ ဒီကိုရောက်လာရင် သူ့မှာ အဆိုပြုချက်တစ်ခုပါလာမှာပါ'

'အဆိုပြုချက်လား....သွားစမ်းပါ'

ကာတာ ပေါက်ကွဲတော့၏။

'ကျုပ် သူ့ကို လည်မျိုညှစ်....'

ပခုံးတွန့်လိုက်၏။

စကားကို ဆုံးအောင်ဆက်မပြော။

'ခင်ဗျား ဘာပြောနေတာလဲ ဒေါက်တာမက်ကာသီ'

ရှေ့နေချုပ်ကမေး၏။

'သူတို့ ရော်ဂျာကို ခေါ်လာလို့ ဒီကိုရောက်ရင် သူက အပေးအယူလုပ်ဖို့ အသင့်ဖြစ်နေမှာပဲ၊ လောလောဆယ် အနေနဲ့ ပြောရရင် သူတောင်းဆိုသမျှကို ပေးလိုက်ပါ'

'သူဟာ နောက်ဆုံးအချိန်ကျမှ လက်လျှော့ပြီး ဗုံးရှိတဲ့ နေရာကို ထုတ်ပြောမယ်လို့ မထင်ဘူးလား'

'ဖြစ်နိုင်ပါတယ်၊ ဒါပေမယ့် လူကြီးမင်းတို့ အဲ့ဒီလောက် ကြာကြာ စောင့်နိုင်ကြလို့လား'

အဖြေမရှိ။

နောက်ဆုံးတွင်မှ ဂျက်နက်က ဝင်ပြောသည်။

'သူက ကျွန်မတို့ကို ခေါင်းမီးတောက်အောင် လုပ်ရင် ကျွန်မတို့ကလဲ သူ့ကို ယူနီယံဘူတာရုံကိုတိုက်ရိုက်ခေါ်သွားပြီး အဲဒီမှာ စကားပြောတဲ့နည်းနဲ့ သူ့ခေါင်း မီးတောက်အောင် လုပ်ရုံပဲပေါ့၊ အဲ့ဒီလိုလုပ်လိုက်ရင် သူဟာ ဗုံးပေါ်မှာ ထိုင်မိလျက်သား ဖြစ်နေပြီဆိုတာ သူသိမှာပေါ့'



'သိပ်တော်တဲ့ မိန်းကလေး၊ အဲဒါဟာ လျှပ်စစ်ကုလားထိုင်ကလွဲပြီး သူ့ကို အပူဆုံး ခုံပေါ်မှာ ထိုင်ခိုင်းလိုက်တာပဲ'

ညွှန်ချုပ် ကာတာက ထောက်ခံသည်။

အားလုံး သဘောတူကြသည်။ သည်တော့ စုံထောက်ကြီး စတက်ဖိုက တယ်လီဖုန်းကို ကောက်ကိုင်ပြီး ရဟတ်ယာဉ်အလာကို စောင့်ဆိုင်းနေသည့် ဝါရှင်တန် ရဲအဖွဲ့ကို ဆက်သည်။

ရဟတ်ယာဉ်ကိုမူလသတ်မှတ်ထားသည့် နေရာတွင်မဆင်းစေဘဲ လင်ကွန်းကြေးရုပ်နှင့်ကက်ပီတော် တောင်ကုန်းကြား ရှိ ကွက်လပ်တွင် ဆင်းသက်ခိုင်းရန် ညွှန်ကြား၏။

ပြီးတော့ ရဲအဖွဲ့အနေဖြင့် တရားခံကို ယူနီယံဘူတာရုံသို့ ခေါ်လာရန်ပါ ညွှန်ကြားလိုက်၏။

## ၃၃။

တိတ်ဆိတ် ငြိမ်းချမ်းသော မြို့တော်ကြီးပေါ်တွင် လမင်းဝင်းပသာနေသည်။ မိုက်၊ ဂျက်နက်နှင့် မက်ကာသီတို့သည် ရှင်းလင်းခြောက်ကပ်နေသည့် လမ်းများကို ဖြတ်မောင်းပြီး ကြီးမားသည့်ဝါသော ကျောက်သား အဆောက်အဦးကြီးဆီသို့ သွားနေသည်။

ယူနိုက်တက်ဘူတာကြီး။ သည် အဆောက်အဦးကြီးသည် ဝါရှင်တန်ရှိ ဗဟိုအစိုးရရုံးစိုက်ရာ ဒေသတစ်ဝိုက်တွင် လှပခမ်းနားသည့် အဆောက်အဦး တစ်ခုအဖြစ် တည်ရှိနေသဲဖြစ်၏။

'ဒီနေ့ရာရဲ့အတွင်းဘက်တစ်နေရာရာမှာ ကျွန်မတို့အားလုံးရဲ့ အသက်တွေကို ဇိဝိန်ခြွေနိုင်တဲ့ ဗုံးတစ်လုံးရှိနေတယ်၊ အဲ့ဒီ



ဗုံး ပေါက်ကွဲချိန်ကလဲ တဖြည်းဖြည်း နီးကပ်လာနေပြီ ဆိုတာ သိနေရတော့ ကျောထဲမှာစိမ့်နေတာပဲ'

မိုက်က ကားကိုရပ်လိုက်တော့ ဂျက်နက်က ပြောသည်။

သူတို့သုံးယောက်သည် ဘူတာရုံရှေ့ရှိ ရေပန်းကန်ဝိုင်းကို ကျော်ပတ်လာခဲ့ကြ၏။

'ခင်ဗျား သိချင်သပါဆိုရင် ကျွန်တော် ပြောပြမယ်… ကျွန်တော်လဲ ခြေဖျားလက်ဖျားတွေတောင် အေးနေတယ်'

'ရှင်ကော ဘယ်လိုနေလဲ ရန်းဒေါ'

ဂျက်နက်က စိတ်ရောဂါကု ဆရာဝန်ကို လှမ်းမေးသည်။ မက်ကာသီသည် တစ်ကိုယ်တည်း အတွေးလွန်နေပုံရ၏။

'ဗျာ…အာလဲ'

'ဒီအဆောက်အဦးထဲမှာ ပေါက်ကွဲတော့မယ့် ဗုံးတစ်လုံး ရှိနေတာကိုသိရတော့ ကျောထဲစိမ့်နေအောင် ကြောက်မိတယ်လို့ ကျွန်မက ပြောနေတာ၊ အဲ့ဒါကို ရှင်ကမကြောက်ဘူးလား'

'ကျွန်တော်လဲ ကြောက်တာပေါ့ဗျာ၊ ဒါပေမယ့် ဒီဗုံး ဘယ်နေရာမှာရှိနေလဲဆိုတာကို ကြိုးစားပြီးကြည့်နေရတာနဲ့ တခြားအကြောင်းတွေ မစဉ်းစားနိုင်တော့ဘူးဖြစ်နေတယ်'

'ကိုမင်ကို ဖမ်းမိအောင် ကြည့်ပေးတာနဲ့ပဲ ခင်ဗျားကျေးဇူးက ကြီးမားလှပါပြီဗျာ၊ ဒါပေမယ့် ကျေးဇူးပြုပြီး ပန်းဝင်တဲ့အထိ ဆက်ပြေး လိုက်စမ်းပါဦးဗျာ'

မိုက်က အားပေးတိုက်တွန်းသည်။

ဘူတာရုံထဲတွင် ညလုံးပေါက်ဖွင့်သည့် အဆာပြေမုန့်ဆိုင် ရှိသည်။

ဆိုင်ထဲတွင် ပိုသီပတ်သီနိုင်သော စားပွဲထိုးမယ်တစ်ဦးပဲရှိသည်။

မိုက်နှင့် ဂျက်နက်က ကောင်တာအစွန်းတွင် ဝင်ထိုင်သည်။

သုံးယောက်စလုံးအတွက် ဟမ်ဘာဂါနှင့်ကော်ဖီမှာလိုက်သည်။

မက်ကာသီက တစ်နေရာတွင် တသီးတခြား ထိုင်သည်။ အတွေးနက်နေသည်။

အစိုးရအရာရှိများက ကောင်တာ၏ အခြားတစ်ဖက်စွန်းတွင် ထိုင်ကြသည်။

သူတို့အားလုံး စားသောက်ပြီးချိန်တွင်ယူနီဖောင်းဝတ် အရာရှိတစ်ဦး ဝင်လာပြီး ညွှန်ချုပ်ကာတာအား နှုတ်ဆက်ပြသည်။

စားသောက်ခန်းထဲမှ တန်းစီပြီးထွက်ခဲ့ကြသည်။ ဘူတာရုံကြီး၏ တစ်ဖက်စွန်းရှိ ယာဉ်ထိန်းမှူး၏ရုံးခန်းထဲသို့ ဝင်ကြသည်။

အခန်းထဲတွင် ရော်ဂျာကိုဗင် မတ်တတ်ရပ်နေသည်။ သူ့လက်နှစ်ဖက်ကို ကျောဘက်တွင် လက်ထိပ်ခတ်ထားသည်။



ရဲသားနှစ်ဦးက သူ့ကို ခြံရံ စောင့်ကြပ်နေသည်။ သူက ပြတင်းပေါက်တစ်ပေါက်မှနေပြီးအပြင်ဘက်ရှိလမ်းပေါ်သို့ လှမ်းကြည့်နေ၏။

လမ်းပေါ်တွင် ကားများ သွားလာ လှုပ်ရှားစ ပြုနေပြီ။

မိုက်က စာရေးစားပွဲကြီးပေါ်မှ နာရီကို ကြည့်လိုက်၏။ ရင်တုန်ပန်းတုန် ဖြစ်သွားသည်။ သုံးနာရီ ထိုးတော့မှာပါကလား။

စိတ်ကသိကအောက် ဖြစ်စရာကောင်းသည်မှာ ရော်ဂျာကိုဗင်သည် စိုးရိမ်ကြောင့်ကြပုံ မပေါက်ခြင်းပင်။ စင်စစ် သူ ရင်ဆိုင်နေရသည့် အခြေအနေဆိုးမျိုးတွင် သူသည် အနည်းနှင့် အများ စိတ်ဒုက္ခရောက်နေရမည် မဟုတ်လား။

'မင်္ဂလာရှိတဲ့ညချမ်းပါ လူကြီးမင်းတို့'

သူက မထီတရီလေသံဖြင့် ဆီးကြိုနှုတ်ဆက်သည်။

'ခင်ဗျားတို့ ဒီနေရာကိုလာရဲကြတာ ကျွန်တော် အံ့သြတယ်ဗျို့၊ ဒါပေမယ့် ခင်ဗျားတို့ ဘေးမသီရန်မခရှိနေမှာပါဆိုတာ ကျွန်တော် အာမခံတယ်'

နာရီကို လှမ်းကြည့်သည်။

ပြီးမှ ဆက်ပြောသည်။

'ငေ့ ထပ် ခု လာကြပါဗျာ'

‘မင်းက သွေးအေးတဲ့ငနဲကိုး၊ မင်းကို သံတိုင်တွေနောက်မှာ တွေ့ရမှာ ကြည်နူးစရာပဲ’

ညွှန်ချုပ်ကာတာက ပြော၏။ သည်တော့ ကိုဗင် ပခုံးတွန့်လိုက်၏။

‘ကျွန်တော် အရင်ကလဲ လက်မဘင်ကလေးတွေ လွှတ်ခဲ့ဖူးပါတယ်၊ လွန်ခဲ့တဲ့ ရက်အနည်းငယ်တုန်းကပဲ ဘူဘာလုံခြုံရေး အစောင့်က ဖမ်းမိတော့မလို့လေ၊ သူက ကျွန်တော့်နဲ့ မိုးစ်ဘတ်ကို အငိုက်ဖမ်းလိုက်တာကိုး’

‘မိုးစ်ဘတ် မဟုတ်ဘူး....သင်းပါ’

မိုက် ငင်ပြော၏။

‘ဖြင်ဆင်ချက်ကိုလက်ခံပါတယ် ဒေါက်တာကန်း၊ ဝိညာဉ်နှစ်ခုက လူတစ်ကိုယ်တည်းမှာ မှီတွယ်နေတာဆိုတော့ တစ်ယောက်ကနေ တစ်ယောက်ကို ပြောသွားတာကို တစ်ခါတလေကျ အသိရခက်တယ်ဗျ၊ စောစောက ကျွန်တော်ပြောသလိုပေါ့ဗျာ၊ ကျွန်တော်လုပ်သွားတဲ့ဗုံးကို ဘယ်နေရာမှာ ထောင်ချင် အကောင်းဆုံးဖြစ်မလဲဆိုတာ စဉ်းစားနေတုန်း လုံခြုံရေး အစောင့်က အငိုက်ဝင်ဖမ်းလိုက်တော့ လင်းကိုယ်ပွားက ပျောက်သွားပြီး ဂျက်နက်ကို ထားခဲ့တာပေါ့။

‘ဘာပဲ ဖြစ်ဖြစ်ပေါ့လေ၊ သူတို့ နှစ်ယောက် အကူးအပြောင်းဟာ ကျွန်တော် လေးဘက်လိုဏ်ခေါင်းထဲ ဝင်



ပြေးသွားပြီးမှ ဖြစ်တာလား, ဝင်မပြေးခင် ဖြစ်တာလား ဆိုတာ မသေချာဘူး၊ ကျွန်တော် ဝင်ပြေးပြီးမှ အကူးအပြောင်း ဖြစ်တာဆိုရင် ဂျက်နက်က ကျွန်တော့်ကို မှတ်မိမှာ မဟုတ်ဘူးလေ၊ ကျွန်တော်ထင်ပါတယ်၊ ဂျက်နက် ကျွန်တော့်ကို မမှတ်မိလိုက်ဘူးလို့’

‘ကျွန်မ ရှင့်ကို ပြတ်ပြတ်သားသား မမြင်လိုက်ရဘူး၊ ရှင်နဲ့တူတယ် ဆိုတာလောက်ပဲ သိလိုက်ရတာ၊ ဒေါက်တာကန်းက ကျွန်မကို စုံထောက်ကြီးစတက်ဖို့ဆီခေါ်သွားတော့ ကျွန်မ အဲဒီအတိုင်း ထွက်ဆိုခဲ့တာပဲ’

‘အဲဒီလိုဖြစ်လိမ့်မယ်လို့ ကျွန်တော် တွက်ပါတယ်၊ ဒါပေမယ့် ဥမင်လိုဏ်ခေါင်းတွေထဲမှာ ရဲသားတွေကော အက်ဖ်ဘီအိုင်က လူတွေပါ ပြည့်လာတာကို တွေ့ရတယ်၊ ဒါနဲ့ လိုဏ်ခေါင်း ဆုံးပြီး မြေပေါ်ပြန်တက်တဲ့အထိ သွားပြီး အလက်ဇန်းဒရီးယားက အခန်းတစ်ခန်းကို သွားခဲ့တယ်’

‘မေခါင်ရှင် အဲဒီကိုရောက်နေတာကို အမတ်မင်းမက်နက် သိလား’

နိုင်ငံတော်ရှေ့နေချုပ်က မေးသည်။

‘အမတ်မင်းက မြို့ထဲက သူ့အိမ်မှာပါ၊ နိုင်ငံရေးပြဿနာကလေးတွေ ရှင်းနေပါတယ်၊ သူဟာ သီတင်းပတ် အလယ်လောက်ထိ အဲဒီကို လာမှာမဟုတ်ဘူးဆိုတာ ကျွန်တော် သိ

ထားတယ်၊ ဒီတော့ ကျွန်တော့်အတွက် လုံခြုံစိတ်ချရတာပေါ့ ခင်ဗျာ၊ ကံကောင်းထောက်မစွာပဲ အခန်းထဲမှာ စားစရာ သောက်စရာတွေ အပြည့်ရှိနေတော့ ကျွန်တော် အေးအေး ချမ်းချမ်း နေလို့ရတာပေါ့ခင်ဗျာ'

'ဒီည စောစောပိုင်းက ဗုံးထောင်ဖို့အထွက်မှာ အိမ်နီးနားချင်း တစ်ယောက်ကမောင်ရင်ကိုတွေ့သွားတဲ့အထိပေါ့၊ ဟုတ်လား'

'အဲဒါကတော့ ကံဆိုးတာပါ'

ကိုဗင် သွေးအေးအေးဖြင့် ဝန်ခံသည်။

'ပြီးပြီး ကံဆိုးတာက ပိုတိုမက် မြစ်ကူးတံတားကြီးကို မောင်ရင် အဲဒီကို မရောက်ခင် ဒေါက်တာမက်ကာသီက သူ့နည်း သူ့ဟန်နဲ့ ကြည့်မြင်လိုက်နိုင်တာပဲ၊ သူသာ အဲဒီလို မဖော်နိုင်ရင် မောင်ရင် လွတ်လွတ်ကျွတ်ကျွတ် ပြေးနိုင်ပြီပေါ့....အနည်းဆုံး ယာယီအားဖြင့်ပေါ့'

'ကျွန်တော် ပြောတာကို ယုံပါဆရာ၊ တံတားကိုကျော်သွားပြီ ဆိုတာနဲ့ ကျွန်တော် အလွယ်တကူကလေး လွတ်မြောက်သွားပါပြီ'

'သူ့မှာ နိုင်ငံကူးလက်မှတ်တု တစ်စောင်၊ လူမှုဖူလုံရေး ကတ်ပြားနဲ့ အကြွေးဝယ် ကတ်ပြားတွေတောင် ပါလာပါတယ် ဆရာ'



ကိုဗင်အား ဘူတာရုံသို့ခေါ်လာသည့် ရဲတွေထဲမှ တစ်ဦးက ပြော၏။

'နောက်ပြီး မုတ်ဆိတ်မွေးနဲ့ နှုတ်ခမ်းမွေးအတုတွေလဲ တပ်ထားပါတယ်၊ ပြီးတော့ ကျွန်တော်တို့ အလက်ဇန်းဒရီးယားက အခန်းထဲမှာ တွေ့တဲ့ လိမ်းဆေးတွေကြောင့် သူ့အသားအရေက အာရပ်တစ်ယောက်လို ညိုမောင်းနေပါတယ်'

'ကျွန်တော်က အာရပ်နိုင်ငံတစ်နိုင်ငံမှာ ခိုလှုံမှာဆိုတော့ အသားမည်းဖို့က လိုအပ်ချက်တစ်ခုပဲလေ'

ကိုဗင်က ပြော၏။

'မင်း ဘယ်နေရာကို ပဲသွားသွား....မင်း ခိုလှုံရမယ့်နည်းက မင်းကို အဲဒီမှာ မြေမြှုပ်သင်္ဂြိုဟ်တဲ့နည်းပဲ ရှိတယ်'

ကာတာက ဒေါသတကြီး ဝင်ပြော၏။

'ဖြစ်ကောင်း ဖြစ်နိုင်ပါတယ်၊ ဒါပေမယ့် လောလောဆယ်မှာတော့ လူကြီးမင်းတို့ ကျွန်တော်တင်ပြမယ့် အဆိုပြုချက်ကို နားထောင်ကြရင် ပိုကောင်းမယ် ထင်တယ်'

ကိုဗင် တည်ငြိမ်အေးချမ်းစွာ ပြော၏။

'ကျုပ်တို့ ဘာကိုမှနားမထောင်ဘူး၊ ဗုံး ဘယ်နေရာမှာ ထောင်ထားလဲဆိုတာပဲ'

'ကျွန်တော်ပြောမယ့် စကားကို ခင်ဗျားတို့ နားထောင်ရမှာပေါ့'

အကျဉ်းသား၏အသံသည် အက်ဖ်ဘီအိုင်ညွှန်ချုပ်လေသံနှင့် တန်းတူ ရုတ်ခြည်းမာကျောလာ၏။

'ကောင်းပြီ ကိုဗင်'

နိုင်ငံတော်ရှေ့နေချုပ်က ပြော၏။

'နက်ဖြန်မနက်ဆို ဗုံးကပေါက်ကွဲတော့မယ်....အဲဒီအချိန်မှာ မောင်ရင်လဲ သေမှာပဲ၊ ဘာဖြစ်လို့လဲဆိုတော့ ကျုပ်ပြောလိုက်မယ်....မောင်ရင် ဗုံးထောင်ထဲ့နေရာကို မပြောချင်း ဒီထောင်ထဲက ထွက်ခွာခွင့်ရမှာမဟုတ်လို့ဘဲ၊ဒီတော့ကွာ....အဲဒီ ဗုံးရှိတဲ့နေရာကို ပြပြီး စနက်တံကို ဖြုန်ဖြုတ်ပေးတဲ့ အတွက် မောင်ရင့်ကြေးက ဘယ်လောက်လဲ'

'ဟောဒီမှာ ကျွန်တော့် စည်းကမ်းချက်တွေ'

ရော်ဂျာကိုဗင်သည် ဘက်လုပ်နေ့နွှင်တစ်ဦးထံတွင် ငွေနည်းနည်းပါးပါး ချေးဖို့ ဆွေးနွေးနေသည်သို့ ရှိ၏။

'ဆွစ်ဘဏ်တစ်ဘဏ်မှာရှိတဲ့ ကျွန်တော့် ကိုယ်ပိုင်စာရင်းထဲကို . ဒေါ်လာငါးသန်းထည့်ပေးပါ၊ ဂျူနီဗာမှာရှိတဲ့



သံရုံးကစိစဉ်နိုင်အောင် ကျွန်တော်တို့သဘောတူညီချက်ရပြီး တာနဲ့ စာရင်းနံပါတ်ကိုပြောမယ်'

'မင်းက သိပ်ပြီးဈေးမပေါပါကလားကွ ဟော'

ညွှန်ချုပ်ကာတာက စိတ်ဆိုးမာန်ဆိုးပြော၏။ သို့သော် ရော်ဂျာကိုဗင်က ထိုးနှက်ချက်ကိုမမှု။ ဥပေက္ခာပြုထားသည်။

'ကျွန်တော် ဘာရာဇီးကိုပျံမယ့် အစိုးရဂျက်လေယာဉ် တစ်စီးလဲလိုချင်တယ်၊ လေယာဉ်ကွင်းကပျံတက်ပြီး မိုင်ငါးရာအကွာကိုရောက်ရင်ဆင်းရမယ့်လေယာဉ်ကွင်းကလေးရဲ့နာမည်ကို လေယာဉ်မှူးကိုပြောမယ်....အဲဒီအပြင် သံတမန်အမှုထမ်း နိုင်ငံကူးလက်မှတ်နဲ့ ရိုင်ယိုကိုသွားဖို့ လေယာဉ်လက်မှတ်ဖိုးကို နောက်ပိုင်းမှာထုတ်ပေးပါ၊ အဲဒါက ကျွန်တော့် မိန်းမ ရီတာဖို့....'

'ရီတာဆုံးသွားရှာပြီ ရော်ဂျာ'

ရန်းဒေါမက်ကာသီက ပြော၏။

'မိုက်က ဂျက်နက်ရဲ့ကိုယ်ထဲက လင်းဝိညာဉ်ကိုနှင်ဖို့ သူ့အိမ်ကိုမီးရှို့ပစ်လိုက်တယ်၊ လင်းက ရီတာ့ကိုယ်ခန္ဓာမှာ ပူးကပ်သွားတယ်၊ သူမောင်းသွားတဲ့....သူတို့မောင်းသွား

တဲ့ကားဟာ လာပလာတာနဲ့မနီးမဝေးမှာ လမ်းပေါ်ကနေ အရှိန်လွန်ကျသွားပြီး မီးလောင်သွားတယ်၊ ရီတာကော သူ့ကိုယ်မှာပူးကပ်နေတဲ့ နာနာဘာဝကော ကားထဲက မထွက်နိုင်ကြဘူး’

ကိုဗင် သိသိသာသာ တုန်လှုပ်သွားသည်။

‘ခင်ဗျား လိမ်နေတာ’

‘သူလိမ်တာမဟုတ်ဘူး’

မိုက် တိုးတိတ်စွာပြော၏။

‘လင်းရဲ့ဝိညာဉ်ကို ဂျက်နက်ရဲ့ကိုယ်ထဲကမောင်းမထုတ်ခင် လင်းက ကျွန်တော့်ကိုပြောသွားတယ်၊ ခင်ဗျားဟာ ဗုံးကို ဘူတာရုံထဲမှာ တပ်ဆင်နေပြီတဲ့၊ အဲ့ဒီနောက် ကျွန်တော်တို့ ဝါရှင်တန်ကိုပြန်အလာ လမ်းမှာ ရေဒီယိုသတင်းကိုကြားရ တာပဲ....ရီတာမောင်းသွားတဲ့ကားမီးလောင်ပျက်စီးသွားပြီ ဆိုတာလေ’

‘သူက ကျွန်တော့်ကို ဆာအိုပေါ်လိုမှာ လာတွေ့မှ မှာ’

ကိုဗင် ကြေကွဲစွာပြော၏။ ထိုနောက် ဂျက်နက်အပေါ် သို့ ကျစ်ပုံချလိုက်၏။



‘သူသေရတာ ခင်ဗျားကြောင့်၊ ခင်ဗျားနဲ့ ဟို နာနာ ဘာဝ...’ –

‘အဲ့ဒီနာနာဘာဝလဲ ချုပ်ငြိမ်းသွားပါပြီ၊ မော်တော် ကားလိုဟာထဲမှာ ပိတ်မိနေရင် သူတို့လဲ လွတ်အောင်ပြေးလို့ မရဘူး၊ ရီတာသေရတဲ့အကြောင်းရင်းဟာ ခင်ဗျားနဲ့ လင်းနဲ့ သူ့ဂိုဏ်းသားတွေနဲ့လျှောက်လုပ်တဲ့ကိစ္စတွေကြောင့် ပဲ၊ ဒီတော့ ဘာဖြစ်လို့ အကြံအစည်ကို လက်လျှော့ပြီး အာဏာပိုင်တွေကို ဗုံးဘယ်နေရာမှာထားသလဲ ဆိုတာ မပြောသေးတာလဲ’

မိုက်က ဖျောင်းဖျ၏။

‘ဗုံးထားတဲ့နေရာကို မင်းသိရင်ပေါ့ကွာ’

ကာတာက လှောင်တောင်တောင်ပြော၏။

‘ဟား....သိပ်သိတာပေါ့ဗျာ၊ အဲဒီမှာ ဗုံးကိုထောင်ထား ပြီလေ၊ မဟုတ်ဘူးလား၊နောက်ပြီး လိန်းဂေဟာက ဂိုဒေါင် ထဲမှာ အဲ့ဒီဗုံးကိုလုပ်ခဲ့တဲ့တန်ဆာပလာပစ္စည်းတွေနဲ့ တန်ဆာ ဆင်ပြီးတော့ပေါ့ဗျာ၊ ခင်ဗျားတို့ ဂိုဒေါင်ကိုရှာတော့ အဲ့ဒီ ဗုံးကိုခင်ဗျားတို့တွေ့ကြမှာပေါ့’

‘တန်ဆာပလာပုံး’။

သည်စကားလုံးက မိုက်၏ဦးနှောက်ထဲတွင် မီးရှူးမီးပန်းမစ်ဖောက်လိုက်သလို ဝင်းလက်သွား၏။ သူ့အိမ်ကလေးမှာတုန်းက လင်းနောက်ဆုံးပြောသွားသည့် စကားလုံးမှာ 'တန်ဆာ....' ဟူ၍ ဖြစ်၏။ သို့သော် မက်ကာသီဝင်လာသဖြင့် စကားကိုဆုံးအောင် ပြောမသွားနိုင်ခဲ့။

ခုတော့ လင်းပြောမည့်စကားလုံးနှင့် မိမိအား စတက်ဖို ပြောဖူးသည့် စကားတစ်ခွန်းသည် အံဝင်ခွင်ကျဆက်စပ်မိနေသည်။

ဂျက်နက်ကို လုံခြုံရေးအစောင့်ကဖမ်းပြီး မီးရထားလိုက်ခေါင်းခံတွကို ပထမဆုံးအကြိမ်ရှာပြီးစဉ်က စတက်ဖို ပြောခဲ့သည့် စကားတစ်ခွန်း။

'စုံထောက်ကြီး'

မိုက် ရေးကြီးသုတ်ပျာခေါ်လိုက်၏။

'ခင်ဗျားတို့ ဘူတာရုံမှာ ပြထမတစ်ကြိမ်ရှာပြီးတုန်းက ကျွန်တော့်ကိုပြောခဲ့တာတစ်ခု ခင်ဗျားမှတ်မိလား'

စတက်ဖို့ ခေတ္တခဏ မျက်မှောင်ကြုတ်နေ၏။

'အရေးကြီးတာ ဘာမှမပါပါဘူး'



ထို့နောက် သူ့မျက်နှာရုတ်တရက် ဝင်း ပ သွားသည်။

'ဟုတ်ပြီ၊ ကျွန်တော်မှတ်မိပြီ၊ လမ်းပြင်အလုပ်သမားတွေရဲ့ လက်တွန်းလှည်းလေးပေါ်က တန်ဆာပလာတွေထည့်တဲ့ ပုံးကိုတောင် ဖွင့်ရှာကြတယ်ဆိုတာလေ'

ရုတ်တရက် စကားရပ်လိုက်၏။

'ခင်ဗျားဆိုလိုတာ....'

'မီးစ်ဘတ်ရဲ့ကိုယ်ခန္ဓာကို လင်းမစွန့်ခွာခင် ကျွန်တော်အဖိုးဘယ်မှာလဲလို့ သူ့ကိုမေးတယ်၊ သူက 'တန်ဆာ....' လို့ဖြေတယ်၊ သူ စကားကိုဆုံးအောင်ပြောမသွားဘူး၊ ဒါပေမယ့် သူပြောတာ 'တန်ဆာပလာပုံး' ဖြစ်ရမယ်၊ ဒုတိယရှာဖွေရေးအုပ်စုဟာ ပထမအုပ်စုကလူတွေ....'

'ဒီလူတွေပါပဲ'

ဘူတာရုံ လုံခြုံရေးအကြီးအကဲက ဝင်ဖြေသည်။

'ခင်ဗျားတို့ထင်ရှာဖို့ ကျွန်တော်ပြောတော့ မနေ့ညက ခင်ဗျားတို့ အဲဒီတန်ဆာပလာပုံးကို ထပ်ပြီး ဖွင့်ကြည့်ကြသေးလား'

စုံထောက်ကြီးစတက်ဖွီ၏အသံသည် ကျာပွတ်ရိုက်သံလို မာဆတ်နေ၏။

'ကြည့်မှာ သေချာပါတယ်'

'ဘယ်လောက် သေချာလဲ၊ ခင်ဗျားကိုယ်တိုင် မြင်သလား'

'ဟင့်အင်း၊ ဒါပေမယ့်....'

အကျပ်ရိုက်နေသော လုံခြုံရေးအကြီးအကဲ၏ မျက်နှာ ဝင်းပသွားသည်။

'ရှာဖွေရေးအဖွဲ့ကို ကြီးကြပ်သူက အဲ့ဒ်ပေါ်တာပါ၊ ဒါပေမယ့် အအေးမိပြီး ဖျားသလို ဖြစ်သွားလို့ဆိုပြီး အိမ်ပြန်သွားပါတယ်'

'သူ့ဆီလှမ်းဆက်၊ ဒုတိယအကြိမ်ရှာတုန်းက တန်ဆာပလာထည့်တဲ့ ပုံးကိုဖွင့်ကြည့်သလား၊ မကြည့်ဘူးလား ဆိုတာမေး'

လုံခြုံရေးအကြီးအကဲက တယ်လီဖုန်း ရှိရာသို့ သွားသည်။

နံရံကွင်ကပ်ထားသည့် ကတ်ပြားပေါ်မှ နံပါတ်များကို ကြည့်၏။

'အဲ့ဒ်'

ထေးမှ နားထောင်နေသူများ ကြားကြရ၏။

'ဒီနေ့ မင်းတို့ ရှာဖွေရေးလုပ်တော့ အကန့်ဆယ့်သုံးမှာ ရှိနေတဲ့ လက်တွန်းလှည်းပေါ်က တန်ဆာပလာပုံးကို ထပ်ပြီး ဖွင့်ရှာသေးလား'



အကြီးအကဲက ခဏနားထောင်နေ၏။ ပြီးတော့ စကားပြောခွက်ကို လက်ဝါးဖြင့်အုပ်ပြီး....

'လွန်ခဲ့တဲ့ နှစ်ဆယ့်လေးနာရီကပဲ အဲ့ဒီပုံးထဲမှာ ဘာမှမရှိမှန်း သိထားတော့ သူတို့ထပ်ဖွင့်မကြည့်ဖြစ်ဘူးလို့ သူကပြောပါတယ်'

ဟု ပြန်ပြောပြသည်။

'ဒါဆို ရှင်းပြီ၊ အဲဒီအကန့်သုံးဆယ်က ဘယ်နေရာမှာ ရှိတယ်ဆိုတာ ခင်ဗျားသိသလား'

ညွှန်ချုပ်ကာတာက လုံခြုံရေး အကြီးအကဲအား မေးသည်။

'သိပါတယ်၊ အဲဒီနေရာက ကက်ပီတော်အဆောက်အဦးရဲ့အောက်တည့်တည့်နီးပါးလောက်မှာ ရှိပါတယ်'

ထိုနောက်တွင်မှ သူ့စကားလုံးများ၏ အဓိပ္ပာယ်ပေါက်သွားဟန်ရှိသည်။

'ဟာ....ဗုံးထောင်ထားတာကက်ပီတော်ရဲ့အောက်တည့်တည့် မှာပါကလား'

'အတိအကျပေါ့၊ ကဲ....လာ၊ ဟော်နာ။ လုံခြုံရေးမှူးက ကျုပ်တို့ကို လက်တွန်းလှည်းနဲ့၊ ဗုံးရှိတဲ့ နေရာကိုပြလိမ့်မယ်'

'ခဏလေးနေပါဦး'

ရော်ဂျာက်ဗင်၏ အသံက သူတို့ ခြေလှမ်းများကို ရပ်တန့်သွားစေ၏။

'အဲဒီဗုံးမှာတပ်ထားတဲ့ စနက်တံဟာ အရမ်းနူးညံ့ပြီး အတိမ်းအစောင်း မခံဘူး၊ ကျွန်တော် ကိုယ်တိုင်ကိုင်မှ ကောင်းမယ်'

'ဒါဆိုလဲသွားစို့၊ အချိန်မရှိတော့ဘူး'

ကာတာက ပြော၏။

'ကျွန်တော့် အသက်ကို အလဲအလှယ်လုပ်ပေးရင် အဲ့ဒီ စနက်တံကို ဖြုတ်ပေးမယ်'

ကိုဗင်က နိုင်ငံတော်ရှေ့နေချုပ်ကို တိုက်ရိုက် ပြောသည်။

သည်ပုဂ္ဂိုလ်ကြီးသာ သူ့မေတ္တာရပ်ခံချက်ကို ခွင့်ပြုနိုင်သည် ဆိုသည်ကို သိသည်။

'သဘောတူသား'

အစိုးရအဖွဲ့ဝင် ပုဂ္ဂိုလ်ကြီးသည် မပြတ်မသားဖြင့်တွေဝေ တုံ့ဆိုင်းနေခြင်းမရှိ။

'ကျုပ်တို့ ဗောင်ရင့်ကို နိုင်ငံတော်ပုန်ကန်မှုနဲ့ တရားစွဲနိုင်တယ်၊ သမ္မတကြီးရဲ့ အသက်ကိုလုပ်ကြံဖို့ အားထုတ်မှု အပါအဝင် တခြား စွဲချက်ပေါင်း တစ်ဒါဇင်လောက်နဲ့ ဗောင်ရင့်ကို လျှပ်စစ်ကုလားထိုင်ပေါ်ရောက်အောင် ပို့လို့ရတယ်၊ ဒါပေမယ့် လူပေါင်းတစ်သန်းလောက်ရဲ့ အသက်အိုးအိမ်ကို ကယ်ဆယ်ပေးတဲ့အတွက် ဗောင်ရင့်ကို ညှာတာတဲ့ အနေနဲ့ ထောင်ဒဏ် တစ်သက်တစ်ကျွန်းချပေးမယ်၊ အဲဒီ အပေးအယူက ပိုပြီး မျှတပါတယ်'



'ကျွန်တော် လက်ခံတယ်၊ ကဲ...လာ၊ ဟောနာ၊ ခင်ဗျားက ကျွန်တော့်ကို အကူအညီပေးပေါ့'

ညွန့်ချုပ်ကာတာ၊ ဟော်နာ၊ လုံခြုံရေးမှူးနှင့် ကိုဗင်တို့ အခန်းထဲမှ ထွက်သွားတော့မှ အစိုးရအဖွဲ့ဝင်ပုဂ္ဂိုလ်ကြီးသည် နဖူးကိုလက်ကိုင်ပဝါဖြင့် သုတ်နိုင်၏။

'ဝှူး...လက်မတင်ကလေးပဲ ဒေါက်တာ ကန်း၊ ခင်ဗျား သတိရလိုက်တဲ့ စကားလုံးလေ၊ ပြောသွားတဲ့သူက...'

'လင်းပါ ခင်ဗျာ၊ ဒါဆို လင်းက အနည်းဆုံး လူတစ်သန်းရဲ့ အသက်ကိုကယ်လိုက်တာပဲပေါ့'

'ကျွန်မ ထင်ပါတယ်၊ ရှင် သူ့ဘဝကိုကြည့်ပြီး ပြောရရင် သူ ဒီနည်းမျိုးနဲ့ စွန့်ခွာသွားလိမ့်မယ်လို့ ပြောစရာ တစ်ကွက်မှ ရှိမှာမဟုတ်ဘူးနော်၊ ဒီည ဖြစ်ပျက်ခဲ့တာတွေကို စတားနယူး သတင်းစာအတွက် ဆောင်းပါးရေးရင် ကျွန်မ အဲဒီစာကြောင်းကလေး ထည့်ရေးမယ်'

'အာ ဆောင်းပါးမှ မရေးရဘူး'

အစိုးရအဖွဲ့ဝင် ပုဂ္ဂိုလ်ကြီးက ပြတ်ပြတ် သားသား ပြော၏။

'ဆရာက ဒီကိစ္စတစ်ခုလုံးကို ဖုံးဖိထား စေချင်တယ်လို့ ဆိုလိုတာလားဟင်'

ဂျက်နက် မယုံကြည်နိုင်စွာ မေး၏။

'အဲ့ဒီသတင်းဇာတ်လမ်းနဲ့ ကျွန်မ ပူလစ်ဇာဆုရနိုင်တာ ဆရာရဲ့'

'ဒီအကြောင်းနဲ့ ပတ်သက်ပြီး စကား တစ်ခွန်းတောင် ပုံနှိပ်မဖော်ပြရဘူး'

ရွှေနေချုပ်က ယတိပြတ်ပြော၏။

'ကိုဗင်ကို ဘယ်လိုလုပ်ဖို့ စီစဉ်ထားလဲ ဆရာ'

မိုက်က မေး၏။

'ကျုပ် သူ့ကို သေဒဏ်က ကင်းလွတ်စေရမယ်လို့ ကတိပေးထားတယ်လေ၊ ဒီတော့ ကင်းလွတ်ခွင့် ပေးရမှာပေါ့၊ ဒါပေမယ့် ဆရာဝန်နှစ်ယောက်ရဲ့ ကျမ်းကျိန်ထောက်ခံစာနဲ့ စိတ်ဖောက်ပြန်နေတယ်လို့ သံသယရှိသူတစ်ဦးကိုစိတ်ရောဂါကုဆေးရုံကို ပို့ပေးလို့ရတယ်၊ နောက်ဆုံးတော့ ကိုဗင် အားထုတ်ခဲ့တဲ့ အမှုမျိုးကို စိတ်ဖောက်နေသူ တစ်ဦးပဲ အားထုတ်မှာပါ၊ ဒီတော့ ကျမ်းကျိန်ထောက်ခံစာပေါ်မှာ လက်မှတ်ထိုးပေးဖို့ ခင်ဗျားနဲ့ ဒေါက်တာမက်ကာသီတို့ နှစ်ယောက် လက်တွန့်လိမ့်မယ် မထင်ဘူး'

'အဲဒီနောက်ကော'

'နက်ဖြန် မနက်ဆိုရင် တရားရုံးချုပ်က တရားသူကြီး တစ်ယောက် ဒီအမှုကို သီးသန့်ကြားနာဖို့ ကျုပ်စီစဉ်လိုက်မယ်၊ နက်ဖြန်ညနေလောက်ဆိုရင် ကိုဗင်ဟာ အစိုးရ လေယာဉ်နဲ့ 'ရလေး-ဒူရမ်' လေဆိပ်ကို သွားနေရောပေါ့'

'ဘာဖြစ်လို့ အဲဒီကိုသွားရတာလဲဟင်'

ဂျက်နိုက်က မေး၏။

'အဲဒီနေရာကို လူများများစားစား မသိဘူး၊ ကျုပ်တို့ကလဲ လူသိရှင်ကြား မဖြစ်စေချင်ဘူး၊ ဒါပေမယ့်အစိုးရက



ထိပ်တန်းလုံခြုံရေး အကျဉ်းထောင်နဲ့ ဆေးရုံ အဆောက်အဦးတစ်ခု ဆောက်ပြီးသွားတာ မကြာသေးဘူး၊ အဲဒီမှာ ကာရီလိုင်းနား ပြည်နယ်ထဲက သိပ်အရေးကြီးတဲ့ အကျဉ်းသားတွေကို ထားမယ်လေ၊ အဲဒီထောင်က မြို့ပြနဲ့ ဝေးတဲ့နေရာမှာ တည်ဆောက်ထားတာပဲ၊ ရေဝ်ဂျာကိုဗင် အဲ့ဒီအထဲကိုဝင်သွားပြီး ဂိတ်တံခါးတွေ ပိတ်လိုက်ပြီဆိုရင် သူ့အတွက် အဲ့ဒီတံခါးတွေကို ဘယ်တော့မှ ပြန်ဖွင့်ပေးတော့မှာ မဟုတ်ဘူး'

'ကျွန်တော်တို့ ဆရာဝန်နှစ်ယောက်က ထောက်ခံပေးပြီဆိုပါတော့၊ ရောဂါအမည်က ဘယ်လိုဖော်ရမလဲ'

မက်ကာသီက မေး၏။

'စိတ်ကြီးဝင် ယုံမှားလွန် ရောဂါပေါ့ဗျာ၊ ခင်ဗျားတို့ တစ်ယောက်ယောက်က သဘောမတူတာများရှိလား'

'အဲဒီရောဂါကို ကျွန်တော် လက်ခံနိုင်ပါတယ်၊ အမေရိက ပြည်ထောင်စုရဲ့ မြို့တော်ကြီးကို ဖောက်ခွဲဖျက်ဆီးဖို့ ကြံစည်တယ်ဆိုတာ ကိုယ့်ကိုကိုယ် အထင်ကြီး ဘဝင်မြင့်ပြီး ကိုယ့်ကိုကိုယ် ယုံကြည်မှု လွန်ကဲလွန်းတဲ့ စိတ်ဝေဒနာရှင် တစ်ယောက်ပဲလုပ်မယ့် လုပ်ရပ်မျိုးပဲ'

'ကျွန်တော်လဲ အဲဒီအတိုင်းပါပဲ'

မိုက်က ပြောလိုက်၏။

၃၄။

နေခြည်ဖြာသောနေ့...။

နွေးထွေးသော နေခြည်များက ကက်ပီတော် တောင်ကုန်းဝန်းကျင်ကို သာယာလှပအောင် ဖန်တီးပေးနေ၏။

ဂျက်နက်၊ မိုက်နှင့် မက်ကာသီတို့သည် တရားရေးဌာန အဆောက်အဦးထဲမှ ထွက်လာကြ၏။

ပြီးတော့...

မိုက်၏ 'ပေါ့ရှ်' ကားရပ်သားရာသို့ လျှောက်သွားကြသည်။

ဂျက်နက်က ဆောင်းဦးလေ လတ်လတ်ဆတ်ဆတ်ကို တစ်ဝကြီး ရှူလိုက်၏။

စနေ၊ တနင်္ဂနွေနှင့် အလုပ်သမားနေ့ သုံးရက်ဆက်တိုက် ရုံးပိတ်ထားသဖြင့် လမ်းပေါ်တွင် လူသူရှင်းနေသဲ။



မကြာမီ သည့်လမ်းများပေါ်တွင် ထောင်ပေါင်းများစွာသော မော်တော်ကားတွေ ပြည့်ကျပ်လာတော့မည်။

ထိုအခါတွင် လေထုသည် ယခုလောက်လတ်ဆတ်တော့မည် မဟုတ်။

မော်တော်ကား အိပ်ဇောများမှထွက်သည့် မီးခိုးများဖြင့် လေထုညစ်ညမ်းလာတော့မည်။

'ကျွန်မတို့ ကြုံတွေ့ ဖြတ်သန်းခဲ့ရတာတွေဟာ တကယ်ဖြစ်ခဲ့တာပါလို့ ယုံရခက်ခက်ပဲနော်၊ ဒီဖြစ်ရပ်ကြီးကို အိပ်မက်တစ်ခုလိုပဲ သတိမှတ်ပြီး ကျွန်မတို့ရဲ့ မသိစိတ်ထဲ မြှုပ်ထားလိုက်မှ ထင်ပါရဲ့'

'တစ်ခါတလေကျ အဲဒါကြီးဟာ ညဥ့်အိပ်မက်ဆိုးကြီးအဖြစ် ပြန်ပေါ်လာတတ်တယ်နော'

မက်ကာသီက သတိပေးသည်။

ပြီးတော့ သည်လောက် နံနက်စောစောတွင် ရှားရှားပါးပါး တွေ့ရသည့် အငှားကားတစ်စီးကို လှမ်းခေါ်လိုက်သည်။

'ကျွန်တော်ကတော့ အိမ်ပြန်မယ်၊ တစ်နေ့လုံးအိပ်မယ်၊ ခင်ဗျားတို့ကရော'

'ဒီလမ်းထဲက 'ဆမ်တို' စားသောက်ဆိုင်က နှစ်ဆယ့်လေးနာရီလုံးဖွင့်တယ်ဗျ၊ ကျွန်တော်က ဆာငလာခ်မှတ်သိပ်နေတဲ့ ချစ်ဇနီးလေးကိုခေါ်သွားပြီး အသားကင်နဲ့ကြက်ဥကြော် ကြွေးရဦးမယ်၊ ပြီးမှ အိပ်ကမ်းသာတီ သွားမယ်'

'အသားကင်နဲ့ ကြက်ဥကြော်စားဖို့ သဘောတူတယ်'

အငှားကားက မက်ကာသီကိုတင်ပြီး စတင်ရွေ့လျားသွားခိုက် ဂျက်နက်က မေး၏။

'ဒါပေမယ့် ဘာကြောင့်စူဆိုပ်ကမ်းသာကို သွားရမှာလဲ'

'ကိုယ်တို့ လေ့ပေါ် အိမ်တစ်လုံးဝယ်မယ်၊ ကိုယ် မင်းကို ပြောပြီးပြီမဟုတ်လား.... ဒါမှမဟုတ် လင်းကို ပြောမိတာလား'

ဂျက်နက် ဆတ်ခနဲတုန်သွား၏။

'အဲဒီနာမည်ကို ကျွန်မတစ်သက် မကြားပါရစေနဲ့တော့ရှင်၊ ဒါပေမယ့် မောင် ဘာသိလဲ၊ သူဟာ လူသားစင်စစ်မဟုတ်သူတစ်ယောက်အနေနဲ့ သူတတ်နိုင်သလောက် မောင့်ကို ချစ်သွားတယ်လို့ ထင်တယ်'

မိုက်က ထင်မြင်ချက်မပေး။

ခင်ပွန်းသည် ဖြစ်တော့မည့် ယောကျ်ား တစ်ယောက်အနေဖြင့် ရည်းစားဟောင်း ဆိုသည်ကို မေ့ဖျောက်ထားတာ ကောင်းသည်။

ရည်စားဟောင်းသည် နာနာဘာဝ တစ်ကောင်ပဲဖြစ်နေ ဖြစ်နေပေါ့လေ။

စာချစ်သူများအားလေးစားလျက်....

မြတ်ငြိမ်း

၂၉–၁–၉၇